www.burmeseclassic.com

စိုးမိုးစာပေ

# နှင်းဝါသမီး

အလွမ်းရှာ

BURMESE CLASSIC .com



www.burmeseclassic.com

DESIGN THEIN SHWE KYI

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နတ်သမီး

---

## အလွမ်းရှာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၄၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၉၀၇၁၁
အဖုံးဒီဇိုင်း - သိန်းဇော်ကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ ကားဝါလမ်း၊
အုတ်ကျင်းရွာ၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ - ၈၃
နတ်သမီး
အလွမ်းရွာ/ နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အလွမ်းရွာ

BURMESE CLASSIC .com

## အခန်း (၁)

"ဝိုင်ရေ ဖုန်းလာနေတယ်"

"ဟုတ်ကဲ့ ကြီးမေ"

ဝိုင် ဖုန်းကို ကောက်ကိုင်တာနဲ့ သာယာနာပျော်ဖွယ်ကောင်းသော 'ကာသာ' အသံလေးက ဆီးကြိုနေပါသည်။

ဘာမှထွေထွေထူးထူး ပြောစရာလည်း မရှိဘဲ မနက်ဖြန်ကျောင်းကို စောစောလာခဲ့ဖို့ ဖုန်းဆက်ပြောခြင်း ဖြစ်သည်။

ဝိုင်က ဖုန်းခွက်လေးကို ချပြီး ပြုံးလိုက်သည်။

ဝိုင်နဲ့ ကာသာသည် တက္ကသိုလ် နောက်ဆုံးနှစ်ရောက်မှ ဝိုင်နဲ့ အစ်မတစ်ယောက်လို ခင်သည့် "မမလေးလေးတင့်"က မိတ်ဆက်ပေးခြင်းဖြင့် ရင်းနှီးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင့်မှာလည်း ချစ်သူမရှိသလို ကသော့မှာလည်း ရည်းစားမရှိဘူးလို့ မမတင့်က တိုးတိုးတိတ်တိတ်နဲ့ ဝိုင်တို့နှစ်ယောက်ကို အောင်သွယ်ချင်တဲ့ပုံစံမျိုး ပြောသေးသည်။

မမတင့် ပြောတဲ့စကားကြောင့်ပဲ ဝိုင့်ရင်ထဲမှာ ချိုရှရှလေး ဖြစ်သွားတာတော့ အမှန်ပင် ဖြစ်သည်။

တကယ်တော့ ဝိုင့် အရည်အချင်းနဲ့ဆို မေဂျာတစ်ခုခုက "queen"တစ်ယောက်ယောက်ကို သေသေချာချာကို ရနိုင်ပေမယ့် ရင်ထဲမှာ ထိသွားစေမယ့် ကောင်မလေးမျိုးကို မတွေ့ဘူးသေးပါ။

အခုဆိုရင် ဝိုင့်အသက် ၁၉ နှစ်ကျော်ပြီ။ သချာၤဘာသာနဲ့ တက္ကသိုလ် နောက်ဆုံးနှစ် ရောက်သည်အထိ အခု ကသော့ကို ရင်ခုန်သလိုမျိုး မဖြစ်ဘူးပါ။

"ငွေကသာ" ဆိုတဲ့ ကသာသည် သိပ်ကိုလှသော ကောင်မလေးတစ်ယောက်ဆိုတာကိုတော့ မြင်ဘဲ့သူတိုင်း မငြင်းနိုင်ပါ။

ဆံဖျားကနေ ခြေဖျားအထိ သူမ တစ်ကိုယ်လုံးသည် သူ့နေရာနှင့်သူ ဟာကွက်ဆိုတာ မရှိအောင် အဆင်ပြေပြေ လှနိုင်လွန်းသူ ဖြစ်သည်။

မျက်လုံးလှလှလေးတစ်စုံကို ဝိုင်းရံထားတဲ့ မျက်တောင်မွေးတွေသည် အရှည်ကြီး မဟုတ်ပေမယ့် ထူထူစိပ်စိပ်လေးမို့ ကသော့ မျက်လုံး





လေးနဲ့ ကြည့်ခံလိုက်သော ယောကျ်ားတိုင်း နောက်ထပ်နှစ်ခါလောက် ပြန်ကြည့်ရအောင်ကို ဆွဲဆောင်မှု ရှိ၏။

နှာဖူးပြေပြေလေးရဲ့ အောက်က မျက်ခုံးတန်းလေးတွေကလည်း မည်းမည်းထူထူကြီးလည်း မဟုတ်။ ပါးပါးတန်းတန်းလေးလည်း မဟုတ်ဘဲ အနေတော်လေးသာ ဖြစ်ပြီး ဝင်းမွတ်နေတဲ့ မျက်နှာလေးပေါ်မှာ ထင်းထင်းလင်းလင်းလေး ရှိနေ၏။

ဘေးက ကြည့်ကြည့် ရှေ့တည့်တည့်ကပဲကြည့်ကြည့် နှာတံ စင်းစင်းလေးသည်လည်း ကသော့ အလှကို ပိုပြီး ထင်ရှားစေ၏။

ထူထူအိအိ နှုတ်ခမ်းလေးတစ်စုံနဲ့ ရယ်လိုက်တိုင်း ပေါ်သွားသော ပုလဲလေးတွေ စီထားဟန် သွားဖြူတန်းလေးတွေ စသည့် မျက်နှာပေါ်ရှိ အလှအားလုံးသာမက ကိုယ်လုံးကိုယ်ထည် အသားအရည် အားလုံးတို့သည် တစ်ခုမှ အပြစ်ပြောစရာ မရှိပါ။

အခုခေတ်မှာ ထူးထူးခြားခြားရှိခဲ့သော ကသော့ ဆံပင်တွေသည် ပျော့ပြောင်းမည်းနက်ပြီး ပေါင်လည်အထိ တိတိရိရိ ရှိနေ၏။

ထိုဆံပင်တွေသည် တခြားကောင်မလေးတွေလို ပေါင်းတင်ခြင်း ဆံပင်ဖြောင့်ခြင်း၊ ဖယောင်းသွင်းခြင်းတို့ စသည်ဖြင့် ဆိုင်မှာ တကူးတက လုပ်ထားတာမျိုး မဟုတ်ဘဲ သူမ နဂိုဆံပင်များ ဖြစ်သည်တဲ့။

ဒါကြောင့် ငွေကသာ ဆိုသော ကောင်မလေးသည် ဘာဆို



www.burmeseclassic.com

www.burmeseclassic.com



ဆွေ ဆောင်ခဲ့လို့လည်း မသိစွာ သိပ်ကိုလှသည့် ကောင်မလေး တစ်ယောက် ဖြစ်ပါသည်။

မိသားစုနဲ့ပတ်သက်လို့လည်း ဝိုင်နဲ့ကသာက အကျိုးပေးခြင်း တူတယ်လို့ ပြောရလောက်အောင် ဝိုင့်မှာရော ကသာ့မှာပါ မိဘတွေ မရှိတော့ပါ။

ဝိုင့်မှာ ဝိုင့်ကို သိပ်ချစ်တဲ့ အစ်ကိုကြီးတစ်ယောက် ရှိသလို ကသာ့မှာလည်း ကသာ့ကို သိပ်ချစ်တဲ့ အစ်မတစ်ယောက် ရှိသည်။

ကဲ ဘယ်လောက် အကျိုးပေးခြင်းကော တူသလည်းလို့။

ပထမနှစ် စတက်ခဲ့စဉ်က ကသာရဲ့ အလှဂုဏ်သတင်းကြောင့် သူငယ်ချင်းတွေ ဆွဲခေါ်တော့ တကူးတက သူမတို့ အတန်းရှေ့က သွားကြည့်ဖူးပါသည်။

ဒီတုန်းက fresher ဖြစ်သော ကသာတို့ အတန်းပတ်ဝန်းကျင်မှာ ကျောင်းသားတွေ ခြေချင်းလိမ်နေ၏။ နဂိုထဲကမှ အတင်းခေါ်လို့သာ လိုက်လာရသော ဝိုင်က မျက်နှာတင်းတင်းနဲ့ သူငယ်ချင်းတွေကို ဟောက်ပစ်လိုက်သည်။

ဝိုင့်ရဲ့ အကျင့်ကိုက လူများများစိတ်ဝင်စားသော အရာဆို မနှစ်သက်တတ်ပါ။ အထူးသဖြင့် မိန်းကလေးတွေနဲ့ ပတ်သက်သည့်ကိစ္စဆို ပိုဆိုးပါသေးသည်။





ယောကျ်ားတွေ အများကြီး လာပိုးပန်းနေသည့် ကြားမှာ ကိုယ်လည်း တစ်ယောက်အပါအဝင် မဖြစ်ချင်ပါ။ ရှက်ဖို့ကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ထင်မိပါသည်။

ဝိုင့်သူငယ်ချင်းနှစ်ယောက် ဖြစ်ခဲ့သော စိုးထူးနဲ့ မောင်မောင်တောင် ကသာ့ကို ဆယ်ရက်လောက်အထိတော့ သွားကြည့်ပြန်လာလုပ်နေသေးသည်။ နောက်ပိုင်းမှာတော့ လုံးလုံး မသွားတော့သလို ကသာ့အကြောင်းလည်း ပြောသံ မကြားတော့ပါ။

အစတည်းက စိတ်ကို မဝင်စားသော ဝိုင့်ကတော့ နည်းနည်းမှကို သတိမရတော့ရာမှ ယခုနောက်ဆုံးနှစ်(ကျောင်းတက်စမှာပဲ ဝိုင်တို့နဲ့ မောင်နှမတွေလို ခင်သော မမတင့် (လေးလေးတင့်)က ယုဇနပလာဇာတွင်ရှိသည့် သူမတို့ ဖိနပ်ဆိုင်တွင် ကသာနဲ့ မိတ်ဆက်ပေးခြင်းဖြစ်သည်။

ကသာ့အစ်ကို ဝမ်းကွဲတစ်ယောက်နဲ့ မမတင့် အမျိုးသားက သူငယ်ချင်းတွေတဲ့။ မမတင့် မင်္ဂလာဆောင်ကို ကိုကြီးနဲ့ ဝိုင် တက်ခဲ့ပေမယ့် ကသာ့ကိုတော့ အမှတ်တမဲ့ပင် ဖြစ်သည်။

အမှတ်တမဲ့ ဖြစ်စရာလည်း ကောင်းအောင် မမတင့် အသိုင်းအဝိုင်းနဲ့ မမတင့် အမျိုးသား အသိုင်းအဝိုင်းက မိန်းကလေးမိတ်ဆွေ အပေါင်းအသင်း ဆွေမျိုးတွေသည် အမိစား၊ အလန်းစားတွေချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သတို့သမီး မမတင့်ကလည်း ငယ်ငယ်လေးတည်းက ဆွေမျိုးတွေလိုခင်သော ပိုင်နဲ့ကိုကြီးကိုတောင် အလုပ်တွေ အရမ်းရှုပ်ပြီး တစ်ခါပဲ လာနှုတ်ဆက်နိုင်သည်။

အရမှသာ မမတင့်ကလည်း ဆိုင်မှာတစ်ယောက်တည်း ရှိတဲ့အချိန် အမြဲတမ်း ဝယ်နေကျ ပိုင်ကလည်း တစ်ယောက်တည်း ဖိနပ်လာဝယ်တဲ့အချိန်အပြင် ငွေကသာ ဆိုသော သူမကလည်း သူမ တူလေးအတွက် တစ်ယောက်ထဲ ဖိနပ်လာအားပေးသည့် အခါမှာတော့ တိုက်တိုက်ဆိုင်ဆိုင် ဆုံသွားသော အခွင့်အရေးကို မမတင့် လက်လွှတ်မခံဘဲ မိတ်ဆက်ပေး၏။

ကသာ ကတော့ မိတ်ဆက်ပေးလို့ စသိကြသောသူတို့၏ ရေးထုံးစဉ်လာကို မဖျက်ဘဲ

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

လို့ ပြောတော့ သူမကို သတိထားပြီးသား ပိုင်ကတော့ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

ထိုမှတစ်ဆင့် လေးရက်အကြာတွင် ကျောင်းမှာ ပက်ပင်းသွားတိုးတော့ နှုတ်ဆက်ကြရင်းမှ အခုလို ဖုန်းဆက်ကြသည်အထိ ခင်မင်သွားခြင်း ဖြစ်သည်။





ပထမနှစ် စတက်တည်းက ကသာ့အချစ်ကို လိုချင်ကြသောသူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ကသာက ဘယ်ယောကျ်ား တစ်ယောက်ရဲ့ အချစ်ကိုမှ လက်မခံခဲ့ပါ။

ပိုင်နဲ့ရင်းနှီးသွားတော့ အတူတွဲလျှောက် ကင်န်တင်းအတူ ထိုင်ကြတာကို ပိုင်နဲ့ကသာ ချစ်သူဖြစ်သွားကြပြီလို့ အားလုံးက ထင်ကြသည်။

စိုးထူးနဲ့ မောင်မောင်ကလည်း ပိုင်ဟာ ကသာ အရေးပေးခြင်းခံရသည့်အတွက် ကံကောင်းသူ တစ်ယောက်အဖြစ် ဝမ်းသာနေကြသလို ကသာ့ကိုလည်း အတင်း ဖွင့်ပြောခိုင်းနေပြီ။

စောစောက ပြောသလိုပေါ့။ ပိုင့်စိတ်ထဲမှာ ကသာ့လို တခြားမိန်းကလေးတွေကို ရင်မခုန်ဘူးတာ မှန်ပေမယ့် 'ချစ်တယ်'လို့ ဖွင့်ပြောရအောင်အထိတော့ နည်းနည်းစောနေသေးတယ်လို့ ထင်သည်။

ပိုင်က ထိုသို့အကြောင်းပြသောအခါမှာတော့ မောင်မောင် ရှုံ့ရှုံ့မဲ့မဲ့နှင့်

"အခုခေတ်မှာ အခုတွေ့ပြီး အခု ချစ်တယ်တောင် ဖြစ်နေကြပြီကို ဘယ်လိုစောတယ် ပြောလို့ရမှာလဲ၊ မင်းတို့သိကြတာ နှစ်လပြည့်တော့မယ်လေ၊ ဒါ့အပြင် မင်းတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုကလည်း တော်တော် နိုင်နေပြီကို"

"အေးလေ ဒီမှာ ပိုင် သိပ်ပဲများမနေနဲ့နော်၊ အခုအချိန်ထိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ငွေကသာ့မှာ ရည်းစားမရှိသေးတာ မင်း ကံကောင်းချင်လို့ပဲ''

''ရည်းစားရှိတော့ကော ငါက ဂရုစိုက်မယ့်ကောင်လား''

''ဟုတ်ပါတယ် သိလည်း သိပါတယ်''

စိုးထူးက ခပ်ငေါ့ငေါ့လေးပြောတော့ ဗိုင် မသိသလိုတဲ နေပြီး ထိုကိစ္စကို ဆက်မပြောတော့ပါ။

ဗိုင် ပြောတော့ စောသေးတယ် ဆိုတာ ကသာနဲ့ သိကြသော အချိန်ကာလကို ပြောတာ မဟုတ်ပါဘူး။

ဗိုင်က ရင်ထဲမှာ ထိသော မိန်းကလေးတစ်ယောက်ယောက်ကို မတွေ့သေးလို့သာ ချစ်သူ မထားသေးခြင်း ဖြစ်သည်။ တမင်တကာ စတိုင်ကြီးနဲ့ ရည်းစားမရှိဘူးဆိုတဲ့ ဂုဏ်ပုဒ်ကို လိုချင်လို့ မဟုတ်ပါဘူး။

ခင်ခဲ့တွဲခဲ့တဲ့ ကောင်မလေးတွေကို ရင်ခုန်လားလို့ ကိုယ့်ကို ကိုယ် ခဏ ခဏ မေးကြည့်ဖူးပြီးပြီ။

အဖြေကတော့ ဘယ်လိုမှ မနေဘူးဆိုတာဘဲ ဖြစ်သည်။

အခုဆိုရင် ဗိုင့်ရဲ့အသက် (၁၉)နှစ်ကျော်ပြီး (၂၀) ထဲ ရောက်နေသောအခါ အပျော်ရည်းစားတော့ မထားချင်တော့ပါ။

ဗိုင့်ရင်ထဲက တကယ်ချစ်လာသော မိန်းကလေးတစ်ယောက်ကိုပဲ ချစ်သူအဖြစ်ရော လက်ထပ်သူ အဖြစ်ပါ သေသေချာချာ စိစစ်ပြီး ရွေးချယ်ချင်သည်။





ဒါကြောင့် ကသာနဲ့ တွဲနေရင်းကပဲ သူမကို တကယ် ချစ် မချစ် ဆန်းစစ်နေခြင်း ဖြစ်သည်။

ဗိုင့်နှလုံးသားရဲ့အဖြေက တိတိကျကျ ထွက်မလာသေးသော အခါမှာတော့ 'စောသေးတယ်'ပြောတာ ဗိုင် မှန်တယ်လို့ တထစ်ချ တွက်ထားသည်။

ဒါပေမဲ့ ဗိုင် ထင်ပါသည်။ ဗိုင် ချစ်သောသူနဲ့ လက်ထပ်မယ့်သူ တစ်ယောက်တည်းဟာ ငွေကသာဆိုသည့် ကသာပဲ ဖြစ်မယ်ဆိုတာ ကျိန်းသေ ပြောရဲသည်။

ဘာလို့ ပြောနိုင်လည်းဆိုရင် အခုပဲကြည့်လေ ဘယ်ကောင်မလေးအကြောင်းကိုမှ ကြာကြာ ခေါင်းထဲမထည့်သော ဗိုင်က ကသာ့အကြောင်းတွေကို အချိန်ကုန်ခံပြီး စိတ်ကူးယဉ်နေတာဟာ သူမကို ချစ်ဖို့အစ မဟုတ်လို့ ဘာလဲ။

ဗိုင်က ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်ခြင်းများစွာနဲ့ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်သည်တွင် ဘယ်အချိန်တည်းက အနားရောက်နေမှန်း မသိသော ကိုကြီးက ပခုံးကို လှမ်းကိုင်လိုက်သည်။

''အမလေး လန့်လိုက်တာ၊ ကိုကြီးကလည်း''

''ဟင် အဲဒီလို လန့်မှာစိုးလို့ကို အသံတောင် နည်းနည်းမှ မထွက်ဘဲ ပခုံးလေးပဲ ကိုင်လိုက်တာပါနော်''



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုကြီးရဲ့၊ အဲဒီလောက် ရှင်းပြနေပုံထောက်တော့ ညီမှာ စိတ်ကူးယဉ်စရာတွေ ရှိနေပြီလားလို့ မေးချင်နေတာ မဟုတ်လား"

ကိုကြီး ပါးစပ်က မပြောဘဲ ပြုံးပြုံးကြီး စိုက်ကြည့်နေတာကို ကြည့်ခြင်းအားဖြင့် 'ဟုတ်တယ်'လို့ ဝန်ခံနေတာ သိတာပေါ့။

"တခြား မဟုတ်ပါဘူး ကိုကြီးရယ်၊ ငွေကသာ ဆိုတဲ့ ကောင်မလေးအကြောင်း တွေးနေတာပါ"

"တွေးရတဲ့ အကြောင်းရင်းက သူ့ဆီက ဖုန်းလာလို့လား"

"ဟုတ်ကဲ့"

"ဘာတွေ ပြောလည်းဆိုတာရော ကိုကြီး မသိရဘူးလား"

"သိရပါတယ် ကိုကြီးရဲ့၊ ကသာကလေ မနက်ဖြန် ကျောင်းကို စောစောလာခဲ့တဲ့"

"ဒါပဲလား"

"ဒါပါပဲ၊ တကယ် ဘုရားစူး"

ဝိုင်က ဘုရားစူးလို့တောင် ကျိန်တွယ်ပြီး ပြောနေတော့ ကိုကြီး ယုံရခက်ခက် ဖြစ်နေပုံရ၏။

"တကယ် ပြောတာပါ၊ ဒါနဲ့ ညီ ဘာလို့ စဉ်းစားတဲ့အထိ ဖြစ်သွားလည်းဆိုတော့ ဒါလေး ပြောဖို့များ ဖုန်းဆက်စရာလား ဆိုတာပဲ"





"ဒါလေး ပြောဖို့ကို ဖုန်းဆက်တယ်ဆိုကတည်းက ငွေကသာ ဆိုတဲ့ ကောင်မလေး စိတ်ထဲမှာ ငယ်လေးကို မရိုးလို့ပေါ့၊ ငွေကသာတင် မဟုတ်ပါဘူးလေ ငယ်လေးလည်း ကောင်မလေးကို သာယာနေပြီမို့လား"

"အဲဒါကို အကြိမ်ကြိမ် ဆန်းစစ်နေတုန်းပဲ"

"ဒါမျိုးကို ဆန်းစစ်တဲ့အခါမှာ ကိုယ့်အိပ်ရာပေါ်မှာ နဖူးပေါ် လက်တင်ပြီး ဆန်းစစ်ရမှာ ငယ်လေးရဲ့"

"ဟုတ်တယ်နော် ကိုကြီး"

"ဟုတ်ပါတယ်ဆို"

"ညီသာ ကသာ့ကို ချစ်တယ်ဆိုတဲ့ အဖြေ ထွက်လာရင် ကိုကြီး သဘောတူရဲ့လားဟင်"

"ငယ်လေးကလည်း ငွေကသာ ဆိုတဲ့ ကောင်မလေးမျိုးနဲ့ ဘာသဘောမတူစရာ ရှိလဲ၊ ငယ်လေး ဒီလို မမေးခင်တည်းက ကိုကြီး စုံစမ်းထားပြီးသား၊ တင့်တင့် ပြောတာနဲ့ကို မကျေနပ်နိုင်သေးဘဲ ကိုကြီး ကိုယ်တိုင်ကို အတွင်းကျကျ စုံစမ်းထားတာ၊ ငယ်လေး ငွေကသာ့ကို စိတ်မဝင်စားဘူးဆိုရင်တောင် ကိုကြီးက စိတ်ဝင်စားအောင် တိုက်တွန်းမလို့"

ကိုကြီး ပြောလိုက်သော စကားကြောင့် ဝိုင် ပျော်သွားပါသည်။

"ဟော မတ်တပ်ကြီး စိတ်ကူးယဉ်နေပြန်ပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး”

“မဟုတ်ရင် ထမင်းစားကြမယ်”

“ဟုတ်ကဲ့”

ကိုကြီးထက် အရပ်ပိုရှည်သော ဝိုင်က ကိုကြီးကို ဖက်ပြီး ထမင်းစားဖို့ အိမ်ထဲ ဝင်ခဲ့သည်။

မေမေ့ရဲ့ ဝမ်းကွဲအစ်မ အပျိုကြီး ကြီးမေနဲ့ မိချောဆိုသော ကောင်မလေးက အနားကနေ လိုလေသေးမရှိ ပြင်ဆင်ပေးနေ၏။

“ကြီးမေ တစ်ခါတည်း ဝင်စားလေ”

“အင်းလေ အချိန်လည်း မရှိတော့ဘူး”

“စားပါ သားတို့ရယ် ကြီးမေ မဆာသေးလို့ပါ”

ဟုတ်တော့ ဟုတ်ပါတယ်။ အခုမှ ခြောက်နာရီတောင် မထိုးသေးပါ။

ကိုကြီးက ကျန်းမာရေးကို ဂရုစိုက်သောသူပီပီ မနက်ညှ ထမင်းကို အချိန်မှန်မှန် စားသည်။ သူ စားသလို ညီဖြစ်သော ဝိုင်ကလည်း လိုက်စားရသည်။

ဝိုင် (၁၂ နှစ် ၁၃ နှစ်)သားလောက်ကတည်းက ဖေဖေနဲ့မေမေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားသောအခါ ဝိုင့်ထက် (၁၀)နှစ်ကြီးတဲ့ ကိုကြီး ကပဲ ဝိုင့်ကို မိဘလိုရော အစ်ကိုလိုရော ထိန်းကျောင်းရင်း အရမ်း





အချစ်တွေ ပိုခဲ့သည်။

ဖေဖေ မေမေရဲ့ ဆွေမျိုးတွေသည် ကိုကြီးနဲ့ဝိုင့်ကို ငယ်သေးတယ်ဆိုပြီး မိဘတွေ ထားခဲ့သော လုပ်ငန်း၊ အတွင်းပစ္စည်းနဲ့ ငွေကြေး မြောက်မြားစွာတို့ကို ထိန်းသိမ်းထားချင်ကြောင်း ပြောလာတော့ ကိုကြီး က လုံးဝ လက်မခံခဲ့ပေ။

ထိုကိစ္စနဲ့ ပတ်သက်ပြီး အမျိုးတွေအားလုံးက သူတို့စေတနာကို စော်ကားတယ်ဆိုသည့် ပုံစံမျိုး ပြောပြီး ကိုကြီးနဲ့ ဝိုင့်ကို ဖြစ်ချင်တာ ဖြစ်ကြဆိုကာ လှည့်မကြည့်တော့ပါ။

အသက် (၂၃)နှစ်တောင် မပြည့်သေးသော ကိုကြီးသည် ရွှေ ပြည်သာမှာရှိသည့် ဘိစကစ် စက်ရုံကို သူ တစ်ယောက်တည်း ကြိုးစား မတ်တည်ခဲ့သည်။

မိဘတွေရှိစဉ်က ကိုကြီးနဲ့ဝိုင်သည် ဘိစကစ် စက်ရုံကို လိုက် သွားနေကြ ဖြစ်သည်။ ဝိုင်ကသာကလေးပီပီ လုပ်ငန်းလည်ပတ်မှုကို စိတ်ဝင်တစား မရှိပေမယ့် ကိုကြီးကတော့ လေ့လာမှတ်သားခဲ့သူ ဖြစ် သည်။

ရုတ်တရက်ကြီး မေမေ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွား တော့ မေမေ့ကို သိပ်ချစ်သော ဖေဖေသည် အရူးတစ်ယောက်လို ခံစား ရင်း ဈေးဂါရှာမရဘဲ အိပ်ရာထဲ ပုန်းပုန်းလဲခဲ့ပြီးနောက် လပိုင်းအကြာမှာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဆုံးသွားခဲ့သည်။

ဒီတုန်းက ကလေးပီပီ ရှိုက်ကြီးတငင် အော်ဟစ်ငိုနေသော ဝိုင့်ကို ကိုကြီး အံကြိတ်ပြီး တတွတ်တွတ် ချော့ခဲ့တာ ဝိုင့် မျက်နှာကို အရိပ်လိုကြည့်ပြီး ဘာမဆို ဖြည့်ဆည်းပေးခဲ့တာတွေကို ဘယ်တော့မှ မမေ့အောင် မြင်ယောင်နေသည်။

ကိုကြီးသည် ဝိုင်ရဲ့ ဒုတိယမိဘပင် ဖြစ်သည်။

ကိုကြီးလက်ထက်ကြမှ လုပ်ငန်းသည် ပိုပြီး အောင်မြင်ခဲ့သည်။ ဝိုင်ကတော့ အခုချိန်ထိကို လုပ်ငန်းထဲ၌ စိတ်မဝင်စားသေးဘဲ ပျော်ပါးလည်ပတ်မယ်၊ သုံးမယ် ဖြုန်းမယ် ဆိုတာပဲ ရှိသည်။

ဝိုင်ဟာ ကျောင်းသားပဲ ရှိသေးတဲ့အတွက် ဘာလုပ်ငန်းကိုမှ စိတ်ဝင်စားစရာ မလိုသေးဘူးလို့ ကိုကြီး ခဏ ခဏ ပြောဖူး၏။ ဝိုင် သုံးသမျှကို တစ်ချက်မငြိုငြင်ဘဲ အပြုံးမပျက် ဖြည့်ဆည်းပေးနေသူ ဖြစ်သည်။

"ကိုကြီး ရှာသမျှ ငယ်လေး အတွက်" တဲ့။

ကိုကြီးက ဝိုင့်ကို ခေါ်တာတောင် 'ငယ်လေး'ပဲ ခေါ်သည်။

ဒီလောက် ချစ်သည့် ဒီအစ်ကိုကို ဝိုင်ကလည်း တုန်နေအောင်ကို ချစ်ရပါသည်။ ကိုကြီး မကြိုက်တာကို ဘယ်တော့မှ မလုပ်ဘူး ဆုံးဖြတ်ထားသည်။





တကယ်လို့ ကသာနဲ့သာ ကိုကြီးက သဘောမတူဘူးဆိုရင် ကော ဝိုင် နားထောင်မှာလား။

အတွေးနဲ့အတူ ကိုကြီးကို ဖျတ်ခနဲ အကြည့်မှာတော့ ဘာမှ မသိသော ကိုကြီးက ဝိုင့်ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးနေ၏။ ထမင်းစားတိုင်း ဝိုင် ကိုယ့်ဟာကို ထည့်စားစရာ မလိုအောင် ကြီးမေနဲ့ ကိုကြီးက ဝိုင် ကြိုက်တတ်သော ဟင်းတွေကို တစ်ယောက်တစ်လှည့်စီ ထည့်ပေးကြ၏။

ဝိုင့်ဘဝမှာ ငယ်ငယ်လေးနဲ့ မိဘမဲ့သွားတာကလွဲရင် ဘာလို သေးလဲ။

အစစ ပျော်ရွှင်မှုတွေနဲ့ ဝိုင်းရံနေတဲ့ ဝိုင်သည် ငွေကသာ ဆိုသည့် ယောကျ်ားလေးတွေ အထင်ကြီး လေးစားသော ကောင်မလေးနဲ့သာ ချစ်သူဖြစ်သွားခဲ့ရင် ဝိုင် ဆက်ပြီး မတွေးရဲပါဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ငွေကသာက အခု မင်းကို ရင်းရင်းနှီးနှီး နေသလိုမျိုး ဘယ်ယောက်ျားလေးနဲ့မှ မနေခဲ့ဘူးတဲ့"

"ဟုတ်လား ဒါဆို ပိုင်သွေးသစ် ဆိုတဲ့ ကောင်ကြီးက အထင်ကြီးစရာကြီးပေါ့"

"နောက်ပြီး ပိုင်သွေးသစ်ကသာ ချစ်တယ်လို့ ပြောရင် ငွေကသာကလည်း ကျိန်းသေကြီးကို ပြန်ချစ်မှာတဲ့"

"ရင်ခုန်စရာကြီးနော်"

"လူတွေအားလုံးကလည်း ပိုင်သွေးသစ်နဲ့ ငွေကသာ ချစ်သူ တိတိလင်းလင်း ဖြစ်မယ့်နေ့ကို စိတ်ဝင်စားနေကြတယ်တဲ့"

"အမလေး ဂုဏ်ယူစရာ ကောင်းလိုက်တာနော်"





မောင်မောင်နဲ့ စိုးထူးက ပိုင့်ကို အလယ်မှာထားပြီး တစ်ယောက် တစ်ခွန်းနဲ့ နောက်ပြောင်နေကြတော့ ငြိမ်ငြိမ်လေးပဲ ပြုံးနေလိုက်သည်။

"ဟော့ကောင် ငွေကသာ့ကို ဘယ်တော့ ဖွင့်ပြောမှာလဲ"

ဟော မြားဦးက ပိုင့်ဘက်ကို လှည့်လာပြီ၊ ပိုင် ဘာပြောရမှာလဲ၊ သူငယ်ချင်းတွေက ပြောင်သလိုလိုရော အတည်လိုလိုရော မေးနေကြပြီ၊

"ချက်ချင်းပဲ နားက ကန်းသွားပြီ"

"မင်းတို့ ဘာဖြစ်နေကြတာလဲ"

"အဲမယ် သူ့အတွက်လည်း ပြောရသေးတယ်၊ ပြန်ဟောက်နေတယ်"

"အမှန်တော့ ငါတို့ကိုက မနေနိုင် မထိုင်နိုင် ဖြစ်နေတာ မောင်မောင်ရဲ့"

"ကိုယ့် သူငယ်ချင်း ချောချောလှလှလေးကို ကောင်းကောင်း မွန်မွန်လေး ဖြစ်သွားစေချင်လို့ပါကွာ"

"မှန်တယ် ဒါပေမဲ့ ကြားက ကိုယ်တွေကသာ လှုရောစိတ်ရော မောတာ၊ သူကတော့ အေးအေးဆေးဆေးပဲ မတွေ့ဘူးလား"

အခုထိ တစ်ခွန်းမှ ဝင်မပြောဘဲ ခပ်အေးအေးသာ ထိုင်နေသော ပိုင့်ကိုကြည့်ပြီး မောင်မောင်နဲ့ စိုးထူး အားမလို အားမရ ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်ပါ့ကွာ ဒီမှာ ဝိုင် မင်း ငွေကြာသော့ကို နည်းနည်းမှ စိတ်မဝင်စားဘူးလား"

"ငါ စဉ်းစားနေတယ်"

"ဖြစ်မှ ဖြစ်ရလေခြင်း၊ သူကပဲ စဉ်းစားရတယ် ရှိရသေး"

"မင်းတို့ ဒီလိုတော့ မပြောနဲ့လေ၊ ယောကျ်ားမှာလည်း အသည်းနှလုံးနဲ့ပဲ၊ တကယ် မချစ်ဘဲနဲ့ ထင်ယောင် ထင်မှားတော့ ကသော့လို မိန်းကလေးမျိုး 'ချစ်တယ်'လို့ မပြောချင်ဘူး"

"ဘာ ထင်ယောင်ထင်မှားလဲ၊ ငွေကြာသာလို အဘက်ဘက်က သာလွန်နေတဲ့ မိန်းကလေး တစ်ယောက်ကို ဘာလို့ တကယ် မချစ်နိုင်စရာရှိလဲ"

"နေပါဦး ဘာဖြစ်လို့ အဲဒီကောင်မလေးကို ချစ်ရေးဆို နိုင်းနေရတာပဲ"

"မင်း နောက်ကျသွားမှာ စိုးလို့ပေါ့"

"ဘယ်သူက ငါ့ထက် ဦးနေလို့ မင်းတို့က စိုးရိမ်တကြီး ဖြစ်နေရ တာလဲ"

ဝိုင်က ထိုသို့ မေးလိုက်သောအခါမှာတော့ နှစ်ကောင်သား ပြန်ပြောစရာ စကားအစား အသံတိတ် ရေရွတ်နေပါ၏။





"ချက်ချင်းပဲ ငါနဲ့ ပြိုင်ဘက်တစ်ယောက် ရှိနေသလိုလို"

"တော်ပြီကွာ မင်းကို မပြောတော့ဘူး"

မောင်မောင် စိတ်ကောက်ပြီး ထသွားတော့ စိုးထူးသာ အနားမှာ ထိုင်ကျန်ခဲ့၏။

"ငွေကြာသော့ သူငယ်ချင်း သန္တာက ပြောတယ် သိလား"

စိုးထူးက ဝိုင့်ကို မကြည့်ဘဲ ပြောနေခြင်း ဖြစ်သည်။

"မင်းက အရမ်းကံကောင်းတယ်တဲ့"

"ဘာဖြစ်လို့လဲ ထီလည်း မပေါက်ပါဘူး"

"မနောက်နဲ့ကွာ၊ အတည် ပြောမလို့"

"မနောက်ပါဘူး မင်း ပြောတာကရော အဆက်အစပ် ရှိလို့လား"

"ငွေကြာသော့အကြောင်း ပြောနေတဲ့နောက် ဒါပဲဖြစ်မယ်ဆိုတာ မင်း နားမလည်ဘူးလား၊ ရှုးဟန်ဆောင်နေတာ မသိဘူး မှတ်နေလား"

စိုးထူး ဟောက်တော့ ဝိုင်က မသိမသာ ပခုံးတွန့်လိုက်သည်။

"ငွေကြာသာက ဘယ်လို ယောကျ်ားကိုမှ လက်ခံပြီး စကားပြောတာ မဟုတ်ဘူး၊ မင်းကိုတော့ လက်ခံရုံတင် မကဘူး၊ အရမ်းကို လိုလားနေတာဆိုတော့ သေချာတယ်တဲ့"

"ငါ့ကို သူလည်း စိတ်ဝင်စားနေတယ်ဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်"

"ငါလည်း သူ့ကို တခြားမိန်းကလေးတွေနဲ့ မတူဘူးလို့ ပြောပြီးပြီပဲ၊ ကသာ့လို အဘက်ဘက်က ပြည့်စုံ ကျော်လွန်နေတဲ့အပြင် ဣန္ဒြေ သိက္ခာလည်း ရှိတဲ့ လူမျိုးကိုတော့ အချိန်နည်းနည်း ယူချင်တယ်"

"တော်ပြီ ဒီလောက်အချိန်ယူပြီးရင် တော်လောက်ပြီ၊ တော်ကြာ ငွေကသာက မင်းကို သိပ်ကြီးကျယ်တယ်ထင်ပြီး ခေါက်သွားမှာ စိုးလို့ ပြောတာ"

"အေးပါ မင်းတို့ စေတနာကို ငါ နားလည်ပါတယ်၊ စိတ်ချ သိပ်မကြာတော့ဘူး"

ဒါတောင် စိုးထူးက သိပ်ကျေနပ်ပုံမရပါ။

ခဏကြာမှ ငွေကသာတို့အုပ်စုနဲ့ မောင်မောင်ပါ ရောက်လာ၏။

"ငါတို့က လိုက်ရှာနေတာ"

"ဘာကျွေးမလို့လဲ"

"အမလေးဟယ် ဘာစားချင်လဲပြော"

"ရပါတယ် စေတနာရှိတာ ကျွေးပေါ့"

"ဒီလိုဟာ ဒီနေ့ သန္တာရဲ့ မွေးနေ့လေ၊ အဲဒါ သန္တာက စားချင်တာလည်း ကျွေးမယ်၊ ရုပ်ရှင်ပြမယ်၊ ဘုရား သွားမယ်တဲ့"

"ငါတို့ပါပေါ့"





"အေးပေါ့ နင်တို့ကို လိုက်ရှာပါတယ်ဆိုမှ နင်တို့ကို ခေါ်ချင်လို့ပေါ့"

"ဟုတ်လား သန္တာ"

"ဟုတ်တယ် ကဲ အချိန်မရှိဘူး သွားကြမယ်"

"မိုက်တယ်ဟေ့ ဒီနေ့ စားရချည်သေးရဲ့၊ ဟေ့ကောင် ဝိုင် ထလေ သွားမယ်"

ဝိုင်က ထိုင်ရာမှ အသာအယာ ထလိုက်ပြီး ကသာ့ကို ပြုံးပြလိုက်သည်။ ပြန်ပြုံးပြသော ကသာ့ မျက်နှာလှလှလေးသည် အကြည့်မလွှဲနိုင်အောင်ကို ဖွဲ့ဆောင်မှု ရှိလွန်းပါသည်။

ဒီလိုကောင်မလေးမျိုးကို ချစ်တယ်ပြောဖို့ ဘာလို့ အချိန်ဆွဲနေရတာလဲဆိုတာတော့ ကိုယ့်ကိုကိုလည်း မသိတော့ပါဘူး။

မောင်မောင်၊ စိုးထူးနဲ့ ကသာ့ သူငယ်ချင်းတွေ ရှေ့က ခပ်သုတ်သုတ် လျှောက်ကြတော့ ဝိုင်နဲ့ကသာ နှစ်ယောက်သာ အလိုလို နောက်က ဖြစ်သွားသည်။

ကသာသည် တော်တော်ကို ဣန္ဒြေရပြီး အေးချမ်းသော မိန်းကလေး ဖြစ်ပါသည်။

သန္တာရဲ့ မွေးနေ့သည် ဝိုင်နဲ့ကသာ ပိုပြီး ရင်းနှီးစေဖို့အတွက် ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး မနက်စာ ထမင်းစားကြတော့ ဝိုင်နဲ့ကသာက ဘေးချင်းကပ်လျက် ဖြစ်သည်။ ကျောင်းမှာလည်း ကင်န်တင်း ထိုင်ကြသောအခါ အခုလို ဘေးချင်းယှဉ်ပြီး စားသောက်မှုမျိုးမယ့် အခုလောက် ရင်မခုန်ဘူးပါ။

ထမင်းစားပြီး ရွှေတိဂုံဘုရားကြီးသို့ သွားကြသည်။ မွေးနေ့ရှင်သန္တာက ဘုရားရှိခိုး ပုတီးစိပ်နေသလို မောင်မောင်တို့နှစ်ယောက်နဲ့ ကသာရဲ့ နောက်ထပ် သူငယ်ချင်းနှစ်ယောက် ဖြစ်သော စန္ဒီနဲ့ ပပ တို့သည် ဘယ်ကို ပျောက်သွားမှန်းကို မသိတော့ပါ။

ကသာ တစ်ယောက်တည်း တရားထိုင်နေတော့ ဘာပဲဖြစ်ဖြစ် ဝိုင် စောင့်ပေးမှ ကောင်းမှာပေါ့။

ကော်ပတ်ရုပ်လေးတစ်ရုပ် ချထားသလို ကသာ တရားထိုင်နေသည့် ဘေးတိုက်အလှလေးကို စိတ်လွတ်ကိုယ်လွတ် ငေးကြည့်နေမိသည်။

တော်တော်ကြာမှ သူမ တရားထိုင်လို့ ပြီးသွား၏။

ဝိုင့်ကို တွေ့တာနဲ့ ကျေနပ်သွားသော ကသာ့ မျက်နှာလေးသည် အလွန့်အလွန်ကို ကျက်သရေ ရှိနေပါသည်။

"ကသာ့ကို စောင့်ပေးနေတာလား ဝိုင်"

ဝိုင်က ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခေါင်း

စိုး မိုး ဩ၁၉ပ



ညိတ်ပြလိုက်သောအခါ ဝိုင် သိပ်ချစ်သည့် အပြုံးလေးနဲ့ ပြုံးပြပြီး အသံတိုးတိုးလေးနဲ့

"ကျေးဇူးတင်ပါတယ်" တဲ့။

"ရပါတယ် ကသာ"

"ဘယ်ရောက်ကုန်ကြပြီလဲ ဟင်"

"ရင်ပြင်တော်ကို ပတ်ကြတယ် ထင်တယ်"

"လာလေ ဝိုင်၊ ကသာတို့လည်း တစ်ပတ် ပတ်ရအောင်"

ဝိုင်နဲ့ကသာကိုကြည့်ပြီး ချစ်သူ မဖြစ်ကြသေးဘူးဆိုတာ မြင်တာနဲ့ သိနိုင်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်သား လျှောက်ကြပုံကိုလည်း ကြည့်ဦးလေ။ တစ်တောင်လောက် ခွာပြီး လျှောက်နေကြတာကိုး။

ကျောင်းမှာတုန်းက သူငယ်ချင်းတွေနဲ့ ရောပြီး အုပ်စုလိုက်သာ လျှောက်မှုကြပြီး ရင်းနှီးကတည်းက အခုလို တစ်ခါမှ အပြင်ကို ထွက်မလည်ဘူးပါ။

ကသာ့ အရင် ခင်ခဲ့ဖူးတဲ့ ကောင်မလေးတွေတုန်းကတော့ သူတို့ ပူဆာလို့ အပြင်မှာ ထွက်လည်တာတို့ တစ်ခုခု စားသောက်တာတို့ ရှိဖူးပါတယ်။ ဒီတုန်းက အသားချင်းတောင် ထိကာ ပူးပူးကပ်ကပ် လျှောက်ကြပြီး ဘယ်သူတွေက ဘယ်လိုထင်မှာတို့ ဘာညာတွေ မတွေး

စိုး မိုး ဩ၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



မိပါဘူး။

"ပြန်ဆင်းသွားကြပြီလား မသိဘူးနော်"

"ဟုတ်မယ် ကသာ၊ တို့လည်း ဆင်းရအောင်၊ သူတို့ကို မတွေ့တော့လည်း ကားပေါ်ကပဲ စောင့်တာပေါ့"

ပိုင့် စကားကို ကသာက ကျေကျေနပ်နပ်ပင် ခေါင်းညိတ်ပြတော့ နှစ်ယောက်သား ဓာတ်လှေကားရှိရာဘက်ကို လျှောက်လာခဲ့သည်။

သိသိသာသာရှောင်ပေးသော သူငယ်ချင်းတွေသည် တကယ်ပင် အောက်မှာ စောင့်နေကြ၏။

"ကဲ ရုပ်ရှင်ကြည့်ဖို့ပဲ ကျန်တော့တယ်၊ ဘယ်မှာကြည့်မှာလဲ မွေးနေ့ရှင်ကြီး"

"နင်တို့ဘာသာ ကြိုက်တဲ့ရုံမှာသာကြည့်ကြ၊ ရုပ်ရှင်ကိုတော့ ငါ မပြဘူးနော်"

"နင်ကလည်း ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေတယ်"

"အစတည်းက ဘုရားသွားပြီး တစ်ခုခု ကျွေးမယ်ပဲ ပြောတာ၊ ရုပ်ရှင်ပြမယ်လို့ ငါ မပြောဘူး"

"ဒါဆို ရုပ်ရှင်ကြည့်မယ်ဆိုတာ ဘယ်သူပြောတာလဲ"

"ဒေါ်ပပဆွေ ပြောတာလေ"

"ဒါဆို နင် ရုပ်ရှင်ပြ ပပ"





"ဘာလို့ ပြရမှာလဲ၊ ငါက ရုပ်ရှင်ကြည့်ရမယ်ထင်လို့ ပြောတာပေါ့"

"အဲဒါဆို ရုပ်ရှင်က ဘယ်သူပြမှာလဲ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဆူညံနေကြတာကို ထုံးစံအတိုင်း ကသာက ပြုံးကြည့်နေ၏။

ပိုင်က ရုပ်ရှင်ပြမယ်လို့ ပြောလိုက်ချင်ပေမယ့် သူငယ်ချင်းတွေနဲ့ ကသာ တစ်မျိုးထင်မှာ စိုးရိမ်ပြီး ငြိမ်ငြိမ်လေးပဲ နေလိုက်သည်။

"ကဲ ဘယ်သူမှ မပြရင်လည်း ပြန်ကြမယ်"

"သန္တာရယ် ဒါလေးကျမှ နင်ကလည်း တွယ်ကပ်နေလိုက်တာ၊ နင်ပဲ ပြလိုက်ပါတော့"

"ဘာလို့ ပြရမှာလဲ၊ မွေးနေ့လုပ်တာ အပျော်အပါး မပါဘူး"

"ဒါဆို ပြန်မယ်ဟာ"

ပပ စိတ်ကောက်ပြီး ကားပေါ် တက်ထိုင်နေတော့ မောင်မောင်က အထာနဲ့ ကြည့်လိုက်ပြီး

"ကဲ ကဲ အားလုံး နေရာယူကြ၊ ကျွန်တော်မျိုးပဲ ကြည့်ချင်တဲ့ ရုပ်ရှင်ကားကို လိုက်ပြပါတော့မယ်ဗျာ"

ဒီတော့မှ အားလုံး ဆူညံစွာ ထအော်လိုက်သလို ပိုင့်ရင်ထဲမှာလည်း အပျော်လေးတွေ ဖြတ်စီးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတရုံက ကားကိုပဲ ကြည့်ဖို့ အားလုံး သဘောတူညီမှု ရသွားသည်။

ရုပ်ရှင်ရုံထဲ ရောက်တော့ ပိုင်ထင်ထားသည့်အတိုင်းပင် ပိုင်နဲ့ ကသာ့ကို အစွန်ဆုံး ခုံနှစ်လုံးမှာ ဘေးချင်းကပ်လျက် ထားသည်။

ဒီတစ်ခါတော့ ကိုယ့်ရဲ့ ရင်ခုန်သံတင်မကဘဲ ကသာ့ရဲ့ ရင်ခုန်သံကိုပါ ကြားနေရသည်။

ကသာသည် သူငယ်ချင်းတွေက ပိုင်နဲ့ဘေးချင်းယှဉ်လျက် ထားတာကို ငြင်းဆန်ခြင်းလည်းမပြု၊ ရှက်ကိုးရှက်ကန်းဟန်လည်း မပြဘဲ သာမန်လူတစ်ယောက်လို ရုပ်ရှင်ကိုပဲ စိတ်ဝင်တစား ကြည့်နေ၏။

ပိုင့်မှာသာ ဖင်တိုင်လို့မကျဘဲ တစ်မျိုးကြီး ဖြစ်နေသည်။ ဒါပေမဲ့ ပိုင် သေသေချာချာ ပြောနိုင်တာကတော့ ကသာလည်း စိတ်တွေ အရမ်း လှုပ်ရှားနေတာကို ဖြစ်သည်။

ဒီနေ့လေးကတော့ ပိုင်နဲ့ကသာ့အတွက် ပထမဦးဆုံး အမှတ်တရနေ့လေးဆိုတာ ချစ်သူဖြစ်သွားကြရင် ပြန်ပြောပြမယ်လို့ စိတ်ထဲမှာ မှတ်သားထားလိုက်သည်။

■ ■ ■



## အခန်း (၃)

ကျောင်းကိုပဲ အမြန်ဆုံး ရောက်ချင်စိတ် ဇောနေသော ပိုင်က လမ်းကျဉ်းလေးထဲမှာ တွံ့နှေးတွံ့နှေး သွားနေသည့် ကားလေးကို စိတ်မရှည်တော့ဘဲ ကျော်တက်ဖို့အတွက် လမ်းဘေးမှ ကပ်ပြီး အဖြတ်တွင် မိုးရွာလို့ တင်ကျန်နေသော ဗွက်အိုင်လေးထဲက ရေတွေသည် ကားဘေးနား ကပ်လျှောက်သွားသည့် အမျိုးသမီး တစ်ယောက်ကို စင်ကုန်ပါတော့သည်။

ဗွက်ရေတွေ ဖြစ်သည့်အတွက် အမျိုးသမီး၏ စကဒ်အဖြူနဲ့ အင်္ကျီအောက်နားတွေသည် မြင်မကောင်းအောင် ညစ်ပတ်ကုန်ပါသည်။

"ဟာ ပြဿနာပဲ"

ပိုင်က ညည်းတွားရင်း ကားပေါ်က ဆင်းလာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွက်ရေတွေ စင်သွားသော အမျိုးသမီးသည် ပေကျံသွားသည့် သူမ အင်္ကျီ စကဒ်နဲ့ ခြေထောက်ကို တစ်ချက်ကြည့်လိုက်ပြီး ဝိုင့်ကို ကြည့်လိုက်သည်တွင် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ သူမရဲ့ စူးရဲသော အကြည့်တွေအောက်ကပဲ

"အားနာလိုက်တာဗျာ၊ တောင်းပန်ပါတယ် ဆိုတဲ့ စကား လောက်နဲ့တော့ ကျေအေးလို့ရတဲ့ အရာမျိုး မဟုတ်ဘူး"

"ဒီတော့"

"ဗျာ"

"တောင်းပန်လို့ ရတဲ့ကိစ္စမျိုး မဟုတ်ဘူးဆိုတော့ ဘာလုပ်ပေး နိုင်မလဲလို့ မေးချင်တာပါ"

"ဟုတ်ကဲ့ ဘယ်ကိုသွားမှာလဲ၊ ကျွန်တော်လိုက်ပို့ပေးပါရစေ ဒီက ဖြစ်ချင်တဲ့ဆန္ဒကိုလည်း ပြောပါ"

"အိမ်ကို ပြန်မှာဆိုရင်တော့ မင်းပြောတာ မဆိုးပါဘူး။ အေး လေ ဒီပုံစံကြီးနဲ့ဆိုရင်တော့ အိမ်ပြန်မှပဲ ဖြစ်တော့မှာပါ"

"ဟုတ်ကဲ့ တက်ပါ ခင်ဗျာ၊ ဘယ်ကို ပို့ပေးရမလဲ၊ ကျွန်တော့် ကို စိတ်မဆိုးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဝိုင်က ကားတံခါးကို ကမန်းကတန်း ဖွင့်ပေးရင်း ပြောလိုက် တော့ သူမက သွားညီညီ လှလှလေးတွေ ပေါ်တဲ့အထိ ပြုံးလိုက်တာကို





ပေးသွားမိသည်။

သူမကလည်း ကသော့လိုပဲ ရယ်လိုက်ရင် သိပ်လှသည့် မိန်း ကလေးပါလားလို့ စိတ်ထဲက တွေးရင်း သူမ ကားပေါ်ရောက်တာနဲ့ ဝိုင်လည်း ကမန်းကတန်းပင် ကားပေါ် တက်လိုက်သည်။

"တာမွေ သီတာမှတ်တိုင်နားက (၈၈)လမ်းကို မောင်းပါ"

"ဟုတ်ကဲ့"

အမြန်ကျောင်းကို ရောက်ချင်ဇောနဲ့ အလွယ်လိုက်ကာမှ ပိုပြီး ကြန့်ကြာသွားသည့် အဖြစ်ကို တွေးရင်း ဘက်မှန်ထဲက သူမကို အမှတ် တမဲ့ ကြည့်လိုက်သည်။

သူ့ခမျာ သွားချင်သော ခရီးကို မသွားရတော့သည့်အတွက် စိတ်မကောင်း ဖြစ်သွားမိသည်။ ဘာမှလုပ်လို့မရတဲ့ အရာပေမယ့် တခြား မိန်းကလေး တစ်ယောက်ယောက်သာဆို ကက်ကက်လန်အောင် ရန်တွေ့ မှာ သေချာသည်။

"ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ်နော်"

"တမင်လုပ်တာမှ မဟုတ်တဲ့ကွယ်"

"ဒါပေမဲ့ ကျွန်တော့်ကြောင့် လိုရာခရီးကို မသွားရတော့ စိတ် မကောင်း ဖြစ်မိပါတယ်"

"ရပါတယ် နောက်နေ့မှ သွားလည်း ရတယ်၊ ဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ မင်းသာ အရေးကြီးရတဲ့ကြားမှာ တို့တွေအတွက် အလုပ်ပိုသွားတာ ပြန်အားနာမိတယ်"

"မဟုတ်တာဘဲဗျာ၊ ကျွန်တော် အရေးကြီးတယ်ဆိုတာ ပြောပလောက်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဟို အဝတ်အစားလဲပြီးရင် ကျွန်တော် ပြန်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ဒီကိစ္စ ခေါင်းထဲ မထည့်ပါနဲ့တော့"

ခဏတော့ ဝိုင်နဲ့သူမကြားမှာ တိတ်ဆိတ်မှုတွေ ဖုံးလွှမ်းသွားသည်။

သူမ ပြောသောလမ်းထဲကို အရောက်မှာတော့ ဝိုင်က မေးဖို့ ပြင်နေစဉ်မှာပင်

"ကားအနီလေးရဲ့နောက်မှာ ရပ်လိုက်ပါနော်"

သူမ ပြောသည့်အတိုင်းပင် Suzuki ကားလေးနောက်မှာ ဝိုင့်ကားလေး ရပ်လိုက်ပြီးတာနဲ့ သူမ ဆင်းလိုက်ကာ

"ကျေးဇူးတင်တယ်နော်"

ဒါပဲ ပြောပြီးတာနဲ့ ဝိုင် ဘာတစ်ခွန်းမှ ပြန်ပြောချိန်မရလိုက်ပါ။ ကြည့်နေစဉ်မှာပဲ ရှစ်ထပ်တိုက်ကြီး၏ လှေကားထစ်ကနေ သူမ တက်သွားပါသည်။ ကားပေါ်ကနေ ထိုင်ပြီး ရှစ်ထပ်တိုက်ကြီး၏ အခန်းတိုင်းကို လိုက်ကြည့်နေပြီးမှ ထိုနေရာက ထွက်လာခဲ့သည်။





ခွင့်လွှတ်တတ်သော သူမ မျက်နှာနဲ့ အပြုံးလေးကို ပြန်မြင်ယောင်ရင်း ပုံမှန်အတိုင်း ကားမောင်းလာခဲ့သည်။ နောက်ကို ဘယ်တော့ပဲဖြစ်ဖြစ် ဆန္ဒမစောဖို့ကို ခေါင်းထဲမှာ စွဲနေအောင် မှတ်ထားလိုက်သည်။

အတန်းတက်နေပြီဖြစ်သည့်အတွက် ဆရာ့အလစ်မှာ ခပ်သွက်သွက်လေး ဝင်ထိုင်လိုက်တော့ ဟိုနှစ်ကောင်က နောက်ကျတဲ့အကြောင်းရင်းကို မျက်လုံးကြီးတွေနဲ့ စစ်ဆေးနေ၏။

ဝိုင်က မသိဟန်ဆောင်ပြီး ဆရာ စာသင်နေတာကို စိတ်ဝင်စားဟန်နဲ့ နားထောင်နေတော့ တစ်ယောက်တစ်မျိုး အသံတိတ်ဆဲနေကြ၏။

"ဘာကိစ္စတွေ အရေးကြီးလို့ နောက်ကျတော်မူရတာလဲ"

ဆရာတောင် အခန်းအပြင် မရောက်ခင် မောင်မောင်က စတင်စစ်ဆေးပါတော့သည်။

"တစ်ခါတလေလည်း နောက်ကျမှာပေါ့ကွာ"

"ဘာအလုပ်အကိုင်မှ မရှိတဲ့မင်းက တစ်ခါတလေမှကို နောက်ကျစရာ အကြောင်းမရှိဘူး"

"အခု နောက်ကျတယ်ကွာ ဘာဖြစ်လဲ"

"ဟ ဘာလို့ ဒေါသဒီလောက်ကြီး နေတာလဲ"

"မင်းတို့ကလည်း ဘာကိစ္စ တရားခံစစ် စစ်နေတာလဲ၊ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကသာနဲ့ တစ်နေရာရာမှာ တွေ့နေတယ်လို့ ထင်လို့လား"

"ဟင်း မလုံမလဲနဲ့"

စိုးထူး ခပ်မဲ့မဲ့လေး လှမ်းပြောသလို မောင်မောင်ကလည်း မချိုမချဉ်နဲ့ ပခုံးတွန့်ပြပြီး

"မထင်ပါဘူး ဘာဖြစ်လို့ မထင်လဲဆိုရင် ငွေကသာက ငါတို့နဲ့ စကားပြောပြီး စောစောကမှ ထသွားတာလေ"

ဒီတော့မှ ဝိုင်က မျက်နှာချိုသွေးလိုက်ပြီး

"ကသာ ငါ့ကို မမေးဘူးလား"

"မသိဘူး"

"ခုကျမှ ချော့မလာပါနဲ့"

"ငါ နောက်ကျရတဲ့အကြောင်းရင်းကို ပြောပြမယ်လေ"

"မသိချင်ပါဘူး"

"တကယ်လား နောက်မှ ငါ မပြောဘူးလို့ မလုပ်နဲ့နော်"

ဝိုင် အတည်ပေါက်နဲ့ ပြောလိုက်သောအခါမှာတော့ နှစ်ကောင်သား စိတ်ဝင်တစားပုံပေါက်လာပြီး မျက်လုံးပြူးကြီးတွေနဲ့ ကြည့်လာ၏။

ဝိုင်က တစ်ချက်ရယ်လိုက်ကာ ဖြစ်လာသော အကြောင်းကို ပြောပြလိုက်သည်။

"ဇာတ်လမ်းပေါ့"





"ကောင်မလေးက ချောလား"

"ကသာ့လောက်တော့ ချောမှာ မဟုတ်ပါဘူး"

"ကောင်မလေးပေမယ့် ငါ့ထက် ကြီးမယ့်ပုံကွ၊ တော်တော်တော့ ချောပေမယ့် သူ့လုတာနဲ့ ကသာလှတာ မတူဘူး"

"ခေါက်လိုက်စမ်းပါကွာ ခရီးကြိုဟန်လွှဲပေါ့"

မောင်မောင်က ခေါင်းစားစရာ မလိုသည့် ပုံစံမျိုးပြောသလို စိုးထူးကလည်း မျက်နှာတပြင်လုံး ရှုံ့ပြီး စိတ်ဝင်စားဟန် မပြပေ။

"ဒါနဲ့ ငါ မေးတာ ဖြေဦးလေ၊ ကသာ ငါ့ကို မေးလားလို့"

ဝိုင်က သူတို့ စိတ်ဝင်စားမယ့် စကားလမ်းကြောင်း ပြောင်းလိုက်တော့မှ ငနဲသားနှစ်ကောင် မျက်နှာပြန်ကြည်လင်လာပြီး

"ငွေကသာလို မိန်းကလေးမျိုးက ပေါ်တင်ကြီး မေးမလားကွ၊ ဒါပေမဲ့ သူ့မျက်လုံးတွေကတော့ မေးချင်နေတာ အသိသာကြီး"

"စန္ဒီ မေးတယ်လေ"

"စန္ဒီ မေးတာ ငါ ဘာလုပ်ရမှာလဲ"

"ဟ ငတုံးရ၊ စန္ဒီကတော့ မင်းကို ဘာလုပ်ဖို့ မေးမလဲ၊ ငွေကသာ့အစား မေးပေးတာပေါ့"

"ဪ ဒီလိုလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးထူးရဲ့ ဆောင့်ကြီးအောင့်ကြီး 'ဟုပ်တယ်'ကြောင့် ဝိုင်မသိမသာ မဲ့လိုက်ပါသည်။ ဒီကောင် နှစ်ကောင်သည် ဝိုင့်ထက်ပင် ကသာ့ကို ပိုပြီး သည်းသည်းလှုပ်ပြနေပါသည်။

ဝိုင်နဲ့ကသာ လွဲသွားမှာကိုလည်း အစိုးရိမ်ကြီး စိုးရိမ်နေကြသူများ ဖြစ်၏။

"လာလေ ကင်န်တင်း သွားမယ်၊ သူတို့ လာဦးမှာမို့လား"

"လာမှာပေါ့"

"ကင်န်တင်းကပဲ သွားစောင့်ရအောင်"

စိုးထူး အားတက်သရောပင် ရှေ့က ထွက်တော့ ဝိုင်နဲ့ မောင်မောင် နောက်က လိုက်ခဲ့လိုက်သည်။

တစ်နာရီကျော်လောက် ကင်န်တင်းမှာ ထိုင်နေသော်လည်း ကသာ့သူငယ်ချင်း စန္ဒီနဲ့သန္တာ ရောက်လာကြပြီး ကသာ ပြန်သွားပြီဆိုတော့ မောင်မောင်တို့ ဝိုင့်ကို မကျေမနပ် လှမ်းကြည့်ကြ၏။

သန္တာတို့ပါ နှုတ်ဆက်ပြီး ပြန်သွားသည့်နောက်မှာ ကိုရွှေမောင်မောင်က မအောင့်အည်းနိုင်တော့ဘဲ

"ကသာ ပြန်သွားတာ မင်းကြောင့်၊ မင်း အသုံးမကျလို့"

"ဘယ်လို ဘယ်လို ငါက ဘာအသုံးမကျလို့လဲ"

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ကြောင်ပြီး လိုက်ပို့





တော့ နောက်ကျတာပေါ့"

"ငါ နောက်ကျတာနဲ့ သူ ပြန်သွားတာ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ ဒွေကသာက သူ့ကို အလေးမထားဘူးလို့ ထင်နေတာ၊ အခုလို မင်း စောစောရောက်မလာတဲ့အခါမှာတော့ သူ ထင်တာ ဟုတ်ပြီဆိုပြီး ခံစားနေရမှာပေါ့"

"လူဆိုတာ အကြောင်းတော့ ရှိတာပေါ့ကွ၊ အခုကိစ္စက ကိုယ်မှားတာလေ၊ လိုက်ပို့တာ ငါ မှားလား"

"မှားတယ် တက္ကစီခ ပေးလိုက်ရင် ပြီးရောပေါ့"

"ဒီလိုတော့ မျက်နှာလွှဲ ခဲပစ် မပြောနဲ့ စိုးထူး၊ ဒီလို ခွင့်လွှတ်တတ်တဲ့ မိန်းကလေးမျိုးမို့ ငါ ကံကောင်းတာ"

"ဟုတ်ပါတယ် တခြားကိစ္စတစ်ခုခု ရှိမနေရင်တော့ မင်းလုပ်တာ မှန်ပါတယ်"

"အခု ကသာနဲ့ငါကရော ဘာကိစ္စတွေ ရှိနေလို့လဲ၊ ဒီနေ့ မတွေ့လည်း နောက်နေ့ တွေ့လို့ရတာပဲ"

"အေး နောက်နေ့တွေ့ပါစေ၊ ကသာက မင်းကို လက်ခံစကား ပြောပါစေပဲ ဆုတောင်းပေါ့"

"ဘာလို့ လက်ခံစကားမပြောရမှာလဲ၊ မင်းတို့ကလေ ကသာက သူ့ဟာသူ အေးအေးချမ်းချမ်းနဲ့ ခွင့်လွှတ်စိတ်ရှိပြီးသားကို ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



အကဲပိုနေတယ်”

ဝိုင်က သူတို့တစ်ခုခု ပြန်ပြောမှာကို မစောင့်တော့ဘဲ ကင်န်တင်းထဲက ဆောင့်ကြီးအောင့်ကြီး ထွက်လာခဲ့သည်။

မကြည်လင်တဲ့စိတ်နဲ့ အိမ်ကိုပဲ ပြန်လာခဲ့သည်။

ကိုယ်တိုင်ကလည်း ကသာနဲ့တွေ့ဖို့ စိတ်စောပြီး ဖြစ်သွားတာပဲ ဘာတတ်နိုင်မှာလဲ။ ကသာ့ကို မတွေ့လို့ စိတ်ထွေသွားရသည့် ကြားထဲ ပိုကဲပြနေသော နှစ်ကောင်ကြောင့် ပိုတင်းသွားပါသည်။

ကသာ သာ တခြားယောကျ်ားလေး တစ်ယောက်ကို သူမစိတ်နဲ့သူမ ချစ်သူတော်သွားခဲ့ရင် ထိုနှစ်ကောင်သည် ဝိုင့်ကို သတ်မလားတောင် မသိတော့ပါဘူး။

■ ■ ■



## အခန်း (၄)

ကသာ့စိတ်တွေ အရမ်းထွေနေတာသည် သူ့ကြောင့်လို့ ပြောလို့ရအောင် သူဆိုတဲ့ (ကသာကရော အားလုံးကရော ‘ဝိုင်’လို့ခေါ်တဲ့) ဝိုင်သွေးသစ် သည် ကသာ့နှလုံးသားတစ်နေရာမှာ နေရာဝင်ယူထားလို့ ဖြစ်မည်။

ဝိုင်သည် ဘယ်အချိန်တည်းက ကသာ့ရင်ဘတ်ထဲ ရောက်နေတယ်ဆိုတာ အချိန်အားဖြင့် တိတိကျကျ မသိခဲ့ပါ။ သိလိုက်သည့်အချိန်မှာလည်း ကသာ့ရောဂါသည် တော်တော်ကြီးပင် ကျွမ်းနေပုံရအောင် ဝိုင့်ကို တစ်နေ့မမြင်ရရင် မနေနိုင်အောင် ဖြစ်နေခဲ့ပြီ။

သို့ပေမယ့် ကသာက မိန်းကလေးလေ။ မိန်းမမှ သူများ မိန်းမတွေလို ခေတ်ဆန်ဆန်နဲ့ ဆတ်ကော့ ဆတ်ကော့ မိန်းကလေး မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။

ငယ်ငယ်ကတည်းက မိဘမရှိတော့သော ကသာသည် ကြီး တော် အဖိုးကြီးနဲ့ အစ်မရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းလာရသည့်အတွက် ကြွေးတွေ သိက္ခာတွေကို တန်ဖိုးထားခဲ့၏။

မိန်းမ မပီသတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝဟာ သိပ်ကြောက်စရာကောင်းပြီး ဘယ်လိုမှ ပြင်မရသော အမှားတွေနဲ့အတူ သေသည်အထိ နာကျင်ခံစားသွားရကြောင်း ကြီးကြီး ပြောပြတော့ ကသာ ကြက်သီးဖြန်းဖြန်း ထအောင် ကြောက်မိသည်။

သူမရဲ့ အပျော်အပါးလိုက်စားမှုနဲ့ တဒင်္ဂသာယာမှုကို ရှာတတ်တာကြောင့် တကယ် ရင်ထဲက နှစ်နှစ်ကာကာ ချစ်တဲ့သူနဲ့လည်းကျရောနှလုံးသားတွေ နလန်မထူနိုင်အောင် အလဲလဲအကွဲကွဲ ဖြစ်ခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့ အကြောင်းသည် ရှုပ်သည့် ပွေသည့် မိန်းမတွေအတွက် သင်ခန်းစာတစ်ခုပင် ဖြစ်ပါသည်။

တခြားမိန်းမ ...တော့ မသိပါ။ ထိုအကြောင်းကို ငယ်ငယ်လေးကတည်းက စွဲနေအောင် မှတ်မိသည့် ကသာကတော့ အနေအထိုင်အပြောအဆိုအားလုံး ဆင်ခြင်နေခဲ့၏။

ဒါကြောင့်လည်း ကသာ့ကို တွေ့သည့် သိကြသော လူ အပေါင်းတို့သည် မချီးကျူးဘဲ မနေနိုင်ကြပါ။ ဒီအတွက်လည်း ကသာက ကိုယ့်





ကိုကိုယ် ဂုဏ်ယူနေသလို ကြီးကြီးနဲ့ မမကြီးကလည်း ဂုဏ်ယူမဆုံးဖြစ်နေပါသည်။

ကြွေးသိက္ခာရှိသည့်အပြင် အတိတ်က ကံအကြောင်းကြောင့် သိပ်ကိုလှသော ရုပ်နဲ့ခန္ဓာကိုယ်ကိုလည်း ပိုင်ဆိုင်ထားပြန်တော့ ကသာ့ကို အရွယ်ရောက်စကတည်းက ပိုးပန်းသော ယောကျ်ားတွေ အများကြီး ရှိခဲ့၏။

ဒါကိုလည်း ကြီးကြီးက မပြတ်သွန်သင်ထားသော အတိုင်း ပြုံးပြုံးလေးပဲ ခေါင်းခါခဲ့သည်။ ရိုင်းရိုင်းစိုင်းစိုင်း အပြောမျိုးတွေကို ကသာ လုပ်လည်း မလုပ်၊ ပြောလည်း မပြောသောအခါမှာတော့ ရိုင်းချင်သည့်သူတွေတောင် မရိုင်းကြတော့ပါ။

"သမီးလေးဟာ တစ်နေ့မှာ ရင်ထဲက တကယ်ချစ်တဲ့သူ တစ်ယောက် မုချကို တွေ့မှာ၊ အဲဒီအခါကျရင် သမီးရဲ့အလှနဲ့ ကြွေးကြောင့် သမီးချစ်တဲ့သူကလည်း သမီးအကြောင်းကို သိပြီး ပိုတန်ဖိုးထားလိမ့်မယ်၊ ဒီတော့မှ ကြီးကြီး ပြောတာ ဟုတ်ပါလားဆိုပြီး အရမ်းကို ကျေနပ်နေရမယ်"

ကြီးကြီး ပြောသော စကားကို ခဏ ခဏ ပြန်ကြားနေကာ တက္ကသိုလ်ရောက်သည့်အထိ ကသာ့ကို ပိုးပန်းကြသူတွေ မရေမတွက်နိုင်အောင် များပြားလွန်းပေမယ့် ကသာ့ရင်ထဲက နှစ်နှစ်ကာကာ ချစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတော့ မတွေ့သေးပါ။

ဒီလိုနဲ့ နောက်ဆုံးနှစ်ရောက်မှ ကြီးကြီး ပြောတာ သိပ်မှန်စွာ ကသာ့ နှလုံးသားထဲ အသည်းထဲက စွဲနေအောင် ချစ်သွားသော ချစ်သူ တွေ့ခဲ့ပါသည်။

သူကတော့ ကသာ စောစောက ပြောသော ပိုင်သွေးသစ် ဆို သည့် ပိုင်ပင် ဖြစ်ပါသည်။

မမကြီး ယောက်ျား ကိုကြီးမျိုးညီ ကိုတိုးသူငယ်ချင်းနဲ့ ယူ လိုက်သော မမတင့် (မလေးလေးတင့်)သည် ပိုင်တို့နဲ့ မိသားစုချင်း ခင်ပြီး ငယ်ငယ်လေးကတည်းက ဆွေမျိုးတွေလို နေကြသည်။

သူငယ်ချင်း "ပပ"နဲ့ ယုဇနပလာဇာ လိုက်လာရင်း တူလေး "လပြည့်"အတွက် ဖိနပ်ကလေးတစ်ရန် ဝယ်ရန် မမတင့်တို့ကို သတိရ ပြီး အားပေးဖို့ သွားရင်းက ပိုင်နဲ့တွေ့ခြင်းဖြစ်သည်။

မမတင့်ကပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြသော ပိုင်နဲ့ ကသာ့ကို မိတ်ဆက်ပေးကာ ကသာ့ကို ကြုံတိုင်း ပိုင့်အကြောင်းနဲ့ ပိုင့်မိသားစု အကြောင်းတွေ ပြောပြပြီး ပိုင်နဲ့ နောက်ပါတော့သည်။

ခါတိုင်းလည်း သူငယ်ချင်းတွေက ကသာ့ကို ယောက်ျားတစ် ယောက်ယောက်နဲ့ နောက်ပြောင်သောအခါ ကသာက စိတ်မဆိုးတတ်ပါ။

စိတ်ဝင်စားလို့ ကသာ ငြိမ်နေခြင်း မဟုတ်တာတော့ သူငယ်





ချင်းတွေ သဘောပေါက်ပြီးသား ဖြစ်သည်။

မမတင့်က ပိုင်နဲ့နောက်ပြောင်သည့် အခါမှာတော့ စိတ်မဆိုး တာထက်ကို ပိုတဲ့ ကြည်နူးမှုလေး ဖြစ်ရသည်။

တိုက်တိုက်ဆိုင်ဆိုင် ကျောင်းမှာ ထပ်ဆုံသောအခါ ပိုင်ရဲ့ အနေတည်ပုံအပြင် ရုပ်ချောသလောက် မိန်းကလေးတွေနဲ့ ကင်းကြောင်း သိရသောအခါ ကသာ ပိုင့်ကို ချစ်မိတာ သေချာသွားပါပြီ။

ဒီတစ်ခါ သူငယ်ချင်းတွေ နောက်ပြောင်တာကို ကသာ ငြိမ် နေသည့်အခါမှာတော့ အရင်အခါတွေလို စိတ်မဝင်စားလို့ ငြိမ်နေခြင်း မဟုတ်တာ သူငယ်ချင်းတွေ သိကြပြန်သည်။

ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားဘူးသော ကသာသည် ပိုင့် ကို စိတ်ဝင်စားနေတာ သူငယ်ချင်းတွေ သိနေတော့ ဒီလောက်အထိ သိသာနေပြီလားလို့ ကသာ မေးကြည့်တဲ့အခါ

"သိပ်သိတာပေါ့" တဲ့။

ထိုသို့ ပြောင်ပင် ပြောလိုက်တော့လည်း ကသာ မျက်နှာတွေ ပူထူသွားသည်။

"ဒါမျိုးဆိုတာ ဘယ်လောက် ဟန်ဆောင်ကောင်းကောင်း သိ သာတယ်၊ ဒါပေမဲ့ သဘာဝမို့ ရှက်စရာ မလိုပါဘူး"

လို့ သူငယ်ချင်းတွေ အားပေးမှ ကသာ နေသာထိုင်သာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ဒါပေမဲ့ ဝိုင်ရော ကသာ့အတွင်းစိတ်ကို သိနေမလားလို့ တွေးမိသောအခါမှာတော့ သူငယ်ချင်းတွေကို ရက်တာထက် ပိုရက်သွားရပါသည်။

နောက်တော့ ဝိုင့်ကို ချစ်သည့် အချစ်တွေကပဲ အနိုင်ယူသွားလို့လား မသိပါ။ ရက်တာထက် ဝိုင့်ကိုချစ်သည့် အချစ်တွေက ကြီးစိုးနေတော့ ရက်နေသော စိတ်တွေက ဘယ်ပျောက်လို့ ပျောက်သွားမှန်းကို မသိတော့ပါ။

နောက်ပြီး ဝိုင်ကလည်း ကသာ့ကိုဆို လိုလားသော အရိပ်အရောင်တွေ ပြတတ်သော ကသာ့ရင်ထဲမှာ တခြားအရာထက် ကြည်နူးစိတ်တွေသာ ပြည့်နေပါသည်။

ဝိုင့်ကို အမြဲတွေ့ချင်သည်။ ဝိုင်နဲ့တွေ့ရင် ရင်ခုန်တယ်။ ကြည်နူးတယ်။ ကသာ့ကို ဖွင့်ပြောမယ့်နေ့ကို ရင်ခုန်စွာ စောင့်မျှော်နေမိသည်။

အချိန်တွေသာ အတိုင်းအတာ တစ်ခုထက် ကျော်လွန်သွားတယ်။ ကသာ့ကို ချစ်တယ်လို့ ဝိုင်က အခုထိ မပြောသေးပါ။

ကသာ့ကို ဝိုင် တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့ အတွေးရောက်တော့ ရင်တွေမောပြီး အသက်ရှူနှုန်းတွေ မြန်သွားပါသည်။

ဝိုင့်မှာ ချစ်ရမယ့်သူ မရှိသေးတာတော့ ဝိုင့်သူငယ်ချင်းတွေ





ပြောသလို ကသာ့ သူငယ်ချင်းတွေကလည်း စုံစမ်းထားပြီးသား ဖြစ်သည်။

ဒါဆို ကသာ့ကို အခုထိ ဘာဖြစ်လို့ ချစ်တယ်လို့ မပြောသေးတာလဲ။

"နင့်ကို တန်ဖိုးထားတာ သိပ်မကြာတော့ဘူး။ ပြောမှာသေချာပါတယ်"

ဆိုတဲ့ သူငယ်ချင်းတွေကတောင် ကသာ့ကို အားမပေးကြတော့ပါ။

ဒီနေ့လည်း ဝိုင့်သူငယ်ချင်းတွေနဲ့တွေ့လို့ စကားပြောရင်း ဝိုင့်ကို စောင့်နေကြပေမယ့် အတန်းတက်သည်အထိ ဝိုင်က ပေါ်မလာသေးပါ။

ကသာ့အဖြစ်ကို သိသော သန္တာနဲ့စန္ဒီက သွားကြည့်ပေးမယ်ဆိုတော့ ကသာ ဟန်ဆောင်ပြီးတောင် မတားတော့ပါ။

သန္တာတို့ ပြန်လာပြီး ဝိုင် ရောက်လာကြောင်းနဲ့ ကင်န်တင်းမှာ စောင့်နေကြောင်း ပြောပြီး ဖွတ်ခေါ်တော့ အရာရာကို တွေးတောသင်ခြင်းပြီး ကသာ မသွားတော့ပါ။

သန္တာတို့ကလည်း ကသာ့ရောဂါကို သိလို့သာ ခေါ်တာ ဝိုင့်ကို ကသာ ပြန်သွားပြီလို့ ပြောခဲ့တာတဲ့။ ဒီတော့ ကသာ သွားလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးသွားမှာပေါ့။

ဝိုင့်ကို တွေ့ချင်တာ ရှုးနေပြီ။ ဒီတစ်နေ့တော့ အောင့်အည်းနေလိုက်မယ် ဆုံးဖြတ်လိုက်ပေမယ့် စိတ်တိုင်းမကျချင်ဘူး ဖြစ်နေသည်။

ဝိုင်ရယ် ကသာ့ကို ချစ်ပါနော်။ ဝိုင့်ရင်ထဲမှာ ဘာတွေရှိနေလဲဆိုတာ ကသာ သိချင်လိုက်တာ။

"သမီးလေး ဘာတွေကို လေးလေးနက်နက် တွေးနေတာလဲ"

"ဩော် ကြီးကြီး"

"ပြောပါဦး သမီးရဲ့"

ကသာ့ မေးစေ့လေးကို ကိုင်ပြီး ကြီးကြီးမေးတော့ ပြောရင်ကောင်းမလား စဉ်းစားနေမိသည်။

"ကြည့် ပြောလေ သမီးရဲ့၊ ကြီးကြီးကို ဘာမှဖုံးကွယ်စရာလည်း မလိုဘူး။ ရှက်စရာလည်း မလိုဘူး။ သမီးမှာ တိုင်ပင်စရာ ဖွင့်ဟစရာဆိုလို့ ကြီးကြီးနဲ့ မမကြီးပဲ ရှိတာမို့လား"

"ဟုတ်ကဲ့ပါ ကြီးကြီးရဲ့၊ သမီး ပြောမှာပါ"

"ဒါဆို ပြော"

တခြားအကြောင်းအရာကိစ္စတွေကိုသာ ပွင့်ပွင့်လင်းလင်း မကွယ်မဝှက် ပြောခဲ့ပေမယ့် ဒီလို ချစ်ရေးချစ်ရာကိစ္စနဲ့ ပတ်သက်လို့ တစ်ခါမှ မပြောဘူးသောအခါ ပြောရမှာ မဝံ့မရဲ ဖြစ်နေမိသည်။





"ပြောလေ သမီးရဲ့၊ သမီးရင်ထဲက ချစ်သွားတဲ့ ကောင်လေးတစ်ယောက်အကြောင်း ပြောမလို့ မဟုတ်လား"

"ဟင် ကြီးကြီး ဘယ်လိုလုပ်သိလဲ"

ကသာ အံ့သြသွားပြီး မျက်လုံးလေးပြူးကာ ကြီးကြီးကို မေးတော့ ကြီးကြီးက သူ့ကိုယ်လုံးကြီးကို လှုပ်ရယ်ပြီး

"အချစ်ဆိုတာ တခြားအရာတွေနဲ့ မတူဘူး သမီးရဲ့၊ သမီးပုံစံကို ကြည့်ရကတည်းက ကြီးကြီး သိတယ်၊ ဒီတော့ သမီးပြောမယ့်သမီး ချစ်တဲ့ကောင်လေးကလည်း သမီးကို သိပ်ချစ်တဲ့သူပဲ ဖြစ်မယ် ဟုတ်တယ်မို့လား"

ကြီးကြီး စကားကြောင့် ကသာ အားတွေတက်လာကာ ရှက်ကိုးရှက်ကန်း အပြုံးလေးနဲ့အတူ

"ကြီးကြီး"

"ပြောလေ သမီးလေး"

ကသာက ကြီးကြီးခန္ဓာကိုယ်ကြီးကို ဖက်ပြီး ကြီးကြီး မျက်နှာကို ပြုံးစိစိကြည့်ကာ

"ကြီးကြီးက အပျိုကြီးပေမယ့် ဘာလို့ ဒီလောက် သိနေရတာလဲ"

"ကြီးကြီးက အပျိုကြီးပေမယ့် အတွေ့အကြုံတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကို"

ကသာ ရယ်တော့ ကသာ့ မျက်နှာကို ကြီးကြီး စိုက်ကြည့်နေ၏။

"သမီးလေးကလေ ဘယ်လိုနေနေ သိပ်လှတာပဲကွယ်"

"ကြီးကြီး သမီးကို ကြီးကြီးမှ မချီးကျူးရင် ဘယ်သူ ချီးကျူးမလဲ"

"ဟုတ်ပါပြီ ကဲ ပြောလေ စကားတွေ လွှဲနေတာနဲ့ လိုရင်းကို မရောက်ဘူး"

ဒီတစ်ခါတော့ ဘယ်လိုမှ ဝေ့ဝိုက်လို့ မရတော့စွာ ကသာက ဝိုင်နဲ့စတွေ့တည်းက အကြောင်းတွေကို တစ်လုံးမကျန် ကြီးကြီးအား ပြောပြလိုက်သည်။

"ဩော် သဘောပေါက်ပြီ၊ ဘာလဲ ကောင်လေးက အခုထိ ရည်းစားစကား မပြောသေးလို့ သမီး စိတ်ပူနေတာလား"

ကသာက ပါးစပ်ကတောင် မပြောနိုင် ခေါင်းညိတ်ပြတော့ ကြီးကြီးက ကသာ့ပါးလေးကို အသည်းယားစွာ လိမ်ဆွဲလိုက်သည်။

"အဲဒါ သမီးကို တန်ဖိုးထားတာ ကောင်မလေးရဲ့"

"အဲဒီလို ဖြစ်ပါစေ ဆုတောင်းရမှာပဲ ကြီးကြီးရယ်"

"အို ဘာလို့ မဖြစ်ရမှာလဲ၊ ကောင်လေးရဲ့ ကာရိုက်တာက ကောင်းတယ်လို့ သမီး စုံစမ်းပြီးပြီဆို"





"ဟုတ်ကဲ့"

"ဒါဆို ဘာလိုသေးလဲ သမီးရယ်၊ ရုပ်လည်းချော၊ မျိုးရိုး အဆင့်အတန်းလည်း မြင့်မားပြီး စာရိတ္တကောင်းတယ်ဆိုတော့ OK ပေါ့၊ အခုခေတ်မှာ ဒီလိုလူမျိုး ရှားတယ်လေ၊ နောက်ပြီး ညီအစ်ကို နှစ်ယောက်တည်းရှိတာဆိုတော့ ပိုတောင် အဆင်ပြေသေး၊ ကြီးကြီးနဲ့ သမီးမကြီးလည်း တင့်တင့်က တစ်ဆင့် စုံစမ်းပါဦးမယ်"

"ကြီးကြီး သူနဲ့သမီးက ဘာမှမဖြစ်သေးဘူးလေ၊ မစုံစမ်းပါနဲ့ဦး၊ သူတို့ဘက်က သိသွားရင် ရှက်စရာကြီး"

"သမီးလေးကလည်း သိအောင် စုံစမ်းပါ့မလား"

"နေပါဦး ကြီးကြီးရယ် သူနဲ့သမီး ချစ်သူ ဖြစ်သွားပြီဆိုမှ စုံစမ်းနော်"

"အေးပါ အေးပါ"

အခုမှ ကသာ့ရင်ထဲက အလုံးကြီး ကျသွားသည်။

"ကဲ သမီးလေး ရေချိုးတော့၊ တော်ကြာ လပြည့်လေး ကျောင်းဆင်းတော့မှာ"

"အဲ ဟုတ်သားပဲ"

ကြီးကြီးပြောမှ နာရီကို ကြည့်လိုက်ရင်း သတိရသွားသည်။

"တွေ့လား လူတွေဟာ အချစ်နဲ့တွေ့ရင် ပတ်သက်လာရင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မေ့တတ်ကြတယ်”

“မဟုတ်ပါဘူး ကြီးကြီးရယ်”

“သမီးကို အပြစ်တင်တာ မဟုတ်ပါဘူးကွယ်၊ သမီး တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဘယ်သူဖြစ်ဖြစ်ပါ အချစ်နဲ့ပတ်သက်လာရင် ဒီလိုပဲ”

ကြီးကြီးကို ခေါင်းညိတ်ပြပြီး ရေချိုးဖို့ ကသာ အိမ်ထဲ ဝင်ခဲ့သည်။

ကြီးကြီး ပြောတာ ဟုတ်နေအောင် တကယ်ကို ကသာသည် တူလေး လပြည့် ကျောင်းဆင်းချိန်ကို မေ့နေပါသည်။

မမကြီးရဲ့ တစ်ဦးတည်းသော သားလေး လပြည့်သည် ကသာ့ရဲ့ အသည်းကျော်လေး ဖြစ်သလို ကသာ ကလည်း တူလေး လပြည့်ရဲ့ သည်းသည်းလှုပ်ချစ်ခြင်းကို ခံရသူ ဖြစ်သည်။

ကသာ့မှာ မြေးကြည့်မှ တစ်လောကလုံးတွင် ကြီးတော် အဖိုးကြီးနဲ့ မမကြီးတို့ လင်မယား၊ ပြီးတော့ တူလေး လပြည့်ပဲ ဖြစ်သည်။ အဖေ အမေဆိုတာ ဖြူသလား မည်းသလား မသိခဲ့ရပါ။

ဒီကြီးတော်နဲ့ အစ်မကြီးကပဲ မိဘလို ပြုစုပျိုးထောင်ပေးခဲ့လို့ ကသာ့ဘဝ အခုလို အခြေအနေမျိုး ဖြစ်လာခဲ့ရသည်။

မမကြီးကို အနှစ်နှစ်အလလ သည်းခံပြီး ချစ်ခဲ့သည့် ကိုကြီး





မျိုးကလည်း ကသာ့ကို ညီမရင်းလေး တစ်ယောက်လို အကြင်နာတွေ ပေးနိုင်ခဲ့သည်။

ကသာ့ဘဝသည် မိဘမရှိတာကလွဲရင် အစစ ပြည့်စုံသော မိန်းမတစ်ယောက် ဖြစ်ပါသည်။ အတိတ်ရဲ့ ကံကြောင့် မိဘနှစ်ပါးနဲ့အတူ တူ မနေရသောအခါမှာ မဖြစ်နိုင်တာကို တမ်းတမနေတော့ဘဲ ဖြစ်လာခဲ့သော အခြေအနေမှာပဲ နေတတ်အောင် နေဖို့ ဆုံးဖြတ်ပြီး ဖြစ်လာသည့် အခြေအနေကိုလည်း ကျေနပ်ခဲ့ပါသည်။

ကြီးကြီးနဲ့ မမကြီးသည် ကသာ့ကို စိတ်ချမ်းသာအောင် ထားပြီး အစစအရာရာ လိုလေသေးမရှိ ဖန်တီးပေးခဲ့သည်။ မမကြီး ခင်ပွန်း ကိုကြီးမျိုးကလည်း ဒီအတိုင်းပဲ။ တစ်ခါ တူလေး လပြည့်ကို မွေးလာသောအခါ ကသာ့ စိတ်ကူးအတွေးတွေသည် တစ်သက်လုံးပဲ ဒီမိသားစုနဲ့ အတူနေမယ်ဆိုတာ ဖြစ်သည်။

ဒီတုန်းကတော့ ကသာ့မှာ ရင်ထဲက ချစ်ရမယ့်သူ မရှိသေးဘူးကိုး။ အခု ရှိတော့ကော ရှိတော့ကော ဘာဖြစ်လဲနော်။

ဝိုင်သာ ကသာ့ကို ချစ်တယ်လို့ ပြောပြီးရင် မိန်းကလေးဖြစ်သည့်အတွက် စဉ်းစားပါရစေဦးလို့တော့ မူရမှာပေါ့။

ထို့နောက်မှာတော့ ချစ်သူတွေဖြစ်ကြ၊ တစ်ဆင့်တက်ပြီး လက်ထပ်ကြနဲ့ ပျော်စရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



"အပ်ိ"

ကသာ တစ်ယောက်တည်း ပြုံးလိုက်ပြီး မလုံမလဲ ဖြစ်ကာ ရှေ့နောက် ကြည့်လိုက်ပါသည်။

တော်ပါသေးရဲ့။ ဘယ်သူမှ မတွေ့လို့။

ဒုက္ခပါပဲနော်။ ဝိုင့်အကြောင်းပဲ တွေးနေမိတယ်။ ကြီးကြီး ပြောသလိုပါလား။ လူတွေဟာ အချစ်ကိုတွေ့သွားရင် အားလုံးကို မေ့တတ်ကြတယ်တဲ့။ ဟုတ်တယ် ဟုတ်တယ် အခုတောင် မေ့ပြန်ပြီ။ မြန်မြန် ရေချိုးမှ တော်ကြာ ကြီးကြီး ထပ်ဝင်လာရင် ပြောစရာတွေ ဖြစ်နေဦးမယ်။

■ ■ ■

ဝိုး : မိုး : ၁၁၆၂

## အခန်း (၃)

"ဟာ ဟို ဟို တွေ့ကြပြန်ပြီနော်"

ဒီတစ်ခါ သူမကို ထပ်တွေ့တာကတော့ ဗိုလ်ချုပ်အောင်ဆန်း လမ်းနဲ့ ၃၅ လမ်းထိပ်ရှိ ရုပ်ရှင်ရုံတစ်ရုံရှေ့မှာ ဖြစ်သည်။

ဝိုင်က ၃၃ လမ်းထဲရှိ ကိုကြီးမိတ်ဆွေတစ်ယောက်ထံမှ ကိုကြီး ခိုင်းသဖြင့် ပစ္စည်းတစ်ခု လာယူခြင်း ဖြစ်သည်။

သိပ်မများသော ရုပ်ရှင်ကြည့် ပရိသတ်များထဲမှ သူမကို ထင် ထင်လင်းလင်း ကားပေါ်က လှမ်းတွေ့လိုက်တာနဲ့ ဝိုင့်ကားသည် အလိုလို ရပ်မိလျက်သား ဖြစ်သွားကာ ဆင်းနှုတ်ဆက်ပြီးမှ သူမ တစ်ယောက် တည်း မဟုတ်ဘူးဆိုတာ သိသွားရသည်။

ပထမပိုင်းမှာ သူမ ကြောင်ကြည့်နေပြီးမှ သတိရသွားပုံရကာ သူမ လက်ကို ကိုင်ထားသော ပုဂ္ဂိုလ်ကြီး လက်ထဲက မသိမသာ ရုန်း

ဝိုး : မိုး : ၁၁၆၂

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထို့နောက်မှာတော့ လှလှပပလေး ပြုံးလိုက်သည်။

"ရုပ်ရှင်လာကြည့်တာလား"

"မဟုတ်ပါဘူး ကိစ္စတစ်ခုနဲ့ ၃၃ လမ်းထဲ လာတာပါ"

"ဪ"

"တစ်ခုခု လိုက်စားပါလားဟင်၊ ဟို ဒီက အစ်ကိုကြီးရောပေါ့"

ဝိုင်က သူမ လက်ဖြုတ်ချလိုက်သော ပုဂ္ဂိုလ်ကြီးကိုပါ ကြည့်ပြီး ခေါ်တော့ ပုဂ္ဂိုလ်ကြီးအနေနဲ့ တစ်ခုခု မဟာခင် သူမက ဖြတ်၍

"ရပါတယ်ကွယ် နောက်ထပ် ကြုံဦးမှာပေါ့"

"ဟိုတစ်ခါကိစ္စကို ထပ်တောင်းပန်ပါတယ်နော်"

"အဟင်း မလိုပါဘူး၊ တို့က မေ့ပေါင်း မေ့လိုက်ပြီ"

"ကျေးဇူးတင်ပါတယ် မမ"

"ကဲ သွားပြီနော်၊ ရုပ်ရှင်ပြတော့မှာ၊ ရုပ်ရှင်ကြည့်ရမှာမို့"

ဝိုင် သူမ နာမည်မေးမှာစိုးလို့ ရုပ်ရှင်ပြမှာကို အကြောင်းပြပြီး လူတွေကြားထဲ အတင်းတိုးဝှေ့သွား၏။

ဒီတော့မှ ပုဂ္ဂိုလ်ကြီးလည်း ပျာယာခတ်ပြီး ဝိုင့်ကို တစ်ချက် ပြုံးပြကာ သူမနောက်ကို မပြေးရုံတမယ် လိုက်သွားနေ၏။ ခဏအတွင်း မှာကို နှစ်ယောက်သား မျက်စိအောက်က ပျောက်သွားသည်။





ဝိုင်က ကားမောင်းရင်း သူမအကြောင်း စဉ်းစားနေမိသည်။

သူမသည် ဟိုတစ်ခါတွေ့တာထက်ကို ပိုနုပိုချောနေသေးသည်။

စတိုင်ဘောင်းဘီနဲ့ အနုခေတ်ပေါ် မိန်းကလေးတွေ တော်တော် များများ ဝတ်သည့် အသားပျော့ပျော့ အင်္ကျီလက်ရှည် ခါးစည်းလေး သည် သူမကို ပိုပြီး နုနယ်စေကာ ခရမ်းရောင် မှိုင်းမှိုင်း လည်ဟိုက် သည်လည်း သူမ၏ ရင်ညွန့်ဖြူဖြူများကို မြင်ရသူအဖို့ ပိုပြီး အသက်ရှူ မှားစေပါသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းနဲ့ စကားပြောလိုက် ရယ် လိုက်တိုင်း ပေါ်သွားတဲ့ သွားဖြူတန်းလေးတွေသည် သိပ်ကို စွဲမက်စရာ ကောင်းအောင် သူ့နေရာနဲ့သူ လှနိုင်လွန်းပါ၏။

လှယဉ်ကျေးမယ်လို ခါးသေးရင်ချီတဲ့ ကိုယ်လုံးမျိုး မဟုတ်ပေ မယ့် ကြည့်ကောင်းသော ပါးပါးလျားလျား ကိုယ်လုံးကိုယ်ထည်လေးနဲ့ ဖြစ်ကာ သူမ အရပ်အမောင်းသည် သာမန်မိန်းကလေးတွေထက် ရှည် သော်လည်း ကြည့်မကောင်းသည့် ကလန်ကလားမျိုးကြီး မဟုတ်ပါ။

သူမမျက်နှာ၊ သူမ ကိုယ်လုံးနဲ့ အရွယ်အမောင်းသည် တော် တော်ကြီးကို ကြည့်လို့ကောင်း၊ ကြည့်လို့ လှနေပါသည်။

သူမပုံစံ ခေတ်မီမီ စမတ်ကျကျလေးသည် ဝိုင့်ရဲ့ မျက်စိထဲ မှာတော့ ဓာတ်ပုံရိုက်ထားသလို စွဲထင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု သူမပြီးတော့ သူမအားက ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ဝိုင်က လိုက်လျောညီထွေစွာ လူ့အကြိုက်လိုက်ပြီး ဖိတ်မန္တက ပြုတာကို ပုဂ္ဂိုလ်ကြီးက ခင်မင်ဟန် ပြပေမယ့် သူမကတော့ ဝိုင်နဲ့ ပုဂ္ဂိုလ်ကြီးကို ရင်းနှီးစေချင်ပုံ မပေါ်ပါ။

ယုတ်စွအဆုံး သူမ နာမည်ကိုတောင် ရှုံးချင်ဟန်ဆောင်ပြီး ပြောမသွားခဲ့ပါ။

ပုဂ္ဂိုလ်ကြီးနဲ့ သူမသည် ချစ်သူတွေဆိုတာတော့ သေချာသည်။ ဒါပေမဲ့ ချစ်သူတွေလို့ ပြောရအောင် ရယ်စရာကောင်းနေတာက တော်တော်ကြီးကို ကွာခြားနေသော အသက်အရွယ်ပင် ဖြစ်သည်။

အခုခေတ်စတိုင် လူငယ်တွေ ဝတ်သည့် အရောင်တောက်တောက် ပန်းပွင့်တွေနဲ့ အင်္ကျီကို ဘောင်းဘီအရှည်နဲ့ တွဲဝတ်ထားပေမယ့် ပုဂ္ဂိုလ်ကြီးအသက်သည် အနည်းဆုံး (၅၀)ထက် မလျော့ပါ။ ပိုရင်တောင် ပိုဦးမည်။

သူမအသက်သည် ဝိုင့်ထက် သုံးလေးနှစ်ထက် ပိုမကြီးနိုင်ပါ။

ပုဂ္ဂိုလ်ကြီးနဲ့ သူမသည် သားအဖလောက်ကို အသက်ရော အရွယ်ရော သိသိသာသာ ကွာခြားနေသည်။

ဝိုင် အသေအလဲ သိချင်နေတာက သိပ်ကိုလှသော သူမသည် ရုပ်လည်းမလှသည့် ကိုယ့်အဖေလောက်ကြီးကို ဘာလို့ တွဲနေတာလဲ။





တွဲရုံတင်မဟုတ်ပါ။ ရုပ်ရှင်တောင် အတူကြည့်ကြဦးမယ်ဆိုပါလား။

ပုဂ္ဂိုလ်ကြီး ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားသော စိန်လက်စွပ်၊ ဘယ်ဘက်မှာ ပတ်ထားသည့် ရွှေရောင်ဝင်းအိနေသော သိန်းမနည်းတန် နာရီကြီး၊ အသက်အရွယ်နဲ့မှ မလိုက်စွာ ညာဘက်လက်မှာ ဝတ်ထားသော ဟန်းချိန်းထူထူကြီး၊ ခါးမှာ ချိတ်ထားသည့် ဟန်းဖုန်း။

ဒါတွေ ဒါတွေကြောင့် သူမက ပုဂ္ဂိုလ်ကြီးနဲ့ တွဲနေတာလား။ ဒီလောက် အသက်ရှိပြီး ချမ်းသာသော ပုဂ္ဂိုလ်ကြီးမှာ သားကြီးမယားကြီး မရှိနိုင်ဘူးလား။

ထိုအတွေး ခေါင်းထဲဝင်လာသည့်အခါ ရင်တွေတုန်သွားပါသည်။

ဘုရား ဘုရား. . .။

ကိုယ့်ကိုကိုယ်လည်း ဘာကြောင့် ဘုရားတလိုက်မိမှန်း မသိတော့ပါ။

မမ ဘယ်သူလဲ၊ ဘာလုပ်လဲ၊ နေသည့်နေရာကတော့ သိပြီးပြီ။

ဒီလူကြီးနဲ့ မမရဲ့ ပတ်သက်မှုသည် နှယ်နှယ်ရရတော့ မဖြစ်နိုင်ပါ။

"ကျွီ"

ကားမောင်းရင်း တစ်ခါမှ သတိမလစ်ဘူးသော ဝိုင်သည် မမဆိုသည့် အမည်မသိ သူမကြောင့် တွေးမိတွေးရာ တွေးရင်း တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းနား ကပ်ရပ်ထားသော Taxi တစ်စီးရဲ့ ဖင်ကို ဝင်ဆောင့်ခါ နီးမှ ဘရိတ်ခပ်ကြမ်းကြမ်း အုပ်ချပြီး

"ဘုရား ဘုရား"

အချိန်ခဏလေးအတွင်းမှာကို ဘုရားတရသည့် အကြိမ်ပေါင်း မနည်းတော့ပါ။

"Sorry နော် အစ်ကို"

Taxi သမားရဲ့ ခပ်ပေပေ အကြည့်ကြောင့် သတိရသွားပြီး ရှိရိုကျိုးကျိုး တောင်းပန်လိုက်သည့်တွင် ဝိုင် ပြန်ရသော ရလဒ်ကတော့ Taxi သမားရဲ့ အသံမထွက်ဘဲ ပါးစပ်လှုပ် ဆဲလိုက်တာကို ဖြစ်သည်။

ကိုယ့်အပြစ်နဲ့ကိုယ်မို့ ထိုနေရာကနေ အမြန်ဆုံး လစ်ထွက်လာခဲ့သည်။

"ဟူး"

တစ်လမ်းလုံးလည်း သတိထားပြီး ကားမောင်းနေရင်းကကို မမရဲ့မျက်နှာ၊ ပုဂ္ဂိုလ်ကြီးရဲ့ လက်ထဲက သူမလက်ကို ရုန်းထွက်လိုက်ပုံ တွေကို တစ်ကွက်ခြင်း မြင်ယောင်နေမိသည်။

ညဘက် အိပ်ရာမဝင်ခင်အထိ သူမအကြောင်း တွေးပြီးနောက် အိပ်ပျော်သွားသောအခါ မမသည် ဝိုင့်ရဲ့ အိပ်မက်ကို မဖိတ်ခေါ်ဘဲ ရောက်လာခဲ့သည်။





နှစ်ခါသာ မြင်ဖူးတဲ့အပြင် ဝိုင်ရှင်ရှိပြီးသားကြီး သူမကို တကယ် ဆို ဝိုင့်အနေနဲ့ ဒီလောက် တမ်းတနေစရာ အကြောင်းမရှိပါ။

အခုတော့ . . ။

အိပ်ရာထပြီး ကြီးမေ၊ ကိုကြီးတို့နဲ့အတူ ကော်ဖီသောက်ပြီးတော့ ကိုကြီး စက်ရုံသွားမယ့် အချိန်ကို စောင့်ကာ ကိုကြီး ထွက်သွားတာနဲ့ ဝိုင်လည်း ထွက်လာခဲ့သည်။

ဝိုင် ထွက်လာခဲ့တာသည် မမနေသော လမ်းထဲက တိုက်ကြီးနဲ့ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ကို ဖြစ်သည်။

တစ်ယောက်တည်း လက်ဖက်ရည်မှာသောက်ပြီး ရှစ်ထပ်တိုက် ကြီးရဲ့ လှေကားဝကို ကြည့်နေလိုက်သည်။

လက်ဖက်ရည်တစ်ခွက် ကုန်ခါနီးလောက်မှာ ဝိုင့်အိပ်မက်ထဲက မမသည် အလှဆုံး ခြေလှမ်းတွေနဲ့ တိုက်ကြီးလှေကားပေါ်က ဆင်းလာ ပြီး Taxi ငှားဖို့ ရပ်နေပုံ ရသည်။

ကမန်းကတန်းပင် ပိုက်ဆံရှင်းကာ ကားကို ဒီအတိုင်းပင် ပစ်ထားခဲ့ပြီး ကားလမ်းတစ်ဖက်ကို ကူးလာခဲ့သည်။

သူ့အာရုံနဲ့သူ ရှိနေသော မမသည် ဝိုင့်ကို မြင်ပေမယ့် သူမ သိခဲ့သည့် ကောင်လေးတစ်ယောက်လို့ ထင်ပုံမရဘဲ လူလွတ်မည့် Taxi တစ်စီးစီးကိုသာ မျှော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမကို မခေါ်မိသေးတာသည် ဘေးတိုက်မြင်နေရသော အလှတွေကို မိန်းမောနေလို့ ဖြစ်သည်။

အင်္ကျီအနက်ရောင် ဖဲလိုခပ်ပြောင်ပြောင်လေးနဲ့ အနက်ပေါ်မှာ ပုလဲလုံးအဖြူလေးတွေပါသော စကဒ်ထဘီလေးသည် တင်းရင်းနေသည့် မမ ကိုယ်လုံးပေါ်မှာ အံဝင်ခွင်ကျနဲ့ လှလှပပလေး ရှိနေသည်။

တစ်လက်မလောက်ရှိ ခွာဒေါက်ဖိနပ် နီညိုလေးနဲ့ ကြိုးရှည်ရှည် အိတ်ကလေးတစ်လုံးသာ လွယ်ထားသော မမသည် ဝိုင် မျက်တောင်ခတ် ဖို့ပင် မေ့နေလောက်အောင် အပြစ်ကင်းကင်းနဲ့ လှပနေ၏။

ဖြူဝင်းနေသော မျက်နှာပေါ်က အလှတွေကလည်း တစ်ခုချင်းကို ပြောပြနေစရာတောင် မလိုအောင် ဘာလို့ ဒီလောက် လှနေတာလဲ မမရယ်။

ဟော ကားတစ်စီး လာနေပြီ။ မမ တားတော့မယ်။

ဝိုင်က တစ်ဖက်စီက လာနေသော ကားထက်မြန်စွာ မမရှေ့မှာ ခြေစုံရပ်လိုက်သည်တွင် ပထမ သူမ ကြောင်ကြည့်နေပြီးမှ သတိရသွားဟန်နှင့်

"ဩော်"

"မှတ်မိသွားပြီလားဟင်"

မမက လှလှပပပင် ပြုံးပြီး ခေါင်းညိတ်ပြတော့ ဝိုင် အရမ်းကို





ကျေနပ်သွားပါသည်။

"မမ ဟို မမပဲ ခေါ်မယ်နော်၊ မမက ကျွန်တော့်ထက် ကြီးမယ် ထင်တယ်"

"ဟုတ်မှာပေါ့၊ ဒါနဲ့ ဘယ်ကနေ ဘယ်လို"

မမကို ဆက်မပြောဖို့ လက်ကာလိုက်ပြီး

"တမင်သက်သက် မမကို လာစောင့်နေတာဆို ကျွန်တော့်ကို ရန်တွေ့မှာလားဟင်"

"ဘာဖြစ်လို့လဲ ဒါ ရန်တွေ့စရာမှ မဟုတ်တာ"

"သိပါတယ် မမက သဘောလည်းကောင်းတယ်၊ နောက်ပြီး ခွင့်လွှတ်တတ်တယ်"

"ကဲပါ အသလွှတ်ကြီး မြှောက်မနေပါနဲ့၊ တို့ကို လာစောင့်နေ တဲ့ကိစ္စက"

"စောင့်နေပါတယ်ဆိုမှ တွေ့ချင်လို့ပေါ့ မမရယ်၊ ဘယ်သွားမလို့လဲဟင်၊ ကျွန်တော် လိုက်ပို့မယ်လေ"

"မင်းက တို့ကို ဘာလို့ တွေ့ချင်ရတာလဲ"

"အဲဒါတော့ မသိဘူးဗျာ၊ တွေ့ချင်တာကတော့ အရမ်းတွေ့ချင် နေလို့ ဒီကို ရောက်လာတာပေါ့"

မမ ပြုံးပြုံးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ လာပါ မမ သွားချင်တဲ့နေရာကို ကျွန်တော် လိုက်ပို့ပေး ပါရစေ"

"မင်း လိုက်ပို့လို့ မဖြစ်ဘူး ကောင်လေးရဲ့"

"ဗျာ ဘာဖြစ်လို့လဲဟင်"

"မင်း ပြန်တော့နော်၊ တို့ မင်းနဲ့ မိတ်ဆွေ မဖြစ်ချင်ပါဘူး"

မျက်နှာတည်တည်နဲ့ မမ ပြောလိုက်သော စကားကြောင့် ဝိုင့်ရင်ထဲမှာ ကျဉ်တက်သွားပါသည်။ ပြောရက်လိုက်တာ မမရယ်။ မမ ဒီလောက်ကလေး ပြောတာနဲ့ ဝိုင် ဘာလို့ မခံစားနိုင် ဖြစ်သွားရတာလဲ။

"ပြန်တော့နော် ကောင်လေး၊ မင်း ပျင်းနေရင် မင်းလို ကောင် လေးရဲ့နားမှာ ကောင်မချောချောလေးတွေ အပျင်းဖြေပေးဖို့ တန်းစီနေ မှာပါ"

"မမ စိတ်ထဲမှာ ကျွန်တော်က မမဆီကို အပျင်းလာဖြေတယ် ထင်လို့လား"

မမက ပါးစပ်ကတောင် မပြောဘဲ ဟန်ပါပါနဲ့ ပခုံးတွန့်ပြတော့ ဝိုင့်ရင်ထဲ ဆတ်ဆတ်ခါ နာသွားပါသည်။

"ရတယ် မမ၊ ကျွန်တော့်ကို မိတ်ဆွေအဖြစ် အသိအမှတ် မပြုရင်တောင် ကျွန်တော့်ကို အဲဒီလို မထင်ပါနဲ့"

"ဟုတ်ပြီ ဟုတ်ပါပြီ၊ မထင်တော့ပါဘူး။ မင်း သွားတော့နော်"





ဝိုင်က နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ပြီး မမနားက လျှင်မြန်စွာထွက်လာခဲ့သည်။

ထင်ရက်လိုက်တာဗျာ။ မမ ထင်ရက်လိုက်တာ။

ဝိုင် မချိတင်ကဲ ရေရွတ်ရင်း ကားလေးကို ဦးတည်ရာမဲ့ မောင်း နေမိသည်။

မမနဲ့တွေ့သော အချိန်သည် လက်ချိုးရေတွက်မယ်ဆို ဒီတစ် ကြိမ်နဲ့မှ သုံးကြိမ်ပဲ ရှိသေးပေမယ့် ဘာလို့ ဝိုင်ရင်ထဲမှာ နေရာတွေ ယူနေတာလဲ။ ဝိုင် ဒီလောက်ဖြစ်နေလို့ မမ အထင်သေးနေတာလား။

မမရယ် ကျွန်တော်ဟာ မမနဲ့ တွဲနေတဲ့ လူတွေထက် မမကို တန်ဖိုးထားပါတယ်။ ဒါကိုတော့ မမ ရဲရဲကြီး ယုံပါဗျာ။

စိတ်ကြိုက်ပင် ကားကို လျှောက်မောင်းပြီးမှ အိမ်ပြန်လာခဲ့သည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ သား"

အိမ်ထဲဝင်တာနဲ့ ကြီးမေက တန်းမေးနေပြီ။

"ဟို သူငယ်ချင်းတစ်ယောက်နဲ့ သန်လျင်လိုက်သွားတာပါ ကြီးမေ"

"ကျောင်းမတက်ဘူးပေါ့"

"ဟုတ်"

"ဒါကြောင့် မောင်မောင် ဖုန်းဆက်မေးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မောင်မောင် ဘာပြောလဲ ကြီးမေ"

"ဝိုင် ဘာလို့ ကျောင်းမတက်တာလဲတဲ့"

"အဲဒါ ကြီးမေ ဘာပြောလိုက်လဲ"

"မသိဘူးလေ၊ သား ကျောင်းသွားတယ် ထင်လို့ ကျောင်းသွားတယ်လို့ပဲ ပြောလိုက်တာပေါ့"

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကြီးမေက ကျောင်းချိန်ဆိုတော့ ကျောင်းသွားတယ်ပဲ ထင်မှာပေါ့။ နောက်နေ့ ကျောင်းတက်ရင် မောင်မောင်တို့နှစ်ကောင် ဘာပြဿနာ ရှာဦးမလဲ မသိ။

ကသာရော ကသာရော မျှော်နေလား။

ဝိုင်က ထိုသို့ အတွေးရောက်ပေမယ့် သိပ်ပြီး လေးလေးနက်နက် မရှိတော့တာ ကိုယ်တိုင်လည်း မသိတော့ပါ။

ထိုအချိန်မှ စ၍ မမသည် ဝိုင့်ရင်မှာ အချိန်ပြည့်ပင် စိုးမိုးနေပါတော့သည်။

■ ■ ■



## အခန်း (၆)

မမက ခါးခါးသည်းသည်း လက်မခံပေမယ့် ဝိုင်ကတော့ အချိန်မှန်ပင် နောက်နေ့လည်း မမတို့ ရှေ့က လက်ဖက်ရည်ဆိုင် ရောက်သွားပြီး မမ ဆင်းအလာကို လက်ဖက်ရည်သောက်ရင်း စောင့်နေမိသည်။

"ဟော မမ ဆင်းလာပြီ"

ဒီနေ့လည်း အစိမ်းရင့်ရင့် ဝမ်းဆက်လေးနဲ့ သိပ်ကို လှနေသည်။

မနေ့ကလိုပဲ ကားစောင့်နေပုံ ရ၏။ သွားချင်သော ခြေထောက်တွေကို မနည်း ဆုံးမနေရ၏။

ဝိုင် တစ်ချက်မှ မျက်နှာမလွှဲဘဲ ကြည့်နေစဉ်မှာပင် **Pajero** ကား ခဲရောင်လေးရပ်သွားတာနဲ့ မမ ကားပေါ်တက်သွားသည်။ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



က လူနဲ့ မမ ရယ်ရယ်မောမော စကားပြောပြီး ထွက်သွားသည့်နောက်မှာ ဝိုင့်ရင်ထဲ ဟာကျန်ခဲ့သည်။

အခု မမ တက်သွားသော ကားပေါ်ကလူသည် ဟိုတစ်ခါ ရုပ်ရှင်ရုံမှာတွေ့သည့် ပုဂ္ဂိုလ်ကြီး မဟုတ်ပါ။ ပုဂ္ဂိုလ်ကြီးထက် ငယ်သော လူတစ်ယောက် ဖြစ်သည်။

မမရယ် ဒီလိုပဲ ပိုက်ဆံချမ်းသာတဲ့ လူတွေနောက်ကို လိုက်သွားနေကြလား။ မမပုံစံ ရုပ်ရည်လေးနဲ့ မမ ဘာတွေလုပ်နေတာလဲ။

မမ မရှိတော့သည့်အတွက် ဝိုင်လည်း ဆက်ထိုင်စရာ မလိုတော့တာကြောင့် ကျောင်းသွားဖို့ စိတ်ကူးလိုက်သည်။ ဒီနေ့ ကျောင်း မသွားရင် ဟိုကောင်တွေ ဖုန်းဆက်ရုံတင်မက အိမ်လိုက်လာရင် ပြဿနာ။

ဝိုင့်ဆန္ဒအတိုင်း စိတ်ကို လွှတ်ပေးရမယ်ဆိုရင်တော့ မမ ဘယ်ကို သွားလဲ၊ တကောက်ကောက် လျှောက်လိုက်နေချင်သည်။

အခုတော့လည်း စိတ်မပါစွာနှင့်ပင် ကျောင်းကို ရောက်လာခဲ့သည်။

ဝိုင် ကားပါကင်ထိုးပြီး ကားပေါ်က အဆင်းမှာပဲ ကဿာ့ ကားလေး ထိုးရပ်သွားကာ အလှဆုံး အပြုံးလေးနဲ့ ကဿာ ကားပေါ်က ဆင်းလာပါသည်။





ကဿာ့ကို ရပ်စောင့်နေစဉ်မှာပဲ ကဿာ့ ဒရိုင်ဘာနဲ့ ကားလေး ပြန်ထွက်သွားပြီး ကဿာ ရွှရွှလေး လျှောက်လာနေ၏။

မမကို မတွေ့ခင်ကဆိုရင် ဒီအပြုံးလေးနဲ့ ဒီပုံစံလေးကို ဝိုင်က ကြည်နူးရင်ခုန်တတ်၏။ အခုတော့ ထိုကြည်နူးမှု၊ ရင်ခုန်မှုတွေသည် ဘယ်တုန်းက ဘယ်ဆီ လွင့်ပျောက်သွားမှန်း မသိတော့ပါ။

"ဝိုင် အခုမှ ရောက်တာ ထင်တယ်"

"ဟုတ်တယ် ကဿာ"

နှစ်ယောက်သား ပြောစရာ စကားမရှိသလို တိတ်ဆိတ်သွားပြီး ယှဉ်လျှောက်လာခဲ့သည်။

ကဿာ ဏ္ဍမြောကြီးပုံသည် မနေ့က ဘာလို့ ကျောင်းမတက်တာ လဲတောင် မမေးပါ။ ဒီလောက် မိန်းမ ပီပီသသ ဏ္ဍမြေရရအပြင် တစ်ကိုယ်လုံး အပြစ်အနာအဆာ မရှိအောင် လှသော ဝိုင့်ကိုလည်း လိုလားသည့် ကောင်မလေးကို ဘယ်ယောက်ျားက ငြင်းရဲမှာလဲ။

ဝိုင်သာ သိမ်းမိုက်သည့် ကောင်မို့ မငြင်းမဖြစ် ငြင်းရတော့မှာပါ။

စိတ်ထဲကပဲ ကဿာ့ကို ခွင့်လွှတ်ဖို့ တောင်းပန်လိုက်သည်။

ထိုင်နေကျ နေရာလေးမှာ လူစုံတက်စုံ ရှိနေကြတာကို အဝေး ထဲက နှစ်ယောက်သား လှမ်းမြင်နေကြသည်။

"ဟ ဘယ်လိုက ဘယ်လိုတွေ့လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ချိန်းထားလားမှ မသိတာ"

အနားမရောက်တရောက်မှာပဲ မောင်မောင် လှမ်းအော်သလို ကသာ့ သူငယ်ချင်း ပပကလည်း သံယောင် လိုက်ပေးနေ၏။

"ကဲ ပြောစမ်း အတူတူ လာကြတာလား"

"ကား တစ်ယောက်တစ်စီးလာပြီး ကျောင်းရောက်မှ ဆုံတာ"

"တိုက်ဆိုင်တာတော့ မဖြစ်နိုင်ပါဘူး၊ ဆုံအောင် ချိန်းလာတာ ဖြစ်မှာပါ"

ခါတိုင်းလိုဆိုရင်တော့ ရှုံ့ပြီး

"ဟုတ်တယ်"လို့ ပြောမိမှာပဲ။

အခုတော့ ရှုံ့ပြီးလည်း မပြောချင်တော့ပါ။ ကသာ ကိုယ်တိုင် ကလည်း ဘာမှမပြောဘဲ ပြုံးပြုံးလေးလုပ်နေတော့ ဝိုင်လည်း မှိန်းနေ လိုက်သည်။

"တွေ့လား နှစ်ယောက်လုံး ဘာမှလည်း မပြောဘူး"

"ဘယ်ပြောမလဲ ကိုစိုးထူးရဲ့၊ ဟုတ်လို့ပေါ့"

"ဟောကောင် ဟုတ်လား"

"ထင်ချင်သလိုသာ ထင်တော့"

ဒီတော့မှ သူငယ်ချင်းတွေ ကျေနပ်သွားသလို ဝိုင်းစနေတော့ ကသာ ရှက်ပြုံးလေးပဲ ပြုံးနေသည်။





သူတို့က ဒီလိုပြောမှ ကျေနပ်မယ်ဆိုတာ ကသာလည်း သိလို့ ငြိမ်နေတာ ဖြစ်မှာပေါ့။

"ကသာ မနေ့က ကျောင်းမတက်တဲ့အကြောင်းရင်းကို စစ်ဆေး ပြီးပြီလား"

"ဟုတ်တယ် မေးပြီးပြီလား"

"မမေးဖြစ်သေးပါဘူး"

"နင်ကလည်း အဲဒါ အရေးကြီးတယ်၊ ဘာလို့ မမေးသေးရ တာလဲ"

"မေး မေး၊ အခုမေး"

ကသာ မျက်လုံးလေးနဲ့ လှမ်းကြည့်တာကို ဝိုင် မသိဟန်ဆောင် လိုက်ပြီး

"ကိစ္စရှိလို့ပေါ့ကွာ၊ တော်တော်စပ်စုတဲ့ဟာတွေ"

"စပ်စုရမလား ဝိုင်ရဲ့၊ မေးရမယ့် ဝတ္တရားရှိလို့ မေးတာပဲ"

"အေးလေ စိမ်းကားတဲ့ စကားတွေ မပြောပါနဲ့"

"နင်တို့ကလည်းဟာ ငါတို့ရှိတော့ မပြောချင်လို့ အဆင်မပြေ တဲ့ စကားချည်းပဲ ပြောနေတာ နေမှာပေါ့"

"ဩော် ဒီလိုလား"

"ရပါတယ် ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ဖြစ်စေချင်တာကို ပြောနော်"

ထင်ရာတွေနဲ့ တစ်ယောက်တစ်ပေါက် ဆူညံစွာ ဝိုင်းပြောပြီး အနားက အလျှိုလျှို ထွက်သွားကြသည်။ တားနေလည်း လက်ခံမှာ မဟုတ်သည့်အပြင် ပိုထူးမလာသောအခါ ငြိမ်ငြိမ်လေး ထိုင်နေသည့် ကသာ့ကို ငဲ့ပြီး ဝိုင်လည်း ဆက်ထိုင်နေလိုက်သည်။

ရှက်ပြီး ကျေနပ်နေသော ကသာ့မျက်နှာလေးကို တစ်ချက် ခိုးကြည့်လိုက်ပြီး သက်ပြင်းတိုးတိုးလေး ချလိုက်သည်။

"တော်တော်ဆိုးတဲ့ဟာတွေနော်"

သူက တစ်ယောက်တည်း ပြောသလိုလို ကသာ့ကိုပဲ ပြောသလို လိုနဲ့ သူငယ်ချင်းတွေကို လိုက်ကြည့်နေ၏။

ကသာ ရင်တွေခုန်နေတာ သူ သိသွားမှာကိုပဲ စိုးရိမ်နေသည်။

သူ မနေ့က ဘာလို့ ကျောင်းမတက်တာလဲ ဆိုတာကို သိလည်း သိချင်သလို သူ့ကို တွေ့ကတည်းကလည်း မေးကြည့်ချင်နေတာပါ။ မေးရမှာကို မဝံ့မရဲ ဖြစ်ပြီး သူ ပြောလာမလား စောင့်ဆိုင်းရင်း အခုဆို သူငယ်ချင်းတွေကပါ တွန်းပေးသွားသည်။

သူ မနေ့က ဘာလို့ ကျောင်းမတက်တာလဲ။ သူကတော့ ဘာ လို့ ကျောင်းမတက်တာလည်း မသိပေမယ့် ကသာကတော့ အရမ်းကို သတိရနေပါသည်။





"ကသာ လာလေ၊ သူတို့နောက် လိုက်သွားရအောင်"

သူ ခေါ်တော့ မငြင်းဘဲ ထလိုက်လာခဲ့ပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်နေသည်။

ကသာ ဖြစ်စေချင်တာသည် ဟုတ်ဟုတ် မဟုတ်ဟုတ် သူ မနေ့က ဘာလို့ ကျောင်းမတက်တာလည်း ဆိုတာကို ပြောပြစေချင်သည်။ ကသာ မျှော်နေတာကိုလည်း သူ မသိဘဲနေမှာ မဟုတ်ပါ။

နောက်ပြီး သူနဲ့ကသာ အခုလိုပဲ နှစ်ယောက်တည်း လွတ်လွတ် လပ်လပ် စကားပြောချင်သည်။ သူငယ်ချင်းတွေလည်း ရှောင်ပေးသွားတာ သိသားနဲ့ ဘာလို့ သူ မနေတာလဲ၊ ကသာနဲ့ စကားမပြောချင်လို့လား။

ထိုအတွေးတွေသည် ကသာ့ကို တစ်ချိန်လုံး နှောင့်ယှက်နေမှာ ဖြစ်တော့သည်။

"စာတွေ တော်တော်ကျက်ပြီးပြီလား ကသာ"

"ဟုတ်ကဲ့ ကျက်တုန်းပါ"

"အောင်ပါတယ်၊ ကသာက တော်ပြီးသားပဲ"

"အဲဒီလိုပဲ ပြောကြပါတယ်"

"ကျောင်းပြီးသွားရင် ဘာလုပ်မှာလဲဟင်"

"မသိသေးပါဘူး ဝိုင်ရယ်"

"ရည်မှန်းချက်တစ်ခုခု မရှိဘူးလား ကသာ၊ ဥပမာ ကသာတို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကိုယ်ပိုင်လုပ်ငန်းကို ဝါသနာပါလား၊ တခြားရော ဘာဝါသနာပါလဲ"

"အဲဒါကို ကသာ မပြောတတ်သေးတာ၊ ကြီးကြီးတို့ မကြီးတို့ စီစဉ်တာကို ကသာ လုပ်ရမှာပဲ၊ ကသာ့မှာ ဝါသနာရယ်လို့တော့ သီးခြား မရှိပါဘူး ပိုင်ကော"

"တို့ကတော့ ကိုကြီးက တို့စိတ်ကြိုက် ရွေးချယ်ခွင့်ပေးထားတယ်လေ၊ တို့ဝါသနာကတော့ ပြည်ပကို ထွက်ချင်တယ်၊ ဒါကိုတော့ ကိုကြီးရော ကြီးမေရော ခွင့်မပြုဘူး၊ ပြည်တွင်းမှာပဲ ကြိုက်တာလုပ်တဲ့၊ အဲဒါကလည်း လုပ်ချင်တဲ့အချိန်မှ လုပ်ခိုင်းတာပါ၊ မလုပ်ချင်ရင်လည်း မလုပ်ဘဲ နေလို့ရတယ်"

ပိုင်က သူ့ဟာသူ ပြောပြီး ရယ်နေပုံလေးကို ကသာ စိတ်လွတ် ကိုယ်လွတ် ငေးကြည့်နေမိသည်။

ဘယ်လိုပဲနေနေ ယောကျာ်းတန်မဲ့ လှနိုင်လွန်းသော ပိုင်ရယ်။ ကသာ ပိုင့်ရဲ့ ကျော့ကွင်းက ရုန်းမထွက်နိုင်တော့ပါဘူး။ ပိုင်က ချည်နှောင်ထားလို့ မဟုတ်ပေမယ့် ကသာ့ဘာသာ ချည်နှောင်ခံချင်နေတာပါ။

"ပိုင်တို့မှာ ဘီစကစ် စက်ရုံ ရှိတယ်မဟုတ်လား"

"အင်းလေ အဲဒါက ကိုကြီးတစ်ယောက်တည်း အလုပ်သမားတွေနဲ့ နိုင်တယ်"

"ပိုင်ကရော ဝါသနာ မပါဘူးလား"





"မပါဘူး"

နှစ်ယောက်သား အဓိပ္ပါယ်မဲ့ ရယ်လိုက်ကြသည်။

"ကသာနဲ့တို့က ဘဝပေးချင်း တော်တော်တူတယ်နော်၊ ကသာ့မှာလည်း ကြီးတော် အပျိုကြီးနဲ့ အစ်မပဲ ရှိသလို တို့မှာလည်း ဒီအတိုင်းပဲ"

"ဟင့်အင်း ကသာက ရှိသေးတယ်"

"ဟုတ်လား နောက်ထပ် ဆွေမျိုးသားချင်း ရှိသေးလို့လား"

"အင်း ဟို တူလေးကို ပြောတာလေ"

"ဟုတ်တယ် ဟုတ်တယ် အဲဒါတော့ ကသာက တို့ထက် ပိုသွားပြီ"

ပိုင်က ကသာ့ကိုကြည့်ပြီး ပြောတော့ ခေါင်းညိတ်ပြီး ရယ်နေ၏။

ကင်န်တင်းကို သေသေချာချာ ထွက်သွားသော သူငယ်ချင်းတွေသည် ထူးဆန်းစွာပဲ ကင်န်တင်းထဲမှာ ရှိမနေတော့။ ပိုင်နဲ့ကသာ အအေးသောက်ပြီး အတန်းထဲရောက်မှ သူငယ်ချင်းတွေ ဘယ်အချိန်တည်းက ပြန်ရောက်နေလဲ မသိပါ။

ပိုင်က အတန်းရှေ့ထိ လိုက်ပို့ပေးပြီး ပြန်လှည့်သွားတာနဲ့ ပိုင်နဲ့ကသာ ဘာတွေပြောကြလဲ ပိုင်းမေးကြသည်။

ဘာမှမထူးဆန်းသော အကြောင်းတွေကို ပြောကြတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ ယုံအောင် ကသာ ဘယ်လိုပြန်ပြောပြရပါ့မလဲ။ သူငယ်ချင်းတွေကလည်း ယုံမှာမဟုတ်ပါဘူး။

ဝိုင်ရေ ကသာ ဘာလုပ်ရမှာလဲကွာ။

■ ■ ■



## အခန်း (၇)

ဒီနေ့ပါဆို မမကို လာစောင့်ကြည့်နေတာ တစ်ပတ်ရှိပြီ။ ဝိုင်ရဲ့ လုပ်ရပ်သည် အဓိပ္ပါယ်မရှိဘူးဆိုတာ သိပေမယ့် ကိုယ့်ကိုကိုယ်လည်း ထိန်းချုပ်လို့ မရပါ။

မမကတော့ တစ်နေ့တစ်ယောက် မရိုးအောင် ထည်လဲတွဲနေပေမယ့် မျှော်လင့်ချက် မရှိသည့် ဝိုင်ကတော့ တစ်နေ့တစ်ခေါက် ပုံမှန်ရောက်နေပါ၏။

ဒီနေ့တော့ လက်ဖက်ရည်တစ်ခွက် ကုန်လို့ တော်တော်ကြာသည်အထိ မမ ထွက်မလာသေးပါ။

နေများ မကောင်းလို့လားဆိုသော ပူပန်မှုတွေသည် ဘယ်သူ့အပေါ်မှ မဖြစ်ဘူးပါ။ ယုတ်စွအဆုံး တစ်ဦးတည်းသောရှိသည့် ကိုကြီး


www.burmeseclassic.com

www.burmeseclassic.com



ဖျားရင်တောင် ဆရာဝန်ဖုန်းဆက်ခေါ်ပေးပြီး အနားမှာနေပေးသည်။

စိုးရိမ်မှုတွေ ပူပန်မှုတွေဆိုတာ တစ်ခါမှ မဖြစ်ဘူးပါ။

ကျောင်းချိန်လည်း ကျော်လွန်နေပြီ။ ဆက်ထိုင်နေရအောင်လည်း ကွက်ကြည့် ကွက်ကြည့်နဲ့ စားပွဲထိုးလေးတွေကို မျက်နှာပူလာပြီ။

ဘယ်အခန်းမှန်း မသိသည့် တိုက်ကြီးကို တစ်ချက်မော့ကြည့်ပြီး သက်ပြင်းချလိုက်သည်။ ထို့နောက်မှာတော့ ပိုက်ဆံရှင်းပြီး လေးတွဲ့စွာ ကားဆီ လျှောက်လာခဲ့သည်။

ကားစက်နှိုးနေစဉ်မှာပဲ မမ ဆင်းလာပြီး ကားနဲ့ဝိုင့်ကို လှမ်းကြည့်နေ၏။ ဝိုင့် ကားလေးကို မမ မှတ်မိပုံရအောင် ရှူးရှူးစိုက်စိုက် ကြည့်နေတော့ ဘာရယ်မဟုတ် ဝိုင် လက်ပြလိုက်သည့်တွင် မမက ပြန်ပြုံးပြနေ၏။

ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သော ကားလေးကို ထိုးရပ်လိုက်ပြီး နောက်ဘတ်မှတ်ထဲမှ မြင်နေရသော မမသည် ဝိုင့်ကားဆီကို တန်းတန်းမတ်မတ် လျှောက်လာနေသည်။

မမ ဝိုင့်ဆီလာတာပဲ ဖြစ်ပါစေလို့ ဆုတောင်းပြည့်ဝစွာ မမက သေသေချာချာကို ဝိုင့်ကားပြတင်းပေါက်မှာ လာရပ်ပြီး

"ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ"





"ကပ်မပြောနဲ့ကွာ၊ တို့ အတည်မေးနေတာ"

"ကျွန်တော် ပြောရင် မမ စိတ်မဆိုးရဘူးနော်"

"မပြောနဲ့တော့၊ သိပြီ တို့ကို လာချောင်းနေတာ မဟုတ်လား"

ဝိုင်က မရဲတရဲ ခေါင်းညိတ်ပြတော့ မမမျက်နှာ တည်သွားပြီး

"မင်းက အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေကို လုပ်နေတာပဲ"

"မမကို လာကြည့်လို့ ပြောတာလား"

"ဟုတ်တယ်လေ၊ တို့က မင်းသမီးလည်း မဟုတ်ဘူး၊ ဒီတော့ တို့ကို လာကြည့်ရခြင်းရဲ့ အဖြေက တစ်ခုပဲ ရှိတယ်"

မမက သေသေချာချာပင် စွပ်စွဲနေတော့ မထူးတော့စွာ ဝိုင်က ဝန်ခံလိုက်သည်။

"ဟုတ်တယ် ကျွန်တော် မမကို မတွေ့ရရင် မနေနိုင်လို့"

"မင်း တို့အကြောင်း ဘယ်လောက်သိလို့လဲ"

"မမ ကားပေါ်တက်ပါဗျာ၊ တစ်နေရာရာမှာ သွားပြောရအောင်"

"မတက်ပါဘူး။ မင်းနဲ့တို့ကြားမှာ ပြောစရာ အကြောင်းလည်း မရှိဘူး"

"မမက မရှိပေမယ့် ကျွန်တော့်မှာ ရှိတယ်၊ တက်ပါ မမရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မမ ခပ်တွေတွေလေး စဉ်းစားပြီးမှ ကားပေါ်တက်လိုက်တော့ ဝိုင် အရမ်းကို ပျော်သွားပါသည်။

"ဘယ်ကို သွားမလဲဟင် မမ"

"ဘယ်ကိုမှ မသွားချင်ဘူး"

"မမကလည်းဗျာ"

မမ ဘာမှမပြောဘဲ ခပ်တည်တည်နဲ့ ထိုင်နေတော့ ဝိုင် မျက်နှာ ချိုသွေးလိုက်သည်။

"မမ ဘာမှမစားရသေးဘူး မဟုတ်လား။ တစ်ခုခု သွားစားရအောင်နော်"

ဒီတစ်ခါလည်း မမ ဘာမှမပြောတော့ ဆက်မေးမနေတော့ဘဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ ကားလေးရပ်လိုက်သည်။

"မမ ဆင်းလေ"

မမ ကြုံကြုံရှုံ့ရှုံ့လေး ဝိုင့်နောက်က ပါလာပြီးနောက် စားပွဲလွတ် တစ်ခုတွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"မမ ဘာစားမလဲဟင်၊ မုန့်ဟင်းခါး ထမင်းကြော် အစုံရတယ်"

"လက်ဖက်ရည်ပဲ သောက်မယ်"

ဝိုင်က လက်ဖက်ရည်နှစ်ခွက်မှာပြီး မမကို ခိုးကြည့်လိုက်တော့





အကြည့်ချင်း ဆုံသွားသည်။

ဝိုင့်ရင်တွေ တဒိန်းဒိန်းကို ခုန်နေပါသည်။

ဝိုင်ကသာ နေလို့ထိုင်လို့ မရအောင် ရင်တွေခုန်နေတာ မမကတော့ ဘယ်လိုမှပင် ဖြစ်ပုံမရအောင် ငြိမ်ငြိမ်လေး ထိုင်နေသည်။

အေးပေါ့လေ မမက ဘယ်ခံစားရမှာလဲ။ ရည်းစားတွေ အများကြီး ရှိတာကိုး။ ကျွန်တော်ကသာ မမ တစ်ယောက်တည်းကို အရူးအမူး ဖြစ်နေတာ။

လက်ဖက်ရည် နှစ်ခွက်ရောက်လာတော့ မမဘက်ကို တစ်ခွက် တွန်းပို့ပြီး

"မမသောက် မုန့်လည်းစား"

မမ လက်ဖက်ရည် သောက်နေတာလေးကို ငေးကြည့်ပြီး ဝိုင်လည်း သောက်လိုက်သည်။ မမ မျက်နှာကိုကြည့်ပြီး သောက်ရသော လက်ဖက်ရည်ကမှ ပိုအရသာ ရှိတာ။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဗျာ"

"နားမကောင်းဘူး ထင်တယ်၊ နာမည် ဘယ်လိုခေါ်လဲ မေးတာ"

"အားလုံးကတော့ ဝိုင် လို့ ခေါ်တယ်၊ မမလည်း အဲဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေါ့"

"အသက်ကရော"

"တိတိကျကျ ပြောရမယ်ဆို ၁၉ နှစ်နဲ့ သုံးလကျော်ပြီ"

"ပညာအရည်အချင်းကရော"

ဝိုင်က စပ်ဖြဲဖြဲနဲ့ ကြည့်လိုက်သည်တွင် မမ သဘောပေါက်သလို ခပ်ဆတ်ဆတ် အသံလေးနဲ့

"ဘာလဲ တော်တော်စပ်စုတဲ့ မိန်းမလို့ ပြောချင်တာလား"

"မဟုတ်ပါဘူး မမရယ်၊ အဲဒီလို မထင်ပါဘူး။ ကျွန်တော်က မမ အခုလို အရေးတယူ မေးတဲ့အတွက်တောင် ကျေးဇူးတွေ တင်နေတာ ကျွန်တော်က သင်္ချာအဓိကနဲ့ ဒဂုံတက္ကသိုလ်မှာ နောက်ဆုံးနှစ်တက်နေ ပါတယ်"

"တို့ မင်းကို မောင်လေး တစ်ယောက်လို ခင်ပါတယ်၊ တို့ နာမည်က လှလွန်းပို၊ တို့က အလုပ်တွေ အရမ်းရှုပ်တဲ့အတွက် မင်း အတွက် အချိန်မပေးနိုင်တာကိုတော့ ခွင့်လွှတ်ပါ၊ အခုလည်း အဲဒါတွေ ကို ပြောချင်လို့ မင်းခေါ်တဲ့နောက်ကို လိုက်လာတာပဲ၊ နောက်နေ့ကစပြီး တို့ကို လာမချောင်းတော့ဘဲ ကိုယ့်အလုပ် ကိုယ်လုပ်ပါ"

"အဲဒါဟာ ကျွန်တော့် အလုပ်ပဲ"

"ဘယ်လို"





"ကျွန်တော့် ရင်ထဲက ဆန္ဒတွေကို မမ မတားပါနဲ့"

"မင်းအတွက်ပြောတာပါ"

"ကျွန်တော့်အတွက်"

ဝိုင်က နားမလည်သလို မေးလိုက်တော့ မမ တစ်ချက်ကြည့်ပြီး

"ဒီမှာ ဝိုင်"

ဝိုင်က မမ မျက်လုံးထဲကို တည့်တည့်စိုက်ကြည့်လိုက်သည်။

"မင်း မမကို စိတ်ဝင်စားနေတာ မမ သိတယ်၊ ဝိုင်ဟာ အရမ်းငယ်သေးတဲ့အတွက် စိတ်သာယာမှုကို ရှာတာ မမ နားလည်ပါ တယ်၊ ဒါပေမဲ့ မဖြစ်နိုင်တဲ့ကိစ္စကို ရုပ်တန်းက ရပ်လိုက်စေချင်တယ်"

"အခုခေတ်မှာ အသက် ၂၀ ဆိုတာ မငယ်တော့ပါဘူး၊ မမ ကျွန်တော့်အတွက် အချိန်မပေးနိုင်ရင်နေပါ၊ ကျွန်တော်ကတော့ လာမှာပဲ ဘာလို့လည်းဆိုတော့ မမကို သိပ်တွေ့ချင်နေတဲ့ သူကိုး၊ ဒီတော့ မမ မတားပါနဲ့"

မမ သက်ပြင်းတစ်ချက်ကို လေးတွဲစွာ ချလိုက်၏။

"မမ"

မမက မျက်လုံးလေးနဲ့ပဲ လှန်ကြည့်နေတော့ ကျွန်တော် မမ မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော် မမကို ချစ်တယ်၊ ဘယ်သူ့ကိုမှ တစ်ခါမှ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့ အချစ်မျိုးနဲ့ ကိုယ့်ကိုကိုယ်တောင် မထင်အောင် ချစ်တာပါ။ ကျွန်တော် စိတ်ကစားနေတာ မဟုတ်ဘူး။ ကျွန်တော်က မမထက် ငယ်ပေမယ့် မမ ထင်တဲ့ ယောကျ်ားတွေလို မဟုတ်ဘူး။ မမကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားမယ့် ကောင်ပါ''

''ဗိုင် မမဟာ မင်းထင်သလို အပျိုစင်တစ်ယောက် မဟုတ်ဘူး''

''အခု လောလောဆယ် မမမှာ တရားဝင်ယောကျ်ား ရှိလား''

''မင်း ဘာတွေမေးနေတာလဲ''

''ကျွန်တော် မေးတာကိုပဲ ဖြေပါ''

''မဖြေနိုင်ဘူးကွာ''

မမ မျက်နှာပျက်ပျက်နဲ့ပြောတော့ ကျွန်တော် မပြုံးချင်ဘဲ ပြုံးလိုက်သည်။

''ရပါတယ် မမ မဖြေနိုင်ရင်လည်း ရပါတယ်၊ ကျွန်တော့် ဆန္ဒနဲ့ပတ်သက်လို့ မမ သိထားအောင် ပြောလိုက်မယ်၊ မမမှာ ကာမပိုင် မရှိမချင်း ကျွန်တော် ဘယ်တော့မှ နောက်မဆုတ်ဘူး၊ မမ ဘာပဲဖြစ်ဖြစ် အတိတ်ကအကြောင်းတွေကို ကျွန်တော် စိတ်မဝင်စားဘူး၊ မမသာ လိုက်လျောမယ်ဆို မမ ရှေ့ မားမားမတ်မတ် ကာကွယ်ပေးချင်တယ်''

''ရယ်စရာကောင်းလိုက်တာ မင်းလို ကလေးသာသာ ကောင်





လေးတစ်ယောက်က ဘာတွေများ ကာကွယ်ပေးနိုင်မှာလဲ''

ကျွန်တော့်ကို အထင်သေးသော မမစကားတွေကို စိတ်မနာပေမယ့် စိတ်မကောင်းတော့ ဖြစ်သွားသည်။

''မမ မယုံရင် ကျွန်တော့်ကို အခု လက်ထပ်ရဲလား''

''အဲဒါကြောင့် မင်းကို စိတ်ကူးယဉ်တယ်လို့ ပြောတာပေါ့''

မမ ပြုံးစိစိ မျက်နှာနဲ့ ကျွန်တော့်ကို ကြည့်နေတော့ ကျွန်တော်လည်း အားမနာတမ်း ပြန်ကြည့်ပေးလိုက်သည်။

ဘယ်လိုနေနေ လှသော မမကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါ။ ဖြစ်နိုင်ရင် မမလက်ကိုဆွဲပြီး အားလုံးနဲ့ ဝေးရာကို ထွက်ပြေးသွားချင်နေသည်။

ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ ဒီလောက်ထိ ဖြစ်သွားသော ကိုယ့်ကိုကိုယ်လည်း အံ့ဩပြီး ဆန်းစစ်နေမိတာ အကြိမ်ကြိမ်ပါပဲ။

''သွားမယ်လေ''

''ဘယ်ကို သွားရမှာလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ''

''ရတယ် မပို့နဲ့''

မမ ပြောရင်းနှင့်ပင် ဖွတ်ထ သွားတော့ ပိုက်ဆံခပ်မြန်မြန် ရှင်းပြီး ထွက်လာသည်တွင် မမက Taxi ပေါ်ကနေ လက်ပြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ဘယ်သွားတာလဲ လိုက်ကြည့်ချင်သည့် စိတ်ကို အနိုင်နိုင် ထိန်းချုပ်လိုက်တာကတော့ တစ်ခုခုကို ကျွန်တော် မေ့်စားချင်လို့ပဲဖြစ်ပါ၏။

မမ ဘာလုပ်တာလဲ၊ မိတ်ဆွေရော မရှိကြဘူးလား။ အချစ်ဆိုတာကိုရော မမ နားလည်ရဲ့လား။ ကျွန်တော် ရူးနေပြီ မမရေ။

နောက်နေ့ကစပြီး မမကို အရိပ်အရောင်တောင် မတွေ့ရတော့ နေမထိ ထိုင်မသာဖြစ်ကာ တိုက်ကြီးပေါ် တက်သွားဖို့လည်း ခဏ ခဏ ပြင်နေမိသည်။

မမနေသည့် အခန်းကိုလည်း မသိ။ တိုက်ကြီးရဲ့ အထပ်တိုင်းကိုတော့ တစ်ထပ်ချင်း လိုက်မေးရင် သိနိုင်သော်လည်း ထိုကိစ္စသည် တကယ်ကို မလွယ်ကူတဲ့ကိစ္စ ဖြစ်ပါသည်။

နောက်ပြီး မမ အခန်းမှာ ဘယ်သူတွေရှိမှန်း မသိပါ။ သူမ ပြောသော လုလွန်းပိုဆိုတဲ့ နာမည်ကရော အမှန်တကယ်မှ ဟုတ်ရဲ့လား။

ဒီလိုနဲ့ လက်ဖက်ရည်ဆိုင်ထိုင် ဟိုရောင်ရောင် ဒီရောင်ရောင်နဲ့ လမ်းလျှောက်လိုက် ကားပတ်စီးလိုက်၊ နောက်တစ်ခါက် လက်ဖက်ရည် ဆိုင် ပြန်ထိုင်လိုက်နဲ့ ညနေသာ စောင်းသွားတယ် မမကို လုံးဝ မတွေ့ခဲ့ပါ။

မမ တမင်ညစ်ပြီဆိုတာ သိပေမယ့်လည်း စိတ်မနာနိုင်ပါ။ တွေ့ချင်သော သူကို မတွေ့ရသည့်အခါ အဖြစ်ချင်း တူတဲ့လူ





တိုင်း ကိုယ်ချင်းစာတတ်ကြမှာပါ။

မှောင်လုမှောင်ခင် အချိန်မှာတော့ စက်ရုံက ပြန်ရောက်နေပြီ ဖြစ်သော ကိုကြီးနဲ့ ကြီးမေရဲ့ စိုးရိမ်ပူပန်မှု ပြည့်နေသည့် မျက်နှာတွေကို မြင်ယောင်ပြီး တက်ခေါက်ကာ ပြန်လာခဲ့ပါသည်။

စိတ်ထဲမှာလည်း မမ ရက်စက်တယ်လို့ အကြိမ်ကြိမ် အော်ဟစ် နေမိသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ ဝိုင်၊ ဟိုမှာ ကြီးမေနဲ့ ကိုပိုင် အရမ်းကို စိတ်ပူနေပြီ"

ခြံစောင့် ဦးလေးသန်းက ဝိုင့်ကားလေး ခြံထဲဝင်တာနဲ့ ဆီးပြော လိုက်သည်။

"သူငယ်ချင်းတစ်ယောက်နဲ့ ခရီးလွန်သွားလို့ ဦးလေးသန်း"

"အေး အေး သေသေချာချာ အစ်ကိုကြီးနဲ့ ကြီးမေကို ပြောပြ လိုက်ဦး"

"ဟုတ်ကဲ့"

ဝိုင့်ကားလေး ဝင်လာတာ ရပ်သွားတာကို ကြီးမေနဲ့ကိုကြီး အိမ်ပေါက်ဝက ရပ်ကြည့်နေပြီး အပြုံးလေးနဲ့ ဝိုင့်မျက်နှာလေးကို တွေ့မှ ကိုယ်စီ စိတ်အေးသွားကြပုံရသည်။

"Sorry ကြီးမေနဲ့ ကိုကြီး။ အရမ်းစိတ်ပူစေနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မေးလိုက်တာလဲ သားရယ်"

ကြီးမေက ပြောရင်း ဝိုင့်လက်မောင်းကို လာဆုပ်ကိုင်ပြီး သက်ပြင်းချနေသော်လည်း ကိုကြီးကတော့ စကားတောင် မပြောနိုင်သေးဘဲ ပူပန်မှုတွေ မစင်သေးသော ကရုဏာ မျက်ဝန်းတွေနဲ့ ဝိုင်းကို ကြည့်နေပါသည်။

"ကိုကြီး"

ဝိုင်က ခပ်ချွဲချွဲလေသံလေးနဲ့ ကိုကြီး ရင်ခွင်ထဲ ခေါင်းတိုးဝင်မတတ် ခေါ်မှ ကိုကြီးက စိုးရိမ်ပူပန်သည့် အသံကြီးနဲ့

"ဘယ်တွေ သွားနေတာလဲ ငယ်လေးရယ်၊ ဒီမှာ စိတ်ပူရလွန်းလို့ ရင်တွေကွဲထွက်တော့မယ်"

ဝိုင်က ကိုကြီး ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် ဖက်လိုက်ပြီးနောက် ပြောင်စပ်စပ် မျက်နှာလေးနဲ့

"ကိုကြီးကို ပူပန်စိတ်တွေပေးတဲ့ ညီ့ကို ခွင့်လွှတ်ပါနော်၊ ညီလည်း ကြီးမေနဲ့ ကိုကြီး စိတ်ပူနေမှာသိလို့ ကားကို တရကြမ်းမောင်းလာတာ"

"အမလေး ဘုရား ဘုရား သားလေးရယ်၊ ကားကို ဘာလို့ အတင်းမောင်းရတာလဲ၊ အဲဒါတွေကို စိတ်ပူရတာပေါ့"

"ဘယ်သွားတာလဲ၊ မောင်မောင့်ဆီ ဖုန်းဆက်တော့ ကျောင်းက ပြန်ကတည်းက သူတို့နဲ့ လမ်းခွဲသွားတာတဲ့၊ တစ်ခါမှလည်း အခုချိန်ထိ မနေဖူးဘူး၊ စိုးထူးဆီ ထပ်ဖုန်းဆက်တော့"

"စိုးထူးက ဘာပြောလဲဟင် ကိုကြီး"

ဝိုင်က ကိုကြီးအပြောကိုတောင် မစောင့်ဘဲ ဖြတ်မေးလိုက်ပြီးမှ မလုံမလဲ ဖြစ်သွားတာကို ပြန်ဖုံးရင်း

"ညီကလေ စိုးထူးတို့နဲ့ သိပ်မကြည်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ မှော်ဘီဘက် လိုက်သွားတာပါ"

"မှော်ဘီဘက် ဘာသွားလုပ်တာလဲ ညီရယ်"

"သူတို့က စိုက်ပျိုးရေးခြံတွေ ရှိတယ်လေ၊ ညီ ဟိုတစ်ခါက ကြီးမေနဲ့ကိုကြီးကို ပြောဖူးတယ်လေ၊ ဟို သူတို့မိဘတွေက ကျွဲကောခြံ၊ မာလကာခြံတွေ အများကြီးပိုင်တာ၊ ညီက နိုင်ငံခြားမသွားရရင် အဲဒါကို စိတ်ဝင်စားတယ် ကိုကြီးရဲ့၊ အဲဒါ သူ ခဏ ပြန်မယ်ဆိုလို့ လိုက်ချင်စိတ်ပေါ်တာနဲ့ လိုက်သွားတာ"

"ဒါဆိုလည်း အကျိုးအကြောင်းကို ကြီးမေ ဖြစ်ဖြစ် ကိုကြီး ဖြစ်ဖြစ် ဖုန်းဆက်မှပေါ့"

"ညီ စိတ်တွေများပြီး သတိလစ်သွားတယ် ကိုကြီး"

"နောက်ကို အဲဒီလို မလုပ်ပါနဲ့ ညီရယ်၊ စိတ်ပူရလွန်းလို့ ကိုကြီး သေမယ်"







www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကလည်း ကြိုကြိုဖန်ဖန်"

"ဟုတ်တယ်"

အခုမှပဲ ကိုကြီးမျက်နှာ အပြုံးပန်းပွင့်သွားသလို ကြီးမေကောလည်း ဟင်းချနေသည်။

"ကဲ သားလေး ခဏနားပြီး ရေချိုး၊ ထမင်းစားကြမယ်၊ သားလေး ကိုကြီး ဆာနေပြီ"

"ဟင် ကိုကြီး၊ ထမင်းမစားရသေးဘူး ဟုတ်လား"

"ဘယ်တုန်းက သား ကိုကြီးက သားမပါဘဲ စားဖူးလို့လဲ"

ကိုကြီးက ပြုံးပြုံးလေး ခေါင်းပဲညိတ်ပြပေမယ့် ကြီးမေကမျက်စောင်းကြီး ထိုးပြီး ရန်တွေ့နေသည်။

ဝိုင် တကယ်ကို စိတ်မကောင်း ဖြစ်သွားပါသည်။ ကျန်းမာရေးကို အလေးထားသော ကိုကြီးက အစားအသောက်ကို သူ့အချိန်နဲ့သူ ပုံမှန်စားသည်။ ညီအစ်ကိုအရင်းပေမယ့် ဝိုင်နဲ့ကိုကြီးသည် တခြားစီမှ တခြားစီပါ။ သွားတာ လာတာ နေတာထိုင်တာလည်း ကိုကြီးက ဝိုင့်လို ဖြုလရမ်း မဟုတ်ပါ။

"ဘာလို့ စောင့်နေရတာလဲ ကိုကြီးရယ်၊ (၇)နာရီပဲ့ ထိုးတော့မယ်"

"တစ်ခါတလေပဲ ငယ်လေးရယ် ရပါတယ်"





"မရပါဘူး လာ ကိုကြီး အခုပဲ ထမင်းစားရအောင်"

"သွားပါ ငယ်လေး ရေချိုးလိုက်ပါဦး"

"ဒါဆို မြန်မြန်ချိုးလိုက်မယ်နော်"

"မြန်မြန် မချိုးပါနဲ့၊ ခဏနားပြီးမှ ချိုးပါ၊ ရတယ် ကိုကြီးမဆာသေးပါဘူး"

ကိုကြီး ကျေနပ်အောင် ဟုတ်ကဲ့ လိုက်ရပေမယ့် ဝိုင်က အကျႌကြယ်သီးကို အခန်းထဲမရောက်ခင်တည်းက ချွတ်ပြီးသွားပြီ။

ချွတ်ပြီးသွားသော အကျႌကို အိပ်ရာပေါ် လုံးထွေးပစ်တင်လိုက်ကာ ရေကို တဝုန်းဝုန်းချိုးပြီး တွေ့ရာ အကျႌတစ်ထည် ကောက်ဝတ်လိုက်သည်။

ဆယ်မိနစ်တောင် မကြာခင် ထမင်းစားခန်းထဲကို ဝင်လာသည့် ဝိုင့်ကို ကိုကြီး မျက်လုံးကြီး ပြူးကြည့်နေတော့ ဝိုင် မျက်နှာချိုသွေးပြီး ကိုကြီးဘေးမှာ ဝင်ထိုင်လိုက်သည်။

ကိုကြီး ဗိုက်ဆာနေပြီဖြစ်သည့်အတွက် မြန်မြန်ဆန်ဆန် လုပ်ပေးတယ်လို့ ကိုကြီးက ယူဆသွားပုံ ရ၏။

ကျေနပ်သွားသော ကိုကြီးက ဝိုင့်ကို အားရပါးရ ပြန်ရယ်ပြနေ၏။

"ကိုကြီး စောစောက စကားပြတ်သွားလို့ စိုးထူးကို ထပ်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်တော့ ဒီကောင် ဘာပြောလဲ''

''ငယ်လေး အခုချိန်ထိ အိမ်ပြန်မရောက်သေးဘူးဆိုတော့ အံ့သြသွားတာပေါ့''

''သူတို့ မသိဘူး ကိုကြီးရဲ့''

''အေးပါ နောက်ဆို ဘယ်ကိုပဲ သွားသွား ပြောသွား။ ခရီးလွန်နေရင်လည်း စိတ်မပူရအောင် ဖုန်းဆက်''

''ဟုတ်ကဲ့ပါ ကိုကြီး''

တော်သေးတာပေါ့။ မောင်မောင့်ကို ဆက်တော့လည်း မောင်မောင်က ဝိုင့်ကို ကျောင်းတက်တဲ့ပုံစံမျိုး ပြောလိုက်လို့။ ကျောင်းပါ မတက်ဘူးဆို ကိုကြီး ပိုစိတ်ပူမှာ။

အိမ်မှာတော့ ကိုကြီးနဲ့ကြီးမေကို မုသာမာယာတွေ များပြီးပြီ။ ယုံလည်း ယုံကြည်ကြသည်။

ဟိုနှစ်ကောင်ကိုတော့ ဘယ်လို မုသာများပြရမလဲ။ ဒီနှစ်ကောင်ကတော့ ကိုကြီးတို့လို ပါးစပ်ထဲတွေ့ရာ လျှောက်ပြောလို့ ယုံမယ့်ကောင်တွေ မဟုတ်ပါ။

■ ■ ■



အခန်း (၈)

အိမ်ကနေ စောစောပိုထွက်ကာ မမကို တွေ့လိုတွေ့ငြား သွားတော့ သွားတွေ့လိုက်သေးသည်။ မမ ရှောင်နေတာ သိပေမယ့် ထိုနေရာက မပြန်ချင်သေးပါ။ မမကို တွေ့တွေ့မတွေ့တွေ့ ထိုင်စောင့်နေချင်သေးသည်။

နောက်ဆုံး မမကို မတွေ့ရင်တောင်မှ မမ နေသည့် တိုက်ကြီးကို လှမ်းကြည့်နေရရင် စိတ်ကို ဖြေသာပါသေးသည်။

အခုတော့ မဖြေသာပေမယ့်လည်း မာရ်နတ် နှစ်ကောင်ရဲ့ ရန်က ရှိသေးသည်။

ဝိုင့်ကို မသက်သာဖြစ်ပြီး လိုက်စုံစမ်းရင် ဘာမှမဖြစ်သေးဘဲ ဘယ်သူ့ကိုမှ ပေးမသိစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မမရယ် ပြေးနိုင်သလောက်တော့ ပြေးထားပါ။ ကျွန်တော်ဟာ မမထင်တဲ့ ယောက်ျား မဟုတ်ဘူးဆိုတာ မမ သိလာမှာပါ။

ထင်သည့်အတိုင်းပင် မောင်မောင်နဲ့ဗိုးထူးက ဗိုင်နဲ့ သိပ်မကြာမှာ ရောက်လာပြီးသည့်နောက် ပလိပ်စစ် စစ်နေကြပါသည်။

"ဟေ့ကောင် ဗိုင် ပြောလေကွာ"

"ဟ ဘယ်နှခါ ပြောရမှာလဲ"

"မင်းပြောတာတွေက ယုတ္တိမှ မရှိတာ"

"အေးလေ ကျောင်းတက်ချိန်မှာ ကျောင်းတက်ရမှာပေါ့၊ ကျောင်းတက်ချင်စိတ် မရှိလို့ တစ်နေရာရာ သွားချင်ရင်လည်း ငါတို့ကို ပြောရမှာပေါ့၊ အခုတော့ တစ်ယောက်တည်း ဘုရားသွားနေတယ်တဲ့၊ မယုံဘူး ဟေ့ကောင်"

"ဟုတ်တယ် ဗိုင်၊ ဒီအထာမျိုးတွေနဲ့တော့ ငါတို့ကို လာမရှုံးနဲ့၊ မင်းဖြီးလို့ရတဲ့အထဲမှာ ငါတို့မပါဘူး"

"မယုံရင်လည်း မတတ်နိုင်ဘူးကွာ"

"မင်းကွာ အဲဒါကြီးကတော့ မမိုက်ပါဘူး"

"နေစမ်းပါဦး ငါက မင်းတို့ကို လိမ်တော့ရော ဘာအကျိုးရှိမှာလဲ"

"ဒါတော့ မသိဘူးလေ"





"အေး ဒါကြောင့် ပြောတာပေါ့၊ မယုံတဲ့သူကို ဆက်ပြောတော့ရော ဘာထူးမှာလဲ"

ဗိုင်က တကယ်ကို ဆက်မပြောဘဲ ခပ်တည်တည်နဲ့ နေတော့လည်း နဲသားနှစ်ကောင်က ပွစိပွစိနဲ့ မနေနိုင်ပါ။

"ကဲ ဒါဆို ဘုရားကို ဘာသွားလုပ်တာလဲ ပြော"

"ဟာ မင်းတို့နဲ့တော့ ခက်နေပါပြီ၊ ငါက ဗုဒ္ဓဘာသာလေး ဘုရားကို အပျော်သွားပါမလား"

"ဒါဆို အသလွတ်ကြီး ဘုရားသွားဖူးတာပေါ့"

"ဟုတ်တယ်"

"တစ်နေကုန်ပဲ ဘုရားရှိခိုးနေတာလား"

"ဘုရားရှိခိုးတယ်၊ တရားထိုင်တယ်၊ ပုတီးစိပ်တယ်၊ ဘုရားရဲ့ ဂုဏ်တော်တွေ ရွတ်တယ်၊ နောက် ဘာသိချင်သေးလဲ ပြော"

နှစ်ကောင်သား မေးစရာမရှိလို့သာ ငြိမ်သွားခြင်း ဖြစ်ပေမယ့် ကျေနပ်ပုံတော့ မရပါ။

"သွားရတဲ့ အကြောင်းရင်းကိုတော့ ပြောလို့ ဖြစ်မလား"

"ဖြစ်တယ် ယတြာချေတာ"

"ဟမ်"

"ယတြာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အပြုံးအပြုံ တအံ့တသြနဲ့ ကြည့်လာသည်တွင် ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

"ဟုတ်တယ် ငါ့ကို ဗေဒင်က အဲဒီအတိုင်း ယတြာလုပ်ခိုင်းထားလို့ ဘာအတွက်လဲလို့ မေးဦးမယ် မဟုတ်လား"

"ပြောရင်တော့ သိချင်တာပေါ့"

"မပြောလည်း အတင်းမေးမှာ မဟုတ်လား"

"အဲလိုသိရင်လည်း အလိုက်တသိ ပြောပေါ့ကွာ"

ဝိုင်က အသံမထွက်ဘဲ ဆဲလိုက်တော့ နှစ်ကောင်သား မျက်နှာပိုးမသေ ဖြစ်နေကြသည်။

"အချစ်ရေးမှာ ကံကောင်းဖို့တဲ့"

"အင်း အံ့သြစရာ ကောင်းလောက်အောင်တိုက်ဆိုင်မှုပဲကွာ"

"ဟုတ်ပ့ါကွာ အဲဒါကြောင့် ငါပြောတာပေါ့"

စိုးထူးက လက်ဝါးနဲ့ရိုက်ပြီး တအံ့တသြ အပြောကို မောင်မောင်ကလည်း ထောက်ခံနေတော့ ဝိုင် နားမလည်သလို ကြည့်လိုက်သည်။

"ဒါဖြင့် မင်းရွှေတိဂုံဘုရားမှာ တစ်နေကုန် ယတြာချေတာ ငွေကသာနဲ့ရော တွေ့ကြသေးလား"

"ဟင့်အင်း ဘာဖြစ်လို့လဲ"





"ငွေကသာကိုလည်း မင်းအတိုင်း ဗေဒင်ဆရာက ဟောလိုက်လို့ မနေ့က ကျောင်းမတက်ဘဲ ယတြာလုပ်တယ်လို့ သန္တာတို့ ပြောတော့ ငါတို့ သိပ်မယုံဘူး၊ မင်းတို့နှစ်ယောက် ချိန်းသွားကြတာလို့ ငါတို့က တစ်ထစ်ချ တွက်ထားတာ"

"ဟော့ကောင် တကယ်ပဲ ချိန်းသွားတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ငွေကသာ့ သူငယ်ချင်းတွေကလည်း ငွေကသာ ပြောထားတုန်းက ယုံကြတယ်၊ မနေ့က မင်းပါ ပေါ်မလာတော့ ဒီနေ့ ကသာ့ကို ဝိုင်းစစ်ဆေးကြလိမ့်မယ်"

"ဟော ဟိုမှာ ပြောရင်းဆိုရင်း လာကြပါပြီ"

စိုးထူး သတိပေးလိုက်တော့ ဝိုင် တစ်ချက်တော့ လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲဟေ့ မေးပြီးပြီလား"

"'မေးပြီးပြီ' တစ်ယောက်တည်း သွားတယ်ပဲ အတင်းငြင်းတယ်"

"ပပတို့ကတော့ ဒီမိန်းမကို လက်လျှော့လိုက်ပြီ ကိုမောင်မောင်တို့သာ ဝိုင်သွေးသစ်ကို ရအောင်မေးပေတော့"

"သူကလည်း ကသာ့အတိုင်း ဗေဒင်ကိန်းခန်းအရ ယတြာ



www.burmeseclassic.com

www.burmeseclassic.com



ချေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ တစ်ယောက်တည်းတဲ့"

"ဟုတ်တယ်နော် ဝိုင်၊ ကသာ ပြောတာကို သူတို့က မယုံကြဘူး၊ ဝိုင်ပဲ ပြောပြလိုက်ပါဦး"

"တို့လည်း ပြောတာပဲ၊ မယုံတာတော့ မတတ်နိုင်ဘူး"

ကသာက ငိုသံပါလေးနဲ့ တိုင်သလို ပြောတော့ ဝိုင် အားပေးလိုက်ရသေးသည်။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားသော ဝိုင်နဲ့ကသာရဲ့ အဖြစ်တွေကို ဘယ်သူက ယုံကြည်ပါ့မလဲ။

မောင်မောင်နဲ့စိုးထူးသည် ဝိုင် မနေ့က တစ်နေ့ကုန် ပျောက်ချင်းမလှ ပျောက်နေသော အကြောင်းကို ယုတ္တိရှိရှိ အကြောင်းပြချက် တစ်ခုခု မရမချင်း မေးနေမှာကို သိသည့်အတွက် ဝိုင်က ကြိုတင်စီစဉ်ထားသည့်အတိုင်း ပြောလိုက်ကာမျှ ကသာ ကလည်း ထိုနည်းအတူပင် ဆိုတော့ ပိုပြီးရှင်းမရ ဖြစ်သွားသည်။

ကသာကတော့ တကယ် ဟုတ်မှာပါ။ ကသာ့လို မိန်းကလေးမျိုးက ဘယ်လိုအကြောင်းနဲ့မှ ညာတတ်မှာ မဟုတ်ပါဘူး။

အခုပဲကြည့်လေ သူမ တစ်ယောက်တည်းပါဆိုတာကို သူငယ်ချင်းတွေ မယုံတော့ ဝိုင့်ကို စစ်ကူတောင်းနေ၏။

ဝိုင့်ကိုစွ ဖုံးနိုင်ဖို့ ညာလိုက်မိတာကပဲ တိုက်တိုက်ဆိုင်ဆိုင်





ကသာ့ကို ဗေဒင်တွက်ပြီး ယတြာ ချေခိုင်းတာနဲ့ တူနေသည်။

ဝိုင်ကတော့ မောင်မောင်တို့နှစ်ယောက် မမ အကြောင်း မရိပ်မိတာထက်စာရင် တော်သေးတယ်လို့ ဖြေရင်း စိတ်ထဲပေါ့ပါးသွားသည်။

"ကဲပါဟာ ဘယ်လိုပဲဖြစ်ဖြစ် ဝိုင်နဲ့ကသာ့ကို ဗေဒင်တွက်ထားတဲ့ ယတြာချင်းက တူနေပြီ၊ သူတို့ အတူတူသွားတာ မသွားတာတော့ သူတို့စကားပဲလေ၊ ဒီတော့ ထားလိုက်တော့"

"အေး ဟုတ်တယ်"

"စန္ဒီနော် ဘာဟုတ်တယ်လဲ၊ မဟုတ်ပါဘူးဆိုကာမှ"

"နင့်ကို ပြောတာမှ မဟုတ်တာ၊ ကသာကလည်း"

"နင်တို့ ပြောပုံက မယုံသလိုကြီးဆိုတော့"

ကသာ အသံတုန်တုန်လေးနဲ့ ရပ်ထားလိုက်တော့ ဝိုင်က ကသာ့ကို ကြည့်ပြီး

"ကသာ မရှင်းနဲ့တော့ မယုံရင် နေပစေ၊ တို့နဲ့ကသာကိစ္စ တို့နှစ်ယောက်ပဲ အသိဆုံးလေ၊ ဒီတော့ ထားလိုက်တော့ ဘာမှ ခေါင်းထဲ ထည့်မနေနဲ့"

"အေး"

ဝိုင်စကားဆုံးတော့ ကသာ ခေါင်းညိတ်ပြစဉ် စိုးထူး အသံကြီး ထွက်လာတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးထူး ဘာဖြစ်တာလဲ"

"လေတက်တာပါ ပပရဲ့"

"အပဲ"

အားလုံးက ဝိုင်နဲ့ကသာ့ကို အသံတိတ် စနေကြပါသည်။

ဝိုင်ကတော့ အားလုံး ပြောချင်တာ ပြောကြဆိုတဲ့ သဘောနဲ့ ကသာ့ကို အားပေးပြုံးလေး ပြုံးပြလိုက်သည်။ ကသာ ပြန်ပြုံးပြသော အပြုံးလေးသည် သိပ်ကို လှပနေသော်လည်း ဝိုင့်စိတ်ထဲမှာတော့ ကသာ့ အပြုံးလှလှလေးကို ရင်မခုန်နိုင်တော့ပါ။

■ ■ ■



## အခန်း (၉)

ဒီနေ့သည် စနေနေ့ဖြစ်သည့်အပြင် ကြီးမေနဲ့ကိုကြီးကိုလည်း ညကတည်းက မော်ဘီက သူငယ်ချင်းဆီ လိုက်သွားမယ့်အကြောင်း ကြိုတင်ပြောထားပြီးပြီ။

ဝိုင်တို့ အတန်းထဲမှာ တကယ်လည်း ကျွဲကောနဲ့ မာလကာခြံ ပိုင်ရှင် နောင်နောင်ဆိုသော သူငယ်ချင်းရှိသည်။ ဝိုင်တို့ သူငယ်ချင်းတွေ အရင်ကလည်း နောင်နောင်တို့ ခြံရှိရာ မော်ဘီသို့ လိုက်သွားတတ်ကြ သည်။

အခုအချိန်မှာတော့ ဝိုင် ဘာကိုမှ စိတ်မဝင်စားနိုင်အောင် မမ လှလွန်းပိုသည် အချိန်တိုင်း ဝိုင့်ကို ဖမ်းစားထားသည်။

ကျောင်းမတက်ခင် ရသော အချိန်လေးကို သူမ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ချင်လို့ အပြေးအလွှား သွားခဲ့သော်လည်း ကစ်ခါမှကို မတွေ့ ရတော့ပါ။

ဒါကြောင့် စနေ တနင်္ဂနွေလို ကျောင်းပိတ်ရက်မျိုးမှာတော့ ဖြစ်ချင်ရာဖြစ် တစ်နေကုန်ကို စောင့်ကြည့်မယ်လို့ တွေးထားသည့်အတိုင်း ခြုံလုပ်ငန်းဝါသနာပါတယ် အကြောင်းပြလိုက်၏။ ဒါမှ တစ်နေကုန် နေရမှာကိုး။

မောင်မောင်နဲ့စိုးထူးရဲ့ ရန်ကလည်း တစ်ဖက်က ကြောက်ရသေးသည့်အတွက် ကြီးမေနဲ့ကိုကြီးကိုတော့ မော်ဘီက ခြံပိုင်ရှင်သူငယ်ချင်းနဲ့ မောင်မောင်တို့က သိပ်မကြည်ကြဘူးလို့ တစ်မျိုး လှည့်ပြောရသည်။

ဒါမှ မောင်မောင်တို့ လာမေးမေး ဖုန်းဆက်ဆက် ကိုကြီးနိုင်းထားသည့်အကြောင်း လှည့်ပြောလို့ရပြီး မောင်မောင်တို့ကလည်း မသက်လာ မဖြစ်တော့ပါ။

ဝိုင်ရဲ့အကြံ မပိုင်ဘူးလား။

ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေပြီး ကိုကြီး ထွက်တာနဲ့ ဝိုင်လည်း ထွက်ခဲ့သည်။

စားပွဲထိုးလေးတွေနဲ့ တော်တော် ခင်နေပြီဖြစ်သော ဝိုင်က လက်ဖက်ရည်တစ်ခွက် ကုန်သွားတော့ မုန့်စားရင်း သတင်းစာ တောင်း





ဖတ်နေလိုက်သည်။

"ဒီက ညီလေး ထိုင်မယ်နော်"

သတင်းစာထဲမှာ စိတ်ဝင်စားနေစဉ် ရုတ်တရက် ပေါ်ထွက်လာသော အသံပိုင်ရှင်ကြောင့် မော့ကြည့်လိုက်တော့ အသံပိုင်ရှင်က ခပ်ပြုံးပြုံးလေးနှင့် ဒုတိယအကြိမ် ထပ်မံပြီး

"ထိုင်ခွင့်ပြုပါလို့ ပြောတာပါ"

"ဪ ထိုင်ပါဗျာ ထိုင်ပါ"

ဒီလောက် ခုံလွတ်တွေ အများကြီးရှိရဲ့နဲ့ ဒီမှာမှ ရွေးပြီး ထိုင်ချင်တယ်ဆိုတော့ စိတ်ကူးယဉ်နေသည့် ဝိုင်က မကြည်မလင်ဖြစ်သွားရသည်။ ဒါပေမဲ့လည်း လူမှုရေးက ရှိသေးသည့်အတွက် ဝိုင်က ပျူပျူငှာငှာပင် ထိုင်ခွင့်ပေးလိုက်သည်။

သူ့ဟာသူ လက်ဖက်ရည်တစ်ခွက်မှာပြီး သောက်နေတော့ ဝိုင်ကလည်း သတင်းစာ ဆက်ဖတ်နေလိုက်သည်။

"ညီလေးက ဝိုင်နော်"

"ဗျာ"

"ညီလေး နာမည်က ဝိုင်လားလို့ မေးတာပါ"

"ဟုတ်ပါတယ် အစ်ကိုက ကျွန်တော့်ကို သိလို့လား"

"သိတယ်ပဲ ဆိုပါတော့၊ ညီလေး ဒီကို လာနေတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း သိတာပဲ''

ဝိုင် တွန့်ခနဲ ဖြစ်သွားတာကို ဟန်ဆောင်ပြီး

''ဒါဆို မမ လုလွန်းပိုနဲ့ ပတ်သက်နေတဲ့လူလား၊ ဘာလဲ ကျွန်တော့်ကို မမနဲ့မပတ်သက်နဲ့ ဘာညာ ပြောမလို့လား။ မရဘူးနော်၊ ကျွန်တော့်ကို သကြားမင်းဆင်းတားတောင် မရဘူး''

ဝိုင့်စကားအဆုံးမှာတော့ ထိုလူက သဘောတကျ ရယ်လိုက်ပြီး

''တို့က လုလွန်းပိုနဲ့ ဘာမှမဆိုင်ပါဘူး၊ ညီလေးက ကြုံပိတ် ပြောလိုက်တာနဲ့ ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး''

''မမနဲ့ ဘာမှမဆိုင်ဘူးဆိုပေမယ့် မမနဲ့တော့ သိတယ်ပေါ့''

''မသိပါဘူး လုလွန်းပိုဟာ အစ်ကိုတို့လို ညီလေးတို့လို လူမျိုး တွေနဲ့ အသိအကျွမ်း လုံးဝ မဖြစ်သင့်တဲ့ မိန်းကလေးပါ''

ထိုလူက ဝိုင့်မျက်နှာကို အကဲခတ်သလို ကြည့်ပြီး ဆက်ပြော လာသည်။

''ညီလေးကို ကြည့်ကတည်းက ကျောင်းသားအရွယ် မိကောင်း ဖခင်သားတစ်ယောက်ဆိုတာ သိပါတယ်၊ မတားနဲ့ဆိုပေမယ့် တားတော့ တားကြည့်ချင်တယ်၊ ဖြစ်နိုင်ရင် ညီလေး လုလွန်းပိုနဲ့ မပတ်သက်ပါနဲ့၊ လုလွန်းပိုဟာ ကာမပိုင် လင်ယောကျ်ား မရှိတာကလွဲလို့ ပိုက်ဆံရှိတဲ့ ယောကျ်ားမှန်သမျှနဲ့ အတူနေတယ်၊ ခေါ်ရင်လိုက်တယ်၊ ဘာများ မက်





မောစရာ ရှိလို့လဲ ညီလေးရယ်၊ ညီလေး သူ့အကြောင်း ဘယ်လောက် သိလဲ''

ဝိုင်က မျက်လုံးလေး အဝိုင်းသားနဲ့ ခေါင်းခါပြလိုက်သည်။

''သူ ဒီရွာက တိုက်ကြီးမှာ နေတာတော့ သိပါတယ်နော်''

''ဟုတ်ကဲ့''

''သူ့နာမည်ကိုတော့ သိတယ် မဟုတ်လား''

''ဟုတ်ကဲ့ သူ ပြောပြလို့ သူ့နာမည်ကလွဲရင် တခြား ဘာမှ မသိပါဘူး''

''ဒီတိုက်ကို ပြောင်းလာခါစတုန်းကတော့ သူ့မှာ အမေရှိသေး တယ်၊ သုံးနှစ်လောက်အကြာမှာ ဆုံးသွားတော့ အဖော် ကောင်မလေး တစ်ယောက်နဲ့ နေတယ်၊ ပိုက်ဆံချမ်းသာတဲ့ ယောကျ်ားတွေကိုတောင် ပိုက်ဆံရတဲ့အချိန်ကလွဲလို့ ဘယ်သူ့ကိုမှ အပေါင်းအသင်း မလုပ်ဘူး''

''ဆွေမျိုးသားချင်းတွေကော မရှိဘူးလားဟင်''

''ရှိပေမယ့် ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ဘူး''

''အစ်ကိုကရော ဘာလို့ မမအကြောင်း ဒီလောက် သိနေတာ လဲ''

''ဒါ အစ်ကိုတစ်ယောက်တည်း သိတဲ့အကြောင်းမှ မဟုတ်တာ၊ ဒီပတ်ဝန်းကျင်က လူတွေအားလုံး သိနေကြတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမကို သိပ်ချစ်တယ် အစ်ကို၊ ကျွန်တော့်ကို အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ကြိုးစားကြည့်ချင်ပါသေးတယ်"

"လှလွန်းပိုဟာ ချစ်တတ်တဲ့ မိန်းမ မဟုတ်ဘူး၊ မင်း ကြိုးစားရင် ရကောင်းရနိုင်ပေမယ့် ဒီလို မိန်းမမျိုးကို ချစ်ရင် စိတ်ညစ်ရမှာ မင်း မတွေးမိဘူးလား"

"အဲဒါတွေ တစ်ခါမှ တွေးမကြည့်မိဘူး၊ တွေးလည်း မတွေးချင်ပါဘူး အစ်ကို၊ ကျွန်တော် သူ့ကိုချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ဒါပဲသိတယ်"

"အရင် မတွေးထားဘူးဆိုတော့ အခုတွေးကြည့်လိုက်စမ်းပါ၊ ကိုယ်ချစ်တဲ့သူက တခြားယောကျ်ားတွေနဲ့ ပျော်ပါးနေတဲ့ ကိစ္စကို ဘယ်ယောကျ်ားကမှ ခွင့်မလွှတ်နိုင်ပါဘူး ငါ့ညီ"

"အစ်ကို ကျွန်တော့်ကို ဘာဖြစ်လို့ ဒါတွေ လာပြောနေရတာလဲ၊ ဖြစ်ချင်တာ ဖြစ်ပျာ၊ သူ့ကိုချစ်တဲ့အချစ်တွေနဲ့ ခွင့်လွှတ်ပေးလိုက်မယ်၊ မပြောပါနဲ့တော့၊ ကျွန်တော် တောင်းပန်ပါတယ် အစ်ကို သွားပါတော့ အစ်ကိုရယ်"

စေတနာရှင် အမည်မသိ လူသည် ပိုင့်ကို ခပ်ရှုးရှုး တစ်ချက် စိုက်ကြည့်ပြီး ထထွက်သွားပါတော့သည်။

ကိုယ့်ကိုကိုယ်တောင် တွေးမထားသည့်ကိစ္စကို ဒီလူ ဘာသာ





သာနဲ့ စေ့စေ့စပ်စပ် လာပြောနေရတာလဲ။ သူလည်း မမ အချစ်ကို မျှော်လင့်နေသော လူတစ်ယောက်လား။ ဒါဆိုရင်တော့ ပိုင့်ကို ဒီလို လာပိတ်ပင်မှာ မဟုတ်ပါဘူး။ ဒါဆို ဘာကြောင့် လာပြောရတာလဲ။

နောက်ဆုံးတော့ ပိုင့်ကို စေတနာထားသည့် လူတစ်ယောက်ဖြစ်မှာပါလို့ ဖြေလိုက်မှ နေသာထိုင်သာ ရှိသွားသည်။

ဒီနေ့မှ မကို ကိုပြီးတွေ့ချင်လာပေမယ့် တစ်နေသာ ကုန်သွားတယ် လုံးဝ မတွေ့ရပါ။

မနေနိုင်သည့်အဆုံးမှာ မမ တိုက်ကြီးပေါ်ကို အပေါ်ဆုံးထပ်အထိ ဘက်ကြည့်လိုက်သေးသည်။ ဘယ်အထပ်က ဘယ်အခန်းမှန်း မသိသည့်အတွက် အားလျော့စွာ အောက်ပြန်ဆင်းလာခဲ့သည်။

မမအကြောင်း လာပြောသွားသော လူသည် မမ ဘယ်အထပ်က ဘယ်အခန်းမှာနေတယ်ဆိုတာကိုတော့ ပြောမသွားသလို ပိုင်ကလည်း မေးဖို့ မေ့သွားသည်။

■ ■ ■

မဟုတ်တရုပ် လုပ်ဇာတ်တွေ ခင်းပြီး ကြီးမေနဲ့ ကိုကြီးကို ဆောလျှာလုပ်လို့အပြီးမှာ အိပ်ရာဝင်ဖို့ စိတ်ကူးယဉ်လိုက်စဉ် ဖုန်းမြည်လာသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်လား"

"ဟုတ်ပါတယ် ဘယ်သူလဲ မသိဘူး"

"တို့အသံကို တကယ်ပဲ မမှတ်မိတာလား"

"မမ မမလားဟင်"

တစ်ဖက်က ရယ်သံလွင်လွင်လေးသာ ထွက်လာတော့ ရင်တွေက အဆမတန် ခုန်သွားပါသည်။ မမ ဖုန်းဆက်တယ်။ ဝိုင့်ဖုန်းနံပါတ်ကို ဘယ်ကရလဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် ဝိုင်ကတော့ အရမ်းဝမ်းသာနေသည်။

ဝိုင်က ပျော်ရွှင်မှုတွေကို မဖုံးနိုင် မဖိနိုင်ဘဲ ခပ်ကျယ်ကျယ် မေးလိုက်သံကြောင့် ကိုကြီး လှမ်းကြည့်နေ၏။

ထိတ်ခနဲ ဖြစ်သွားသော ရင်အစုံကို အသာအယာ ထိန်းရင်း

"ကိစ္စရှိလို့လား မမ"

"မနက်ဖြန် မနက် ကိုးနာရီလောက်ကို လာနေကျ တို့တိုက်ရှေ့က လက်ဖက်ရည်ဆိုင်မှာ မစောင့်ဘဲ လမ်းထိပ်က စောင့်နေပါ"

"ဗျာ ဟုတ် ဟုတ်ကဲ့"

"ဒါပဲနော် ဘိုင်၊ ဂွတ်နိုက်"

မမ ဖုန်းချသွားတော့ ဝိုင် အိမ်မြှောင်အမြီးပြတ် ဖြစ်ကျန်ခဲ့ပါသည်။





"ကိုကြီး ညီအိပ်တော့မယ်နော်"

"ဘယ်သူ့ဆီက ဖုန်းလဲ ငယ်လေး"

"ဟိုလေ နောင်နောင့်အစ်မပါ၊ မနက်ဖြန်ကို အပင်သစ်တွေ ပျိုးမှာမို့ ဆက်ဆက်လာခဲ့ဖို့ နောင်နောင်က ပြောခိုင်းလို့တဲ့"

"အေး အေး"

"ဂွတ်နိုက် ကိုကြီး"

"ဂွတ်နိုက် ငယ်လေး"

ဝိုင် အပျော်စိတ်တွေနဲ့အတူ အခန်းထဲကို ဘယ်လို ဘယ်လို ရောက်လာမှန်း မသိတော့ပါ။ မမ ဘာစိတ်ကူးပေါက်သွားလို့ အခုလို ချိန်းရတာလဲ။ ဝိုင် လက်ဖက်ရည်ဆိုင်မှာ လာစောင့်နေတာ မမ သိပုံရသည်။ ဒီနေ့လည်း ဝိုင မသိပေမယ့် ဝိုင့်ကိုသိသော လူတစ်ယောက်က မမနဲ့ ပတ်သက်ပြီး သတိပေးရုံတင်မဟုတ်ဘဲ လာတားသည်။

ဝိုင်က ဖွတ်ပင် လက်မခံမှ လက်လျှော့သွားသည်။

အခု မမကလည်း ဖုန်းဆက်ပြီး မနက်ဖြန်ချိန်းနေပြီ။ သူ့ကို မျှော်လင့်တော့ဖို့အကြောင်းများ ထပ်ပြောမလို့လား။

မနက်ဖြန်သည် ဝိုင့်အတွက် ကံကောင်းခြင်းလား။ ကံဆိုးခြင်းလား။ အတွေးတွေနဲ့ မွန်းကြပ်စေမယ့်အတူ ဝိုင်က အမြန်အိပ်ပျော်အောင်ပဲ ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ခဏာကို လန့်နိုးနေပြီး ဝိုင် လုံးဝ ပြန်အိပ်လို့မရတော့သော အချိန်သည် နံနက် (၄)နာရီတိတိ ဖြစ်ကြောင်း ဝိုင်က မှတ်မှတ်ရရပင် နာရီကြည့်ထားလိုက်သည်။

ယောင်လည်လည်လုပ်ရင်း မနက် (၇)နာရီတိတိမှာ ကော်ဖီသောက် မုန့်စားဖို့ ရောက်နေပြီ။

"မောနင်း စောလှချည်လား ငယ်လေးရဲ့၊ ဝီရိယ ကောင်းနေတယ်ပေါ့လေ"

"ဒါပေါ့ ကိုကြီးရဲ့၊ ကိုကြီးရဲ့ ညီလေးပဲ"

ဝိုင်က ကိုကြီး လေသံအတိုင်း သံယောင်လိုက်လိုက်သောအခါ ကိုကြီးက အရမ်းကို သဘောတွေ ကျသွားပါသည်။ ဪ အချစ်အတွက်ကြောင့် တစ်ခါမှ မညာဘူးသော ဝိုင်က ညာတတ်နေပြီပဲ။ အဲဒါ မမကို ချစ်လို့ဗျာ့ သိလား။

■ ■ ■



## အခန်း (၁၀)

ခပ်ဝေးဝေးမှာကတည်းကပင် မမက လမ်းထိပ် ကားမှတ်တိုင်မှာ ရပ်နေတာ ဝိုင် လှမ်းမြင်နေရသည်။ မမနားမှာ ကားရပ်ပြီး ဝိုင်က မရဲတရဲ ပြုံးပြပြီးသည့်နောက်မှာ မမက ဝိုင့်ကားပေါ် တက်ထိုင်လိုက်ပြီး

"မောင်းတော့"

တဲ့။ ဝမ်းသာလွန်းသော အပျော်တွေနဲ့အတူ မမကို တင်ဆောင်ထားသည့် ဝိုင့်ရဲ့ ကားလေး လေးညို့က ပစ်လွှတ်လိုက်တဲ့ မြားလေးလို တရိပ်ရိပ် ပြေးနေပါသည်။

ငြိမ်ငြိမ်လေး ထိုင်နေသော မမကို ခိုးကြည့်ရတာလည်း အမောဝင် ဖြစ်သည်။ တော်တော်ကြာကြာအထိ မမ ဘာစကားမှ မပြောတော့ ဝိုင် မနေနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘယ်ကို မောင်းရမလဲဟင်"

"မသိဘူးလေ"

"ဗျာ"

"မသိဘူးလို့ပြောတာ၊ ဝိုင်မောင်းချင်တဲ့ဆီကို မောင်းပေါ့"

မမကို ဖျတ်ခနဲ လှည့်အကြည့်မှာ မမကလည်း အဓိပ္ပါယ်တွေ အများကြီးပါသည့် မျက်ဝန်းတွေနဲ့ ဝိုင့်ကို ပြန်ကြည့်နေပါသည်။

"ကျွန်တော့်ကို လိုက်လျောတယ်ဆိုတဲ့ သဘောလား မမ"

"ကိုယ့်ဟာကိုယ် တွေးကြည့်လိုက်ရင် သိနိုင်ပါတယ်"

"မမ"

"ဟင်"

"ကျွန်တော် ဝမ်းသာအောင် တဲ့(ဒ့်)ပဲ ပြောလိုက်ပါလားဗျာ"

"ဝိုင်က အခုခေတ်က လူငယ်လေးဖြစ်ပြီး ဒီလောက်တောင် မနပ်ဘူးလား"

"နပ်ပါတယ်၊ ဒါပေမဲ့ မမနဲ့ပတ်သက်ရင် ငွေတာဗိုက်တာတွေ မလိုချင်ဘူး၊ နိမိတ်တစ်ခု ဖြစ်မှာကြောက်တယ်"

"အယူသည်းနေပြန်ပါပြီ၊ ကဲပါ စကားပြောလို့ ကောင်းမယ့် တစ်နေရာရာကို မောင်း"

"မမ ဘာစားပြီးပြီလဲ"





"ဘာမှကို မစားလာရသေးဘူး"

"မဆာသေးလို့ စားမလာတာနေမှာပေါ့နော်၊ ကျွန်တော့်လို ရင်တွေခုန်ပြီး စားမလာတာတော့ မဖြစ်နိုင်ပါဘူး"

ဝိုင်က ကလိလိုက်တော့ မမ ဘာမှပြန်မပြောဘဲ ပြုံးပြုံးလေး လုပ်နေ၏။

အဲဒီလို အပြုံးမျိုးတွေနဲ့ မပြုံးစမ်းပါနဲ့ဗျာ၊ ကျွန်တော် အသည်းတွေ ယားလွန်းလို့ပါ။

စားသောက်ဆိုင် တစ်ဆိုင်ထဲကို ဝိုင်နဲ့မမ တွဲဝင်လာပြီး စားပွဲလွတ်တစ်လုံးမှာ ထိုင်လိုက်ကြသည်။ မှာထားသော စားစရာတွေကို စောင့်နေစဉ် ဝိုင်က မမမျက်နှာလေးကို မျက်တောင်မခတ် ငေးကြည့်နေလိုက်သည်။

"ဟော့ ဘာဖြစ်လို့ အဲဒီလောက် ကြည့်နေရတာလဲ"

"လှလို့ မမ သိပ်လှလို့"

"အဲဒါကြောင့် စိတ်ကစားနေတာပါဆိုတော့လည်း လက်မခံဘူးနော်"

"စိတ်ကစားတာမှ မဟုတ်တာ၊ မမကို ရင်ဘတ်ထဲက တကယ်ချစ်တာ"

မမရယ်တော့ ဝိုင် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မမကို ကျွန်တော် သိပ်ချစ်တဲ့အတွက် မမ ဘာပဲလုပ်လုပ် ကျွန်တော့်မျက်စိထဲမှာ လှနေတယ်"

"လှတာမက်ရင် ညစာခက်တယ် ဆိုတဲ့ စကားပုံ ကြားဖူးလား"

"အဲဒါ ဟိုးကျောက်ခေတ်က စကားပုံကြီးပါ၊ နောက်ပြီး ကျွန်တော်က မမကို လှလို့ချစ်တာမှ မဟုတ်တာ"

"အဲဒါတော့ မင်း အပိုပြောပြီ၊ မမ ဘဝမှာ အလှတစ်ခုကလွဲရင် ဘာမက်မောစရာမှ မရှိတာ ဝိုင် သိပါတယ်"

"ကျေးဇူးပြုပြီး ကျွန်တော်ရော မမရော စိတ်ညစ်ရမယ့် စကားတွေကို တဆိတ် မပြောပါနဲ့လား မမရယ်"

ကျွန်တော် ထိုသို့ ပြောလိုက်တော့မှပဲ ခေါင်းညိတ်လိုက်သော မမကို အရမ်းပင် ကရုဏာသက်သွားပါသည်။

"မမ"

မမ မျက်လုံးလေးနဲ့ ထူးလာတော့

"မမ အခုလို လိုက်လျောလိုက်တာဟာ ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးလိုက်တာလားဟင်"

"အင်း"

"တကယ်"





"ပြောရမယ်ဆိုရင် အချစ်ဆိုတဲ့ စကားလုံးဟာ မမလို မိန်းမမျိုးနဲ့ မထိုက်တန်ပါဘူး"

"ဘာတွေပြောနေတာလဲ မမရယ်၊ စိတ်ညစ်စရာတွေ မပြောကြေးလို့ ပြောပြီးပြီလေ၊ မမကလည်းချစ်တယ်၊ ကျွန်တော်ကလည်းချစ်တယ်၊ ပျော်ပျော်နေကြရအောင် မမရယ်"

ခေါင်းညိတ်လိုက်သော မမမျက်ဝန်းထဲမှာ မျက်ရည်စတွေ တွေ့လိုက်ရသလိုပဲ။ ဝိုင်က စိတ်ပြောင်းသွားစေဖို့အတွက်

"မမ အစတုန်းက ကျွန်တော့်ကို ခါးခါးသည်းသည်းပဲနော်၊ ဘာဖြစ်လို့ ချစ်သွားတာလဲဟင် သနားသွားတာလား"

"ဟင့်အင်း အစထဲက ဝိုင့်ကို ချစ်ပြီးသားပါ"

"ဘယ်လို မမ"

"ဟုတ်တယ် ဝိုင် တို့ကို စိတ်ဝင်စားနေကတည်းက တို့ကလည်း ဝိုင့်ကို ချစ်နေတာပါ"

"ဒါနဲ့များ မမရယ်၊ ကိုယ့်ကိုကိုယ်လည်း စိတ်ဆင်းရဲအောင် ကျွန်တော့်ကိုလည်း သောကရောက်အောင် လုပ်နေတယ်"

"မင်း အခုထက်ပိုပြီး သောကရောက်မှာစိုးလို့ တို့ ဟန်ဆောင်နေခဲ့တာပါ"

"မမရယ်"

www.burmeseclassic.com



ဝိုင်က စိတ်မထိန်းနိုင်တော့စွာ မမ လက်ကလေးကို ဆုပ်ကိုင်လိုက်ပါသည်။ ဝိုင့်တစ်ကိုယ်လုံး သွေးခုန်နှုန်းတွေ ပိုမြန်လာသလို ရင်ခုန်သံတွေလည်း ပိုကျယ်လာပါသည်။

မမကို ဘယ်တော့မှ ခွဲမသွားဘူးဆိုသော ဆုံးဖြတ်ချက်တွေကြောင့် မမ လက်ကလေးကို ပိုမိုတင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်တွင် မမ ပြုံးပြသည့် အပြုံးတွေကြောင့် ဝိုင့်မှာ အင်အားတွေ ပိုရှိသွားပါသည်။

"အမောင်"

"ဗျာ မမ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"ချစ်သူဖြစ်သွားတဲ့အတွက် ချစ်သူတွေ ခေါ်သလို ခေါ်လိုက်တာလေ၊ အမောင် မကြိုက်ဘူးလား"

"ကြိုက်တာပေါ့ မမရယ်၊ အဲဒီလိုပဲ တစ်သက်လုံး ခေါ်နော်"

"အင်း"

မမရဲ့ ရှက်ဝဲဝဲ အမူအရာလေးကို ဝိုင် အရမ်းချစ်သွားပါသည်။

"အမောင်"

"ပြောလေ မမ"

"မမလေ အချစ်ဆိုတာကြီးကို နားမလည်ခဲ့သလို ယုံကြည်မှုလည်း နည်းနည်းမှ မရှိဘူး။ မမ ဘဝမှာ ဘယ်တော့မှ ချစ်တတ်လာမယ် မထင်ဘူး၊ အချစ်ကို ကိုးကွယ်ကြသူတွေ၊ အချစ်ကို အရူးအမူး





ယုံကြည်ကြသော သူတွေကို လှောင်ပြောင်စရာ တစ်ခုလို့ သတ်မှတ်ထားတယ်"

"ဒါပေမဲ့ အမောင့်ကို တွေ့လိုက်ပြီးတဲ့နောက်မှာတော့ ပြောခဲ့တဲ့ စကားတွေ တွေးထားတဲ့ အထင်တွေဟာ တက်တက်စင်အောင် လွဲခဲ့တယ်၊ အမောင့်ကို မမ ချစ်နေတာ သေချာပြီလို့ သိရတော့ အမောင်နဲ့ မတွေ့အောင် ကြိုးစားပြီး နေကြည့်တယ်၊ ဒါပေမဲ့ မရပါဘူး၊ နောက်တစ်မျိုး ကြိုးစားကြည့်တာကတော့ အမောင် မမကို နာကျည်း မုန်းတီးမေ့သွားအောင် တစ်ဖက်လှည့်နဲ့ ပြောခိုင်းတယ်၊ ဒါလည်း မရပြန်ဘူး"

"ဒါဆို မနေ့က အမောင့်ကို လာပြောတဲ့လူက မမ လူလား"

"မမ ပြောခိုင်းတဲ့လူပါ"

"မမ"

"ခဏနေဦး မမ ပြီးဆုံးအောင် ပြောပြီးမှ အမောင် ပြောချင်တာ ပြောပါ"

ဝိုင်က မမ စကားကို နာခံစွာ ခေါင်းညိတ်လိုက်မှ မမ ဆက်ပြောလာသည်။

"အမောင့်ကို မမ သစ္စာရှိရှိနဲ့ ချစ်မယ်၊ အမောင်လည်း ဘာကိစ္စပဲဖြစ်ဖြစ် မမ ရှေ့က ရပ်တည်ပေးပါ၊ အဲဒါ အမောင့်ကို ယုံလို့ မမရဲ့ စိတ်တိုင်းကျ ချလိုက်တဲ့ ဆုံးဖြတ်ချက်ပါ၊ အမောင့်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မမ ဘာမှမသိဘူးနော်၊ မမ ပြောချင်တဲ့ အဓိက ကတော့ မမ တကယ် ချစ်တာဟာ ဝိုင် ဆိုတဲ့ ဒီကောင်လေးကိုပဲ''

''မမရယ် အရမ်းလည်း ယုံတယ်၊ အရမ်းလည်း ပျော်တယ်၊ အမောင် ချစ်တာကလည်းလေ လှလွန်းပို ဆိုတဲ့ မမကိုပဲ၊ မမသာ အမောင့်ဘက်မှာ အမြဲရှိနေပါစေ၊ အမောင် ဘာမဆို ရင်ဆိုင်ရဲတယ်၊ ဒီနေ့ အမောင်နဲ့ မမ ချစ်သူစဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် သစ္စာတစ်ခု ဆိုရအောင်နော်''

''ဘယ်လို သစ္စာ ဆိုမှာလဲ''

''အမောင်နဲ့မမသည် အသက်ထက်ဆုံး တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိ ချစ်သွားပါမည်၊ ဘယ်လို အခက်အခဲ အတားအဆီးတွေပဲ ရှိရှိ ကျော်ဖြတ်နိုင်အောင် ကြိုးစားပါမည်၊ ဘယ်လိုလဲ မမ အဲဒီ သစ္စာကို ဆိုနိုင်ပါ့မလား''

မမ ရှဲရှဲတင်းတင်းပင် ခေါင်းညိတ်ပြပြီး ဝိုင်က တိုင်ပေးတာကို တိုးတိုးလေး လိုက်ဆိုနေ၏။

''အမောင်က ထပ်ပြီး သစ္စာဆိုဦးမယ်၊ အဲဒီ သစ္စာကို အမောင့်ဘက်က ချိုးဖောက်ခဲ့ပါက အချစ်က ပေးသော အပြစ်ဒဏ်တွေကို အလူးအလိမ့် ခံစားရပါစေ''

''အမောင်ရယ် မမ ယုံပါတယ်''





''မမရယ် အမောင့်ရင်ထဲ ဝင်ကြည့်စမ်းပါ''

''ယုံပါတယ်ဆိုမှကွာ''

''မမ ဒီနေ့ ဘယ်သွားချင်လဲ ပြော''

''ဘယ်မှ မသွားချင်ဘူး၊ အမောင့်နားမှာ ထိုင်ပြီး အမောင့်မျက်နှာလေးကိုပဲ ကြည့်နေချင်တယ်''

''အပော် ပော် ဒီလိုလား၊ ဒါဖြင့် ကြည့်လေ၊ ဒီကကောင်ကလည်း ဒီလိုပါပဲ''

ဝိုင်နဲ့မမသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တော်တော်ကြီး ကြာမှ ဆိုင်ထဲမှ ထွက်လာကြသည်။

ကားမောင်းနေသည့် ဝိုင့်လက်မောင်းပေါ်မှာ မမ ခေါင်းလေးမှီပြီး မှိန်းနေသော ခံစားမှုလေးက ဘာနဲ့မှကို မတူပါ။ ဘယ်တုန်းကမှလည်း အိပ်မက်တောင် မမက်ဘူးသော အရာလေးဖြစ်သည်။

''မမကို အရမ်းချစ်တယ်''

မမ ဆံနွယ်လေးတွေကို နမ်းရှိုက်ရင်း ဝိုင်က မချင့်မရဲ ပြောလိုက်သည်။

''အမောင်''

ခေါင်းမော့ပြီး ခေါ်နေသော မမ မျက်နှာနဲ့ ဝိုင့်မျက်နှာသည် အနီးကပ်ဆုံးမှာ ရှိနေကာ တစ်ယောက်ရင်ခုန်သံကိုတောင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည်။

"ပြောလေ မမ"

ခေါ်ပြီးမှ ဘာမှမပြောဘဲ ခေါင်းခါပြသော မမကို အသည်းယားစွာ ပိုင် စိတ်ကိုလွှတ်ပေးလိုက်သည်။ မမ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းရှိုက်လိုက်တော့ မမကလည်း ပိုင့်ပါးကို ပြန်နမ်းနေသည်။

"ချစ်တယ် မမရယ်၊ အမောင့်ရင်တွေ ကွဲထွက်တော့မယ်"

ကားပေါ်မှာဆိုသော အသံကြောင့် ကိုယ်ဆီ ထိန်းချုပ်လိုက်ပါသည်။

မိုးတော်တော်ချုပ်မှ မမတို့ လမ်းထိပ်အထိ လိုက်ပို့ပေးလိုက်သည်။ မမက ပြန်ချင်သေးပုံ မရပါ။ လက်ပြရင်း မျက်နှာငယ်လေးနဲ့ ကျန်ခဲ့သော မမသည် တကယ်ကို အပြစ်ကင်းစင်နေပါသည်။

မမရယ် အမောင်လည်း မခွဲချင်ပါဘူး။ မတတ်သာသေးသော အခြေအနေမို့သာပါ။

ပိုင်နဲ့မမသည် ဒီနေ့မှ ချစ်သူဖြစ်သွားပေမယ့် သံယောဇဉ်ကြိုးတွေကတော့ ခိုင်ခိုင်မြဲမြဲ ချည်နှောင်မိသွားကြပါပြီ။

အမောင့်ကို ယုံပါ မမရယ်။

မမ ယုံအောင် လက်တွေ့ပြဖို့ အမောင် ကြိုးစားမယ်။

■ ■ ■



## အခန်း (၁၁)

ကျွန်မ တလူးလူးတလိမ့်လိမ့်နဲ့ အိပ်မပျော်ဖြစ်နေတာသည် ကျွန်မ မြတ်မြတ်နိုးနိုး ခေါ်သည့် အမောင် ဆိုသော ချစ်သူလေးကြောင့် ဖြစ်ပါသည်။

သူ့အသက်က ၁၉ နှစ်ကျော်ရုံလေးဆိုတော့ ကျွန်မထက် ငါးနှစ်လောက် ငယ်ပါသည်။ ငါးနှစ်လောက်ငယ်သော ကောင်လေးကို ချစ်ရသူမှ သက်ထပ်ဖို့ပါ ရွေးရမယ်လို့ အချိန်ကုန်ခံပြီး စိတ်ကူးတောင် ယဉ်မကြည့်မိပါ။

ထူးဆန်းစွာပင် ထိုကောင်လေးကို စတွေ့ကတည်းက သူ့မျက်နှာနဲ့ သူ့အပြောလေးတွေကြောင့် ရင်ထဲမှာ ထူးထူးဆန်းဆန်း လှုပ်ခတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာတော့ ထိုကောင်လေးနဲ့ စတွေ့သော လမ်းနဲ့ အဲဒီတစ်ဝိုက်ကို မသွားမိဖို့ ကြိုးစားထိန်းချုပ်ထားရသည်။

တကယ်သာ လိုက်ရှာရင် တွေ့မှာမဟုတ်သော ထိုကောင်လေးကို နောက်တစ်ပတ်အကြာမှာ ထပ်တွေ့ပါသည်။ ကျွန်မ နှလုံးသားတွေ တင်မကာ တစ်ကိုယ်လုံးပါ တွန့်သွားရသည့် အကြောင်းကတော့ ကောင်လေးနဲ့တွေ့သောအချိန်တွင် ကျွန်မနားမှာ ချစ်သူ ရည်းစားလို့ ထင်ရသည့် လူတစ်ယောက် ပါနေသောကြောင့် ဖြစ်သည်။ ဒါသည် ကျွန်မရဲ့အလုပ်ကိစ္စဖြစ်သော်လည်း တခြားသူကိုသာ ဂရုမစိုက်လို့မရအောင် ကျွန်မ နှလုံးသားထဲတွင် သူသည် စွဲထင်စွာ ကျန်နေခဲ့သည်။

ကျွန်မသွားသည့် နေရာတိုင်းမှာ သူ့ကို ရှာမိပေမယ့် တွေ့ခဲ့ရင်လည်း ပုန်းနေမှာဖြစ်သည်။ အခုတော့ ကျွန်မ မပုန်းခင် သူက အရင် မြင်သွားပြီး တစ်ခုခု လိုက်စားဖို့တောင် ခေါ်နေသေးသည်။

အလျင်အမြန်ပဲ စကားဖြတ်ကာ သူ့ကို ကိုယ်ရောင်ဖျောက်ပစ်လိုက်ရသည်။

နောက်တစ်နေ့မှာတော့ ကျွန်မ လုံးဝ မယုံကြည်နိုင်စွာ သူသည် ကျွန်မတို့ တိုက်ကြီးရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ကျွန်မ ဆင်းအလာကို စောင့်နေသည်။

ကျွန်မ အောက်ဆင်းလာပြီး ကားငှားဖို့ စောင့်နေစဉ် မမှတ်မိ





သည့်ပုံစံနဲ့ ကြောင်တောင်တောင် လုပ်ပစ်လိုက်ပြီးမှ သူ လိုက်ပို့ပေးမယ် ဆိုတော့ ကျွန်မက တမင်ပင် သူ့စိတ်နာစေမယ့် စကား ရွေးပြောလိုက်သည်။

ထိုနေ့မှစ၍ နေ့တိုင်းပင် ကျွန်မဆင်းအလာကို လက်ဖက်ရည်ဆိုင်က ထိုင်ကြည့်နေတော့သည်။

ကျွန်မက အသည်းမာတယ်လို့ ပြောရလောက်အောင် ကျွန်မ ဘယ်ယောက်ျားကိုမှ မချစ်တတ်ခဲ့ပါ။ ယောက်ျားတွေကို ကစားစရာ အရုပ်ကလေးတစ်ရုပ်လိုပဲ သတ်မှတ်ကာ ကျွန်မ အချစ်ကို ဘယ်လောက် ငမ်းငမ်းတက် လိုချင် လိုချင် ပြုံးပြုံးလေးပဲ ငြင်းခဲ့သည်။

ဒီတစ်သက်မှာ ကျွန်မ အချစ်ကို တွေ့တော့မှာ မဟုတ်ဘူးလို့ ထင်ထားတာတွေသည် ဗိုင်နဲ့တွေ့ပြီး ဗိုင်ရဲ့အပြုအမူတွေကြောင့် တက်တက်စင်အောင် လွဲခဲ့ပါသည်။

ဘာမှမဟုတ်သော ကောင်လေးကို ကျွန်မ ချစ်မိသွားတာ ကျွန်မ ပတ်ဝန်းကျင်မှာတော့ မျက်နှာမပြရဲစရာ အပြစ်တစ်ခုပါ။ ဒါကြောင့် ကျွန်မကိုယ်တိုင်ရော ကျွန်မကို အသေအလဲ လိုချင်နေသော လူတစ်ယောက်ကိုပါ အကူအညီ တောင်းပြီး ဗိုင့်ကို ကျွန်မ အကြောင်းပြောပြီး တားနိုင်းပါသေးသည်။

ဗိုင် နောက်မဆုတ်ဘူးဆိုတော့ ကျွန်မ ဘာဖြစ်လို့ ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မသိပါဘူး။

ထို့နောက်မှာတော့ ကျွန်မသည် ဝိုင်ဆိုသော ကောင်လေးကို စွဲစွဲလမ်းလမ်း ချစ်သွားခြင်းကပဲ အနိုင်ယူသွားခဲ့ပါသည်။

ဝိုင့်ကို အဖြေပေးဖို့ ဆုံးဖြတ်လိုက်တာနဲ့ ကျွန်မ စွန့်လွှတ်ရမှာ တွေကတော့ တန်းစီနေသည်။ ထိုအကြောင်းကို ကျွန်မရဲ့ တစ်ဦးတည်း သော ညီမဝမ်းကွဲ ကောင်မလေးကို ဖွင့်ပြောလိုက်တော့

"မမ ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်တယ် မေသီ"

"ဝိုင်က မမကို တကယ်ချစ်တာ မှန်ပေမယ့် သူဟာ မိဘ အုပ်ထိန်းမှုက လွတ်မယ့်ပုံ မရသေးဘူး။ မမ နှစ်နာဆုံးရှုံးရမှာတွေကို ယတိပြတ်စွန့်လွှတ်နိုင်တယ် ထားပါ၊ ဝိုင်က မမကို လက်ထပ်ရဲပါ့မလား။ အချစ်စိတ်တွေ မွှန်နေတုန်းသာ လွယ်လွယ်ပြောနိုင်ပေမယ့် လူ့စိတ်ဆို တာ ပြောရခက်ပါတယ် မမရယ်"

"ငါ သူ့ရဲ့အချစ်နဲ့ လုံခြုံနိုင်မယ်လို့ ထင်တယ်၊ နောက်ပြီး ဘာဖြစ်လို့လည်း မသိဘူး၊ သူ့ကို ငါ အရမ်း ယုံကြည်နေတယ်၊ သူ့ကို ချစ်သလိုမျိုးလည်း ဘယ်သူ့ကိုမှ မချစ်ဘူးတော့ ငါ စွန့်စားကြည့်ချင် တယ်"

"မမ သဘောပါ၊ ဒါက မမရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ"





"မေသီ အဲဒါနဲ့ နင် ငါ့ကို ခွဲမသွားပါဘူးနော်"

"မမကလည်း ကြုံကြိုက်ဖန်ဖန် ကျွန်မက ဘာလို့ မမကို ခွဲသွား ရမှာလဲ၊ တကယ်တော့ မမ အခုလို တည်တည်ငြိမ်ငြိမ်လေး ဖြစ်သွားတာ ကို မေသီက ဝမ်းတောင် သာသေးတယ်၊ မေသီ စိုးရိမ်တာက မမ အသည်းကွဲမှာကိုပဲ"

"ဘာပြောတယ် မေသီ"

"သြော် မမရယ် ဝိုင်ရဲ့ အသိုင်းအဝိုင်းတွေရဲ့ ရိုက်ပုတ်ဒဏ် တွေကိုတော့ မမ ကျိန်းသေခံရမှာပဲလေ၊ အဲဒီအခါ ဝိုင့်ရဲ့ဆုံးဖြတ်ချက် က မမဘက်မှာ ရှိချင်မှလည်း ရှိမယ်၊ မေသီက အဲဒါကို ကြိုပြောထားတာ ပါ၊ ဒါပေမဲ့ ဝိုင် ဆုံးဖြတ်ချက်က မမ မှ မမဖြစ်ရင်လည်း ဖြစ်မှာပါ"

ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ဆုံးဖြတ်ချက်ကတော့ ပြင်လို့မရအောင် ခိုင်နေပါပြီ။ ဒါကြောင့်လည်း ညကတည်းက ဖုန်းဆက်ပြီး နောက်တစ်နေ့ မှာတော့ ဝိုင် ဝမ်းသာမယ့် အဖြေမျိုး ပေးလိုက်သည်။

ဝိုင့်ကို အမောင်လို့ ခေါ်တော့ ဝိုင် အရမ်းကို ကျေနပ်နေသည်။

ကျွန်မကတော့ ပျော်တယ်၊ တစ်ခါမှ မခံစားရဘူးသော ပျော်ရွှင် မှုမျိုးတွေကို အမောင်က ပေးခဲ့သည်။ နောက်ပြီး အမောင့်ကို ကျွန်မ ယုံတယ်။ အမောင်က အသက်သာငယ်ပေမယ့် သစ္စာမရှိသော အလုပ်မျိုး လုပ်မှာမဟုတ်ဘူးဆိုတာ ဒီနေ့တစ်နေ့တည်းနဲ့တင် ကျွန်မ သိလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အမောင့်ရဲ့ အထိအတွေ့လေးတွေကို ပြန်တွေးပြီး ရင်တွေ ခုန်နေပါသည်။

■ ■ ■

"မင်းကိုကြည့်ရတာ နည်းနည်းများ ထူးဆန်းနေလားလို့"

ခါတိုင်းနဲ့မတူဘဲ တက်ကြွနေသော ဝိုင့်ပုံစံကို ကြည့်ပြီး မောင်မောင် အကဲခတ်သလို ပြောတော့ ဝိုင်က ပြန်လည်ထိန်းချုပ်လိုက်ရင်း

"မင်းတို့ကလည်း ငါ့ကိုပဲ လိုက်ကြည့်ပြီး ပြောနေကြတယ်"

"မင်းကလည်း ပြောစရာကိုး၊ ရည်းစားဆီက အဖြေရတဲ့ရုပ်နဲ့ မြောက်ကြွကြွ ဖြစ်နေတာကို"

စိုးထူးက သူ့ဟာသူ ဥပမာ ပေးသည့်အနေနဲ့ ပြောလိုက်တာကို တကယ်ပင် အဟုတ်ဖြစ်နေသော ဝိုင်က မလုံမလဲ ဖြစ်သွားသည်။

"ရည်းစားဆီက အဖြေရတဲ့ရုပ်က ငါ့လိုရုပ် ဟုတ်လား"

"အေးလေ တကယ်ပဲ မင်း ကသာ့ဆီက အဖြေရသွားပြီ မဟုတ်လား"

ဝိုင်က စိတ်ရှုပ်ထွေးသော ပုံစံနဲ့ ခေါင်းထဲကို လက်ထိုးဖွလိုက်သည်။

"အောင်မလေးကွာ ဖြည်းဖြည်းလေး လုပ်မနေနဲ့၊ ဒီလိုသာ





ဖွပစ်လိုက်"

"ဟော့ကောင် မောင်မောင် မင်း မယုတ်နဲ့နော်"

မောင်မောင်က ဝိုင်ရဲ့ သားသားနားနား ဆံပင်လေးကို အတင်းပင် လိုက်ဖွနေတော့ ဝိုင် လှည့်ပတ်ပြေးသလို မောင်မောင်က နောက်က လိုက်နေ၏။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်နေကြတာလဲ"

သန္တာနဲ့စန္ဒီ ရှောင်ရင်း တိမ်းရင်း ကိုးရိုးကားယား ဖြစ်နေကြ၏။

"ဟဲ ဟဲ ကစားနေကြတာလေ"

"မကြီး မငယ်တွေနဲ့ဟယ်"

"ဒါနဲ့ နင်တို့နှစ်ယောက်တည်းလား၊ ကသာနဲ့ ပပရော"

မောင်မောင် ဟိုကြည့် ဒီကြည့်နဲ့ မေးတော့ ဝိုင်လည်း အခုမှ သတိရသွားဟန်နှင့် သန္တာတို့ကို ကြည့်လိုက်သည်။

သန္တာက ဝိုင့်မျက်နှာကိုပဲ တည့်မတ်စွာ ကြည့်လာကာ

"ကသာ နေမကောင်းဘူးတဲ့"

"ဟုတ်လား ကျောင်းမတက်ဘူးပေါ့"

"အေး ငါတို့ လူနာသွားမေးမလို့ နင်တို့ကို လာခေါ်တာ"

"အခုလား"

"အခုတော့ မဟုတ်ဘူးလေဟယ်၊ ကျောင်းဆင်းရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သွားကြတာပေါ့"

"အဲဒါ လာပြောတာ၊ အတန်းပြီးရင် ငါတို့ကိုစောင့်နေနော်"

"အေးပါ တကူးတက လာပြောရတယ်လို့ဟာ၊ တစ်ခုခု စားသွားပါဦးလား"

"မစားတော့ဘူး၊ သွားပြီ"

စန္ဒီနဲ့သန္တာရဲ့ နောက်ကျောကို နှစ်ကောင်သား လိုက်ငေးနေတာကို ဝိုင်က မနောက်နိုင်ဘဲ စိတ်ရှုပ်ထွေးသွားသည်။

ဝိုင်က မမနဲ့ သွားစရာရှိတယ်။ မမကလည်း လာနေကျအချိန် မလာရင် စိတ်ပူနေမှာပေါ့။ ဒါပေမဲ့ နေမကောင်းလို့ ဆိုတော့လည်း ဘယ်လို အကြောင်းပြပြီး ငြင်းရမှန်း မသိဖြစ်နေသည်။

ဘယ်လိုမှလည်း ငြင်းလို့ရမှာ မဟုတ်အောင် မောင်မောင်တို့ အတင်းခေါ်တော့မယ်လေ။ နောက်ဆုံးတော့ ဘာဆင်ခြေမှ ပေးမနေဘဲ လိုက်သွားလိုက်သည်။

■ ■ ■



## အခန်း (၁၂)

BURMESE CLASSIC .com

ကသာ မနေ့က ကျောင်းဆင်းတော့ အိုက်စပ်စပ် ရှိတာနဲ့ ရေချိုးလိုက်ရာ အပူရှပ်ပြီး ဖျားပါတော့သည်။

ကသာ ဖျားတော့ ကြီးကြီးနဲ့ မမကြီး ပျာယာတွေ ခတ်နေသည်။ ကသာက ကိုယ့်အတွက်နဲ့ သူများကို အပူပေးရမှာ အင်မတန်မှ အားနာသည်။ ယုတ်စွအဆုံး အရင်းနှီးဆုံး ဆွေမျိုးရင်းချာ ဖြစ်သည့် ကြီးကြီးနဲ့ မမကြီးကိုတောင် ကသာ့အတွက် အလုပ်တွေ ရှုပ်သွားတာ အလွန်ပင် အားနာနေမိသည်။

ကြီးကြီးနဲ့ မမကြီးကလည်း ကသာ ထိုသို့ အားနာတာကို မကြိုက်ကြပါ။

မနက်က စန္ဒီ ဖုန်းဆက်တော့ ကသာ မေ့ပြီး ပိတ်မထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် အိမ်က ကောင်မလေးနဲ့တွေ့ပြီး ကသာ နေမကောင်းလို့ ကျောင်းမတက်နိုင်ကြောင်း ပြောလိုက်သည်။

သူငယ်ချင်းတွေက တကူးတက လာမေးမှာကို ကသာ အားနာနေမိ ဖြစ်သည်။ ကသာ နေမကောင်းသည့်အကြောင်းကို ပိုင့်ကို ပြောပြလိုက်လို့လား မသိဘူး။ ပိုင် သိရင် စိုးရိမ်သွားမလား ကသာ သိချင်နေမိသည်။

အပူကျသွားပေမယ့် အားနည်းနေသည့်အတွက် ကသာ မှိန်းနေတော့ ကြီးကြီး အနားမှာ ထိုင်စောင့်နေ၏။ ဘယ်လိုပဲ ပြောပြော ကြီးကြီးက ကသာ့နားကကို မခွာပါ။

မမကြီးကလည်း ဒီနေ့ အလုပ်က ခွင့်ယူထားသည်။ ကသာ့အတွက်ကြောင့်မို့ ကိုယ်စီ အလုပ်ပျက်ကြရပြီ။

"မမ ကသာ အိပ်နေလား"

"အေး အိပ်နေတယ်၊ ဘာလုပ်မလို့လဲ"

ကသာ မှိန်းနေရာက အတိုင်းသား ကြားနေရသည်။ အိမ်မှာ ခိုင်းထားသည့် ကောင်မလေးက ကသာ့ကို တစ်ချက် လှမ်းကြည့်ပြီး

"မမကသာ သူငယ်ချင်းတွေ ရောက်နေလို့ ကြီးကြီး"

"ခေါ်လာခဲ့လေ မိပြူး"

ကြီးကြီး မိပြူးကို ပြောနေသလို ကသာလည်း မျက်လုံး ဖွင့်





ကြည့်လိုက်သည်။

"ဟို ယောက်ျားလေးတွေလည်း ပါတယ်"

ဟာင် ယောက်ျားလေးတွေ တဲ့။ ဘယ်သူတွေလဲ။ ပိုင်ပါလား။

ကြီးကြီး ကသာကို လှမ်းကြည့်တော့ ကသာ ထဖို့ ကြိုးစားကြည့်ပေမယ့် ခေါင်းမထူနိုင်သလို ကိုယ်လက်တွေလည်း လေးလံနေသည်။

"မထနိုင်ရင် မထနဲ့လေ သမီး။ ဒီကို ခေါ်လာခဲ့၊ မိပြူး မမကြီး မရှိဘူးလား"

"ရှိပါတယ် မမကြီး ဧည့်ခံနေတယ်"

"အေး သမီးလေး မထနိုင်လို့ ဒီကိုသာ ခေါ်လာခဲ့နော်၊ ဟဲ့ အားလုံး ဘယ်နှယောက်လဲ"

"အစ်ကိုကြီး သုံးယောက်၊ အစ်မကြီး သုံးယောက်"

"ကဲ သွား"

ဟုတ်ပါပြီ။ ပိုင်တို့ သုံးယောက်ဆိုတာ ကျိန်းသေပါတယ်။

ကသာ စိတ်တွေ လှုပ်ရှားပြီး ဘာလုပ်ရမှန်း မသိဖြစ်နေတော့ ကြီးကြီးက ရိပ်မိစွာ ပြုံးကြည့်နေ၏။

"သမီး ကောင်လေး ပါတယ် ထင်တယ်"

ကသာ ခေါင်းလေးပဲ အသာအယာ ညိတ်ပြလိုက်သည်။

ထိုအချိန်မှာပဲ မမကြီး ဦးဆောင်ပြီး ပိုင်တို့သုံးယောက်နဲ့ သူ့ကျွ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဆူညံစွာ ဝင်လာပါသည်။

"ဟယ် တို့သူငယ်ချင်း ထတောင် မထနိုင်ဘူးနော်"

"တကယ်နေမကောင်းတာဟဲ့၊ ကြိုနိုင်ပါ့မလား"

"ဟုတ်သားပဲ ဘွာတေး၊ ဘွာတေး"

"လာ ထိုင်ကြ၊ သားတို့ သမီးတို့"

"ဘယ်လိုဖြစ်တာလဲ ကသာ"

အားလုံး နေရာယူအပြီးမှာ ကိုမောင်မောင်က မေးခြင်းဖြစ်သည်။

ကသာက ပြုံးရင်း ဖျားတာ လို့ တိုးတိုးလေး ပြောတော့ ကြီးကြီးက သေသေချာချာ ရှင်းပြနေ၏။

"ဟဲ့ ကသာ့ကြီးကြီးလေး၊ ကြီးကြီး သူက မောင်မောင်၊ သူ့ ... စိုးထူး၊ ဝိုင်"

"ကသာ့ကြီးကြီးက ခန့်ချောကြီးပဲ"

"နင့်ကို ကျွေးမှာပါ မောင်မောင်ရယ်၊ သိပ်မြှောက်မနေပါနဲ့"

"လူကြီးကို မြှောက်စရာလားဟဲ့၊ တကယ်ပြောတာ"

"အေးပါကွယ် ကြီးကြီးကို မြှောက်မြှောက် မမြှောက်မြှောက် ကျွေးမှာပါ၊ ဒီက သားတို့နာမည်တွေကို သိနေတာ ကြာပါပြီ"

"လူကို မြင်လိုက်တော့ လူချော လူရည်မွန်လေးတွေလို့ မြင် ...





မသွားဘူးလား ကြီးကြီး"

"ဟုတ်ပါ့ကွယ်၊ တကယ်ကို လူချော၊ လူရည်မွန်လေးတွေပါပဲ၊ သားတို့ ဘာစားချင်လဲပြော"

"ကြီးကြီး စေတနာရှိလို့ ကျွေးတာ စားမှာပေါ့"

"စေတနာရှိပြီးသားပါကွယ်၊ အကြီးမကြီး ဘာတွေ သွားလုပ်နေလဲ မသိဘူး"

အားလုံးက စကားတွေ သွက်လက်နေကြသော်လည်း ဝိုင်တစ်ယောက်သာ ပြုံးပြုံးလေးနဲ့ ကသာ့ကို တစ်ချက်တစ်ချက် လှမ်းကြည့်တတ်သည်။ ကြီးကြီးကလည်း စကားရော ဖောရောနဲ့ ဝိုင်ကို မကြာခဏ အကဲခတ်နေတာကို ပပတို့ မျက်စပစ်ပြနေကြသည်။

ကသာ သူ့ကို အရမ်းအားနာနေမိသည်။

ခဏအကြာမှာ မမကြီး ပြန်ဝင်လာပြီး

"မောင်လေးတို့ ညီမလေးတို့ မထူးတော့ပါဘူး၊ ထမင်းသာ စားသွားကြတော့၊ ဟင်းတွေက အားလုံး အဆင်သင့်ပဲ၊ ထမင်းကလည်း ဘာမှကြာတာ မဟုတ်ဘူး"

"ကောင်းသားပဲ"

"အားနာစရာကြီး မမကြီးရယ်"

"အံမယ် အားနာတဲ့ရုပ်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဗျာ အားနာစရာ ကောင်းလိုက်တာ"

"အားနာရပြန်ပြီ၊ တစ်ယောက်က"

"ဘာမှ အားနာစရာ မလိုဘူး မောင်လေး၊ တကူးတက လာ စားမှာ မဟုတ်ဘူး၊ ကြုံကြိုက်တုန်း ကျွေးရတာ"

"ဟုတ်တယ် သားရေ၊ သားတို့ သမီးတို့ လာလို့ ကြီးကြီး သမီးလေး နေကောင်းသွားတာ"

ကြီးကြီးက ဝိုင်ကို ရည်ရွယ်ပြီးပြောတော့ ဝိုင်နဲ့ကသာ မျက်လုံးချင်း ဆုံသွားပါသည်။

ကြီးကြီး အခန်းထဲက ထွက်သွားတော့ သူငယ်ချင်းတွေက ဝိုင်နဲ့ကသာ့ကို ထုံးစံအတိုင်း စနေကြသည်။ ကြီးကြီး ပြောသလို ဝိုင် လာမေးသည့်အတွက် နည်းနည်းတော့ သက်သာသွားသလိုပဲ။

သူငယ်ချင်းတွေ ထမင်းစားတော့ မနီးမဝေးကနေ ကသာ မျှော်ကြည့်ပြီး သွားရည်ကျနေသည်။

ကြီးကြီးနဲ့မမကြီးသည် ဝိုင့်ကို တော်တော် သဘောကျနေ၏။ သိသိသာသာပင် ဝိုင့်ကို မျက်နှာသာပေးတော့ ကသာ့မျက်နှာတွေ ပွနေပါသည်။ ကသာနဲ့ဝိုင်သာ တိတိလင်းလင်း ချစ်သူတွေဆို ပိုကောင်းမှာလို့ တွေးရင်း ဝိုင် ထမင်းစားတာလေးကို ငေးကြည့်နေမိသည်။

ထမင်းစားပြီး စကားပြောကြပြန်သည်။ ဝိုင်တို့ မလာခင်တုန်း





က ခေါင်းမထူနိုင်သော ကသာသည် အခုတော့လည်း လန်းဆန်းတက်ကြွနေတာ ကိုယ့်ကိုကိုယ် အံ့သြနေမိသည်။

ဝိုင်က ကသာ နှိုးကြည့်သောအခါတိုင်း မျက်လုံးချင်းမဆုံမိအောင် တမင်များ ဖန်တီးနေလား မသိပါ။ အားလုံးသည် သွက်သွက်လက်လက် စကားတွေပြောပြီး ပြောင်နောက်နေကြသော်လည်း ဝိုင်တစ်ယောက်သာ ရယ်စရာပါမှ ရယ်လိုက်ဟာကလွဲလို့ အရမ်းကို ကျနေ့ရနေပါသည်။

BURMESE CLASSIC .com

ကြီးကြီးနဲ့မမကြီးကတော့ မောင်မောင်နဲ့စိုးထူးတို့ရဲ့ အရွှတ်အနောက်တွေကြားမှာ ပါးစပ်မစီတော့အောင် သဘောတွေကျပြီး နောက်ကို မကြာမကြာ လာလည်ဖို့ပင် ဖိတ်ခေါ်နေသေးသည်။

ဝိုင်တို့ ပြန်တော့ ကသာက ကုလားထိုင်လေးပေါ်ကပဲ ကြည့်နေသမယ့် ကြီးကြီးနဲ့ မမကြီးကတော့ ကားနားအထိ လိုက်ပို့ပေးပြီး လက်ပြနုတ်ဆက်ပါ။

"အမလေးတော် ချောလိုက် ခန့်လိုက်တဲ့ ကောင်လေး၊ အသက်အရွယ်နဲ့တောင် မလိုက်ဘူး၊ ကျနေ့လည်း ရလိုက်တာ၊ သဘောတူတယ်ဟေ့၊ ကြီးကြီးတော့ အရမ်း သဘောတူတယ်၊ ငါ့သမီးလေးနဲ့လည်း လိုက်ဖက်ညီတယ်၊ ငါ့သမီးလေးလိုလူမျိုးနဲ့ လိုက်ဖက်ညီပြီး သဘောကျမည့် ယောက်ျား ရှိမှာမဟုတ်ဘူးလို့ ထင်ထားတာ၊ ဝိုင် ဆိုတဲ့ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့မှ တက်တက်စဉ်အောင် လွဲတော့တာပဲ''

ကြီးကြီး အိမ်ထဲ ပြန်ဝင်လာတာနဲ့ ကျေကျေနပ်နပ်ကြီး ပြောနေတော့ မမကြီးက ကသော့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်ပြနေ၏။

''သမီးလည်း ညီမလေးက လက်ခံတဲ့ အနေအထားဆိုတော့ မဆိုးဘူးလို့ တွက်မိပေမယ့် ဒီလောက် မထင်ဘူး''

''တော်တော်ရှားပါတယ်၊ ညီအစ်ကိုကလည်း နှစ်ယောက်တည်းဆိုတော့ တို့သမီးလေး ကံကောင်းပါတယ်''

ကြီးကြီးနဲ့မမကြီးသည် ဝိုင့်ကို တကယ်ပင် လှိုက်လှိုက်လှဲလှဲ ကျေနပ်သဘောကျနေတော့ ကသော့ရင်ထဲက ကျေနပ်နေမှုသည် ဘယ်လောက်ထိ ရှိနေမလည်း ဆိုတာ ပြောတောင် မပြောပြတတ်တော့ပါဘူး။

ဝိုင်ကို ကသော့ဘက်ကတော့ ကျိန်းသေနေပါပြီ။ ဝိုင် ဖွင့်ပြောဖို့ပဲ လိုပါတော့သည်။ ဝိုင်သာ ဖွင့်ပြောရင် ကသော့ဘက်ကလည်း အဆင်သင့်ဆိုတာ ဝိုင့် မသိဘဲနေမှာ မဟုတ်ပါဘူး။ ဒါကို ဝိုင် ဘာလို့ ဖွင့်မပြောသေးတာလည်း ဆိုတာ စဉ်းစားလို့ မရပါဘူး။

''ညီမလေး''

''ရှင် မမကြီး''

''သက်သာသွားပြီမို့လား''

အတွေးလွန်နေစဉ် မမကြီး ရုတ်တရက် ခေါ်လိုက်တာကြောင့်





လန့်သွားရသည့်ကြားမှာ နောက်ဆက်တွဲ အမေးကြောင့် ကသော ဘာပြောရမှန်း မသိတော့ပါ။

''ပြောလိုက်လေ သမီးရဲ့၊ မမကြီး ကိုယ်ချင်းစာကြည့်ပါလားလို့''

''ဟင် ကြီးကြီးကလည်း''

''သမီးလေးကလည်း ဒါ ရှက်စရာ မဟုတ်ပါဘူး၊ ကြီးကြီးနဲ့ မမကြီးက ရှက်စရာလား''

''သူငယ်ချင်းတွေကလည်း စနေကြတာပဲ မဟုတ်လား''

''သူတို့က ဘယ်လိုမှ ပြောလို့မရလို့ မပြောတော့တာ ပြောရင် ပိုစကြရော၊ ဝိုင်နဲ့သမီးက တရားဝင်ချစ်သူ မဖြစ်သေးတဲ့အခါ ဝိုင့်ကို ရှက်တယ်''

''ဝိုင်ကလည်း သမီးကို စိတ်ဝင်စားနေတာ အသိသာကြီးပါ၊ ဖွင့်မပြောသေးဘူးဆိုတာလည်း သမီးလေး နေပုံထိုင်ပုံကို ကြည့်ပြီး ရှိန်နေမှာပေါ့၊ အဲဒါ တန်ဖိုးထားတာ သမီးရဲ့ ဂုဏ်ယူစမ်းပါ၊ ကြီးကြီးကတော့ သမီးလေးအတွက် အရမ်းကို စိတ်ချမ်းသာသွားပြီ''

''သမီးလည်း ဒီအတိုင်းပဲ ကြီးကြီး၊ ဝိုင့်ပုံစံလေးက ဆွဲဆောင်မှု အရမ်းရှိတာပဲနော်၊ သူ ဖွင့်ပြောပြီဆိုရင်လည်း အကြာကြီး အချိန်ဆွဲမထားနဲ့နော် ညီမလေး။ ကဲ ညီမလေး ထတော့ အခန်းထဲမှာ သွားနား



www.burmeseclassic.com

www.burmeseclassic.com



ရအောင်''

ကျေနပ်မှုတွေနဲ့ မမကြီး တွဲခေါ်ရာ ပါလာတော့ ကြီးကြီးက ပြုံးပြုံးကြီးနဲ့ ကျန်ခဲ့သည်။

■ ■ ■



အခန်း (၁၃)

''အမောင်''

''ပြောလေ မမ''

မမက ပိုင့်ရင်ခွင်ထဲကနေ မော့ကြည့်ပြီး

''မမကို ချစ်လားဟင်''

''အဲဒီလို ခဏ ခဏ မမေးပါနဲ့ မမရယ်''

''ဘာဖြစ်လို့လဲ''

''မမကိုချစ်တဲ့ အချစ်တွေက အမောင့် အသည်းနှလုံးထဲမှာ ဆံ့တော့ဘူး သိလား''

''အဲဒါနဲ့ ခဏ ခဏမေးတာ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ မမရဲ့၊ အမောင့်ရင်ထဲက အချစ်တွေကို ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ချင်နေပြီလေ၊ အဲဒီလို ခဏ ခဏ မေးနေတဲ့အခါ တကယ်ချစ်တဲ့ အကြောင်းကို လက်တွေ့ပြလိုက်ချင်ပြီ"

"ဘယ်လို လက်တွေ့ပြမှာလဲ"

"မမ"

"ဟင်"

"မမနဲ့ အတူတူနေချင်ပြီ မမရယ်"

"ဘုရားရေ ဘယ်လိုဖြစ်ရတာလဲ"

မမက ဗိုင့်ရင်ခွင်ထဲကနေ လှူးလဲထပြီး တအံ့တဩလေး မေးနေ၏။

"မမနဲ့ပတ်သက်ရင် အမောင် ဘယ်လောက် လောဘတွေကြီးတယ်ဆိုတာ မမ သိပါတယ်၊ မမ အကြောင်းပဲ တွေးပြီး ဘာမှလုပ်လို့ မရတော့ဘူး၊ စာထဲမှာလည်း စိတ်မဝင်စားဘူး၊ စာမေးပွဲကလည်း အရမ်းနီးနေပြီ"

"အမောင်ရယ် အဲဒီလောက်အထိ စိတ်ကို လွှတ်မပေးရဘူးလေ၊ စာမေးပွဲကို စိတ်ဖြောင့်ဖြောင့် ဖြေနိုင်အောင် ကြိုးစားပါ"

"အင်းပါ မမရယ်၊ ဒီနှစ်က နောက်ဆုံးနှစ်ဆိုတော့ အရေးကြီးတယ်၊ စာမေးပွဲပြီးရင် ကိုကြီးနဲ့ကြီးမေကို ဖွင့်ပြောလိုက်တော့မယ်"

ဗိုင် ပြောလိုက်သောအခါ မမ မျက်လုံးအပြူးသားလေးနဲ့

ဝိုး မိုး ၈၁၆၀



ကြည့်လာပြီး

"သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မလဲ အမောင်"

မမက စိုးရိမ်ပူပန်စွာ အသံတုန်တုန်လေးနဲ့ မေးလာတော့ ဗိုင် ဘာပြောရမှန်းကို မသိတော့ပါ။

ကြီးမေနဲ့ကိုကြီးသည် ဗိုင့်ကို သိပ်ချစ်တာ မှန်သော်လည်း မမနဲ့ သဘောတူလောက်သည်အထိတော့ ရှုရှုမိုက်မိုက်နဲ့ အလိုလိုက်မှာ မဟုတ်ပါဘူး။

ဒါတွေကို ဗိုင် ကြိုသိသလို မမလည်း သိမှာပေါ့။ ဒါကြောင့် မမက စိုးရိမ်တကြီးနဲ့ မေးနေခြင်း ဖြစ်သည်။

မျှော်လင့်တကြီး ကြည့်နေသော မမကို မနှစ်သိမ့်တတ် တော့စွာ မမ မျက်နှာလေးကို ဗိုင့်ရင်ခွင်ထဲမှာ အပ်ထားလိုက်သည်။

"အမောင်ရယ် တစ်နေ့နေ့မှာ ဒီလို ရင်ဆိုင်ကြရမယ်ဆိုတာကို သိရဲ့နဲ့ မမ မိုက်တာကိုး၊ မမ မိုက်ပြစ်တွေအတွက် ခံနိုင်ပေမယ့် အမောင့်ကိုတော့ မခွဲနိုင်ဘူး"

"ဘာတွေပြောနေတာလဲ မမရယ်၊ အမောင့်ကိုရော ဘာလို့ ခွဲရမှာလဲ"

"အမောင် စိတ်ဆင်းရဲမယ့် စကားတွေ မမ မပြောချင်ပါဘူး၊ မမ ရင်တွေ ပူလောင်နေပြီ"

ဝိုး မိုး ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



မမက ဝိုင့် ညာဘက်လက်ကလေးကို ယူပြီး သူမ ရင်ဘတ်ပေါ် တင်ပေးတော့ ဝိုင် မခံစားနိုင်တော့စွာ မမကို တင်းတင်းကြပ်ကြပ်ပင် ပွေ့ဖက်ထားလိုက်သည်။

မမနဲ့ဝိုင်သည် တစ်ယောက်နဲ့တစ်ယောက် တကယ်ကို သန့်သန့်စင်စင်နဲ့ ချစ်ကြတယ်ဆိုတာ မမနဲ့ဝိုင်ပဲ သိပါတယ်။ ဝိုင့်ဘက်က ကြည့်ရင် ယုံကြည်နိုင်စရာ ရှိပေမယ့် မမဘက်က ကြည့်ရင်တော့ ဘယ်နှယောက်ကို ပြောပြပြ ရယ်စရာပဲ ဖြစ်မှာပါ။

ဘယ်သူယုံယုံ မယုံယုံ ဝိုင်ကတော့ အကြွင်းမဲ့ ယုံပါသည်။ ဝိုင့်ကို သိပ်ချစ်သော မမသည် ဝိုင်အကြောင်း၊ ဝိုင့်အသိုင်းအဝိုင်းနဲ့ ပတ်သက်တာ မှန်သမျှ တစ်လုံးမှ မမေးဘူးပါ။

သူမဘာသာ စုံစမ်းကောင်း စုံစမ်းထားရင် ထားမယ်ပေါ့။ ဘာပဲဖြစ်ဖြစ် မမ ဝိုင့်ကို ချစ်သည့်အချစ်က သန့်စင်တယ်ဆိုတာကတော့ ဝိုင် ဘာလို့ ယုံနေလည်း မသိပါ။

"မမ"

မမက ဝိုင်ရင်ခွင်ထဲကနေ အသံမထွက်ဘဲ ထူးနေသည်။

"မမနဲ့အမောင် စချစ်တဲ့နေ့က ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ကျော်လွှားနိုင်အောင် ကြိုးစားပါမယ်လို့ သစ္စာပြုထားကြတာ မေ့နေပြီလား"





"မမေ့ပါဘူး နှလုံးသားထဲကို မှတ်မိနေပါတယ်၊ ဒါပေမယ့် အားနည်းချက်ရှိတဲ့ မမဘက်က စိုးရိမ်မိတာ အပြစ်လား အမောင်ရယ်"

"ဟင့်အင်း မမမှာ ဘာအပြစ်မှ မရှိဘူး။ မမကိုလည်း အပြစ် ပြောတာ မဟုတ်ပါဘူး"

"အဲဒါဆို မမ မေးတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ အမောင်"

"ဘာကိုလဲ အမောင့်ဘက်က သဘောမတူနိုင်ရင် ဘာလိုလုပ်မလဲ မေးတာကိုလား"

"ဟုတ်တယ် အမောင့်မိဘတွေအနေနဲ့ ကျိန်းသေ သဘောမတူဘူးဆိုတာ မမ သိတယ်၊ သူတို့ကိုလည်း နားလည်ပါတယ်၊ အမောင်လည်း မမကို သိပ်ချစ်တာ သိတော့ တက်ခုခု ကြိုးစားမယ်ဆိုတာ သိတယ်"

"သိရဲ့သားနဲ့ ဘာလို့ မေးရတာလဲဟင်"

"စိုးရိမ်လို့ပေါ့ ခွဲပစ်လိုက်ပြီး အမောင့်ကို ပိတ်လှောင်ထားရင် ဘယ်လိုလုပ်မလဲ"

မမ စိုးရိမ်ပုံလေးကို သနားလည်းသနား၊ ရယ်လည်း ရယ်ချင်သွားမိသည်။

"ဒီနေ့တော့ မမ မမေးပေမယ့် အမောင့်အကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်''

''ချစ်ရတဲ့ အမောင့်အကြောင်းကို မမ စိတ်ဝင်စားပါတယ်''

''ဒါဆို ပြောပြမယ်နော်၊ မောင့်မှာ ငယ်ငယ်လေးထဲက မှတ်မှတ်ရရနဲ့ တိတိကျကျ ပြောရမယ်ဆိုရင် ၁၂ နှစ်ကျော်ကတည်းက အဖေနဲ့အမေက ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ်၊ မောင့်ထက် ၁၀ နှစ်ကြီးတဲ့ အစ်ကိုကြီးရယ်၊ ကြီးတော်ကြီးရယ်ကပဲ အမောင့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့ရပြီး သူတို့က အမောင့်ကို သိပ်ချစ်ကြတယ်၊

ကိုကြီးက အမောင့် မိဘတွေ ထားခဲ့တဲ့ ဘီစကစ်စက်ရုံကိုပဲ ဆက်လက် ဦးစီးတယ်၊ အမောင့်ကိုတော့ ဝါသနာပါတာ စိတ်ကြိုက်လုပ်ခွင့် ပေးထားတာတောင် စိတ်ဝင်စားမှ လုပ်တဲ့၊ စိတ်မဝင်စားသေးရင် ကြိုက်သလိုနေခွင့် ပေးထားတယ်''

''အမောင့် ကိုကြီးက အမောင့်ကို သိပ်ချစ်တာပဲနော်''

''ဟုတ်တယ်၊ အမောင်ကလည်း ချစ်တယ်၊ ချစ်တာကို အခွင့်အရေးယူလို့ မဟုတ်ပေမယ့် ပြောရမှာတော့ အမောင့်ဘက်က အပိုင်ပဲလေ၊ မမ ဘာမှ စိတ်ဆင်းရဲမနေနဲ့၊ ကိုကြီးတို့ဘက်က အမောင့်ကို သိပ်ချစ်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုမှာကို ကန့်ကွက်ချင် ကန့်ကွက်မယ်၊ အကောင်းဆုံးဖြစ်အောင်တော့ အတတ်နိုင်ဆုံး ကြိုးစားမယ်''





''အမောင်''

''ပြောလေ မမ''

''အခု မပြောပါနဲ့ဦးနော်၊ စာမေးပွဲပြီးမှ ပြောပါ''

''အင်းပါ အခုပြောရင် အမောင့်ကို မမနဲ့ ပေးမတွေ့တော့မှာစိုးလို့လား''

''ဟုတ်တယ် အမောင်၊ မမ အမောင့်ကို လုံးဝ မခွဲနိုင်ဘူး''

''အမောင်ကလည်း မခွဲပါဘူး မမရယ်''

ထို့နောက်မှာတော့ မမနဲ့ဝိုင်သည် တစ်ယောက်နဲ့တစ်ယောက် လွတ်ထွက်သွားမှာစိုးသည့်အလား ပွေ့ဖက်ထားကြသည်။

''စာလည်း ဖတ်ဦးနော်၊ နောက်ဆုံးနှစ်ဆိုတော့ ဖိကြိုးစားလိုက်ပါ အမောင်ရယ်''

''ကျောင်းစတက်ကတည်းက စာမေးပွဲဖြေတိုင်း တက်တက်ကြွကြွနဲ့ စာမေးပွဲ ဖြေနိုင်ခဲ့တယ်၊ တစ်ခါမှ အခုလို စာကျက်လို့ မရဘူးဆိုတာ မရှိခဲ့ဘူး။ အဲဒါ ဘာဖြစ်လို့လဲ သိလား မမ''

မမက တကယ်ပင် ရှုံ့ရှုံ့သားသားလေး ခေါင်းခါပြနေ၏။

''တစ်ခါဖူးမှ မမလို မချစ်ဘူးတာကိုး''

ဒီတော့မှ မမ သဘောပေါက်သွားပြီး ပြုံးပြုံးလေး လုပ်နေ၏။ ဝိုင့်မျက်စိထဲမှာတော့ မမဟာ ဘယ်လိုနေနေ လှနေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမမှာရော မိဘတွေ မရှိဘူးလားဟင်"

"အဖေကတော့ အမောင့်လိုပဲ မမ ငယ်ငယ်လေးတည်းက ဆုံးသွားတာ၊ အမေကလည်း မမအသက် ၁၉ နှစ်မှာ ဆုံးသွားတော့ တစ်ဦးတည်းသော သမီး မမမှာ ညီမက မွေးတဲ့ ညီမဝမ်းကွဲတစ်ယောက်နဲ့ပဲ တစ်ယောက်ကိုတစ်ယောက် အဖော်ပြုပြီး နေကြတယ်"

"အမောင်နဲ့ လက်ထပ်ပြီးရင် မမ ညီမကို တစ်ယောက်ထဲ ထားခဲ့လို့ ဖြစ်ပါ့မလား"

"မမကို အမောင့်အိမ်က လက်ခံပါစေဦး"

မမ ပြုံးပြုံးလေးနဲ့ ပြောနေပေမယ့် အသံကတော့ ကြေကွဲသံ ပေါက်နေသည်။

"အိမ်က လက်မခံရင် မမ လက်ခံမှာပေါ့နော်"

"အမောင်နဲ့ မမကို ခွဲမထားရင် ကျေနပ်ပြီ၊ မမက အမောင် လိုက်နေမှာ ပိုတောင် ကြိုက်သေးတယ်၊ နောက်ဆုံး အမောင်ရယ် အချစ်အတွက်ကြောင့် မိုက်ရူးရဲဲကား ပြောတာ မဟုတ်ဘူး၊ အမောင့်ကို မမ လုပ်ကျွေးမယ်"

"ဘာလုပ်ကျွေးမှာလဲ၊ မမက ဈေးလည်း မရောင်းတတ်ပါဘူး"

"အဲဒီအခါကျတော့ ရောင်းတတ်အောင် ရောင်းရမှာပေါ့ အမောင်ရယ်"





"မမက ဈေးရောင်းပြီး အမောင်က အိမ်လွှတ် ထိုင်စားရမှာ လား"

"အင်းပေါ့ လောလောဆယ် အမောင်က ဘာမှ မလုပ်တတ် သေးဘူးလေ၊ နောက်တော့လည်း နှစ်ယောက်သား မောင်တစ်ထမ်း မယ် တစ်ရွက် လုပ်ကြတာပေါ့"

"မမရယ် အမောင် ချစ်အောင် ဒီပါးစပ်လေးက သိပ်ပြော တတ်တာပဲ၊ မမ ဈေးရောင်းစရာ မလိုပါဘူး၊ အမောင် ယောကျ်ားပဲ အမောင် လုပ်ကျွေးမှာပေါ့"

"မစားရက်ပါဘူးရှင်၊ ချွေးပေါ်မြတင် သူဌေးသားလေးရဲ့ လုပ်စာ ကို"

"မမရယ် သူဌေးသားလည်း သူ့အကြောင်းက ဖန်လာတော့ လုပ်သင့်ရင် လုပ်ရမှာပဲ"

"ကဲပါ အဲဒါက နောက်ပါ၊ လောလောဆယ် စာကျက်ဦး၊ စာမေးပွဲ ဖြေနိုင်ဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ မမရယ်"

ဒီတစ်ခါတော့ မမ ရင်ခွင်ထဲကို ဝိုင်က မှီချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

စာမေးပွဲဖြေဖို့ နီးကပ်လာပြီဖြစ်တဲ့အတွက် ကသာ စာတွေ ဖိကျက်နေမိသည်။ ဝိုင်လည်း စာကျက်နေလား။ ဝိုင်နဲ့ နေ့စဉ် မတွေ့ ဖြစ်သည့်အတွက် သတိရနေမိသည်။ ဝိုင်ရော ကသာ့ကို သတိရရဲ့လား။ စာမေးပွဲပြီးသွားရင် ကသာတို့ အရင်လို တွေ့ဖြစ်ကြမှာ မဟုတ်တော့။ ဝိုင် ကသာ့ကို ဘာဖြစ်လို့ ချစ်တယ်လို့ ဖွင့်မပြောသေးတာလဲ ဆိုတာ စဉ်းစားမရ ဖြစ်နေသည်။

သူငယ်ချင်းတွေကတောင် သူတို့ မသိဘဲ တိုးတိုးတိတ်တိတ် များ ကြိတ်ချစ်နေပြီလားလို့ မယုံသလို မေးနေကြပြီ။

ကသာ့ကို ချစ်တယ်လို့ ပြောဖို့များ ဝိုင် ဘယ်လောက်အထိ စဉ်းစားနေတာလဲ။





ကသာ စာအုပ်လေး ရှေ့ချပြီး စိတ်ကူးယဉ်နေစဉ် ပပ ရောက်လာတော့ အံ့သြသွားသည်။

"ဟင် ပပ ဘယ်လိုဖြစ်လာတာလဲ"

တအံ့တသြ မေးလိုက်သော ကသာ့ကို ပပက မျက်စောင်းထိုး ကြည့်ပြီး

"ဘာကို ဘယ်လိုဖြစ်ရမှာလဲ၊ လာလည်တာလေ"

"အံ့သြလို့ပါဟယ်"

"လာလည်တာနဲ့ အံ့သြစရာလား"

"မဟုတ်ပါဘူးဟယ်၊ စာမေးပွဲနီးနေတော့ လာမယ်မထင်လို့ပါ။ ခါတိုင်းဆို ကြိုပြီး ဖုန်းဆက်တယ်လေ"

"လမ်းကြုံလို့လေ၊ သန္တာအဒေါ်အိမ် သွားရင်း လှည့်ဝင်လာတာ၊ သန္တာလည်းပါတယ်"

"ဟုတ်လား ဘယ်မှာလဲ"

"လာပါပြီရှင် လာပါပြီ"

သန္တာ ပြောင်စပ်စပ်နဲ့ ပြောပြီး ဝင်လာနေသည်။

"ဒီမိန်းမက ငါတို့လာလို့ ပြုံးတုံးပြတဲ ဖြစ်နေတယ်"

"ဟုတ်လား ဘာလဲ လာတာ မကြိုက်ဘူးဆိုတဲ့ အထာလား"

"မဟုတ်ရပါဘူးဟယ်၊ နင်တို့လာတာ ငါ ဝမ်းတောင် သာသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဟုတ်လို့လား ဓောဓောက ဘာတွေ စိတ်ကူးယဉ်နေတာလဲ ပြောစမ်း''

''စာဖတ်နေတာ မတွေ့ဘူးလား''

''စာအုပ်ကြီး ရှေ့ချပြီး စိတ်ကူးယဉ်နေတာများ။ သေသေချာချာ တွေ့တာကို ငြင်းနေရသေးတယ်''

ပပ ပြောင်ပင် ပြောလိုက်တော့ ကသာ ရှက်သွားပြီး ပပ လက်မောင်းကို လှမ်းထုလိုက်ပါသည်။

''တွေ့လား သန္တာ၊ ရှက်ရမ်းရမ်းနေတယ်''

သန္တာ ရယ်လိုက်ပြီး

''ဒါနဲ့ စာတွေ ပိုင်နေပြီ မဟုတ်လား''

''အေးအေးဆေးဆေးပါ၊ ငါ့ကျ ပြောတယ်၊ နင်တို့လည်း ပိုင်လို့ လျှောက်လည်နေတာ မဟုတ်လား''

''ဒါပေါ့''

နာရီဝက်လောက် စကားပြောပြီးတော့ သန္တာနဲ့ပပ ပြန်သွားကြသည်။ သူငယ်ချင်းတွေ ပြန်သွားတော့မှ စိတ်ကူးယဉ်ရင်း အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

■ ■ ■





ကျွန်မ ပြန်ပြောပြသော အကြောင်းတွေကို နားထောင်ပြီး မေသီ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

''ဝိုင်က မမကို တကယ်ချစ်တာပါ''

''ဟုတ်တယ် မေသီ၊ သူ ငါ့ကို တကယ်ချစ်တယ်ဆိုတာ ငါ ယုံတယ်၊ ငါလည်း သူ့ကို တကယ်ချစ်တယ်၊ သူကလည်း ငါ့ကို ယုံတယ်''

''မေသီလည်း ယုံပါတယ်၊ ဘာလို့လည်း ဆိုတော့ ဝိုင့်ကို တကယ်ချစ်လို့လည်း မမက အားလုံးကို ဘာတစ်ခုမှ မမက်မောဘဲ ယတိပြတ် ဖြတ်လိုက်နိုင်တာပေါ့''

''အချစ်ဆိုတာ ပေါကြောင်ကြောင်အလုပ်လို့ ငါ ထင်ခဲ့တာ မှားတာပဲ၊ တကယ်တော့ အချစ်ဆိုတာ အရာအားလုံးထက် တန်ဖိုးကြီးတယ်ဟ''

''ဟုတ်လား''

တကယ်တော့ ကျွန်မရဲ့ တစ်ဦးတည်းသော ဆွေမျိုးရင်းချာ ညီမဝမ်းကွဲ မေသီသည် အသက်သာ ၁၈ နှစ်ရှိပြီး အချစ်နဲ့ပတ်သက်ပြီး ဘာမှ နားလည်သေးသူ မဟုတ်ပါ။

ရုပ်ကလေး မှုံနေအောင် ချောသော်လည်း ငယ်ငယ်တည်းက မိဘမဲ့ခဲ့သော မေသီကို ဖေဖေနဲ့မေမေကပဲ ကျွန်မအဖော်ရအောင် မွေးစားခဲ့သည်။ ရှက်တတ်ကြောက်တတ်သော မေသီသည် ရှစ်တန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်မှာပင် ဘယ်လိုမှ ကျောင်းထားလို့ မရတော့ပါ။

ဖေဖေဆုံး မေမေပါ ဆုံးပြီးသည့်နောက်မှာတော့ တစ်ဦးတည်းသော အားကိုးဖော် ကျွန်မကိုသာ အားကိုးပြီး ကျွန်မရဲ့စားရေးသောက်ရေး ဝေယျာဝစ္စ အားလုံးကို သူတစ်ယောက်တည်း ဒိုင်ခံလုပ်ပေးအေး

စာအုပ်အငှားဆိုင်ကလွဲရင် ဘယ်ကိုမှ မသွားသော မေသီသည် ကျွန်မအတွက်တော့ အဖော်ကောင်းဖြစ်သလို အကြံဉာဏ်ကောင်းတွေလည်း ပေးတတ်သည်။

မေသီက ကျွန်မရဲ့လုပ်ရပ်တွေကို မကြိုက်ပေမယ့် သူကိုယ်တိုင်ကလည်း ကျွန်မကို အားကိုးနေရသောသူမို့ မတားသာခဲ့ရာက အခု အမောင်နဲ့ကိစ္စကို ပြောပြတော့ သူ အရမ်း ကျေနပ်နေသည်။

"မေသီ"

"ရှင် မမ"

"နင်က ဝတ္ထုတွေ ဒီလောက်ဖတ်ပြီး အချစ်ဆိုတာကို နင် နားမလည်ဘူးလား"

"စာအုပ်ဖတ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဟဲ့ နင် ဖတ်နေတဲ့ ဝတ္ထုတွေထဲမှာ အချစ်အကြောင်းတွေ မပါဘူးလား"

"ပါတာပေါ့"





"ပါရဲ့သားနဲ့များ ဘာနားမလည်စရာလဲ"

"ဝတ္ထုဖတ်တာနဲ့ နားမလည်ဘူး မမရဲ့၊ ကိုယ်တိုင်ကြုံတွေ့မှ နားလည်တာ၊ မမလိုပေါ့"

"ဒါနဲ့ နင့်ကို ကြိုက်တဲ့ ကောင်လေးတွေ မရှိဘူးလား"

"အများကြီး"

"အဲဒီ အများကြီးထဲက တစ်ယောက်ကိုမှ နင် မကြိုက်ဘူးလား"

"မကြိုက်ပေါင်"

"ဘာလို့ မကြိုက်တာလဲ"

"ဟော ဘယ်သိမှာလဲ မမကလည်း"

"ရုပ်မချောလို့လား"

"ချောတဲ့ကောင်လေးတွေ အများကြီး၊ ခံစားလို့ကို မရတာ"

"အေး ငါလည်း ဒီလိုပဲ၊ စိတ်ချ တစ်နေ့မှာ နင့်အသည်းနှလုံးကို ထိမယ့်သူ တစ်ယောက် မဖြစ်မနေကို တွေ့လာလိမ့်မယ်၊ အဲဒီတော့မှ မမ ပြောတာ ဟုတ်ပါလားလို့ မပြောနဲ့"

မေသီက ပြုံးစိစိ လုပ်နေသည်။

"မမ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်က အင်းယားလမ်းမှာနေတဲ့ ဦးတက်တိုးကြီး ဖုန်းဆက်တယ်၊ မမ ပြောနိုင်းတဲ့အတိုင်း မေသီ အပြတ်ပြောလိုက်တော့ သူ မယုံဘူးတဲ့၊ မမကို ထပ်ဖုန်းဆက်မယ် တဲ့"

"ဆက်ပစေပေါ့"

"အရမ်းကြီး တင်းတင်းမာမာတော့ မပြောပါနဲ့ မမရယ်၊ တော်ကြာ အငြိုးတွေထားပြီး မစားရတဲ့အမဲ သဲနဲ့ပက်ရင် ဝိုင်နဲ့မမရဲ့ ရှေ့ရေးက အရေးကြီးတယ်လေ"

"ဟုတ်တယ် မေသီ၊ ဝိုင်ကလေ အရမ်းသနားဖို့ ကောင်းတာပဲ၊ သူ့လို အခြေအနေမျိုးနဲ့ ငါ့လို မိန်းမမျိုးကို စိတ်ကူးယဉ်စရာတောင် မလိုဘူး၊ ငါဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သူ့အပေါ် သစ္စာရှိရင် ပြီးရောဆိုတဲ့ ပုံစံနဲ့နေတာ"

"အဲဒါကြောင့် မေသီ ပြောတာပေါ့"

"ငါလေ ဒီလို သိပ်ချစ်တဲ့ ချစ်သူတစ်ယောက် ရှိလာလိမ့်မယ် မှန်းသိရင် အစတည်းက သမာအာဇီဝ အလုပ်တစ်ခုကို လုပ်ပါတယ်"

"မမရယ် ပြီးတာတွေလည်း ပြီးခဲ့ပါပြီ၊ ဘာလို့ စိတ်မကောင်းစရာတွေ ပြောနေတာလဲ"

"ဝိုင့်ဘက်က တွေးပြီး စိတ်မကောင်းလို့ပါဟယ်"

ပြောရင်းနှင့်ပင် မျက်ရည်တွေသည် ကျွန်မ ပါးပြင်ပေါ်သို့





တားဆီးမရအောင် ကျလာပါသည်။

"ဘာလို့ ငိုနေရတာလဲ မမရယ်၊ မမလည်း ကောင်းအောင်နေနေပြီပဲ၊ ဝိုင်ကလည်း မမကို အပြစ်မှ မယူတာ၊ သူလည်း သိနေတာပဲ၊ သူ့ကိုယ်သူ ခွင့်လွှတ်နိုင်မယ်ထင်လို့ ဆုံးဖြတ်ချက်ချခဲ့တာပေါ့၊ အရေးကြီးတာက မမကို ဆက်သွယ်လာတဲ့ သူတွေကို တောင်းပန်ပြီး သနားအောင်ပြောပြ၊ သူတို့ကိုတော့ ကလန့်သွားမပြောနဲ့၊ ယောကျ်ားဆိုတာကြောက်ဖို့ကောင်းတယ် မမရဲ့၊ ဦးတက်တိုး ဖုန်းဆက်ရင် ကောင်းကောင်းပြောနော်၊ ဦးတက်တိုးတင် မဟုတ်ပါဘူး ဘယ်သူ့ကိုပဲဖြစ်ဖြစ် အောက်ကျို့ခံပြီး ပြောတာ ကိုယ့်အတွက် အကျိုးရှိမယ့် အလုပ်ပါ မမရယ်၊ ကဲ မေသီ စာအုပ်သွားငှားလိုက်ဦးမယ်နော်"

မေသီက ပြောပြောဆိုဆိုနဲ့ စာအုပ်လေး ချိုင်းကြားညှပ်ပြီး ထွက်သွားတော့၏။

ဟုတ်ပါတယ် မေသီ ပြောသလို ဝိုင်လည်း ခွင့်လွှတ်နိုင်မယ် ထင်လို့ ဆုံးဖြတ်ခဲ့သလို ကျွန်မလည်း ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချပြီးသားပဲ။ ကျွန်မ ဘာတွေ တွေးနေစရာလိုလဲ။ ဖြစ်လာမယ့် အခြေအနေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်ရုံပေါ့။

အမောင့် ကိုကြီးနဲ့ ကြီးမေဘက်က ကြည့်ရင်တော့ ကျွန်မလို မိန်းကလေးမျိုးနဲ့ သူတို့ကူ သူတို့ ညီလေးကို ဘယ်သဘောတူနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူတို့ဘက်ကတော့ တရားပါတယ်လေ။

တကယ် လက်တွေ့ ဆုံးဖြတ်ချက်ချရမယ့်သူက အမောင်ပဲ။ အမောင်ဟာ ကျွန်မအပေါ် ဘယ်တော့မှ ရက်စက်မှာ မဟုတ်ဘူးလို့ သိနေတော့ မေသီ ပြောသလို စိတ်ကိုလျှော့ချလိုက်ပါသည်။

"ဂျောင်း ဂျောင်း"

တံခါးကို သော့အိမ်နဲ့ ခေါက်လိုက်သံ ကျယ်ကျယ်လောင်လောင်ကြောင့် ကျွန်မ လန့်ပြီး ကြည့်လိုက်သည်တွင် လိပ်ပြာပင် လွင့်စဉ်မတတ်ဖြစ်သွားတာကတော့ ဦးတက်တိုးဆိုသော အရင်က ကျွန်မနားမှာ ရှိသည့် လူကြီးသည် တံခါးဝမှာ မားမားကြီး ရပ်နေပါသည်။

"ချစ်လေး ဘာကြည့်နေတာလဲ၊ အစ်ကိုကြီးကို တံခါးဖွင့်မပေးတော့ဘူးလား"

အာလေးလျှာလေးနဲ့ အော်နေသော အသံသည် ဘီယာတွေ အလွန်အကျွံ သောက်ထားပြီဆိုတာ သိသာနေ၏။

"ဟေ့ ဘာကြောင့်ကြည့်နေတာလဲ၊ ခရီးနှစ်ပတ်လောက် သွားလိုက်တာနဲ့ မမှတ်မိတော့လို့လား၊ ဒါမှမဟုတ် စိမ်းကားသွားတာလား။ မဟုတ်သေးရင် အသစ်တွေ့သွားလို့လား။ အသစ်တွေ့တာလောက်နဲ့တော့ အစ်ကိုကြီးက အပြစ်မမြင်ပါဘူး၊ ဘာလို့လဲဆိုတော့ ချစ်လေးကို ချစ်တဲ့ အချစ်တွေက ဖုံးနေလို့ပေါ့ ဟား ဟား ဟား"





ဦးတက်တိုးသည် ဘီယာမူးနေသော အသံကျယ်ကြီးနဲ့ အော်ပြောပြီးနောက် တဟား ဟားနဲ့ အော်ရယ်နေသည်။ ကျွန်မက တစ်ခုခု ပြောဖို့ ပြင်ပြီးမှ မေသီ ပြောတာကို သတိရသွားပြီး မျက်နှာချိုသွေးလိုက်ကာ

"မေသီ သော့ယူသွားတယ်"

"ဟုတ်လား ဒါဆို စောင့်မှာပေါ့"

ပြောပြောဆိုဆို ဦးတက်တိုးက သူ့ခန္ဓာကိုယ် ဝဝကြီးနဲ့ တံခါးကို မှီချပြီးထိုင်နေ၏။

"ဦးတက်တိုး ကျွန်မ တောင်းပန်ပါတယ်၊ ပြန်ပါရှင်"

"ဘယ်လို ဦးတက်တိုး ဟုတ်လား"

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ လူကြားလို့လည်း မကောင်းပါဘူး၊ အချိန်လည်း မရှိတော့တဲ့အတွက် ဦးတက်တိုး ပြန်ပါ"

"ဩော် ချစ်လေးက အချိန်တွေ နာရီတွေပါ ပြောနေပြီပေါ့၊ ဘာလဲ စိမ်းကားတဲ့ သဘောလား၊ အစ်ကိုကြီးကိုတော့ အဲဒီလို မလုပ်နဲ့နော်၊ ကိုကြီးက အချစ်လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ အချစ်လေး သိပါတယ်၊ ကိုကြီးနဲ့ အချစ်လေး ဆိုတာလည်း ဒီပတ်ဝန်းကျင် တစ်ခုလုံး သိပြီးသားပါ၊ အခုမှ လူကြားကောင်းတာတွေ ဘာတွေ ပြောမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးတက်တိုးရဲ့ အပြောတွေနဲ့ ခပ်ကျယ်ကျယ် အသံကြောင့် ကျွန်မ စိတ်ကို ဒီထက်ပိုပြီး မရှည်နိုင်တော့ပါ။

"ဒီမှာ ဦးတက်တိုး၊ ကျွန်မ ကောင်းကောင်းမွန်မွန် တောင်းပန်နေတာပါ၊ ရှင် မမူးတဲ့အချိန် လာခဲ့၊ ရှင့်ကို ပြောစရာတွေ ရှိတယ်"

"အခုလည်း မမူးပါဘူး၊ ပြောပါ အစ်ကိုကြီး နားထောင်ချင်လို့"

"မပြောဘူး ရှင် ပြန်ပါတော့"

"မပြန်ဘူးကွာ"

ကျွန်မ စိတ်ရှိလက်ရှိသာ လုပ်ပစ်ရရင် ရှုပ်ကုန်တော့မည်။ လူကိုကြည့်တော့ ခေါင်းငိုက်စိုက်ကာ မဟန်နိုင်အောင် မူးနေပြီ။ တစ်ရပ်ရွာ ပြဿနာဖြစ်ကြရင် ဒီလူကြီးနဲ့ကျွန်မ တွဲနေတာကို သိသော ဒီပတ်ဝန်းကျင်ကလူတွေအားလုံးသည် ကျွန်မကိုပဲ ကျိန်းသေ အပြစ်ပြောကြမှာပါ။ ဒီတော့ ကျွန်မ ဘာလုပ်ရမလဲ၊ မေသီ မြန်မြန်လာပါစေပဲ ဆုတောင်းနေမိသည်။

"ဒီမှာ ဦးတက်တိုး လောလောဆယ် ရှင်နားလည်အောင် ကျွန်မ တစ်ခု ပြောလိုက်မယ်"

"ဦးတက်တိုးလို့ မခေါ်စမ်းပါနဲ့ကွာ၊ နားခါးလို့ပါ၊ အရင်လိုပဲ အစ်ကိုကြီးလို့ ခေါ်စမ်းပါ၊ အချစ်လေးက လိမ္မာပါတယ်"





"မခေါ်နိုင်ဘူး ဦးတက်တိုး၊ ကျွန်မကလည်း ရှင်ထင်တဲ့ လူလွန်းပို မဟုတ်တော့ဘူး"

"ဆက်ပြောပါဦး"

"ဆက်ပြောရမယ်ဆိုရင် ရှင် ကျွန်မကို တစ်သက်လုံးကို မေ့လိုက်ပါတော့ ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်တော့ဘူး"

"ဟာ ဟ ရယ်စရာကောင်းလိုက်တာကွာ၊ ဆိုစမ်းပါဦး အကြောင်းအရင်းလေးကို"

"ကျွန်မ လက်ထပ်တော့မလို့"

"ဘာ"

ဦးတက်တိုး အော်လိုက်သည့်အသံကြီးသည် ကျွန်မနားနှစ်ဖက် ကွဲသွားမလားတောင် ထင်ရပါသည်။

"လက်ထပ်မလို့"

"ဟုတ်တယ်"

"ဟား ဟား ဟား"

"ဘယ်လိုတွေ ဖြစ်နေကြတာလဲ"

မေသီ ရောက်လာတော့ မျက်နှာပျက်ပျက်နဲ့ ပြောတော့ ကျွန်မ ဝမ်းသာသွားသည်။

"အန်ကယ် ထပါရှင်၊ လူမြင်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မေသီ သမီး ပြောပါဦး သမီး အစ်မကို"

"အန်ကယ် အရက်တွေ မူးနေပြီ ပြန်ပါတော့ရှင် နောက်နေ့ကျမှ အန်ကယ်လာခဲ့ပါနော်"

"သမီးအစ်မ လက်ထပ်တော့မယ်တဲ့"

"ဟုတ်တယ် အန်ကယ်၊ မမ လက်ထပ်တော့မှာပါ၊ မမကိုလည်း သိပ်ချစ် မမကလည်း သိပ်ချစ်တဲ့ လူတစ်ယောက်နဲ့ တည်တည်တံ့တံ့ လက်ထပ်တော့မှာကို အန်ကယ့်အနေနဲ့ သမီးချင်း ကိုယ်ချင်းစာပြီး ဝမ်းမြောက်ဝမ်းသာ လက်ခံပေးသင့်ပါတယ်"

မေသီရဲ့ လေအေးလေးနဲ့ ဖျောင်းဖျမှုအောက်တွင် ဦးတက်တိုး စကားတစ်လုံးမှ မပြောတော့ မေသီက ကျွန်မကို မျက်စပစ်ပြပြီး ဆက်ပြောနေသည်။

"အန်ကယ်ပဲ စဉ်းစားကြည့်ပါ၊ မမနဲ့ မေသီဟာ အန်ကယ့်သမီးတွေ အရွယ်ပဲ ရှိပါတယ်၊ အန်ကယ်ကလည်း လူကြီးလူကောင်းတစ်ယောက်ပါ၊ ဥပမာ ဆိုကြပါစို့ အခုလို အော်ဟစ်ပြီး သောင်းကျန်းနေရင် နောက်ဆုံး ရလဒ်က အန်ကယ် အချုပ်ထဲရောက်သွားလိမ့်မယ်"

ထိုအခါကျတော့ ဦးတက်တိုးက မျက်လုံးပြူးကြီးနဲ့ ကျွန်မနဲ့ မေသီ့ကို တစ်လှည့်စီ မော့ကြည့်ပြီး သူ့ခန္ဓာကိုယ်ကြီးမှ အားမနာဖျတ်ခနဲ ထရပ်လိုက်သည်။





"ဒါဟာ အန်ကယ့်ကို ခြိမ်းခြောက်နေတာ မဟုတ်ပါဘူး၊ မိန်းမကလေးတစ်ယောက်ကမှ လက်မခံပါဘူးဆို အတင်းဝင်လို့ ဖြစ်မလား၊ နောက်ပြီး အန်ကယ်က အရက်မူးနေတဲ့လူလေ"

"တော်တော့ မေသီ၊ နောက်ဆုံးတော့ နင်လည်း နင့်အစ်မလိုပဲ ငါ သွားမယ်၊ အေး ကျေကျေနပ်နပ်နဲ့တော့ သွားတာ မဟုတ်ဘူးနော်၊ ဒီမှာ လှလွန်းပို မနက်ဖြန်ကို နင်နဲ့ဆွေးနွေးစရာ ရှိတယ်"

"ရပါတယ်ရှင် ရှင့်ကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

စောစောကတော့ ခေါင်းတောင် မထူနိုင်အောင် မူးနေသော လူကြီးသည် အခုတော့လည်း လူကောင်းတစ်ယောက်အတိုင်းပင် လှေကားထစ်တွေကို ခပ်မှန်မှန်နင်းပြီး ဆင်းသွားသည်။

"ဟူး"

အခုမှပင် ကျွန်မသက်ပြင်းချနိုင်သလို မေသီလည်း တံခါးပိတ်ပြီး စိတ်မောလူမောနဲ့ ဆိုဖာတစ်လုံးပေါ် ထိုင်ချလိုက်သည်။

"ဒီရန်တော့ အေးမယ် မထင်ဘူး မေသီ"

"မမကလည်း ဒီလူကြီးရဲ့အထာကို သဘောမပေါက်ဘူးလား"

"ဟင့်အင်း"

တကယ်ပင် နားမလည်သလို မေသီ့ကို ကျွန်မ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူက သူ့သိက္ခာကို အရမ်းတန်ဖိုးထားတယ် မမရဲ့"

"အဲဒါဆို ဘာလို့ဒီလို အလုပ်မျိုးတွေ လာလုပ်ရလဲ"

"မမရယ် ရမလားလို့ပေါ့၊ အခု မရမှန်းလည်း သိတဲ့အပြင် နည်းနည်းလောက် ခြိမ်းခြောက်လိုက်တော့ ခွဲထူရင်တောင် ထမရတဲ့ ဝက်ခန္ဓာကိုယ်က လှစ်ခနဲ ထပြေးသွားတာ မတွေ့ဘူးလား"

အခုမှ ကျွန်မ တွေးပြီး ပြုံးလိုက်သည်။

"ငါလေ အရင်ကဆို ဘယ်သူ ဘာပြောပြော ဂရုမစိုက်ဘူး။ လူတွေကိုလည်း ရှိတယ်လို့ မထင်ဘူး၊ အခု ဦးတက်တိုး လာရမ်းတော့လေ တခြားအခန်းတွေ ကြားမှာ အရမ်းစိုးရိမ်ပြီး ထူပူနေတာပဲ"

"ဝိုင် ပြန်သိမှာစိုးလို့ မဟုတ်လား"

"ဟုတ်တယ် မေသီ"

"အဲဒါပဲလေ မမ တဖြည်းဖြည်းနဲ့ မမ နားလည်သဘောပေါက်လာပါပြီ"

"ငါ့ကို ခွင့်လွှတ်ပါ မေသီ၊ ငါဟာ လူတွေကို မကျေနပ်တာနဲ့ ငါ့ဘဝပျက်စီးအောင်ကို အရှုံးတိုက်ခဲ့တယ်၊ အဲဒီအတွက် ရရှိလာတဲ့ အကျိုးကတော့ ငါ့ရဲ့နောင်တတွေပဲ၊ ငါ ရွံ့ခဲ့တဲ့ လူတွေကတော့ ဘာမှ ဖြစ်မသွားဘူးနော်၊ အခုမှ မေမေ့ကို ပြန်တမ်းတမိတယ်၊ ဘယ်သူတွေ





ငါ့အပေါ် ဘယ်လောက်ဆိုးဆိုး ငါ့အမေကတော့ ငါ့အပေါ် အကျိုးယုတ်မယ့် စကားတွေ ပြောမှာ မဟုတ်ဘူးလို့ ငါ ဘာဖြစ်လို့ မတွေးမိတာလည်း မသိဘူးနော်"

"ကဲပါ မမရယ် စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့၊ ဖြစ်ပြီးတာလည်း ပြန်ပြင်လို့ မရတဲ့အတွက် နောက်မမှားဖို့သာ အရေးကြီးပါတယ်"

"အေးပါဟယ် နင်ဟာ ငါ့ထက် အများကြီး ငယ်ပေမယ့် ငါ့ထက် အသိဉာဏ် အများကြီး ရှိပါတယ်၊ ညီအစ်မချင်း ပြောစရာ မလိုပေမယ့် ငါ ပြောပါရစေ၊ နင့်ကို သိပ်ကျေးဇူးတင်ပါတယ်"

"ကဲပါ တင်ချင်သပဆိုလည်း ဦးတက်တိုးကိစ္စကို ဘယ်လိုလုပ်မလဲ၊ မေသီ သဘောကတော့ ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောလိုက်စေချင်တယ်"

"အေး နင်နဲ့ငါ စိတ်ကူးချင်း တူတယ်၊ ငါလည်း အဲဒီလိုပဲ စိတ်ကူးထားတယ်"

"ဝိုင်က နားလည်မှာပါ၊ ကဲ ဘာမှတွေးမနေနဲ့ မမ အိပ်တော့"

ပြောပြီးတာနဲ့ မေသီက ဝတ္ထုဖတ်ဖို့အတွက် ကုလားထိုင် တစ်ခုပေါ် ကူးကျူးနန ထိုင်လိုက်သည်။

ကျွန်မမှာသာ အတွေးများစွာနဲ့ အိပ်လို့မပျော် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမောင် ခွင့်လွှတ်မယ်ဆိုတာ သိပေမယ့် မမကိုယ်မမ ခွင့်မလွှတ်နိုင်ဘူးကွယ်။

■ ■ ■



## အခန်း (၁၅)

မမ ပြောပြသောအကြောင်းတွေကို နားထောင်ပြီး ဝိုင်က ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ဝိုင် သိအောင်လို့ ပြောပြသော မမက မျက်နှာပူနေပုံ ရသည်။ ဝိုင့်မျက်နှာကိုလည်း မကြည့်တော့ဘဲ ခေါင်းကြီးငုံ့ကာ မျက်ရည်တွေ ဝဲနေသည့် မမကို ကြည့်ပြီး ရင်ထဲ အဆမတန် သနားသွား၏။

ဝိုင်က မမ မေးဖျားလေးကို ကိုင်ပြီး မျက်နှာကို ဆွဲမော့လိုက်သည့်တွင် မမ ပါးနှစ်ဖက်ပေါ်သို့ မျက်ရည်တွေ ကျလာပါသည်။

"မမ ဘာလို့ ငိုရတာလဲ မမရယ်"

"အမောင် ဘာမှမပြောတော့ မမ ဝမ်းနည်းလို့ပါ"

"မမရယ် အမောင်က ဘာပြောရမှာလဲ၊ အမောင် ပြောထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားလေ ဘယ်သူတွေ ဘာပြောပြော နှစ်ယောက်လုံး ခံနိုင်ရည်ရှိရမယ်လို့”

“အမောင့်ကို သနားလို့ပါ၊ မမကြောင့် အမောင် မျက်နှာငယ်ရမှာ သနားလို့ပါ”

“အဲဒါတွေ မပြောပါနဲ့ မမရယ်၊ နောက် ဘယ်တော့မှလည်း အဲဒါတွေ မပြောပါနဲ့၊ မမကို ချစ်ခဲ့ကတည်းက ဆုံးဖြတ်ချက်တစ်ခုကို သေသေချာချာ စိစစ်ပြီးမှ ချခဲ့တာပါ၊ အမောင်နဲ့ မမရဲ့ ရှေ့ဆက်မယ့် ခရီးက အနာဂတ်ပဲ၊ အတိတ် မဟုတ်ဘူး၊ အခုကိစ္စအတွက်လည်း အမောင် ဘယ်လိုမှ မနေဘူး၊ နောက်ထပ်လည်း ဒါမျိုးတွေ ထပ်ဖြစ်မလာဘူးလို့ ပြောလို့ မရဘူး၊ အဲဒီလို ထပ်ဖြစ်ခဲ့ရင်လည်း အခု ဖြေရှင်းသလိုမျိုး ဖြေရှင်းပါ”

“ကျေးဇူးတင်ပါတယ် အမောင်ရယ်”

“မမနဲ့အမောင် ဖြစ်လာမယ့် အနာဂတ်ကိုပဲ အကောင်းဆုံးဖြစ်အောင် ဘယ်လို ဖန်တီးကြမလဲ စဉ်းစားကြရအောင်”

“ကောင်းပါပြီ အမောင်၊ အမောင်သာ မမဘက်က ရှိနေရင် ဘာမဆို ရင်ဆိုင်ဖို့ အားမွေးထားပါမယ်၊ အမောင့်အိမ်ကတော့ မမကို ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူးဆိုတာ အမောင် မပြောပေမယ့် မမဖာသာ သိနေတယ်၊ အမောင်ကို ပြောခဲ့သလို အမောင် အဝတ်





ထည် ကိုယ်တစ်ခုနဲ့ ရောက်လာခဲ့ရင် မမ သေပျော်ပြီ”

“စိတ်ချ မမ၊ နောက်တစ်ပတ်ဆို စာမေးပွဲဖြေရတော့မယ်၊ မဖြေခင်တော့ လာဦးမှာပါ၊ ဖြေနေရင်းလည်း ခဏတော့ မမမျက်နှာကို လာကြည့်မယ်လေ၊ စာမေးပွဲပြီးတာနဲ့ တိတိကျကျ အဖြေတစ်ခုကတော့ ထွက်လာမှာပါ”

ဒီနေ့တစ်နေ့လုံး အမောင်လည်း ထူးဆန်းစွာ တိတ်ဆိတ်နေသလို ကျွန်မလည်း အမောင့်ရင်ခွင်ထဲမှာ ခေါင်းမှီပြီး အတွေးတွေနဲ့ ငြိမ်နေမိသည်။

အမောင့်ကို သိပ်ချစ်တာနဲ့အမျှ အမောင်နဲ့ဝေးရမှာကို သေရမှာထက် ကြောက်နေမိသည်။ အမောင့်အိမ်က ကျွန်မအကြောင်း သိတာနဲ့ ခါးခါးသည်းသည်း ဖြစ်မှာ သေချာသည်။ အဲဒီလို ခါးခါးသည်းသည်း ဖြစ်မှုရဲ့နောက်မှာ ‘လုပ်ချင်တာလုပ်’ဆိုပြီး လွှတ်လိုက်ရင် ကျွန်မက ဝမ်းသာအားရနဲ့ ဆီးကြိုနေမှာပါ။ ဒါမှမဟုတ်ဘဲ ခွဲလိုက်ရင်ဆိုသော အတွေးကြောင့် အသက်ရှူပင် ကြပ်သွားပါသည်။

“ပြန်ကြရအောင်နော် မမ”

မမ ခေါင်းလေးပဲ ညိတ်ပြနေသည်။

“မမရယ် တစ်ခါတလေ အမောင်သဘောမဟုတ်ဘဲ အမောင်နဲ့ ဆန့်ကျင်ပြီး ပြောကြည့်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"အမောင့်ကို ဆန့်ကျင်ရမယ့်အလုပ် မမ ဘယ်တော့မှ မလုပ်ဘူး"

"အမောင့်ကို သိပ်ချစ်လို့ပေါ့နော်"

"ဟုတ်တယ်၊ ပြောနေတာထက်ကို ပိုချစ်တယ်"

"ဒီလောက်တောင်ပဲလား မမရယ်"

အမောင်က ပြောရင်းနှင့်ပင် ပိတ်ဖျက်ကာ နှုတ်ကလည်း တတွတ်တွတ် ပြောနေတာကတော့

"အမောင်လည်း မမကို သိပ်ချစ်ပါတယ်"

ဆိုတာပဲ ဖြစ်သည်။

အချိန်တန်တော့လည်း ခွဲရဦးတော့မှာပေါ့။

"မမလည်း အမောင်နဲ့ မခွဲချင်တော့ဘူး။ ဖြစ်နိုင်ရင် တစ်ခါတည်းပဲ ခေါ်ထားလိုက်ချင်တယ်"

"လာမစနဲ့နော် ဒီကကောင်ကလည်း မမနဲ့ခွဲပြီး တစ်ယောက်တည်း အိမ်ပြန်တိုင်း အရမ်းခံစားရတာ၊ အိမ်ပြန်ချင်တာ မဟုတ်ဘူး"

"ဒါဆို မပြန်နဲ့လေ၊ တစ်ခါတည်းပဲ နေလိုက်၊ စာမေးပွဲလည်း အိမ်ကဖြေပေါ့၊ မမစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ် အမောင်"

"အဲဒီလိုတော့ မဖြစ်သေးဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ အမောင်"





"ကိုကြီး အရမ်းစိတ်ထိခိုက်သွားလိမ့်မယ်၊ သူ့ကို ဖွင့်ပြောပြီးလို့မှ လက်မခံရင် တစ်မျိုးပေါ့"

"မမစိတ်တွေ လေးနေတယ် အမောင်၊ စောစောက အမောင်ပြောတယ်လေ၊ အမောင့်ဆန္ဒကို တစ်ခါလောက် ဆန့်ကျင်ပြီး ပြောကြည့်ပါလားဆို"

"မမကလည်း ပြောတယ်လေ၊ အမောင့်ကို ဆန့်ကျင်ရမယ့်အလုပ် ဘယ်တော့မှ မလုပ်ဘူးဆို"

"မရတော့ဘူး အမောင်ရယ် ဒီတစ်ခါတည်းပါ"

"မမရယ် အမောင့်စိတ်တွေ မဖြောင့်အောင် လုပ်နေပြန်ပါပြီ"

ကျွန်မက မျက်နှာငယ်လေးနဲ့ အမောင့်ကို မော့ကြည့်လိုက်သည်တွင် ကျွန်မ အရည်ပျော်ကျတော့မတတ် မျက်လုံးတွေနဲ့ အမောင်စိုက်ကြည့်နေပြီး တစ်ခုခုကို ဆုံးဖြတ်ချက်ချဖို့ စဉ်းစားနေသည်။

"အမောင်"

ကျွန်မ တိုးတိုးလေး ခေါ်လိုက်ပြီးတာနဲ့ အမောင်က ကျွန်မ နှုတ်ခမ်းကို လက်ဝါးလေးနဲ့ ဖွဖွလေး ပိတ်ပြီး

"အဲဒါဆို အမောင်တို့ ဘယ်သွားကြမလဲဟင်"

"မမမှာ တိုက်ခန်းလေး တစ်ခန်းတော့ ပိုင်ပါသေးတယ် အမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



“မမ ညီမရှိတယ်ဆို”

“ရှိတာ ဘာဖြစ်လဲ၊ သူ့အခန်းနဲ့သူ နေတာပဲ”

အမောင်က စဉ်းစားသလို ခဏငြိမ်နေတော့ ကျွန်မ တထိတ်ထိတ်နဲ့ စောင့်နေမိသည်။ ကျွန်မကို သိပ်ချစ်သော အမောင်သည် ကျွန်မက နင်းပြောလိုက်ရင် ကျိန်းသေပင် လိုက်လျောမှာ သိသည်။ ဒါပေမဲ့ အဲဒီလို ကျွန်မ နင်းပြောလို့ ဖြစ်သွားတယ်ဆိုသော အဖြစ်မျိုးထက် အမောင် ကိုယ်တိုင်က လိုလိုလားလား အဖြစ်မျိုးဆို ပိုကောင်းမယ်ထင်လို့ ငြိမ်နေခြင်းဖြစ်သည်။

“ရှုပ်တယ် မမရယ်၊ တစ်ခါတည်း မမ အခန်းကို လိုက်ခဲ့တော့မယ်၊ မမနဲ့အမောင် လက်မှတ်ထိုးထားမှတော့ ဖြစ်မယ်”

ကျွန်မ လိုက်ခနဲ ပျော်ရွှင်သွားတာနဲ့အတူ

“ရတယ်လေ အမောင်၊ မမတို့ ရပ်ကွက်က လူကြီးဆီမှာပဲ လက်မှတ်ထိုးလိုက်တာပေါ့”

“နောက်ပြီး ဒီကားကို သွားပြန်ပေးမှ ဖြစ်မှာပေါ့”

“အမောင် သွားပြန်ပေးလို့ ဘယ်ဖြစ်မလဲ”

“အဲဒါဆို ဘယ်လိုလုပ်မလဲ”

“တစ်ယောက်ယောက်နဲ့ ပေးခိုင်းလိုက်ရင်ရော”

“ဘယ်သူနဲ့ပေးခိုင်းလို့ ရမလဲ၊ အမောင် ကားသွားထားပြီး





ပြန်လှည့်လာခဲ့မယ်လေ”

“မဖြစ်ပါဘူး အမောင်ရယ်၊ မမ စိတ်မချဘူး၊ ဒီနေ့အဖို့ မမနားက အမောင် ဘယ်မှမသွားပါနဲ့”

“ဒါဆို ဖုန်းဆက်ပြီး ကားလာယူခိုင်းလိုက်ရင်ရော”

“အမောင့်အစ်ကိုကို လာယူခိုင်းမှာလား”

“မဟုတ်ဘူးလေ အိမ်မှာ ဒရိုင်ဘာလည်း ရှိတယ်၊ ခြံစောင့်ဦးလေးလည်း ရှိတယ်”

“အဲဒါကောင်းသားပဲ၊ အခု ဆက်လိုက်လေ၊ တော်ကြာ အမောင့်အစ်ကိုကြီး ပြန်ရောက်နေဦးမယ်”

အမောင် သဘောတူစွာ ခေါင်းညိတ်ပြပြီး နှစ်ယောက်သား အနီးဆုံး ဖုန်းနဲ့ အမောင် ဆက်နေတော့ ကျွန်မ နားထောင်နေလိုက်သည်။

အမောင်က ဖုန်းဆက်ပြီးတာနဲ့ ကျွန်မလက်ကို ဆွဲခေါ်ပြီး

“လာ မမ ဟိုနားက ဆိုင်မှာ တစ်ခုခုစားရင်း စောင့်ရအောင်၊ ကိုလှအောင် လာရင် မမ ခဏရှောင်နေလိုက်ပေါ့”

ကျွန်မ ခေါင်းညိတ်ပြပြီးသည့်နောက် အနားက လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်လိုက်ကြသည်။

“ဗိုက်ဆာလား မမ”



www.burmeseclassic.com

www.burmeseclassic.com



"မဆာဘူး ရင်တွေခုန်နေတယ်"

"အမောင်လည်း မမလိုပဲ လက်ဖက်ရည်တစ်ခွက်လောက် မှာ သောက်ရအောင်"

လက်ဖက်ရည် လှမ်းမှာနေသော အမောင့်မျက်နှာလေးကို ငေးကြည့်ပြီး ရင်ထဲနင့်သွားသည်။

နုဖတ်ချောမွေ့နေသည့် အမောင့်မျက်နှာလေးသည် အပြစ်ကင်း စင်နေသည်။ အခုမှ အသက် ၁၉ နှစ်ကျော်သာ ရှိသေးသည့် အမောင် ကို သူ့အစ်ကိုနဲ့အဒေါ်သည် ဒီသတင်းသာကြားရင် ပူပန်မှုတွေနဲ့ တစ်ရှု တောင် ဖြစ်သွားနိုင်သည်။

နောက်ပြီး အမောင် ယူလိုက်သော ကျွန်မကလည်း ချောက် ပစ်ကင်း သဲလဲစင် တစ်ယောက် မဟုတ်ပါ။ အမောင်က ကျွန်မကို ချစ်သည့် အချစ်တွေနဲ့ ခွင့်လွှတ်နိုင်ပေမယ့် အမောင့်အစ်ကိုနဲ့ အဒေါ် ကတော့ ကျွန်မကို အစိမ်းလိုက်တောင် ဝါးစားချင်နေမှာပါ။

သိပ်မကြာခင်မှာပဲ အမောင်က

"မမ ခဏ"

ဆိုပြီး ထသွားကာ လူတစ်ယောက်နဲ့ စကားရပ်ပြောနေတာ ဂဏအကြာမှာပဲ ထိုလူက အမောင့်ကားလေးပေါ် တက်ပြီး မောင်းထွက် သွားခြင်းဖြင့် ထိုလူသည် အမောင်တို့အိမ်က ဒရိုင်ဘာဆိုတာ သိလိုက်





သည်။

အပြုံးမျက်နှာလေးနဲ့ အမောင် ပြန်ဝင်လာပြီးသည့် နောက်မှာ တော့ အမောင်က ကျွန်မလက်ကို ခိုင်ခိုင်တွဲပြီး ကျွန်မ အခန်းကိုသွားဖို့ ကားမှတ်တိုင်ကို လှမ်းလာခဲ့၏။

သိပ်မကျပ်သော လိုင်းကားတစ်စီးပေါ်သို့ ကျွန်မတို့နှစ်ယောက် တက်သွားကြပြီးသည့် နောက်မှာတော့ ကျွန်မသည် မထင်မှတ်ဘဲနဲ့ကို အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားပြီဆိုသော အသိဝင်လာပါသည်။

အမောင် တင်းတင်းဆုပ်ထားသော လက်ကလေးမှ တစ်ဆင့် တစ်ကိုယ်လုံးသို့ အားတွေ ဝင်လာပါသည်။

မမကို ခွင့်လွှတ်ပါ အမောင်ရယ်။ ဒီလိုမှ မလုပ်ရင် မမနဲ့ အမောင် ဒီတစ်သက် ဝေးပြီ။ ပတ်ဝန်းကျင်ရဲ့ ရိုက်ပုတ်မှုဒဏ်တွေကို အမောင် ခံနိုင်အောင် ကြိုးစားပါ။ မမလည်း အမောင့်အစ်ကိုနဲ့ အဒေါ် ရဲ့ ငြိုငြင်ပြစ်တင်သံတွေကို ခေါင်းငုံ့ခံမယ်။

မမတို့ တိုက်ခန်းပေါ်သို့ မတက်ခင်မှာတော့ မမအသိ ရှေ့နေ တစ်ယောက်ကို အမှုူးထားပြီး လက်ထပ်စာချုပ်နှစ်စောင်မှာ လက်မှတ် ထိုးထားလိုက်သည်။

ဝိုင်က မမလက်ကလေးကို တွဲပြီး တိုက်ကြီး၏ လှေကားထစ် တွေအတိုင်း တက်လာခဲ့သည်။ ဟိုးအရင်တစ်ချိန်က ဝိုးတိုးဝါးတားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ကြီးပေါ်သို့ တက်လာဖူးသေးသည်။

အဲဒီအချိန်တုန်းက မမရဲ့ရင်းနှီးမှုကိုတောင် မရသေးပါ။ အခုအချိန်မှာတော့ မမရဲ့ခင်ပွန်းတစ်ယောက်အဖြစ် တစ်နည်းအားဖြင့် ပြောရလျှင် မမရဲ့ အရှင်သခင် အိမ်ဦးနတ်အဖြစ် ရင်ကော့ပြီး တက်လာနိုင်ခဲ့သည်။

မမတို့အခန်းရှေ့ အရောက်မှာတော့ မမ ဘဲလ်နှိပ်လိုက်ရာ မမ ညီမဆိုသူက တံခါးလာဖွင့်ရင်း တအံ့တသြ မျက်ဝန်းလေးနဲ့ ကြည့်လာပါသည်။ မမ ညီမ အံ့သြမယ်ဆိုလည်း အံ့သြလောက်အောင် ဝိုင်က ဒီတိုက်ခန်းကို တစ်ခါမှ လိုက်မလာဘူးပါ။

"မေသီ တံခါးဖွင့်လေ"

"ဟုတ်ကဲ့ မမ၊ ဟုတ်ကဲ့"

ဒီတော့မှ သူမ သတိရသွားဟန်နဲ့ တံခါးသော့ခလောက်ကို ဖွင့်နေ၏။

"လာ အမောင်"

ဒီတစ်ခါတော့ မမက ဝိုင်လက်ကို ဆွဲခေါ်လာသည်။

"ထိုင် အမောင်၊ ဗိုက်ဆာနေပြီလား၊ ပြီးမှ မေသီကို တစ်ခုခု သွားဝယ်ခိုင်းလိုက်မယ်နော်"

"ရပါတယ် မမရဲ့"





"မေသီ ငါတို့ အခုပဲ ရပ်ကွက်လူကြီးကို သက်သေထားပြီး ရှေ့နေဆီမှာ လက်မှတ်ထားလာခဲ့ပြီ"

မမ ထိုသို့ ပြောလိုက်တော့ သူမ ပါးစပ်အဟောင်းသားလေးနဲ့ တအံ့တသြဖြစ်သွားရကာ ရပ်လျက်ကပင် ဝိုင်နဲ့မမကို တစ်လှည့်စီ ကြည့်နေ၏။

"ဟဲ့ ထိုင်လေ၊ ဘာလဲ အံ့သြနေလား"

"အံ့သြဆို မမက ကြိုမှ မပြောတာ"

"ငါတို့လည်း အစီအစဉ် မရှိဘူးဟဲ့၊ ရုတ်တရက်ကြီး ဖြစ်သွားတာ၊ မိတ်ဆက်ပေးစရာ လိုမယ် မထင်ပါဘူးနော်"

မမက နှစ်ယောက်လုံးကို တစ်လှည့်စီ ကြည့်ပြီး ပြောနေတော့ ဝိုင်နဲ့မေသီက ခေါင်းကိုယ်စီ ညိတ်လိုက်ကြသည်။

"ငါတို့ ထမင်းမစားရသေးဘူး၊ တစ်ခုခု သွားဝယ်ဟာ၊ နင် ဘာချက်ထားလဲ"

"ငါးရှဉ့်ကောနဲ့ ပဲနီလေးဟင်းချို၊ မန်ကျည်းသီး ငါးပိကြော်"

"တစ်ခုခု သွားဝယ်ဦးဟာ"

"မမ ရှိတာပဲ စားလိုက်ရအောင်လေ၊ အမောင် ကြိုက်ပါတယ်၊ နေပစေ မေသီ မဝယ်နဲ့တော့"

"အဲဒါဆို မေသီ ထမင်းစားဖို့ သွားလုပ်လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး"

မေသီ လှစ်ခနဲ ဝင်သွားတာနဲ့ မမက ဝိုင့်နား ပိတိုးကပ်ပြီး

"အမောင် စားနိုင်ရဲ့လားဟင်၊ တစ်ခုခု ဝယ်လိုက်မယ်လေ"

"စားနိုင်ပါတယ် မမရယ်၊ ဘာမှမဝယ်ပါနဲ့၊ နောက်ကိုလည်း ဒီလို စားနိုင်အောင် အကျင့်လုပ်ထားရမယ်"

"အကျင့်လုပ်စရာ မလိုပါဘူး။ အမောင် စားတတ်သလို စားရမယ်၊ မမ ကျွေးနိုင်ပါတယ်"

"ဘယ်ဟုတ်ပါ့မလည်း မမရယ်၊ အမောင်က အိမ်ထောင်ဦးစီး ဖြစ်သွားပြီပဲ၊ အမောင့်မှာ တာဝန်ရှိတာပေါ့"

"အမောင်ရယ် မမ စိတ်မကောင်းအောင် မပြောပါနဲ့၊ အမောင်ဟာ မမရဲ့ အိမ်ဦးနတ် ဖြစ်သွားပေမယ့် ကျောင်းသားပဲ ရှိသေးတယ်လေ၊ အမောင် ကျောင်းမပြီးမချင်းတော့ မမ တာဝန်ယူပါရစေ၊ အဲဒါကိုတော့ မငြင်းပါနဲ့၊ အမောင် လုပ်နိုင်တဲ့အခါကျတော့ မမ တစ်လှည့်ထိုင်စားမယ်လေ နော်"

"မမရယ် အမောင့်ကို ဘာဖြစ်လို့ ဒီလောက်ချစ်ရတာလဲ"

ဝိုင်က မမ အပြောလေးကြောင့် အရည်တွေပျော်ကျသွားပြီး မမကို အငမ်းမရ ဖက်လိုက်ပါသည်။

"ဟိုး ဆရာ၊ မေသီ ရှိတယ်"





"ရှိ ရှိပေါ့၊ မမနဲ့အမောင်က တရားဝင် လင်မယား ဖြစ်သွားပြီပဲ"

"ဟုတ်ပါတယ် သိပ်ကြေညာမနေပါနဲ့"

"တစ်မျိုးကြီးပဲ မမရယ်၊ ရင်တွေလည်း အရမ်းခုန်နေတယ်"

"မမလည်း ရင်တွေခုန်နေတယ်၊ အမောင် စမ်းကြည့်ပါလား"

မမက ဝိုင့်ရဲ့ ညာဘက်လက်ကလေးကို ယူပြီး သူ့ရင်ဘတ်ပေါ်တင်ပေးနေ၏။

"မမလေ အဲဒီလို ရင်ခုန်ပုံမျိုး အမောင် တစ်ယောက်တည်း ဖြစ်ဖူးတယ် သိလား၊ အမောင့်ကြောင့် မမ ဘဝတွေ အများကြီး ပြောင်းလဲသွားခဲ့တယ်"

"ယုံပါတယ် မမရယ်"

"အဟင်း ထမင်းစားလို့ရပြီ မမ"

မေသီ့အသံကြောင့် ဝိုင်နဲ့မမက လူချင်းခွာလိုက်ပြီး ထမင်းစားဖို့ အထဲဝင်ခဲ့သည်။

ခဏခဏကို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာချင်းဆိုင် စားဖူးသော်လည်း အခုတစ်ခါလောက် ရင်ခုန်ကြည်နူးမှုမျိုး မဖြစ်ဘူးပါ။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဟင်းတွေ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပျော်ရွှင်ကြသည်မှာ တစ်လောကလုံးကို မေ့နေပါသည်။ ထမင်းစားပြီးတော့ သိပ်ကြာကြာတောင် မထိုင်နိုင်ဘဲ မမ ဆွဲခေါ်ရာ ပါလာပါသည်။

နှစ်ယောက်အိပ်ခုတင်နဲ့ ခုတင်ပေါ်က အပြင်အဆင်တွေကို ကြည့်ပြီး တအံ့တသြ ဖြစ်သွားသော ဝိုင့်ကို မမက အဟင်းဟင်းရယ်ကာ

"မေသီ မတော်ဘူးလား အမောင်၊ မမနဲ့အမောင် ထမင်းစားနေတုန်း ပြင်ဆင်လိုက်တာလေ၊ ဘာမှတောင် ပြောစရာမလိုဘူး၊ ဒါကြောင့် မမက သူ့ကို ချစ်လည်းချစ်၊ အားလည်းကိုးတာ၊ သူကလည်း မမကို ဒီအတိုင်းပဲ၊ သူ့အဖေဘက်က အမျိုးတွေ ဘယ်လိုခေါ်ခေါ် မမနဲ့ ဘယ်တော့မှ မခွဲဘူး"

ဝိုင်က မမပြောပြသော အကြောင်းတွေကို ခေါင်းတညိတ်ညိတ် လုပ်နေလိုက်သည်။

"ဒါက မမအခန်းလေ၊ ဒီခုတင်ကလည်း မမ အဖေနဲ့အမေရဲ့ မင်္ဂလာခုတင်၊ မေသီက ဟိုဘက်အခန်း။ မေသီက မမကိစ္စတွေ အကုန် လုပ်ပေးပြီးတာနဲ့ သူ့အခန်းထဲမှာ စာဖတ်နေတာ"

"အမောင် ရောက်လာတော့ သူ အနေကျဉ်းသွားမလား မသိဘူးနော်"

"အဲဒီအတွက်တော့ မပူနဲ့၊ မေသီက နေတတ်ပါတယ်"

"အားနာတယ် မမရယ်၊ မမကိုလည်း အခုလို အခြေအနေ





မျိုးနဲ့ ပြီးသွားရတာ စိတ်မကောင်းဘူး"

မမက ဝိုင့်ပါးစပ်ကလေးကို လာပိတ်ပြီး

"အဲဒါတွေ မပြောပါနဲ့ဆိုကွာ၊ အမောင်နဲ့မမက စွယ်တော်ရွက်ကလေးလိုပါပဲ၊ ဘယ်သူသာတယ် ဘယ်သူနာတယ်ဆိုတာ မရှိဘူး၊ အဲဒီလို တွက်တဲ့သူက တကယ်မချစ်လို့ဘဲ"

"ဘာပြောတယ်"

"အဲဒီလို ပြောတဲ့သူက တကယ်မချစ်လို့ဘဲ"

"တကယ် ချစ်လား မချစ်လားဆိုတာ တိုးတိုးလေး ပြောမယ်"

ဝိုင် စိတ်မထိန်းနိုင်တော့စွာ မမ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်ပြီးသည့် နောက်မှာ ဝိုင်နဲ့မမသည် ခဏတော့ တစ်လောကလုံးကို မေ့သွားပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မမ မမ တံခါးဖွင့်ပါဦး"

မေသီ တံခါးထုပြီး အော်နေသံကြောင့် အိပ်မက်ကမ္ဘာလေး

နေ မမနဲ့ဝိုင် လန့်နိုးသွားသည်။

"ဘာဖြစ်တာလဲ မေသီ"

"တံခါးဖွင့်ပါဦး၊ ဝိုင့်အိမ်က လိုက်လာကြတယ်"

"ဟင်"

"အမောင်"

ဝိုင် တအံ့တသြ ဖြစ်သွားသလို မေသီ့ကို တံခါးဖွင့်ပေးဖို့

လိုက်သော မမကလည်း ယောင်တောင်တောင်နဲ့ ပိတ်ရပ်နေ၏။

"မမ ဘာမှမပိုးရိမ်နဲ့၊ အမောင်တို့ ထွက်တွေ့လိုက်ရအောင်"





"ဘာလို့ တွေ့ရမှာလဲ အမောင်ရဲ့"

"အမောင့်ကို သကြားမင်းကြီး ဆင်းခွဲတောင် ခွဲလို့မရတော့အောင် အမောင်တို့ နှစ်ဦးရဲ့ အချစ်က ခိုင်မြဲသွားပြီလေ၊ လာပါ မမရယ်၊ အမောင့်ကို ချစ်တယ်ဆို အမောင့်စကားကို နားထောင်နော်"

"ဘယ်သူတွေလဲ မေသီ၊ ဘာပြောလဲ"

"ဝိုင့်အဒေါ်နဲ့ အစ်ကိုတဲ့၊ ကျန်တဲ့နှစ်ယောက်ကတော့ မသိဘူး"

"လာ မမ"

ဝိုင်က အချစ်အတွက် ဘာမဆို ရင်ဆိုင်မယ်ဆိုသည့် ပုံစံနဲ့ မလက်ကိုတွဲပြီး အိမ်ထဲက ထွက်လာခဲ့သည်။ မမတို့ တိုက်ခန်းကို အခုလို ချက်ချင်းကြီး သိမယ်မထင်ပါ။ ကိုကြီး ဘယ်လောက်တောင် ညီဖြစ်သူ ဝိုင့်အတွက် ပူပင်သောက ရောက်နေမလည်းဆိုရင် ချက်ချင်း စုံစမ်းလိုက်လာနိုင်သည်။

ကြီးမေနဲ့ကိုကြီး အရမ်းစိတ်ဆိုးပြီး တစ်ခုခုလုပ်မှာထက် မမကို နှစ်နှစ်နာနာ ပြောလိုက်မှာ စိုးရိမ်နေမိသည်။

"ယေလေး"

"သားလေး"

ဝိုင့်ကို တွေ့တာနဲ့ ကြီးမေ ဒိုသံပါကြီးနဲ့ ဝိုင့်လက်မောင်းကို သာဆုပ်ကိုင်လိုက်သလို ကိုကြီးကလည်း ရီဝေစွာနဲ့ ကြည့်ပြီး တိုးတိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်၏။ ကျန်နှစ်ယောက်ကတော့ ဝိုင် လုံးဝ မထင်သော သူငယ်ချင်း စိုးထူးနဲ့မောင်မောင် ဖြစ်ပါသည်။

မောင်မောင်နဲ့ စိုးထူးကတော့ ဝိုင့်ကို တစ်လှည့် မမကိုတစ်လှည့် မျက်လုံးစိမ်းကြီးတွေနဲ့ ကြည့်နေကြ၏။

"သားကို ခွင့်လွှတ်ပါ ကြီးမေနဲ့ကိုကြီး"

ဝိုင်က မမလက်ကို လွှတ်လိုက်ပြီး ကြီးမေနဲ့ ကိုကြီးကို ထိုင်ကန်တော့လိုက်တော့ ကိုကြီး အတင်းဆွဲထစေပြီး

"ထ ငယ်လေး ထ ငယ်လေးကို ကိုကြီး ခွင့်လွှတ်ပါတယ်၊ ကြီးမေကလည်း ခွင့်လွှတ်တယ်"

"ဟုတ်ပါတယ် သားရယ်၊ ဒါပေမဲ့ သားလေးက အရမ်းငယ်သေးလို့ စာမေးပွဲလည်း ဖြေဦးမယ်၊ ဒီတော့ ကြီးမေတို့နဲ့ ပြန်လိုက်ခဲ့နော် သားလေး"

"သား လိုက်လို့ မဖြစ်တော့ပါဘူး ကြီးမေ၊ သားနဲ့မမ လက်ထပ်ပြီးသွားပြီ၊ သားနဲ့မမကို မခွဲပါနဲ့နော် ကြီးမေ၊ ကိုကြီး ညီ့ကို မမနဲ့ မခွဲပါနဲ့နော်"

"မခွဲပါဘူး ငယ်လေးရယ်၊ ဒါပေမဲ့ ငယ်လေး ပြန်မလိုက်လို့ မဖြစ်ဘူးလေ၊ စာမေးပွဲလည်း ဖြေရဦးမယ်၊ ကိုကြီးနဲ့ကြီးမေကို ငယ်လေး ပစ်ထားတော့မလို့လား"





"ဒါဆို မမကိုပါ ခေါ်သွားမယ်လေ"

"ခေါ်သွားလို့ မဖြစ်သေးဘူးလေ သားရဲ့၊ သားလေး တစ်ယောက်တည်းပဲ လိုက်ခဲ့ရမယ်"

"ဒါနဲ့ သားနဲ့မမကို မခွဲဘူးဆို"

"ခွဲတာ မဟုတ်ဘူးလေ၊ သား စာမေးပွဲကို စိတ်ဖြောင့်ဖြောင့် ဖြေနိုင်အောင် ကြီးမေတို့ စီစဉ်ပေးတာ"

"သား မမနဲ့ ခွဲနေရရင် ဘာကိုမှ စိတ်ဖြောင့်နိုင်မှာ မဟုတ်ဘူး"

ဝိုင်က ဖွတ်ပင် ခပ်တင်းတင်းနဲ့ ပြောတော့ ကြီးမေ မျက်ရည်တွေ ကျလာပါသည်။ ကိုကြီး တွေတွေကြီး စိုက်ကြည့်နေသလို အခုချိန်အထိ အခုအချိန်ထိ တစ်ခွန်းမှ ဝင်မပြောသေးသည့် မောင်မောင်နဲ့ စိုးထူးကလည်း ဒေါသတွေကို ထိန်းချုပ်နေပုံရသည်။

"ဒီက ညီမကို တို့ တောင်းပန်ပါတယ်၊ တို့ရဲ့ ညီလေးကို မျှောင်းဖျပေးပါ၊ ဒီကလေးက အရမ်းငယ်ပါသေးတယ်၊ ညီမက ငယ်လေးထက် အသက်ကြီးသလို အတွေ့အကြုံလည်း ရင့်ကျက်တဲ့သူပါ၊ တို့ညီလေးကို တကယ်ချစ်ရင် သူ့ရဲ့ တလှလှတက်နေတဲ့ အညွန့်ကို မချိုးပါနဲ့"

"မချိုးပါဘူး အစ်ကို၊ ညီမ ဝိုင့်ကို ချစ်တာ တခြားအကြောင်းအယောင်တွေ ဘာမှမပါသလို သူ့အနာဂတ်ကို ရိုက်ချိုးဖို့လည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး''

''အဲဒါဆိုရင်လည်း သမီးရယ် ကြီးမေတို့ရဲ့ သားလေးကို ပြန်ထည့်လိုက်ပါ၊ သားလေးကို တကယ်ချစ်ရင် ဒီလောက်တော့ အနစ်နာခံပေးပါ''

မမသည် စိတ်ကို ချုပ်တည်းထားသည့်ပုံနဲ့ ဝိုင့်ကို တစ်ချက်ကြည့်ပြီး

''ဟုတ်ကဲ့ပါရှင် ပြန်ခေါ်သွားပါ''

''မမ ဘာတွေလျှောက်ပြောနေတာလဲ၊ အမောင့်ကို မမ ခွဲနိုင်လို့လား၊ မမပဲ အမောင့်ကို မခွဲနိုင်တော့ပါဘူးဆိုပြီး ဘာလို့ ပြန်ထည့်နေရတာလဲ''

''ငယ်လေး စာမေးပွဲပြီးတာနဲ့ ဒီကိစ္စ ဆက်ဆွေးနွေးကြတာပေါ့၊ ငယ်လေးက လိမ္မာပါတယ်၊ ကြီးမေကို မသနားဘူးလား၊ ကြီးမေ ငယ်လေးကြောင့် ဘယ်လောက် ခံစားနေရလဲ၊ ငယ်လေးကို ပြန်ခေါ်သွားတာ ခွဲမလို့ မဟုတ်ပါဘူး''

''ဟုတ်တယ် ဝိုင်၊ ကိုကြီးက မင်းတို့ ချစ်ခြင်းကို မခွဲဘူးလို့ ငါတို့ကိုပါ ကတိပေးထားပြီးပြီ၊ မလှလွန်းပိုကလည်း ခွင့်ပြုနေတာပဲ၊ ဒီတော့ မင်းပြန်လိုက်ခဲ့ပါနော်''

''လာပါ ဝိုင်ရယ် စာမေးပွဲကလည်း ကပ်နေပြီ၊ အလွန်ဆုံး





စောင့်ရ နှစ်ပတ်ပေါ့၊ ကြီးမေကိုတော့ မင်း ထည့်တွက်သင့်ပါတယ်''

''ငါကရော မလိုက်ဘူးလို့ပြောလို့လား၊ မမကို ခေါ်သွားတဲ့တွက် ဘယ်သူ့ကိုမှ အနှောင့်အယှက် ပေးရာ မကျပါဘူး''

''မှန်ပါတယ် ရုတ်တရက်ကြီးဆိုတော့ ကြီးမေ အရမ်းစိတ်ထိခိုက်နေလို့ပါ၊ မလှလွန်းပို ဝိုင့်ကို ခဏ ပြန်ခေါ်သွားပါရစေနော်''

မမ ခေါင်းညိတ်လိုက်သော မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တွေတပေါက်ပေါက် ကျလာပါသည်။

''မင်းစိတ်ထဲမှာ မင်းတို့ကို ခွဲမယ်လို့ ထင်နေတယ် မဟုတ်လားခွဲလို့ရမလား ဝိုင်ရယ်၊ လက်ထပ်စာချုပ်ကြီး ဒီလောက် သက်သေရှိနေတာကို''

''လိုက်သွားလိုက်ပါ အမောင်ရယ်၊ မမတို့ သစ္စာမှန်ရင်တော့ မကြာမနေ ပြန်ဆုံမှာပါ''

''သားလေး''

ကြီးမေက ဝိုင့်ရင်ခွင်ထဲကို တိုးဝင်ပြီး တအီအီ ငိုနေပါသည်။

ဒီကြီးတော်ကြီးသည် ဝိုင်တို့ ညီအစ်ကိုကို မွေးထုတ်တာကလွဲရင်အားလုံး သူပဲ လုပ်ကိုင်ပေးခဲ့သည်။ ဝိုင်နဲ့ကိုကြီးသည် ကြီးမေကို မေမေ့ထက်ပင် ပိုခင်တွယ်ပြီး ကြီးမေ ဘယ်သွားသွား ပါတတ်သည်။

ဝိုင် ငယ်ငယ်လေးနဲ့ မိဘနှစ်ပါး ဆုံးသွားတော့ အသနားဆွေပုံ



www.burmeseclassic.com

www.burmeseclassic.com



ကာ ယခင်ကထက်ပင် ပိုချစ် ပိုဂရုစိုက်ခဲ့သည်။

ဒီတော့ ဘယ်လိုပုံစံမျိုးနဲ့ ရက်စက်နိုင်မှာလဲ။

ပြီးတော့ ကိုကြီး အစ်ကိုကြီး အဖအရာတင် မဟုတ်ဘူး။ အမိအရာပါ ဝိုင့်အတွက် တာဝန်တွေ ကျေလွန်းမက ကျေခဲ့သည်။ ဝိုင်ကသာ ကျောင်းတောင် မပြီးခင် အိမ်ထောင်ပြုချင်ပေမယ့် ကိုကြီးကတော့ ညီလေးကို ချစ်လွန်းလို့ ရည်းစားတောင် မထားခဲ့ပါ။

အခုလည်း ကြီးမေနဲ့ကိုကြီးက အဆူအငေါက် တစ်ခွန်းမပါဘဲ ခွင့်လွှတ်ခဲ့သည်။ သဘောမတူဘူး တစ်ခွန်းမပြောဘဲ စာမေးပွဲပြီးအောင် ဖြေပြီးမှ ကြည့်လုပ်ပေးမယ် ပြောသည်။

မမကို ခေါ်သွားဖို့ဆိုတာလည်း မောင်မောင် ပြောသလို ရုတ်တရက်ကြီးဆိုတော့ ကြီးမေတင် မဟုတ်ပါ။ ကိုကြီးလည်း စိတ်ထိခိုက်ခံစားရမှာပဲ။ ဝိုင်ကသာ အချစ်စိတ်တွေ တက်နေတော့ ကိုယ်ဖြစ်ချင်တာကိုပဲ ရှေ့တန်းတင်ပြီး ပြောဆိုခဲ့တာကိုး။

ဒါဆို ကိုကြီးတို့နဲ့ ဝိုင် ပြန်လိုက်သွားမှ ဖြစ်မှာပေါ့။ ဝိုင်က မမကို ခွဲနိုင်လို့လား။ မမကတော့ လိုက်သွားခိုင်းနေပြီ။ ဝိုင်ကို မမ ဘယ်လောက်ချစ်တယ်ဆိုတာ သိထားသည့်အတွက် ဝိုင့်ကို ထည့်ရက်မှာ မဟုတ်ပါဘူးလေ။ ကြီးမေနဲ့ ကိုကြီးကို အားနာပြီး လိုက်သွားခိုင်းနေပေမယ့် မမ ရင်ထဲမှာ ဘယ်လောက် ခံစားနေရမလဲဆိုတာ ဝိုင် သိတာ





ပေါ့။ မမလည်း ဝိုင့်ကို မခွဲနိုင်ပါဘူး။

ဝိုင်နဲ့မမက ချစ်သူတွေမှ မဟုတ်ကြတော့တာ။ ချစ်သူတွေ အဆင့်ကို ကျော်လွန်သွားသော အကြင်လင်မယားတွေ ဖြစ်သွားကြပြီလေ။ ဒီတော့ ဘယ်ခွဲချင်ပါ့မလဲ။

ဖျတ်ခနဲ မမဆီကို အကြည့်တစ်ချက် အရောက်မှာ မမက ဝိုင့်အကြည့်ကို လွှဲလိုက်ပေမယ့် ဝိုင်က မမ မျက်ဝန်းထဲမှ မျက်ရည်စ အချို့ကို မြင်ဖြစ်အောင် မြင်လိုက်ပါသည်။

မမရယ် မမ ပြောလိုက်ပါလား။ အမောင့်ကို ပြန်မထည့်ပါရစေနဲ့လို့ မျက်ရည်ခံ ထိုးပြလိုက်ပါလား။ မမ ဘာလို့ အမောင့်ကို ထည့်ဖို့ ခေါင်းညိတ်လိုက်တဲ့အပြင် မမ ပါးစပ်က လိုက်သွားလိုက်ပါ အမောင်ရယ်လို့ ဘာလို့ ပြောရတာလဲ။

ဝိုင်က သူများတွေ ပြောနေကြသော ရူးချင်တယ်ဆိုသည့် စကားကို တကယ်ပဲ အခုမှလက်တွေ့ ခံစားနေရသည်။

"ကဲ သွားကြစို့ ဝိုင်၊ ကြီးမေက ကျန်းမာရေးလည်း သိပ်ကောင်းတာ မဟုတ်ဘူးဆိုတာ မင်း သိပါတယ်"

မောင်မောင်ရဲ့ အေးအေးလူလူလေးပင် သတိပေးလိုက်တဲ့ စကားသံသည် ဝိုင့်နားထဲမှာတော့ မိုးကြိုးပစ်သံထက်ပင် ကြောက်စရာကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ် ကြီးမေမှာ တကယ်ပဲ သွေးတိုးရောဂါ ရှိနေသည်။

ဝိုင် ကြီးမေဆီ အကြည့်အရောက်မှာတော့ မျှော်လင့်ချက် မျက်ဝန်းတွေနဲ့ ကြီးမေ ကြည့်နေပါသည်။

"သွားမယ် မလှလွန်းပို"

"သွားမယ်နော် ညီမလေး၊ ယော်လေး စာမေးပွဲပြီးတာနဲ့ ညီမလေးဆီ တစ်ခေါက် ရောက်လာမှာပါ၊ သွားခွင့်ပြုပါဦးနော်"

"ဟုတ် ဟုတ်ကဲ့ပါရှင်"

ဝိုင်က စိုးထူးခေါ်ရာသို့ အလိုက်သင့်ပင် ပါလာခဲ့သည်။

မမကို အမောင် နှုတ်မဆက်ချင်ဘူးဗျာ။ နှုတ်ဆက်တယ်ဆိုတာ ခွဲခွာရမယ့်သူတွေမှ နှုတ်ဆက်ကြတာ။ အမောင်နဲ့မမက ခဏလေးပဲ ခွဲနေကြရမှာ။ အမောင် ပြောချင်နေသော စကားတွေကို နှလုံးသားချင်း နီးစပ်နေတဲ့အတွက် မမ ကြားမှာပါ။

"မေသီ မမကို ဂရုစိုက်လိုက်ပါနော်"

ဝိုင်က အပေါက်ဝရောက်မှ စိတ်မချသလို မေသီ့ကို မှာတော့ မေသီက ပြုံးကြောင်ကြောင်လေး ပြန်ကြည့်ပြီး ခေါင်းညိတ်ပြနေ၏။

ဒီနောက်မှာတော့ စိုးထူး ဖွင့်ပေးသော ကားနောက်ခန်းမှာ သက်မဲ့ရုပ်တစ်ရုပ်လို ထိုင်ရင်း ပါလာခဲ့သည်။ မောင်မောင်က ကိုကြီး ကားကို မောင်းပြီး မောင်မောင့်ဘေးမှာ ကိုကြီး၊ နောက်ခန်းမှာတော့





စိုးထူးနဲ့ကြီးမေက ဝိုင့်ကို အလယ်မှာ ထားပြီး ကြီးမေသည် ဝိုင့်ရဲ့လက်ကို လွတ်ထွက်သွားမှာစိုးသည့်အလား ခပ်တင်းတင်းပင် မလွှတ်တမ်း ဆုပ်ကိုင်ထားပါတော့သည်။

■ ■ ■

"ငိုသာငို မမ၊ အားရအောင်သာ ငိုလိုက်တော့"

ကျွန်မကလည်း အားရအောင် ငိုသလို မေသီကလည်း အသကုန် ဆီထိုးပေးနေပါသည်။ တော်တော်ကြာကြာကြီးကို ငိုလို့ဝမှ မေသီ့ကို ကြည့်လိုက်သည့်တွင် ဆက်တီတစ်လုံးမှာ ခြေနှစ်ဖက်စလုံး တင်ကာ တင်ပျဉ်ခွေထိုင်ပြီး ကျွန်မကို ကြည့်နေ၏။

"ငါ ဘာဆက်လုပ်ရမလဲ မေသီ"

"မမ ဘာမှလုပ်စရာ မလိုအောင် သူတို့လုပ်ပေးမှာသာ သည်းခံပြီး စောင့်လိုက်"

"အမောင် မရှိရင် ငါမနေတတ်တော့ဘူး မေသီရယ်"

ကျွန်မ စကားအတွက် အခုမှ သည်းရန်ကောဆိုသည့် အကြည့်မျိုး မဟုတ်သော အကြည့်တစ်မျိုးနဲ့ မေသီ ကြည့်လာသည့်တွင် ချက်ချင်းပင် မျက်ရည် ဝဲတက်လာပြန်သည်။

"မေသီ ပြောသလို ခဏလောက် စောင့်လိုက်ပါ"

"ငါ အမောင့်ကို တကယ်ချစ်တယ်ဆိုတာ နင်သိရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မေသီ"

"မေးနေစရာ မလိုဘူး၊ ယုံတယ်"

"အမောင်ကော အမောင်ကော ယုံရဲ့လား"

"ယုံတာပေါ့၊ ဝိုင်က မမကို ယုံပါတယ်၊ သူ လုံးဝ နှုတ်မဆက် သွားတာကို ကြည့်ပါလား"

"အဲ့ဒီအစီပွါယ်က ဘာလဲ မေသီရယ်၊ ငါ သိနေပေမယ့် နင် ပြောတာကို ကြားချင်တယ်"

"သူ ပြန်လာမှာမို့ နှုတ်မဆက်သွားတာပေါ့"

"ဟုတ်ပါတယ်နော်၊ သူ ပြန်လာမှာပါနော်၊ ငါကလေ အမောင့် ကို လိုက်သွားနိုင်းတော့ အမောင် ငါ့ကို ကြည့်တဲ့အကြည့်တွေက သံသယ တွေ ပါနေလားလို့"

"မမ လိုက်သွားခိုင်းလိုက်တာ မမှားပါဘူး။ ဘာလို့လဲဆိုတော့ မမဟာ ရိုးရိုးတဲ့ မိန်းမ တစ်ယောက် မဟုတ်သလို ဝိုင့်အသိုင်းအဝိုင်း ကလည်း အရမ်းယဉ်ကျေးကြတယ်လေ၊ ဒီတော့ ဝိုင့်ကို ထည့်လိုက်ခြင်း ဟာ မမ မှန်တယ်"

ကျွန်မ မေသီ လေးလေးနက်နက် ပြောသော စကားကြောင့် မျက်ရည်ကြားမှပင် ခေါင်းညိတ်လိုက်ပါသည်။

"မမ စိတ်ချမ်းသာစွာနဲ့ ဘုရားမှာ ဆုတောင်းပြီး ဝိုင်ကို





စောင့်နေလိုက်နော်"

မေသီက ဒါပဲပြောပြီး သူ့အခန်းထဲ ဝင်ဖို့ ပြင်နေ၏။

သြော် မေသီရယ် ဝိုင်ပေးသွားသော အမှတ်တရလေးကိုပဲ သတိရပြီး အမောင့်ကို ငါ စောင့်နေပါ့မယ်။ နင်ပြောသလို ဘုရားမှာ ဆုတောင်းနေတာတော့ မဖြစ်နိုင်ပါဘူး။ ဘာလို့လည်းဆိုတော့ ငါက အရင်တည်းက ဘုရားတောင် မှန်မှန်ရှိခိုးခဲ့တဲ့သူမှ မဟုတ်တာ။ ကိုယ် အလိုရှိလာမှ ဆုတောင်းဖို့ ဘုရားကို ဖိရှိခိုးရမှာ ငါ့ကိုယ်ငါ မလုံပါဘူး။

နောက်ပြီးတော့ စိတ်ချမ်းသာစွာ နေရမယ် ဟုတ်လား။ ငါ ဘယ်လို စိတ်ချမ်းသာနိုင်မှာလဲ မေသီရယ်၊ အမောင် ပြန်မလာမချင်း ငါ ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

စိတ်နဲ့ကိုယ် ဒွန်တွဲမရှိစွာပင် အိမ်ကို ရောက်လာသောအခ

ပိုင်က မဆင်းသေးဘဲ ဆက်ထိုင်နေမိတော့ ဘာမှမဖြစ်သည့် အပြုံးနဲ့

နဲ့ ကြီးမေက

"သားလေး ဆင်းလေ"

အားလုံး ညနေခင်းထဲ ကိုယ်စီ ထိုင်မိပြီးကြသောအခါမှာ ကိုကြီ

ကပဲ စ၍

"ငယ်လေး"

"ရှာ ကိုကြီး"

တစ်ခုခု ပြောတော့မယ်။ ထို တစ်ခုခုကလည်း မမနဲ့ပတ်သ

သော တစ်ခုခုဆိုတာ အသေအချာကို ပိုင် သိနေသည့်အတွက် ။





ကောင်းဆုံးဖြေရှင်းချက် ပေးနိုင်ပါစေလို့ပဲ ပိုင်က ဆုတောင်းနေမိသည်။

"ခါတိုင်းလိုပဲနေပြီး စာမေးပွဲကို စိတ်ဖြောင့်ဖြောင့် ဖြေနော်၊ စာမေးပွဲ မပြီးမချင်း အိမ်နဲ့ကျောင်းကလွဲလို့ ဘယ်ကိုမှ မသွားပါဘူး ဆိုတဲ့ ကတိတော့ ကိုကြီးကို ပေးပါ၊ ငယ်လေးဘက်က ကတိတည်ခဲ့ရင် ဘယ်သူတွေ ဘာပြောပြောကွာ ငယ်လေး စိတ်ချမ်းသာအောင် ကိုကြီး စီစဉ်ပေးမယ်၊ ကြီးမေ ဆန္ဒနဲ့ တစ်ထပ်တည်းပဲ၊ ဘယ်လိုလဲ ငယ်လေး ကိုကြီးကို ကတိပေးနိုင်မလား။ ငယ်လေး ကတိပေးရင် ကိုကြီး လိုက်ကြည့်စရာ မလိုဘူး၊ ငယ်လေးကို ယုံတယ်"

ပိုင်က ခဏတော့ တွေခနဲ ဖြစ်သွားရသည်။ ကိုကြီးပြောတာ စိတ်ရင်းအမှန်ဆိုရင်တော့ တစ်သက်လုံးနီးဖို့အတွက် ဘာကတိ မပေးနိုင်စရာ ရှိလဲ။ ဒါပေမဲ့ ပိုင့်စိတ်ထဲမှာ မယုံနိုင်ဖြစ်နေရသည်။

မယုံနိုင်စရာ အကြောင်းကလည်း ရှိတယ်လေ။ မမဟာ ဘယ်ယောကျ်ားလေးရင်မှ ကြည်ဖြူနိုင်စရာ အကြောင်းမရှိသည့် မိန်းမပါ။ ပိုင့်အသက်က ငယ်သေးတဲ့အပြင် မမလို မိန်းမမျိုးနဲ့ ရှုတ်တရက် လက်ထပ်လိုက်ခြင်းဟာ ပိုင့်ကို သိပ်ချစ်သော ကြီးမေနဲ့ကိုကြီးအဖို့တော့ အလွန်အမင်းပင် ပေါက်ကွဲဒေါသထွက်ရမယ့် အဖြစ်ကို ဘာကြောင့် သွေးအေးနေသည့်အပြင် ကြည်ကြည်ဖြူဖြူပင် ပေးစားဖို့ ပြောနေရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ပိုင့်ကို မက်လုံးပေး အပျော့ဆွဲ ဆွဲထားတာ မဖြစ်နိုင်ဘူးလား။ ဟုတ်မှာပါလေ၊ တကယ်သာ ပေးစားမယ်ဆို အခုနဲ့ စာမေးပွဲပြီးဖို့ အချိန်ဟာ ဘယ်လောက်ကွာလို့လဲ၊ မမကိုပါ တစ်ပါတည်း ခေါ်လာရမှာပေါ့။ ဒါမှလည်း ပိုင် စာမေးပွဲကို ပိုပြီး စိတ်ဖြောင့်ဖြောင့် ဖြေနိုင်မှာပေါ့။

အခုတော့ သိပ်ချစ်သော မမဆီက ချိုမြိန်သည့် အမှတ်တရလေးတစ်ခု ရလာသောအခါ ဘယ်နည်းနဲ့မှ မမကို ခွဲမထားချင်တော့ပါ။

ကိုကြီးတို့ လုပ်နေ ပြောနေတာတွေဟာ ပိုင်ကို အချိုသတ်နေသော အလိမ်အညာ စကားတွေ ဖြစ်မှာပါ။ ထိုသို့ အတွေးရှိသွားသည့် ပိုင်ကတော့ နှလုံးသွေးတွေ ပွက်ပွက်ဆူသည်အထိကို စိတ်တွေ လှုပ်ရှားသွားပါတော့သည်။

ကိုကြီး၊ ကြီးမေနဲ့ မောင်မောင်တို့နှစ်ယောက်က ပိုင့်ဆီက ထွက်လာမယ့် အဖြေကို မျှော်လင့်တကြီး စောင့်နေကြသည်။

"ကိုကြီး ညီကို ညာနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုကြီး ညာလို့ရော ငယ်လေးက ကလေးပေါက်စလေး မဟုတ်တာ၊ ငယ်လေး စာမေးပွဲဖြေပြီး နောက်နေ့မှာ အဖြေက တိတိကျကျကို ထွက်လာမှာပါ"

"ကိုကြီး ညာတာ မဟုတ်ဘူးဆိုရင်တော့ ငယ်လေး ကတိ





နိုင်ပါတယ်"

"ဒါဆို ပြီးပြီပေါ့၊ မောင်မောင်တို့လည်း ပြန်ကြတော့လေ"

"ဟုတ်ကဲ့ ကိုကြီး"

မောင်မောင်နဲ့စိုးထူးက ပိုင့်အား မျက်လုံးအကြည့်နဲ့ပဲ နှုတ်ဆက်သွားကြသည်။

သူတို့သည် မမနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရသော ကသာ့ကိုတော့ ခေါ်ကြီး မမနဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးသည့် အဆင့်ထိဖြစ်သွားတာကို လုံးဝ တင်းနေပုံပါ။

နောက်တစ်ခုက သူတို့နှစ်ယောက်နဲ့ ကိုကြီးတို့သည် အစအနတောင် ပိုင့်သတင်း မသိဘဲနဲ့ မမတိုက်ခန်းကို ဘယ်လိုသိပြီး ချက်ချင်း လိုက်လာနိုင်တာလဲ၊ ဒါဆို မမအကြောင်းတွေကိုလည်း သေသေချာချာ သိထားပြီးကြမှာပါ။

ပိုင်နဲ့တွေ့ကြရင် ဘယ်လို စကားနာထိုးကြဦးမှာလဲ။

နောက်တစ်ခုက ဒီကိစ္စကို ကသာ သိလား၊ တွေးလိုက်သော ခဏမှာတော့ ရင်ထဲ တစ်မျိုးဖြစ်သွားပေမယ့် နောက်မှ ဖြေလိုက်နိုင်တာတော့။ သိလည်း ဘာဖြစ်လဲ ပိုင်ချစ်တာက မမပဲ ဘယ်သူ သိသိပေါ့။

အများသိဖို့တောင် လက်ထပ်ပြီးသွားပြီပဲ။ ကသာ သိတာ ဘာမှဆန်းသည့်ကိစ္စ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့။ အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသည့်အတွက် ကသာနဲ့တကွ ကသာ့ မိသားစုကို အားနာနေမိတာတော့ အမှန်ပဲ။

"ငယ်လေး ထမင်းစားကြစို့နော်၊ ရေချိုးဦးမယ် မဟုတ်လား"

ကိုကြီးသည် အရင်အတိုင်းပင် နွေးထွေးနေတော့ ဝိုင်က မျက်ရည်တွေ ဝဲတက်လာကာ

"ကိုကြီး"

ကိုကြီး ရင်ခွင်ထဲမှာ ဝိုင်က ကလေးတစ်ယောက်လို ရှိုက်ငိုနေတော့ ကိုကြီးက ဝိုင့်ကျောလေးကို သပ်ပေးရင်း

"မငိုပါနဲ့ ငယ်လေးရယ်၊ ဒါဟာ သဘာဝဆိုတာ ကိုကြီး နားလည်ပါတယ်"

ဝိုင်က ကိုကြီးရင်ခွင်ထဲမှာ ကြာကြာလေး ရှိုက်ငိုလို့ ဝမှ

"ကိုကြီးရယ် သဘာဝတော့ သဘာဝပေါ့၊ ကိုကြီးနဲ့ကြီးမေ သားကို ဘာဖြစ်လို့ တစ်ခွန်းမှ မဆူတာလဲ၊ ကိုကြီးတို့အနေနဲ့ ဆူရုံတင် မဟုတ်ဘူး ရစရာမရှိအောင် ပြောပြီး ရိုက်သင့်ပါတယ်"

"သားလေးရယ် သားလေး မြက်နိုးနေတဲ့သူပဲ၊ သားလေးကို ဘာလို့ ဆူရ ရိုက်ရမှာလဲ"

"ကံကြမ္မာဆိုတာ သူ့ဟာသူ ဖန်လာကြတာပါ၊ ဒါကို ဘယ်သူမှ တားလို့မရပါဘူး၊ ဘာတတ်နိုင်မှာလည်း ငယ်လေးရယ်၊ ကဲပါ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့၊ ရေချိုးလိုက်နော်၊ ထမင်းစားကြမယ်၊ ဒီရက်ထဲမှာတော့ အရင်လို နေပေးပါ ငယ်လေး"





"စိတ်ချပါ ကိုကြီးရယ်၊ သားလေ ကြီးမေနဲ့ ကိုကြီးကို သိပ်ချစ်ပါတယ်"

ဝိုင်က ပြောရင်းနှင့် မျက်ရည်တွေကျလာတော့ ကြီးမေလည်း ငိုနေသည်။ ကိုကြီးကတော့ ဝိုင့်ပါးပြင်က မျက်ရည်တွေကို တယုတယ သုတ်ပေးပြီး ပြုံးပြနေ၏။ ပြုံးပြနေသော ကိုကြီး မျက်ဝန်းထဲမှာလည်း မျက်ရည်တွေနဲ့ပါလား။

■ ■ ■

တကယ့်တကယ်မှာတော့ စိုးထူးနဲ့မောင်မောင်သည် ဝိုင် ထင်ထားသလို စကားနာလည်း မထိုး၊ မကျေနပ်ဟန်လည်း လုံးဝ မပြဘဲ အရင်အတိုင်းပင် ဆက်ဆံသည်။

တစ်ခုပဲ ရှိသည်။ အဲဒါကတော့ အရင်ကလို ကသာနဲ့ လုံးဝ မစနောက်တော့တဲ ဖြစ်သည်။ ဘာရယ်မဟုတ်ပေမယ့် ဒီအကြောင်းတွေကို ကသာ သိလား သိချင်နေမိသည်။

ကသာနဲ့ပတ်သက်လို့ မပြောတာတော့ ထားပါတော့။ မမနဲ့ ပတ်သက်လို့ နည်းနည်းမှ မစတာတော့ ဝိုင့်က နေလို့ထိုင်လို့ မရအောင် စိတ်ထဲမှာ နိုးလို့ခုလု ဖြစ်နေပါသည်။ မေးလည်း အရမ်းမေးချင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝိုင်ကပင် စတင်ပြီး စကားစရတော့သည်။

"မင်းတို့နှစ်ကောင် ငါ့ကို ဘယ်လိုထင်နေလဲ"

"ဟာမ် ဘာကိုလဲ"

"ဘလိုင်းကြီးပါလား"

"မသိဟန်ဆောင် မနေစမ်းပါနဲ့ကွာ၊ မမနဲ့ကိစ္စကို ပြောတာ"

"အေး မင်းတို့ကိစ္စ ငါတို့က ဘာပြောစရာ ရှိလို့လဲ"

"ပြဿနာ မရှာစမ်းပါနဲ့ ဝိုင်ရယ်"

"ဘာပြောတယ် ဒါ ပြဿနာ ဟုတ်လား။ မင်းတို့က တစိမ်းဆန်တဲ့ စကားတွေ ပြောလှချည်လား"

ဝိုင်က တကယ်ပင် ခံစားသွားရကာ ပေါက်ကွဲပြီး အော်ပစ်လိုက်သည်တွင် စိုးထူးက သရော်ကမော် ရယ်နေသလို မောင်မောင်ကလည်း မျက်မှောင်ကြီးကုပ်ပြီး

"တစိမ်းဆန်တဲ့စကား ဟုတ်လား၊ ဘယ်သူက တစိမ်းဆန်တာလဲ"

မောင်မောင် အော်လိုက်သည်တွင် လန့်သွားတာထက် ဘာပြောရမှန်းကို မသိတော့ပါ။

"ပြောလေ ဝိုင်၊ ဘယ်သူက တစိမ်းဆန်တာလဲ၊ ဘယ်သူက တစိမ်းဆန်ပြီး ဘယ်လို အချိုးချိုးတာလဲ မင်း ပြောစမ်းပါဦး"





ဝိုင်က ဘာဖြေရှင်းချက်မှ မပေးဘဲ အံကိုသာ တင်းတင်းကြိတ်ထားသည်။

"ဒီမှာ ဝိုင်၊ ငါတို့ သုံးယောက်က ငယ်ငယ်လေးတည်းက တွဲလာကြတဲ့အတွက် သူငယ်ချင်းဆိုတာထက် ညီအစ်ကိုဆို ပိုမှန်တယ်ကွ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကိစ္စမျိုးဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း တိုင်ပင်သင့်ပါတယ်၊ ဒါမှလည်း မှန်တယ် မှားတယ်ဆိုတာ ခွဲခြားစိတ်ဖြာပေးလို့ ရမှာပေါ့၊ အခုတော့ မင်းဟာမင်း လုပ်ချင်တာတွေ လုပ်တယ်၊ မထူးတော့ပါဘူးလေ မင်း ပြောလာပြီဆိုတော့လည်း ပြောရတော့မှာပေါ့။ ယောက်ျားတစ်ယောက်ဟာ ဘယ်လို မိန်းမမျိုးကို ရည်းစားထားထားလို့ပြောလွတ်တယ်၊ အေး လက်ထပ်ဖို့ အထိတော့ ဒီလို မိန်းမမျိုးကို ရွေးချယ်ရအောင် မင်း ဦးနှောက်ကောင်းပါသေးတယ်နော်"

"မှန်မှန်ပြောစမ်း ဝိုင်၊ မင်းကို ဒီမိန်းမ အပိုင်ချိုင်လိုက်တာလား"

"မဟုတ်ဘူး"

ဝိုင်က သူငယ်ချင်းတွေရဲ့ စွပ်စွဲချက်တွေကို ခါးသက်စွာ ပြန်အော်ပစ်လိုက်သည်။

"လှလွန်းပိုဟာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာ မင်းသိတယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် မဖြေနိုင်တော့တာထက် မဖြေချင်စွာ ခေါင်းငိုက်စိုက်ကျသွားတာကို မောင်မောင်က သရော်သလို တဟင်းဟင်း ရယ်နေပြီး

"မင်း မဖြေချင်ဘူးမို့လား။ လှလွန်းပိုဟာ ဘယ်လို မိန်းမလို့ ဖြေရမှာ မဝံ့မရဲဖြစ်နေတယ်မို့လား။ အဲဒါဟာ အခုမှ အစပဲ ရှိသေးတယ်နော် ဝိုင်"

"တော်ပါတော့ကွာ ကျေးဇူးပြုပြီး ထပ်ပြီး မပြောပါနဲ့တော့"

"မရတော့ဘူး ဝိုင်၊ မင်းပဲ စတာလေ၊ ဒီတော့ ပြောလက်စနဲ့ ပြီးအောင်တော့ ပြောရမှာပဲ၊ အဟင်း မင်းကို သိပ်ချစ်တဲ့ အစ်ကိုနဲ့ အဒေါ်ကတော့ ပေးစားမှာပါ၊ စိတ်ချ ဘာလို့ ဒီလို မိန်းမမျိုးနဲ့ ပေးစားရတာလည်းဆိုရင် သူတို့ အရှက်ရမှာ သိက္ခာကျမှာ နောက်ထား ဒီက အလိမ္မာတုံးလေး စိတ်ဆင်းရဲမှာ သိပ်ကြောက်ကြတာကို။ သိပ်ကို သိတတ်ပြီး လိမ္မာတဲ့ကောင်၊ တောက် ပြောရင်းနဲ့ကို မင်းကို ထထိုးချင်ပြီ ဝိုင်"

"မောင်မောင်ရယ် မင်းတို့ ထိုးရုံမကလို့ သတ်ပစ်လည်း ငါ ခံပါမယ်၊ ငါ မမကို သိပ်ချစ်တယ်၊ မမကလည်း ငါ့ကို တကယ်ချစ်တာပါ"

"ဒီလို မိန်းမမျိုးမှာ အချစ်ဆိုတာရော ရှိသေးလို့လား ဝိုင်ရယ်"

ဒီတစ်ခါတော့ စိုးထူးက လေအေးလေးနဲ့ ပြောခြင်း ဖြစ်သည်။

"အဲဒီလိုတော့ မပြောပါနဲ့ စိုးထူးရယ်၊ မမ ငါ့ကို ဘယ်လောက်





ချစ်တယ်ဆိုတာ ငါ သိတယ်"

"ချစ်မှာပေါ့ မင်းရဲ့ နောက်မှာ သူလိုမိန်းမ တွယ်တာစရာတွေ အများကြီးပါလာမှာ သိနေတာကိုး"

"မဟုတ်ဘူး၊ ငါပြောရင် မင်းတို့တင် မဟုတ်ဘူး ဘယ်သူမှလည်း ယုံမှာ မဟုတ်ဘူး၊ ငါ တောင်းပန်ပါတယ်ကွာ၊ မမကို ယုံပေးပါ"

"မင်းကို မေးမယ်၊ မင်းမိန်းမ ဘာလုပ်လဲဆို ဘယ်လိုဖြေမလဲ"

ဝိုင့်ကို နားအလည်ဆုံး သူငယ်ချင်းတွေကတောင် ဝိုင် မဖြေတတ်သော ချောင်ပိတ်မေးခွန်းတွေကို ဘာလို့ မေးနေရတာလဲ။

"ရှက်စရာကောင်းလိုက်တာ ဝိုင်ရယ်၊ ကိုယ့်အသိုင်းအဝိုင်းဂုဏ် ကိုယ့်အစ်ကိုကြီးရဲ့ ဂုဏ်သိက္ခာတွေကိုမှ မထောက် မင်းမို့လို့ကွာ၊ မင်းကို ငါတို့ သိပ်နာမြောတယ် သိလား"

"အချိန်မီပါသေးတယ် ဝိုင်ရယ်၊ မေ့လိုက်လို့ မပြောပါဘူး၊ မင်းစိတ်ထဲကပဲ သတိရနေပါ"

"ငါနဲ့မမက"

ဝိုင်က ဆက်ပြောလို့ မထွက်စွာ ရပ်ထားလိုက်သည်။ သူငယ်ချင်းတွေ လိုက်လျောနိုင်ဖို့သာ ပြောလိုက်ရသော်လည်း ပြီးဆုံးသည်အထိ ပြောလို့မထွက်တဲ့အပြင် ဝိုင့်မျက်နှာမှာလည်း ရှက်သွေးကြောင့် ရဲတက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင် မင်း အရမ်းနုသေးတယ် ဝိုင်ရဲ့၊ မင်းနဲ့ လှလွန်းပိုက ရည်းစားအဆင့်ထက် ကျော်သွားပြီလို့ ပြောမလို့ မဟုတ်လား"

ဝိုင်က မောင်မောင့်အမေးကို အားတက်သရောပင် ခေါင်းညိတ်ပြတော့ မောင်မောင်က ခြောက်ကပ်ကပ် ရယ်လိုက်ကာ

"ဒီလို မိန်းမမျိုးက မဆန်းဘူး။ ကသာလို မိန်းမ မဟုတ်တဲ့အတွက် ဒါဟာ အသေးအမွှားပဲ၊ ဝိုင် ဝိုင် မင်းဒီလိုတွေ ဖြစ်အောင် ဘယ်လောက်တောင် မာယာတွေ များထားလဲ မသိဘူး"

"မင်းစဉ်းစားကြည့်စမ်း သူ့ဟာသူ ဘယ်လောက်ပဲ ကောင်းအောင်နေနေ သူ့အတိတ်ကြီးကတော့ ကြောက်စရာကောင်းအောင် နောက်က လိုက်နေမှာပဲ၊ အဲဒီအခါမျိုးမှာ မင်းက ဘယ်လောက်ထိ သည်းခံပြီး ချစ်ပြနိုင်မှာလဲ၊ အဆိုးဆုံးကတော့ နောက်အနာဂတ်မှာ ဖူးပွင့်လာမယ့် မင်းတို့ရဲ့ မျိုးဆက်သစ်တွေပဲ၊ သူ့အမေကတော့ဖြင့် တစ်ချိန်တုန်းက ဘာပေါ့၊ ညာပေါ့ဆိုတဲ့ အပြောမျိုးတွေကို မင်း သာယာနိုင်တောင် မင်း မွေးလာမယ့် သားသမီးတွေက ခံစားနိုင်ပါ့မလား။ စဉ်းစားပါ ဝိုင်ရယ်၊ ကသာနဲ့ ပတ်သက်တာကိုတော့ ဒီအချိန်မှာ မင်းကို ပြောပြမနေတော့ပါဘူး"

"ကသာ သိသွားပြီလား"

ဝိုင်က ဒါကိုတော့ တုန်တုန်လှုပ်လှုပ်ပင် မေးလိုက်ခြင်း ဖြစ်





သည်။

"ဘယ်သိပါ့မလဲ၊ မသိအောင်လည်း လျှို့ဝှက်ထားရတယ်၊ ကသာဟာ အင်မတန် အရက်အကြောက်ကြီးပြီး ကူ့ခြေရှိတဲ့ မိန်းကလေးပါ၊ မင်းဟာ တစ်နေ့မှာ သူ့ကို ဖွင့်ပြောပြီး သူကလည်း ပြန်အဖြေပေးဖို့ စောင့်နေရှာတဲ့သူပါ၊ ဒီအကြောင်းတွေကိုသာ သူ သိရင် ရှက်ပြီး တစ်ခုခု လုပ်မှာသေချာတယ်၊ နောက်ပြီး ကသာဟာ မွေးရာပါ နှလုံးရောဂါ ရှိနေတယ်၊ မင်းကိုလည်း တောင်းပန်ပါတယ်ကွာ၊ ကသာ့ကို မချစ်ရင်နေပါ၊ ကသာ တစ်ခုခုဖြစ်သွားအောင်အထိတော့ မရက်စက်ပါနဲ့လို့"

"အဲဒါတော့ မင်းတို့က မတရားတာဘဲ၊ ကသာ့ကိုကျတော့ မရက်စက်နဲ့တဲ့၊ ငါ့ကိုကျတော့ရော ဒီမှာ စိုးထူး ကသာနဲ့ချစ်ပြီးမှ နောက်တစ်ယောက် ပြောင်းချစ်တာ မဟုတ်ဘူးလေ၊ ငါ ကသာ့ကို အရိပ်အမြွက် အဖြစ်တောင် စကားမကျွံခဲ့ပါဘူး"

"အမှုအရာအားဖြင့်တော့ မင်း ချစ်ဟန်ပြခဲ့ပါတယ်၊ ဒီမိန်းမနဲ့သာ တွေ့မလာရင်လည်း ကသာ့ကို မင်း ကျိန်းသေချစ်မှာပါ၊ ကသာနဲ့ လှလွန်းပို ဆိုတဲ့ မိန်းမကို ယှဉ်ကြည့်လိုက်စမ်းပါ"

"မယှဉ်ပါနဲ့ စိုးထူးရယ်၊ ကသာ သိက္ခာကျပါတယ်"

ဝိုင်က သက်ပြင်းပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသူငယ်ချင်းတွေသည် ဝိုင် ဘယ်လိုပဲပြောပြော နားဝင်တော့မှာ မဟုတ်တော့ပါ။

အမောင့်ကို ကယ်ပါဦး မမရယ်။

■ ■ ■



## အခန်း (၁၉)

စာမေးပွဲ ပထမနေ့ ဖြေဆိုပြီးသွားတော့ မတွေ့ရတာ ကြာပြီဖြစ်သော ဝိုင့်ကို တွေ့ချင်နေမိသည်။ ကသာ့ မျက်လုံးတွေ ဂနာမငြိမ်ဖြစ်နေတာကို သူငယ်ချင်းတွေက ရိပ်မိပုံရပေမယ့် မသိဟန်ဆောင်ပြီး စာမေးပွဲအကြောင်းတွေပဲ ပြောနေကြ၏။

ဝိုင့်ကို ချစ်မိမှ ကသာ ရှက်ရမှန်းလည်း မသိတော့ပါဘူး။ ပြန်ကြဖို့ အသီးသီး ပြင်ဆင်နေကြသည့် သူငယ်ချင်းတွေကို

"ဟိုလေ ဝိုင်တို့ရော ဖြေနိုင်ရဲ့လား မသိဘူးနော်"

"ဖြေနိုင်မှာပေါ့ ကသာရဲ့"

"ကင်န်တင်းသွားမလားဟင်"

"မသွားတော့ဘူးလေ ကသာရယ်၊ နင့်အိမ်က ကားစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား''

''ခဏစောင့်နိုင်းလိုက်ရင် ရပါတယ်''

''ပိုင်တို့ ရှိမှာ မဟုတ်တော့ဘူး။ သူတို့ စာမေးပွဲဖြေပြီးတာနဲ့ လစ်ပြီ''

''ဟုတ်လို့လား''

''ဟုတ်တယ် ကသာရဲ့၊ မနေ့က မောင်မောင်နဲ့ တွေ့တယ်၊ သူတို့က စာမေးပွဲပြီးရင် အပြတ်ကဲမယ်တဲ့၊ စာမေးပွဲရက်တွေမှာတော့ ကင်န်တင်းလည်း မထိုင်ဘူး။ ဘယ်သူနဲ့မှလည်း စကားအပိုတွေ မပြောဘူးတဲ့''

''ဩော် ဟုတ်လား''

''အေး တို့တွေလည်း နောက်ဆုံးနေ့မှ လျှောက်လည်ကြတာပေါ့''

''ငါ ပိုင့်ကိုတော့ စာမေးပွဲဖြေနိုင်ရဲ့လားလို့ ဖုန်းဆက်မေးလိုက်မယ်''

''သူတောင် မမေးသေးတာ မေးမနေပါနဲ့ ကသာရယ်''

''သူလည်း မေးချင်မှာပါ''

စန္ဒီ မျက်စောင်းထိုးကြည့်တော့ ကသာ ရက်ပြုံးလေး ပြုံးလိုက်သည်။





''ကသာ နင် ပိုင့်ကို တော်တော်ချစ်လားဟင်''

''သန္တာကလည်းဟယ် ဘာတွေမေးမှန်းလည်း မသိဘူး''

''ဖြေစမ်းပါ နင်ကလည်း အချင်းချင်းတွေကို ရှက်စရာကျနေတာပဲ''

''မသိဘူးဟာ''

''ယောကျ်ားတစ်ယောက်ကို အဲဒီလောက် မချစ်နဲ့ ကသာရဲ့''

''ဘာဖြစ်လို့လဲဟင်''

''ကိုယ်ချစ်သလို ပြန်အချစ်မခံရတဲ့အခါ သိပ်ခံစားရမှာစိုးလို့ပါ''

ကသာ တိုးတိုးညင်းညင်းလေး ရယ်လိုက်တော့ သူငယ်ချင်းတွေက ငိုင်းကြည့်နေကြသည်။

''သွားမယ်''

ဘာမပြော ညာမပြော ကသာ နှုတ်ဆက်ပြီး ထွက်လာသောအခါ ကသာ့အကြောင်း ပြောကျန်ခဲ့မှာ သေချာသည်။

ကသာက ဖုန်းခွက်လေးကို ကိုင်ပြီး ဖုန်းခလုတ်လေးတွေကို နှိပ်လိုက်သည်။

ဟော ဖုန်းခေါ်နေပြီ။

တစ်ဖက်က ဖုန်းကိုင်ပြီး ထူးလိုက်သော အသံသည် ပိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင့်အသံအစစ်ဆိုတာ ကသာ နှလုံးသားထဲကကို သိလိုက်ပါသည်။

"ဟဲလို"

"ဝိုင် မဟုတ်လားဟင်၊ ကသာပါ"

တစ်ဖက်က အသံချိုကြောင့် ဝိုင့်ရင်တွေ တဒိုင်းဒိုင်းပင် ခုန်သွားပါသည်။

ဝိုင်က ကြိုးစားထိန်းချုပ်ပြီးသည့်နောက်မှာ

"ဟုတ်ပါတယ် ကသာ၊ စာမေးပွဲဖြေနိုင်လား ကသာ"

"ဖြေနိုင်ပါတယ် ဝိုင်ကော"

"တို့လည်း ဖြေနိုင်ပါတယ်"

"မတွေ့တာ ကြာပြီနော်၊ ဒီနေ့ ဝိုင် ဖြေနိုင်လား မေးချင်လို့ ကင်န်တင်းသွားမယ်ဆိုတာကို ဝိုင်တို့ မလာဘူးဆိုတာနဲ့ အခု ဖုန်းဆက်ပြီး မေးတာ"

"ဘယ်ကို မလာတာလဲ ကသာ"

"ကင်န်တင်းကို မလာဘူးဆို၊ မောင်မောင်က စာမေးပွဲရက်မှာ ကင်န်တင်း မထိုင်ဘူးလို့ စန္ဒီ့ကို ပြောတယ်တဲ့၊ ဟုတ်လားဟင် ဝိုင်"

"အင်း ဟို ဟုတ်ပါတယ်"

ကသာ့ ရယ်သံလွင်လွင်လေးကို ဖုန်းထဲက နားထောင်ပြီး မောင်မောင် ဘာဖြစ်လို့ ကင်န်တင်းမထိုင်ဘူးလို့ စန္ဒီ့ကို ပြောရတာလဲ

စိုးမိုး၈၁၆ပ



ဒီနေ့ စာမေးပွဲပြီးတာနဲ့ ကင်န်တင်းကို ရှေ့ဆုံးက ပြေးသွားသော မောင်မောင့်ကို မြင်ယောင်ပြီး ဝိုင် မျက်မှောင်ကုပ်ကာ စဉ်းစားလိုက်သည်။

မောင်မောင်က စန္ဒီ့ကို တကယ်ပြောလို့လား။ ဒါမှမဟုတ် စန္ဒီကပဲ ကသာ ကင်န်တင်း မသွားအောင် တမင်ပြောတာလား။ ဖြူစင်သည့် ကသာ့မျက်နှာလေးကို မြင်ယောင်ပြီး ကသာ ညာတာ မဟုတ်ဘူးဆိုတာတော့ ကျိန်းသေ သိနေသည်။

ဒါဆို ဝိုင့်ကိစ္စကို စန္ဒီသိလို့သာ ဝိုင်နဲ့ကသာ မဆုံရအောင် စန္ဒီ ပြောခြင်းဖြစ်မယ်လို့ အတွေးနဲ့အတူ စန္ဒီ့ကို ဘယ်သူပြောတာလဲ။ သိပ်စဉ်းစားစရာတောင် မလိုအောင် မောင်မောင်နဲ့ ဝိုးတူးမျက်နှာကြီးကို မြင်ယောင်လာသည်။

စန္ဒီ သိပြီဆိုရင်တော့ ပပနဲ့သန္တာလည်း သိပြီပေါ့။

"ဟင်း"

"ဘာတွေ သက်ပြင်းချနေတာလဲ ဝိုင်ရဲ့"

အခုမှပင် ဝိုင်က ယောင်ပြီး သက်ပြင်းချလိုက်တာကို သတိရသွားပြီး

"မဟုတ်ပါဘူး ကသာ၊ အဟင်း ဟင်း"

"ကသာ ဖုန်းဆက်တာ စိတ်အနှောင့်အယှက်ဖြစ်နေလား ဝိုင်"

"ဟာ မဟုတ်တာ ကသာရယ်၊ ဘာလို့ အနှောင့်အယှက်

စိုးမိုး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမှာလဲ"

"ကသာက ကိုယ့်ကြောင့် သူများ စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးရိမ်လို့ပါ"

"မဖြစ်ပါဘူး ကသာရယ်"

"ဝိုင် အခု စာကျက်နေတာလား"

"ဟုတ်တယ် ကသာရော"

"ကသာက ဝိုင့်ဆီ ဖုန်းဆက်ပြီးမှ စာကျက်မှာ"

"ကသာက စာတော်ပြီးသားပဲ"

ကသာ့ ရယ်သံလေး ထွက်လာပြန်သည်။

"ဝိုင်"

"ပြောလေ ကသာ"

"စာမေးပွဲ နောက်ဆုံးနေ့ကို လျှောက်လည်ကြမယ်ဆို"

"အင်း စန္ဒီ ပြောတာပဲလား"

"ဟုတ်တယ် ဝိုင် လိုက်ခဲ့နော်"

"အင်း လိုက်တာပေါ့ ကသာရယ်"

"မနက်ဖြန် စာမေးပွဲပြီးရင် ကသာတို့ဘက် လာခဲ့နော်"

"ဘာကိစ္စရှိလို့လဲ ကသာ"

"ဟင့်အင်း မရှိပါဘူး၊ မတွေ့ရတာလည်း ကြာလို့"





"ကြော် ဟုတ်ပြီ၊ ဟုတ်ပြီ လာခဲ့မယ်လေ၊ ဒါပဲနော် ကသာ"

"အင်း"

ကသာ ဖုန်းခွက်လေးကို ချက်ချင်းမချသေးဘဲ ရင်ဘတ်မှာ ဖိကပ်ပြီးမှ ချလိုက်သည်။

ဝိုင်ရယ် မိန်းကလေးက စရတော့မှာလား။ ကသာ ဝိုင့်ကို သိပ်ချစ်တာပဲ သိလား။ ဝိုင်က ကသာ့ကို ချစ်ပါနော်။ စာမေးပွဲ နောက်ဆုံးနေ့ကျရင် ကသာ့ကို ချစ်တယ်လို့ ပြောပါတော့နော်။

ကသာက စိတ်ထဲက ပြောရင်း ပြုံးလိုက်သည်။

"ဟာ ကြီးကြီး ဘယ်အချိန်တည်းက ဒီနားကို ရောက်နေတာလဲ"

တကယ်ကို ကြီးကြီး ဘယ်အချိန်တည်းက ရောက်နေမှန်း ကသာ မသိလိုက်ပါ။ ကြည့်နူးမှုနဲ့ ထလိုက်တော့မှ ကြီးကြီးက မားမား ကြီးရပ်နေပါတယ်။ ကသာ ဖုန်းပြောတာတွေများ ကြီးကြီး ကြားသွားလား မသိဘူး။ ရှက်လိုက်တာ။ ကြီးကြီးက ကသာနဲ့ဝိုင့်အကြောင်းကို သိပေမယ့် အခုလို ပြောစကားတွေကို ကြားသွားတာတော့ မျက်နှာပူတာပေါ့။

"အခုမှ ရောက်တာပါ သမီးရဲ့ ဘာဖြစ်လို့လဲ"

ကြီးကြီးက အပြုံးနဲ့ ခပ်သွက်သွက် ဖြေမှပင် ကသာ သဘောပြုံး ချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်ပါဘူး”

“ဘယ်သူနဲ့ ဖုန်းဆက်နေတာလဲ”

“ကြီးကြီးကရော ဘယ်သူနဲ့ ထင်လို့လဲ”

“အလိုတော် ဘယ်သိပါ့မလဲ”

“အဟင်း ဟင်း ဟင်း ပိုင်ပေါ့ ကြီးကြီးရဲ့”

“ဪ”

“ကြီးကြီး”

“ဟင်”

“စာမေးပွဲ နောက်ဆုံးနေ့ကျရင် သမီးတို့ လျှောက်လည်ကြမယ်နော်”

“အင်း လည်ကြပေါ့။ ကဲ သမီး စာကျက်မယ် မဟုတ်လား”

“ဟုတ်ကဲ့”

“ကျက်လေ ထမင်းဆာရင် ပြောနော်”

“ဟုတ်ကဲ့ပါ ကြီးကြီးရဲ့”

ကသာက တလှုပ်လှုပ်နဲ့ လျှောက်သွားသော ကြီးကြီးခန္ဓာကိုယ် နောက်ပိုင်းကို ငေးကြည့်ပြီး ပြုံးလိုက်ပါသည်။

■ ■ ■



ပိုင်က ကသာနဲ့ ဖုန်းပြောပြီးကတည်းက စာလည်း ကျက်လို့မရတော့ဘဲ ငူငူကြီး ထိုင်နေပါသည်။ ကြီးမေကလည်း ပိုင်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ကာ ပိုင့်အဖြစ်ကို ကြည့်နေပြီး တစ်ခွန်းမှတော့ ဘာဖြစ်နေလဲလို့မေးမဖော်မရပါ။

ကသာ့ကို စိတ်ထဲက သနားနေသော်လည်း ဖြစ်မှမဖြစ်နိုင်တော့တာ။ ကသာကတော့ ပိုင်နဲ့ပတ်သက်ပြီး ဘာမှမသိသော်လည်း ကသာ့သူငယ်ချင်းတွေကတော့ တစ်ခုခုကို သိထားပုံရကာ ကသာ့ကိုလည်း ဖုံးအုပ်ထားကြသည်။

တို့ကို ခွင့်လွှတ်ပါ ကသာရယ်။ ရင်ထဲမှာ ချစ်သော မမှာ အချိန်တိုင်း စိုးမိုးထားသည်။ မောင်မောင်နဲ့စိုးထူး ပြောတာမှန်သင့်



www.burmeseclassic.com

www.burmeseclassic.com



သလောက် မုန့်ပေးမယ့် ဝိုင်ကမှ မမကို မုန့်မကျွေးလို့ မရတာ အခုတော့ လွမ်းလွန်းလို့ သေတော့မယ်။

ကိုကြီးကို ကတိပေးထားသည့်အတွက် မမဆီကို သွားချင်နေသည့် ခြေလှမ်းတွေကို ချုပ်တီးထားရသည်။ ယုတ်စွအဆုံး မုန့်တောင် မဆက်ပါ။ ဒါဟာ ဝိုင် ကတိတည်ကြောင်း သက်သေပြသလို ကိုကြီး ဘက်ကလည်း တစ်ပြန်ကတိတည်အောင် ဖြစ်သည်။

မမကတော့ ဝိုင့်ကို အထင်လွဲနေလောက်ပြီ။ အခုလောက်ဆို သူ့အဒေါ်နဲ့ အစ်ကိုရဲ့ နားသွင်းမှုကြောင့် သူ့မကို မေ့သွားပြီလို့ မမ ထင်နေမှာပါ။

မမရယ် စိတ်ချပါနော်။ ခဏပဲ သည်းခံလိုက်ပါ။ ခဏပဲ အမောင့်ကို စိတ်နာလိုက်ပါ။ မမပြောသလို အမောင်နဲ့မမဟာ သိပ်ချစ်ကြတဲ့အတွက် သစ္စာလည်း မှန်ပါတယ်။ ဒါကြောင့် မဖြစ်မနေ ဆုံကြမှာပါ။

"ကြီးမေ"

"ပြော သားလေး"

ကြီးမေက သူ့ကို တစ်ခုခု ပြောတော့မယ်ဆိုတာကို ကြိုသိနေပုံရသည်။

ဝိုင်က ကြီးမေနားကို တိုးကပ်သွားလိုက်ကာ

"သား တစ်ခုလောက် မေးမယ်၊ ကြီးမေ စိတ်ထဲရှိတဲ့အတိုင်း





ပြောပါနော်"

ကြီးမေ ခေါင်းညိတ်ပြတော့ ဝိုင် ပြောဖို့ အရှိန်ယူလိုက်သည်။

"သားနဲ့ မမကို တကယ်ပဲ ပေးစားမှာလား"

"သား ကိုကြီး ပြောထားသားပဲ"

"မမနဲ့သားကို သဘောကော တူရဲ့လားဟင်"

"မတူဘူး"

ကြီးမေက မဆိုင်းမတွပင် ဖြေလိုက်တော့ ဝိုင် မအံ့ဩမိတော့ပါ။

"သားလေး စိတ်မကောင်း ဖြစ်သွားလား"

ဝိုင်က နှုတ်ကမပြောဘဲ မျက်လုံးကြီးနှင့်သာ လှမ်းကြည့်လိုက်သည်။

"သားရယ် ဒီလို မိန်းကလေးမျိုးကို ဘယ်မိဘက သဘောတူပါ့မလဲ၊ အရာဝတ္ထုတွေ စွန်းထင်းရင် ဆေးကြောပစ်လို့ ရပေမယ့် လူ့သိက္ခာတွေ စွန်းထင်းတဲ့အခါမှာတော့ ဘာနဲ့မှ ဆေးကြောလို့ မစင်ပါဘူး၊ ဒါကိုမှ သားက မြတ်နိုးနေတယ်ဆိုတော့လည်း ကြီးမေတို့ရဲ့ ကုသိုလ်ကံပေါ့"

ဝိုင်က သက်ပြင်းတစ်ချက်ကို အားရပါးရ ချလိုက်ပါသည်။

"သားကတော့ ပျော်နေပြီး ကြီးမေနဲ့ကိုကြီး ခံစားနေရတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မသိဘူး မဟုတ်လား၊ သားလေး တစ်သက်လုံး ပျော်နိုင်ပါစေလို့ပဲ ဆုတောင်းပေးရုံကလွဲလို့ ကြီးမေတို့ မစွမ်းနိုင်ကြောပါဘူး''

ပြောရင်းနှင့်ပင် ကြီးမေ ရှိုက်ငိုနေတော့ ဝိုင့်နှလုံးသားတွေ နာကျင်လာပါသည်။

''မငိုပါနဲ့ ကြီးမေရယ်၊ သား အရမ်းခံစားရလွန်းလို့ပါ၊ မမကို လက်မထပ်လို့ မဖြစ်တော့လို့ပါ''

''ကြီးမေတို့ကရော သား သဘောပါလို့ ပြောပြီးပြီပဲ''

''အဲဒီလိုကြီး ခွင့်လွှတ်တာကိုက သားကို အနေရအထိုင်ရ ခက်စေပါတယ်၊ သားကို ရိုက်ပါလား ကြီးမေ၊ ဒါမှ မဟုတ်ရင် ရစရာ မရှိအောင် ပိုးစိုးပက်စက် ပြောပါလား''

''မပြောရက်ပါဘူး သားလေးရယ်၊ မပြောရက်ပါဘူး။ ဟော ကိုကြီး ပြန်လာပြီ''

ကိုကြီး ကားသံလေးကြောင့် ကြီးမေ ပြောပြီးသည့်နောက်မှာတော့ ကိုကြီး ဝင်လာသည်။

ဝိုင့်ကို ပြုံးပြနေသော ကိုကြီးရဲ့ အပြုံးတွေသည် အရင်ကလို တက်ကြွမှုတွေ ရှိမနေတာတော့ ဝိုင် သတိထားမိတာ ကြာပြီ။ ကိုကြီးက အနားမှာ ဝင်ထိုင်ပြီး ဘာမှမပြောဘဲ ငြိမ်ချက်သား ကောင်းနေသည်။

''ကိုကြီး အရမ်းပင်ပန်းနေလား''





''မပင်ပန်းပါဘူး ငယ်လေးရယ်၊ ဒါ ကိုကြီး လုပ်နေကျ အလုပ်တွေပဲ၊ တစ်ခုတော့ ရှိတာပေါ့ ငယ်လေး မျက်နှာကို မြင်လိုက်ရရင် အမောတွေ ပြေတာ အမှန်ပဲ၊ ဒါပေမဲ့ ငယ်လေးက ကိုကြီးတို့ကို ခွဲထွက်သွားတော့မယ်လေ''

ပြောရင်းနှင့်ပင် ကိုကြီး အသံတိမ်ဝင်သွားတော့ ဝိုင့်နှလုံးသားတွေ ကျဉ်တက်အေးစက်သွားပါသည်။

''ကိုကြီး ညီ့ကို တကယ်ပဲ ခွဲလွှတ်တော့မယ်ပေါ့နော်''

''ငယ်လေးက ကိုကြီးတို့ကို ခွဲထွက်တာပါ''

''ညီ ကိုကြီးတို့နဲ့ ကြီးမေကို ခွဲမထွက်ချင်ပါဘူး''

''ခွဲမထွက်ချင်လို့လည်း ရမှ မရတော့တာ၊ လှလွန်းပိုကို ခေါ်ထားလောက်တဲ့အထိတော့ စိတ်မသန့်ဘူး ငယ်လေး''

''ညီ နားလည်ပါတယ်၊ ညီ့ကို ခွင့်လွှတ်ပါနော် ကိုကြီး''

''ခွင့်လွှတ်ပြီးသားပါ ငယ်လေးရယ် တောင်းပန်စရာ မလိုပါဘူး''

ကိုကြီးက ပြောပြီးတာနဲ့ ဝိုင့်အနားက ထသွားပါသည်။ ကြီးမေလည်း ဝိုင့်ကို တစ်ချက်ကြည့်ပြီး ကိုကြီး နောက်ကို လိုက်သွားပြန်သည်။

ဩော် စလိုက် နောက်လိုက်နဲ့ ပျော်ရွှင်စရာ မိသားစုဘဝလေးကို ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင့်ကို အပြစ်ဆိုသည့်စကား နည်းနည်းမှ မပြောသော ကြီးမေနဲ့ကိုကြီးရဲ့ ရင်ထဲက ခံစားချက်ကိုတော့ ပြောပြစရာ မလိုအောင်ကို ဝိုင် သိနေပါသည်။ ဒါပေမဲ့ မမနဲ့ပတ်သက်လို့တော့ ဒွိဟာစိတ်ကလေးတောင် ဖြစ်မနေအောင် မမဆီကို ဝိုင် မရောက်ရောက်အောင် သွားမှာပဲဖြစ်သည်။

■ ■ ■



အခန်း (၁၂)

ရက်ပိုင်းအတွင်းမှာ ပိန်ကျသွားသော ကျွန်မ ခန္ဓာကိုယ်ကို မှန်ထဲမှာ အထပ်ထပ်အခါခါ ကြည့်နေမိသည်။

အမောင့်ကို လွမ်းသည့် ဝေဒနာတွေက နှလုံးသားနဲ့ မဆံ့တော့အောင် ပေါက်ကွဲထွက်နေပြီ။ အမောင် ဘာဖြစ်လို့ ဖုန်းလေးတစ်ချက်တောင် မဆက်တာလဲ။ အမောင် မမကို ဘယ်လောက် ချစ်တယ်ဆိုတာ သိနေသည့်အတွက် လစ်တဲ့အချိန်လေးမှာ ခဏတော့ ပြေးလာမှာပဲဆိုပြီး မျှော်နေခဲ့သည်။

အအိပ်ပျက် အစားပျက်တွေ များလာတော့ မေသီ မနေနိုင်တော့ပါ။

"အဲဒီလောက်အထိလည်း မဖြစ်ပါနဲ့ မမရယ်၊ မမအရှုပ်တော



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို အရှုံးအမှုး ကိုးကွယ်ရမယ့်အရွယ်လည်း မဟုတ်တော့ပါဘူး''

''နင်ကလည်းဟယ် ပြောရက်လိုက်တာ၊ ငါ့အသက် ဘယ်လောက် ရှိသေးလို့လဲ၊ ငါက အခုမှ အချစ်ကို စပြီးကိုးကွယ်တာလေ၊ အမောင့်ကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ နင် သိပါတယ်၊ အမောင်ကလည်း ငါ့ကို ချစ်တယ်ဆိုတာ နင်ကိုယ်တိုင်ပဲ ပြောတာလေ''

''ဟုတ်ပါပြီ ဝိုင်က မမကို ချစ်ပါတယ်၊ အခုအချိန်မှာ သူ့အဒေါ်နဲ့ အစ်ကိုရဲ့ အပျော့ဆွဲတွေကြားမှာ ဝိုင် ငြိမ်သွားတာ ကျိန်းသေတယ် မမ၊ ဒါကြောင့် ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရတာပေါ့၊ ဒါပေမဲ့ စာမေးပွဲပြီးတဲ့အထိတော့ စောင့်ကြည့်လိုက်ပါဦး''

''ငါကတော့လေ ဝိုင် ငါ့ကို ဘယ်တော့မှ မေ့သွားမှာမဟုတ်ဘူးလို့ ထင်နေတယ်''

''မမေ့ရုံပဲ မမေ့လို့ရကာမှ မဟုတ်တာ မမရယ်၊ ဝိုင် လာဖို့အရေးကြီးတယ်လေ''

''မေသီရယ် မမေ့ပါဘူးဆိုမှ လာမှာပေါ့''

မေသီက ကျွန်မ စိတ်ချမ်းသာဖို့အတွက် ခေါင်းတညိတ်ညိတ်လုပ်နေပါ၏။

အမောင် လာမှာပါ။ အမောင် ကျိန်းသေလာမယ်ဆိုတာ ကျွန်မသိနေပါတယ်။





ဒီနေ့ဆိုရင် အမောင် စာမေးပွဲ ဖြေနေရပြီ။ အမောင် စာမေးပွဲပြီးမယ့်ရက်ကို မမ လက်ချိုးရေစောင့်နေမယ်နော်။ စာမေးပွဲရက်တွေအတွင်းမှာလည်း သူ ဖြေနိုင်တဲ့အကြောင်း အမောင် ဖုန်းလေးတော့ ဆက်မှာပဲ။ အို ဖုန်းတောင် မဟုတ်ပါဘူး။ လူကိုယ်တိုင်တောင် ရောက်ရင် ရောက်လာမှာပါ။

နောက်တစ်နေ့မှာတော့ အိပ်ရာနိုးပြီးတည်းက မေသီ အတင်းတိုက်သော ကော်ဖီလေးတစ်ခွက်သာ သောက်ပြီး အမောင့်ကို စောင့်နေမိသည်။

''ဒီနေ့ စာမေးပွဲ ဒုတိယနေ့လေ မေသီ၊ မနေ့ကနဲ့ ဒီနေ့ဖြေနိုင်တဲ့အကြောင်းကို အမောင် ကျိန်းသေလာပြောမှာ၊ နင် မယုံရင်လောင်းမလား''

ဟင်းချက်နေသော မေသီက ကျွန်မကို ပြုံးပြင်းချင်ပုံ မပေါ်ပါ။ စိတ်ပျက်လက်ပျက် မျက်နှာကြီးနဲ့သာ ခေါင်းညိတ်ပြတော့ ကျွန်မမကျေမနပ်နှင့်ပင် မျက်စောင်းထိုးပြီး အပြင်ထွက်လာခဲ့သည်။

ကျွန်မက ကော်ဖီသောက်လိုက်၊ တံခါးဝကို ကြည့်လိုက်နဲ့အလုပ်တွေ ရှုပ်နေစဉ် မေသီကတော့ အေးအေးလူလူပင် တီဗွီကြိုက်းကစားနေပါ၏။ ကျွန်မ ပူပင်သောကတွေ များနေသလောက် အေးအေးငြိမ်ငြိမ်းနေနိုင်သော မေသီ့ကိုကြည့်ပြီး တစ်ခါမှ မဖြစ်ဘူးသည့် စိတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလိုတမာတွေ ဖြစ်နေမိသည်။

တံခါးပေါက်ကိုပဲ ကြည့်နေသည့် ကျွန်မ အရိပ်တစ်ခုကို တွေ့လိုက်တာနဲ့ ဝုန်းခနဲ ထရပ်လိုက်စဉ် မေသီလည်း လှမ်းကြည့်နေ၏။

သစ်သားတံခါးကို ဖွင့်ထားပြီး သံပန်းတံခါးသာ ကျွန်မ ဆန္ဒအတိုင်း ဟထားသည့်အတွက် တံခါးဝကို အရောက်မှာတော့ မျှော်လင့်ထားသော အမောင် မဟုတ်သည့်အပြင် ကျွန်မ အသည်းနှလုံးကို ကျင်စက်နဲ့ အတို့ခံလိုက်သလို ခံစားသွားရတာကတော့ တံခါးဝမှာ ရပ်နေသောသူတွေမှာ ကြီးကြီးနဲ့ မမ သဒ္ဒါတို့ ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဘယ်လိုလဲ တံခါးတောင် ဖွင့်မပေးတော့ဘူးလား"

ကျွန်မကို တစ်ခါမှ အကောင်းမပြောဘူးသော ကြီးကြီးက တွေ့တာနဲ့ ခပ်ငေါ့ငေါ့လေး မေးနေ၏။

စေ့ထားသော သံပန်းတံခါးကို ဆွဲဖွင့်ပေးလိုက်တာနဲ့ ကြီးကြီးနဲ့ မမသဒ္ဒါ ဝင်လာကြပြီး မမသဒ္ဒါက မေသီကို နှုတ်ဆက်နေ၏။

တစ်ခုခု စားဖို့ စီစဉ်တော့မယ့် မေသီကို ကြီးကြီး ကမန်းကတန်း လက်ကာလိုက်ပြီး

"မေသီ ဘာမှ မလုပ်နဲ့တော့၊ တို့ ဘာမှမစားဘူး"

"ဟုတ်တယ် မေသီ၊ မမတို့ စားလာပြီးပြီ"

ကြီးကြီး မျက်နှာခပ်ထန်ထန်ကို တစ်ချက်ရှုံ့ပြီး ကျွန်မကလည်း





မလျှော့သော မျက်နှာပေးနဲ့ ကြည့်လိုက်ကာ

"ကြီးကြီးတို့ လာတာ ကိစ္စရှိလို့ ထင်တယ်"

"သိပ်ဟုတ်တာပေါ့ ညည်းအိမ်ကို ကိစ္စတောင် တော်တော်တန်တန် အရေးမကြီးဘဲ လာဖို့ဝေးသေး"

ကျွန်မ တင်းခနဲ ဖြစ်သွားပြီး ပက်ခနဲ ပြန်ပြောဖို့ ပါးစပ်သည် အားနာသည့် မျက်ဝန်းတွေနဲ့ ကြည့်လာသော မမသဒ္ဒါကြောင့် နှုတ်ပိတ်လိုက်ရပေမယ့် အောက်နှုတ်ခမ်းကိုတော့ အပေါ်သွားလေးနဲ့ ဖိကိုက်ထားလိုက်သည်။

ကြီးကြီးက တူမအရင်းဖြစ်သော ကျွန်မအပေါ် လုံးဝ မကောင်းပေမယ့် ညီအစ်မဝမ်းကွဲတွေ ဖြစ်သည့် မမသဒ္ဒါတို့ ညီအစ်မကိုတော့ အမြဲတမ်း ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ဆက်ဆံပြီး ချစ်လည်း ချစ်ကြသည်။

ညီမက မွေးတာချင်းအတူတူ ပိုက်ဆံရှိပြီး အသိုင်းအဝိုင်းရှိသော (မမသဒ္ဒါတို့ အဖေ) မတ်ကိုရော၊ သမီးနှစ်ယောက်ကိုပါ သူ့အသည်း နှလုံးတွေ ပုံအောပြီး ချစ်သလောက် ပိုက်ဆံမရှိ၊ အသိုင်းအဝိုင်း မရှိသည့် ကျွန်မရဲ့အဖေ (မတ်)ကိုတော့ လုံးဝ ခါးခါးသည်းသည်း အပြင် တူမရင်းဖြစ်သော ကျွန်မကိုလည်း ကြီးကြီး လုံးဝ ကြည့်မရ။

ဒါတွေကို အပ်ကြောင်းထပ်အောင် စကားနာထိုးဖို့လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးမရှိတော့ပါ။ ဒါကြောင့်ပင် ဘာမှမဖြစ်တဲ့ ဒီဖိုင်းမျိုးနဲ့ ခပ်မော့မော့ပင်

"ဒါဆိုလည်း လာရင်းကိစ္စကို ပြောပါ"

ကြီးကြီးသည် ကျွန်မအား စားတော့ ဝါးတော့မတတ် ခပ်စွေ စွေကြီး ကြည့်နေပါသည်။

"ဒီမှာ လွန်းပို၊ ကျုပ်ဟာ ညည်းအမေရဲ့ အစ်မရင်း ညည်း ကြီးတော်အရင်းပါ၊ ညည်းလေသံ၊ ညည်းပုံစံက ဒီထက်ပျော့ပျောင်းလို့ မရတော့ဘူးလား၊ ညည်းအမေတောင် လုပ်ချင်တာ လုပ်ခဲ့ပေမယ့် ဒီလို ပုံစံမျိုး ငါ့ကို မဆက်ဆံဘူး၊ ရာဇဝင်ရိုင်းလိုက်တာအေ"

ကျွန်မသည် ကြီးကြီး ပြောနေတာတွေကို ချေပချင်လိုက်တာမှ လျှာကို ယားနေသည်။ ဒါပေမဲ့ ထပ်ပြောရင် ပိုဆိုးမည့်အပြင် စကား ကြောတွေလည်း ရှည်နေမှာစိုးတာကြောင့် ခပ်မဆိတ်ပဲ နေလိုက်သည်။

"ငါ့ကိုကလည်း ရှည်ပါတယ်လေ၊ ညည်းလိုကောင်မမျိုးကို ဒါတွေ ပြောနေလို့လည်း ထူးမှာမဟုတ်ပါဘူး၊ ဒီတော့ ပြောချင်တဲ့ စကားပဲ ပြောတော့မယ်၊ ကသာ ဟာ ညည်းညီမလေးပါနော်"

ကြီးကြီးက မျက်ခုံးနှစ်ဖက်ပင့်ကာ စကားကို ရပ်ထားလိုက် တော့ ကျွန်မ တွေဝေသွားတာက ဘာဆိုင်လို့ ဒီစကားကို မေးရတာလဲ။ ဟုတ်တယ်လေ၊ မမသဒ္ဒါနဲ့ ကသာဟာ ကျွန်မအမေရဲ့ ညီအစ်မအရင်းမှာ မွေးသော ညီအစ်မ ဝမ်းကွဲတွေပဲ။ နောက်ပြီး မမသဒ္ဒါနဲ့ ကသာဟာ





ကျွန်မကို သိပ်ချစ်ကြသည်။ ညီအစ်မ ဝမ်းကွဲပေမယ့် နွေးနွေးထွေးထွေး နေချင်တာကို သူတို့ ကြီးတော်ကြီး (ကျွန်မရဲ့ ကြီးတော်ပေါ့လေ)က မကြိုက်ဘူး။ ကျွန်မဟာ သုံးစားမရအောင် ပျက်စီးနေပြီး သူ့တူမတွေက တော့ ရိုးသားပြီး ကျခြေသိက္ခာရှိသောသူတွေဆိုတော့ သူ့တူမတွေပါ ပျက်စီးသွားမယ်ပေါ့။

တကယ်လည်း မမသဒ္ဒါနဲ့ ကသာဟာ ကျခြေသိက္ခာအလွန်ရှိ သော မိန်းကလေးတွေ ဖြစ်ပါသည်။ ကျွန်မလည်း တစ်ဝမ်းသာကွဲသော ညီအစ်မတွေကို ချစ်တာပေါ့။ ဒါပေမဲ့ ရွံတတ်သည့် ကျွန်မရဲ့ညဉ်အဝိုင်း ကြီးတော်ကြီးကို ကြည့်မရတာနဲ့ မမသဒ္ဒါတို့ကိုလည်း အဆက်အသွယ် ဖြတ်ထားသည်။

ညီအစ်မနှစ်ယောက်ကတော့ ကျွန်မကို ချစ်ကြပါသည်။ ကသာ ဆို ပိုဆိုးသေး။ တစ်ခါ ပလာဇာတစ်ခုမှာ ဆုံကြစဉ် သူမတို့ကို အဆက် အသွယ်မဖြတ်ဖို့ မျက်ရည်ဝဲဝဲလေးနဲ့ ပြောတာ ကျွန်မ ဘယ်တော့မှ မမေ့ပါ။

အခုလည်း မမသဒ္ဒါ မျက်နှာလေးက ပြုံးပြီး ချစ်ခင်စိတ်အပြည့် နဲ့ ကျွန်မကို ကြည့်နေပေမယ့် ကြီးကြီးကတော့ တော်တော်ကြီးကို ကြည့်မရပုံနဲ့ မျက်မှောင်ကြီးကုတ်ပြီး ကြည့်နေပါသည်။

ကြီးကြီးက ကျွန်မ တစ်ခုခု ပြန်မပြောသည့်အတွက် စိတ်မရှည်



www.burmeseclassic.com

www.burmeseclassic.com



သည့်ပုံပေါက်ကာ

"ဟဲ့ မိလွန်းပို ငါမေးတာ ပြန်ဖြေလေ"

"ဘာမေးတာလဲ၊ ကသာနဲ့ ညီအစ်မလားလို့ မေးတာလား။ အဲဒါပဲ မေးနေစရာတောင် မလိုအောင် ဒီမှာရှိတဲ့လူတွေ အားလုံး သိနေ ကြတာပဲ"

ကျွန်မက တမင်ပင် ကြီးကြီးစိတ်ကို ဆွပေးသလို အငေါ်တူးတူးလေး ပြောလိုက်တော့ ထင်သည့်အတိုင်းပင် ကြီးကြီးမျက်နှာကြီး ရဲခနဲ ဖြစ်ကာ ကျွန်မကို စားတော့ ဝါးတော့မတတ် ကြည့်နေသည်။

"အေး ညည်းပါးစပ်က ပြောတာ ကြားချင်လို့ တမင်မေးတာ"

"ဒါဆိုလည်း ဖြေရမှာပေါ့၊ ဟုတ်တယ် ကသာဟာ ကျွန်မ ညီမလေးပဲ၊ အဲဒါနဲ့ ဘာဖြစ်လဲ ပြောပါဦး"

"ညည်းညီမဆိုတာ သတိရသားပဲနော်၊ အဟင်း ဟင်း"

"ဘာ သတိမရစရာ ရှိလဲ၊ မမသဒ္ဒါဟာ ကျွန်မ အစ်မ ကသာက ကျွန်မ ညီမ၊ သေတဲ့အထိကို သတိရနေမှာ"

"ကသာ့ကိုတော့ ညည်း မမုန်းတာ သေချာပါတယ်နော်"

"ကျွန်မကို သိပ်ချစ်တဲ့ ညီမလေးကို မပြောနဲ့ ကျွန်မ မုန်းပြီး နည်းနည်းမှ ကြည့်မရတဲ့ ကြီးကြီးကိုတောင် ကျွန်မ မမုန်းပါဘူး"

"ညည်း တော်စမ်း၊ ညည်းကို ဘာလို့ မချစ်လည်း ညည်း





သိပါတယ်"

"တော်တော့ ကြီးကြီး၊ အခု ကြီးကြီးတို့ ကသာနဲ့ ပတ်သက်ပြီး ဘာပြောချင်တာလဲ"

"ပြောချင်တာကတော့ ညည်းအပျင်းပြေ ကစားချင်ရင် တခြား ယောကျ်ားတွေ ညည်းအနားမှာ အများကြီး ရှိပါတယ်၊ ငါ့သမီးလေး ရည်မှန်းထားတဲ့ ယောကျ်ားကိုမှ ညည်း မလုပ်သင့်ပါဘူးအေ၊ ညည်း ကသာ့ကို တကယ်ချစ်တယ်ဆိုရင်တော့ ကသာ့အမေကို ညည်းအမေ ကိုယ်စား လက်စားချေတာလား"

"ကြီးကြီး ဘာပြောနေတာလဲ၊ ကျွန်မ နားလည်အောင် ပြောပါလား"

ကြီးကြီးသည် ငိုသံပါရုံမက မျက်ရည်တွေပါ ဝဲလာပါသည်။ တစ်လုံးမှ ဝင်မပြောသော မမသဒ္ဒါကလည်း ကျွန်မကို အသနားခံသည့် မျက်လုံးတွေနဲ့ ကြည့်နေပါသည်။

"အေးပေါ့လေ နားမလည်ဟန်ဆောင်နေတော့လည်း ပြောရတော့မှာပေါ့၊ ညည်း ကစားချင်တိုင်း ကစားတဲ့အထဲမှာ ဝိုင်သွေးသစ် ဆိုတဲ့ ဝိုင့်ကိုတော့ မပါစေချင်ဘူး"

"ဘယ်လို ဝိုင်ကို၊ ဒါဆို ဝိုင်က ဝိုင်က"

ကျွန်မသည် ဆက်မပြောနိုင်တော့ဘဲ ထိုနေရာမှာပင် ထစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကြီးကြီး လှောင်ပြုံးတစ်ချက် ပြုံးလိုက်ပြီး

"ဟုတ်တယ် ဝိုင်နဲ့ကသာက တစ်ယောက်နဲ့တစ်ယောက် သိပ်သံယောဇဉ် ရှိကြတယ်၊ နှစ်ဖက်အသိုင်းအဝိုင်းကလည်း အသိအမှတ်ပြုထားသလို တစ်နေ့မှာ လက်ထပ်ကြမယ့်သူတွေလို့ တို့ပတ်ဝန်းကျင်၊ ဝိုင်တို့ ပတ်ဝန်းကျင်က အားလုံး သိထားကြတယ်၊ အဲဒါကိုလည်း မသိဘူး ငြင်းဦးမလို့လား၊ ဒီအချိန်မှာ ညည်းက ကြားဖြတ်ခုတ်တယ်၊ ဒီထဲက သမန်းကျ ဇာတ်လမ်းတစ်ခု မဟုတ်ဘူးဆိုတာ ငါက သိနေတယ်"

မဟုတ်ဘူး မဟုတ်ဘူး လို့ ကျွန်မ အော်လိုက်ပေမယ့် အပြင်သို့ လုံးဝ ထွက်မလာခဲ့ပါ။ ကျွန်မပါးစပ်သည် အာစေးထည့်ထားသောသူလို ပိတ်နေပြီး ကြီးကြီး ဆက်ပြောမှာကို နားထောင်နေလိုက်သည်။

"ဝိုင်ဟာ ညည်းရဲ့ မာယာကျော့ကွင်းကိုသာ မမိရင် သမီးလေးနဲ့ အတိအလင်း ချစ်သူတွေ ဖြစ်ကြပြီ၊ အခုတော့ ဒီအကြောင်းတွေကို သမီးလေး ကသာ မသိဘဲ ဝိုင့်အချစ်တွေကို မျှော်လင့်နေတယ်လေ၊ သိသွားရင် သမီးလေး စိတ်ထိခိုက်ပြီး အသက်တောင် ထွက်သွားနိုင်တယ်၊ ဒါကြောင့် ကျေးဇူးပြုပြီး ညည်းဆီကိုလာ မေတ္တာရပ်ခံတာပါ၊ ဝိုင့်ရဲ့အစ်ကိုနဲ့ အဒေါ်လည်း အရှုံးတစ်ပိုင်း ဖြစ်နေပြီ၊ အဲ့ဩပါရဲ့အေ ဝိုင့်အခြေအနေ အသိုင်းအဝိုင်းကိုများ ညည်းမို့ မှန်းရဲတယ်"

ကျွန်မသည် ကြီးကြီးရဲ့ စကားအဆုံးမှာတော့ စိတ်နှုံးကိုယ်နှုံးတွဲမရှိတော့စွာ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်လို့နေသည်။ စိတ်လွတ်ကိုယ်လွတ် အော်ဟစ်ပစ်လိုက်ချင်စိတ်ကို မနည်းကြီး ထိန်းထားရပါသည်။



အမောင်ဟာ ဘာဖြစ်လို့များ ကျွန်မချစ်သော ညီမလေး ချည်မှန်းထားသည့်သူ ဖြစ်နေရတာလဲ။ ဒီကိစ္စကို ကျွန်မ လုံးဝ မသိသလို အမောင်လည်း သိပုံမရပါ။ ကျွန်မ အမောင့်ကို သိထားစေတာကလည်း ကျွန်မဟာ မေသိအပြင် တခြားဆွေမျိုးရင်းချာ မရှိသော ပုံစံမျိုး နေခဲ့တာကို၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် လာဖြစ်နေတော့ ကျွန်မ ဘာလုပ်ရမလဲ။ ဘာမှလည်း ပြောလို့မရအောင် ကြီးကြီး ပြောပုံကို ကြည့်ပါလား။ ကျွန်မဟာ ကသာ့ချစ်သူမှန်း သိရဲ့နဲ့ တမင်ပင် ဖြတ်ကြီး ဝင်နွှယ်သလိုလို၊

နောက်တစ်ခု ပိုအခံရခက်တာက ကျွန်မ အမေကိုယ်စား လက်စားချေတာလားတဲ့။ မဟုတ်ပါ။ ဒါ လုံးဝ မဟုတ်ရပါ။ တစ်ချိန်တုန်းက ကြီးကြီးကို မခံချင်စိတ်နဲ့ စိတ်လိုက်မာန်ပါ ပြောလိုက်မိပေမယ့် မေ့တောင် နေပါပြီ။

ကသာ့အမေကလည်း ကျွန်မ ကြီးတော်ပါပဲ။ ပြောခဲ့သလို ကြားထဲက ကြီးကြီး သည်းသည်းလှုပ်နေတဲ့အခါ ပြောမိပြောရာ ပြောလိုက်တာကို မမသဒ္ဒါတို့ ကသာတို့ကတောင် အမှတ်မယူဘဲ ကြီးကြီး ကြားထဲက အဖြစ်သည်းနေပုံသည် ကသာတို့ ညီအစ်မနဲ့ ကျွန်မကို ရန်တိုက်ပေးသလို ဖြစ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက ထားဦး။ အခု ကြီးကြီး စွပ်စွဲတဲ့ ကိစ္စရဲ့ အဓိက ကြီးကြီးတို့ဖြစ်ချင်တာ ဘာလဲ"

"ကဲ မိလွန်းပို ညည်း ကသာ့ကို တကယ် စိတ်ရင်းနဲ့ချစ်တာ ဆိုရင် ဝိုင့်ကို အဆက်အသွယ် ဖြတ်လိုက်ပါ၊ သမီးလေး ကသာရဲ့ သိက္ခာအတွက်တင် မဟုတ်ဘူး။ အသက်အန္တရာယ်တောင် ထိခိုက်နိုင်တဲ့ ကိစ္စမို့ ညည်းကို လာတောင်းပန်တာပါ"

တောင်းပန်နေသော ကြီးကြီးအသံသည် အထက်စီးသံ ပေါက်နေပါသည်။

"သွားကြစို့ သမီးကြီး"

ကျွန်မ အပြောကိုတောင် မစောင့်ဘဲ ကြီးကြီး ခပ်ဆောင့်ဆောင့်နဲ့ ထွက်သွားသည်။ မမသန္တာ မတ်တတ်ရပ်လိုက်တော့ ကျွန်မလည်း ယောင်ရမ်းပြီး မတ်တတ်ရပ်လိုက်စဉ် မမသန္တာသည် ကျွန်မ ပခုံးလေးကို ညင်ညင်သာသာ ကိုင်လိုက်ပြီး

"ကြီးကြီးကို တစ်မျိုး မထင်ပါနဲ့နော်၊ ညီမလေး ကသာဟာ ကြီးကြီး ပြောသလိုပဲ၊ ဒီကိစ္စကြီးကိုသာ သိရင် တကယ်ကို တစ်ခုခု ဖြစ်သွားနိုင်လို့ မမကိုယ်တိုင်ပါ လိုက်လာပြီး တောင်းပန်တာပါ၊ အခု ကသာတို့ စာမေးပွဲဖြေနေတယ်လေ၊ မမသန္တာ သွားမယ်နော် ညီမလေး"

မျှော်လင့်ချက်ပြည့်နေသော မျက်လုံးတွေနဲ့ မမသန္တာ နှုတ်ဆက်





နေတော့ ကျွန်မ ကျေကျေနပ်နပ်ပင် ခေါင်းညိတ်လိုက်ပါသည်။

မမသန္တာကတော့ ကျေးဇူးတင်သည့်အပြုံးတွေနဲ့ ကျွန်မမျက်နှာကို အကြာကြီး စိုက်ကြည့်သွားပါသည်။ မမသန္တာ လုံးလုံး ပျောက်ကွယ်သွားမှပင် ကျွန်မ ချုံးပွဲချ ငိုပစ်လိုက်တော့သည်။

မေသီက သံပန်းတံခါးကို သော့ခတ်၊ သစ်သားတံခါးကို ကျကျနန ဂျက်ထိုးပြီးမှ သူ့အခန်းထဲ သွားဖို့ပြင်နေ၏။ ကျွန်မ မနေနိုင်တော့ပါ။

"မေသီ"

မေသီ လှည့်ကြည့်သည့်အခါ မျက်ရည် တွဲလဲကြားကပင်

"ငါ ဘာလုပ်ရမလဲ မေသီ"

"မမ စိတ်ရှိလက်ရှိ ငိုလိုက်ပါဦး၊ ငိုပြီးရင်တော့ တစ်ခုခု ဆုံးဖြတ်ရလိမ့်မယ်၊ မေသီလည်း ဝိုင်းကူ စဉ်းစားပေးမယ်လေ"

မေသီက ပြောပြီးတာနဲ့ သူ့မအခန်းသို့ ဝင်သွားသည်။ ကျွန်မ မှာသာ ရင်ထဲဟာတာတာကြီး ဖြစ်ကာ ဆက်ငိုလို့လည်း မရတော့ပါ။

အမောင်ရေ မမကို ကယ်ပါဦး။ အမောင့်ကို မမ တကယ်ကို မြတ်မြတ်နိုးနိုး ချစ်တာ သစ္စာဆိုရဲပါတယ်။ ဒါပေမဲ့ ဘယ်သူမှ မယုံကြတော့ပါလား။ ဘယ်သူ ယုံယုံ မယုံယုံ အမောင် ယုံရင် မမ ကျေနပ်တယ်၊

ကျွန်မ မျက်ဝန်းထဲမှာ ကျွန်မ သိပ်ချစ်သော အမောင်နဲ့ နှီးသားဖြူစင်သော ကသာ့မျက်နှာလေးက ယှဉ်တွဲပြီး ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ဆို သိပ်လိုက်မှာပဲ။ သူတို့နှစ်ယောက်ကမှ တကယ့်ကို လိုက်ဖက်ညီသော နေနဲ့လ ရွှေနဲ့မြပါပဲ။

ကျွန်မ ဘာလုပ်ရမလဲ။ ဘာကော လုပ်သင့်သလဲ။ အကြင်နာ မျက်ဝန်းလေးတွေနဲ့ ချစ်စရာကောင်းသော ကသာ့ကို မြင်နေမိသည့်အခါ ကျွန်မ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်ကြီး ချလိုက်ပါတော့သည်။

■ ■ ■



## အခန်း (၂၀)

တစ်ခုကို လိုချင်မိရင် တစ်ခုကို စွန့်လွှတ်ရမယ်လို့ သိထားသည့် ဝိုင်က ကိုကြီးနဲ့ ကြီးမေရင်ခွင်ကနေ နွမ်းရိပျော့ခွေနေသော နှလုံးသား နဲ့ မမရှိတဲ့ဆီကို ရောက်လာခဲ့ပါသည်။

ကိုကြီးသည် သူ့ကတိအတိုင်းပင် စာမေးပွဲပြီး နောက်တစ်နေ့ မှာပဲ ဝိုင်တောင် ခွင့်မတောင်းရသေးခင်

"ယယ်လေး သွားရင် သွားတော့"

လို့ တည်တည်ငြိမ်ငြိမ်နဲ့ပင် ပြောလာသည်။ ဒီလို ဆိုပြန်တော့ ဝိုင့်စိတ်ထဲက လှမ်းလှမ်းဆွေးဆွေးကြီး ဖြစ်သွားသည်။ ကြီးမေကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ဝိုင်နဲ့ကိုကြီးကို ကြည့်ပြီး တအိအိ ငိုနေသည်။

ဝိုင် စီးသည့် ကားအပြင် လောလောဆယ် သုံးဖို့ ငွေတချို့ပါ ပေးပြီး မကြာမကြာ လာဖို့နဲ့ ဖုန်းဆက်ဖို့ပါ ပြောသည်။ နေခါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လစဉ်ပင် ဗိုင်နဲ့မမ စားဝတ်နေရေးအပြင် ကျန်းမာရေးအတွက်ပါ ထောက်မယ့်အကြောင်း ပြောလာတော့ ဗိုင် မျက်ရည်တွေ ဗိုးဗိုးပေါက် ပေါက် ကျလာပါသည်။

ကိုကြီးသည် ဖွတ်ပင်သံယောဇဉ် ပြတ်ကာ သူ့အခန်းထဲသို့ ဝင်သွားသည်။ သဘောကတော့ ဗိုင် ထွက်သွားမှာကို မကြည့်ချင်ဘူးဆို သည့် သဘောဖြစ်သည်။

ကြီးမေသာ ခုထိ ငိုနေတုန်းဖြစ်ကာ ဗိုင်လှည့်ထွက်ဖို့ပြင်တော့

''သားလေး နေကောင်းအောင် နေနော်''

ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားပေမယ့် ကြီးမေကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ ဖွတ်ပင် စိတ်ကိုတင်းကာ ထွက်လာခဲ့သည်။ တစ်သက်လုံး နေလာခဲ့သည့် ခြံနဲ့တိုက်ကြီးကို တစ်ချက်ကြည့်ပြီး လွမ်းသလို ကြီး ဖြစ်သွားသည်။

မမဆီကို ရောက်ခါနီးမှာပင် ဗိုင်ရဲ့စိတ်တွေ လန်းဆန်းလာတာ ၁၅၀၀ ကပဲ အနိုင်ယူသွားလို့လား မသိပါ။

မမကတော့ လုံးဝ အဆက်အသွယ် မလုပ်သော ဗိုင့်ကို စိတ်ဆိုး နေပြီလား။ စိတ်ရော နာပြီး ငိုနေပြီလား။

မမရေ အမောင် လာပြီလေ။ အမောင် မမကို ဘယ်တော့မှ သစ္စာ မဖောက်ပါဘူး။ မမကို အမြဲတမ်း ချစ်မြဲ ချစ်လျက်ပါပဲ။





အစ်ကိုကြီးနဲ့ကြီးတော်ကြီးရဲ့ ရင်ကို စုံကန်ပြီး ထွက်လာခဲ့သော ဗိုင်သည် သော့ခလောက်ကြီး ခတ်ထားသည့် မမ အခန်းရှေ့ကို ရောက် သောအခါမှာတော့ မောသွားပါသည်။

မမ ဘယ်သွားလဲ။ တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ရှိနေကျပါ။ အထူးသဖြင့် ဒီလိုနေ့မျိုးမှာ မမ ဘယ်မှသွားမှာ မဟုတ်ဘူး။ ဗိုင်လာလာ မလာလာ စောင့်နေမှာပါ။ ဈေးတွေဘာတွေများ သွားဝယ် တာလား။ ဒါဆိုလည်း ဗိုင်က လက်မခံချင်ပြန်။ ဘာလို့လည်းဆိုတော့ မနေ့က စာမေးပွဲပြီးတာ မမ သိထားသည်။ မနေ့က မလာရင် ဒီနေ့ ကျိန်းသေလာမယ်လို့ မမ တွက်ကို တွက်ထားရမှာကို။ ဘယ်လိုဖြစ်လို့ မရှိရတာလဲ။

ဗိုင်က လက်ဆွဲအိတ်ကြီးကို တလေးကြီး ဆွဲတက်လာပြီးမှ ပြန်လည်း သယ်မချချင်တာကြောင့် မမ အခန်းရှေ့မှာ ပစ်ချပြီး လက် ဆွဲပေါ်ပဲ ထိုင်ချလိုက်သည်။ တော်သေးတယ်။ မမတို့ လှေကားထစ်တွေ က တခြားတိုက်ခန်းတွေထက် ပိုကျယ်သည့်အတွက် တိုက်ခန်းပေါ် အတက်အဆင်း လုပ်မယ့်သူတွေကို အားနာစရာ မလိုတော့ပါ။

ဗိုင် ထိုင်နေသော ဆယ့်ငါးမိနစ် အတွင်းမှာပင် မမ အခန်းရဲ့ အပေါ်ထပ်တွေကို အတက်အဆင်း လုပ်နေသော လူတိုင်းသည် လက် ဆွဲနဲ့အတူ ထိုင်နေသည့် ဗိုင့်ကို စူးစမ်းသလို ကြည့်ကြ၏။ တချို့ဆို



www.burmeseclassic.com

www.burmeseclassic.com



ပုံစံတစ်မျိုးနဲ့ ကြည့်ပြီး မဲ့ရွဲ့သွားကြသည်။

ကြာတော့လည်း ရှက်စိတ်နဲ့အတူ ဗိုင် ထရပ်လိုက်ကာ အောက်ကပဲ ဆင်းစောင့်ဖို့ ပြင်ပြီးမှ စိတ်ကို တင်းလိုက်သည်။

ဘာဖြစ်လဲ၊ မမနဲ့က လူသိရှင်ကြားတောင် လက်ထပ်ထားပြီးပြီပဲ၊ ဒါမျိုးတွေ အကြည့်ခံရတာ မဆန်းပါဘူး။ ကြာတော့လည်း ရိုးသွားမှာပါ။ အခုနေတော့ အားလုံးရဲ့ မျက်စိထဲမှာ ဗိုင်ဟာ မမရဲ့သားကောင် တစ်ကောင်လို့ ထင်ပြီး ကရုဏာသက်သော မျက်ဝန်းအကြည့်တွေကို ခံနေရသည်။ ဒီလိုကြည့်ကြတာကို ခေါင်းငုံ့နေမယ့်အတူတူ ခပ်မော့မော့ပင် နေပြလိုက်ခြင်းက ဗိုင်လည်း စိတ်သက်သာရာရမယ်။ ကဲ့ရဲ့ချင်သည့်သူတွေလည်း ရှိန်သွားမယ်လို့ အတွေးရောက်ပြီး စောစောကလိုပဲ ပြန်ထိုင်ကာ တမင်ပင် မျက်နှာကို ချီထားလိုက်ပါသည်။

ကိုယ့်ထမင်းကိုယ်စားပြီး စပ်စုချင်သော လူတွေကိုလည်း ဗိုင်က တော်တော်ကို မကြည့်မလင် ဖြစ်နေသည်။

နာရီဝက်လောက် စိတ်ရှည်ရှည် ထပ်စောင့်ပြီးသည့်အခါမှာတော့ ကိုကြီးတို့ အရွယ်လောက်ရှိပြီး လင်မယားဖြစ်ပုံရသော စုံတွဲက လှေကားထစ်အတိုင်း တက်လာသည်။ ဗိုင် ထိုင်နေသော မမ အခန်းရှေ့ အရောက်မှာ ရပ်လိုက်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။





ထို့နောက်မှာတော့ ဗိုင့်ကို ကြည့်နေသည့် အကြည့်တွေကြားမှာ ဗိုင် မလုံမလဲ ဖြစ်သွားပြီး

"ဒီက အစ်ကိုနဲ့အစ်မက ဘယ်သူနဲ့ တွေ့ချင်လို့လဲ မသိဘူး"

ဗိုင် မေးလိုက်သောအခါ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။ ပြီးမှ ယောက်ျားဖြစ်သူက အပြုံးချိုချိုလေးနဲ့ ကြည့်ကာ

"ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး။ အစ်ကိုတို့က ဒီအခန်းပိုင်ရှင်တွေပါ"

"ဗျာ"

ဗိုင်က တကယ်ပင် နားမလည်စွာ အသံကျယ်ကြီးနဲ့ ဗျာလိုက်တဲ့အခါ

"ဘာဖြစ်လို့လဲ မောင်လေး၊ မင်းကရော ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဒါ ဒါ မလှလွှန်းပိုရဲ့ အခန်းမို့လား"

ဗိုင်ကလည်း စိတ်ကရောက်ကရက်ဖြစ်ကာ မှားသွားလားလို့ ခေါင်းတစ်ခုလုံး မူးနောက်သွားအောင် ကြည့်ပြီးမှ မမှားပါဘူးလို့ စိတ်ထဲက ပြောလိုက်မိသည်။

"ဟုတ်တယ်လေ အရင်က ဒေါ်လှလွှန်းပိုရဲ့ အခန်းပဲ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဝယ်လိုက်တာ ရက်ပိုင်းပဲ ရှိသေးတယ်''

''ဟုတ်ရဲ့လားဗျာ''

''ဒါ နောက်စရာမှ မဟုတ်တာ''

''ဟို မဟုတ်ဘူး။ ကျွန်တော် ပြောတဲ့အဓိပ္ပါယ်က အဲဒီလိုမျိုး မဟုတ်ဘူး၊ ဒီလောက် မြန်မြန်ဆန်ဆန်ကြီးဆိုတော့ အံ့သြလို့ပါ''

''မောင်လေးက ဒေါ်လှလွန်းပိုနဲ့ ဘာတော်လဲ''

အစ်မကြီးက ချထားတဲ့ လက်ဝှေ့ချိုကြီးကို ကြည့်ပြီး စပ်စုနေတော့ ဝိုင်က သွက်သွက်လက်လက်ကြီးပင်

''ဟို ဘာမှ မတော်ပါဘူး၊ သူ့မိတ်ဆွေပါ''

''မမတို့ အတွင်းစကား ကြားထားတာတော့ လှလွန်းပိုဟာ အေအိုင်ဒီအက်စ် ဖြစ်နေတယ်တဲ့''

''ဗျာ''

ဝိုင့်တစ်ကိုယ်လုံးရှိသွေးတွေ ခေါင်းအထိ ဆောင့်တက်လာပါသည်။

''ထားထား ဘာတွေ လျှောက်ပြောနေတာလဲ''

''အို ထားက အမှန်အတိုင်း ပြောတာပဲ၊ ကိုယ့်မောင်လေး အရှုံးမှိ မမှားသင့်တာ မမှားအောင် သတိပေးတာပါ''

''မသေချာဘဲနဲ့ လျှောက်မပြောပါနဲ့''

ဝိုး မိုး စာပေ



''သေချာလိုက်သမှ သိပ်ကို သေချာတာပေါ့၊ ဒီလိုကိစ္စကို မသေချာဘဲ ပြောရဲပါ့မလား၊ သိလား မောင်လေး မင်းရုပ်ရည်နဲ့ အပျို နုနုလေးတွေ ရပါတယ်၊ မင်းကိုကြည့်ရတာ မိကောင်းဖခင်သား တစ်ယောက်လို့ မမ ခန့်မှန်းလို့ ရတယ်၊ အိမ်က အပြီးဆင်းလာတာဆိုလည်း ဘာမှစိတ်ကူးမလွဲနဲ့၊ ကိုယ့်မိဘပဲ ခွင့်လွှတ်မှာပါ ပြန်သာသွား''

ထားထား ဆိုတဲ့ အစ်မကြီးက ဆက်ပြောနေတော့ သူမ အမျိုးသားက မျက်နှာပူသည့်ပုံစံနဲ့ တံခါးသော့ကို ဖွင့်နေ၏။

ဘုရား ဘုရား ဒါဆို မမမှာ တကယ်ပဲ ကြောက်စရာကောင်းတဲ့ ရောဂါကြီး ရှိနေပြီပေါ့။

''မောင်လေး စိတ်ညစ်သွားပြီလား၊ လာလေ အထဲဝင်ထိုင်ပါဦးလား''

မထားထား အသံကြောင့် ဝိုင် သတိဝင်ပြီး သူမကို ဘာမှတောင် ပြန်မပြောအားဘဲ မမ အခန်းထဲကို အငမ်းမရ ကြည့်လိုက်သည်။ ဟုတ်ပါတယ် မမတို့ရဲ့ အပြင်အဆင်နဲ့ အခုအပြင်အဆင်သည် မျက်လှည့်ပြလိုက်သလို အပြောင်းလဲကြီး ပြောင်းလဲနေပါ၏။

''ဝင်လေ မောင်လေး''

မထားထားက ဝင်ခိုင်းနေပေမယ့် သူမ အမျိုးသားကတော့ လှည့်တောင် မကြည့်တဲ့ အခန်းထဲကို တန်းဝင်သွားပါသည်။ ရှုပ်ရှုပ်ယှက်

ဝိုး မိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယှက်တွေ မကြိုက်ဘူးနဲ့ တူပါတယ်၊ ဝိုင် နားလည်ပါတယ်လေ။

"မလှလွှန်းပိုတို့ ဘယ်ကိုပြောင်းသွားလဲ ဆိုတာ မမထား သိလားဟင်"

"အဲဒါတော့ တကယ် မသိတာ မောင်လေးရဲ့"

ဝိုင်က ဘာလုပ်ရမှန်းမသိအောင် ရပ်နေတော့ မမထားက လည်း အတဲမဝင်သေးဘဲ ဝိုင်နဲ့အတူ ရပ်နေ၏။ သတိရတော့မှ ဝိုင်က အားနာသွားပြီး

"ကျွန်တော့်ကို စေတနာနဲ့ သတိပေးတာ ကျေးဇူးတင်ပါတယ် "မမထား သွားခွင့်ပြုပါဦး"

"အိမ်ထဲ မဝင်တော့ဘူးလား"

"မဝင်တော့ပါဘူး မမထားရယ်"

"အေး အေး"

ဝိုင်က လှေကားထစ်တွေကို ဆင်းခါနီးမှာပဲ မမထားကို ထပ် လှည့်ကြည့်လိုက်တော့

"ဘယ်မှ လျှောက်မသွားနဲ့နော်၊ အိမ်ကို တန်းပြန်"

အခုထိ စိတ်မချစွာ မှာနေသည့် မမထား စေတနာကို လေးစား စွာ ဝိုင်က ခေါင်းညိတ်ပြရုံမှကဘဲ

"ဟုတ်ကဲ့ပါဗျာ ဟုတ်ကဲ့ပါ"





ဒီတော့မှ မမထားက ကျေနပ်ပြုံးလေးနဲ့ ပြုံးနေသည်။

ကျွန်တော် အိမ်ကိုပဲ ပြန်မှာပါ မမထားရယ်။

မမ မရှိသည့်နောက်မှာ ဝိုင့်ကို နွေးထွေးစွာ ကြိုမယ့်သူက ကိုကြီးနဲ့ ကြီးမေပဲ ဖြစ်သည်။

မမ မမ ဘယ်ရောက်သွားလဲ၊ မမမှာ တကယ်ပဲ ဒီရောဂါကြီး ရှိနေလား။ ဒါဆိုရင် မမ အမှတ်တရပေးခဲ့သော အချစ်တွေကို ရင်ဝယ် ပိုက်ထားသည့် အမောင်ကရော ဒါဆို အမောင်လည်း အမောင်လည်း။

ဘုရား ဘုရား. . .

ဝိုင်က အခုမှပင် နက်နက်နဲနဲ တွေးမိကာ ကြက်သီးတွေ တဖြန်းဖြန်းထသွားပါသည်။ ဝိုင်သည် စိတ်နဲ့ကိုယ် ဒွန်တွဲမရှိတော့စွာ ဘယ်လိုဘယ်လို အိမ်ပြန်ရောက်လာမှန်း မသိတော့ပါ။

တကယ်ပင် ကြီးမေနဲ့ကိုကြီးက ဝိုင့်ကို နွေးထွေးစွာ ကြိုဆိုနေ ပါသည်။ ဝိုင်ကအကျိုးအကြောင်း ပြောပြသည့်အခါမှာတော့ ဟိုရောဂါဆိုး ကြီး မမမှာ ကပ်ပါသွားသည့်အကြောင်းကို ဒိုင်လျှိုထားလိုက်ပါသည်။

ကိုကြီးနဲ့ကြီးကြီးက မမ တိုက်ခန်းပါ ရောင်းပြီး ခြေရာဖျောက် သွားသည့်ကိစ္စနဲ့ ပတ်သက်၍ ဘာဝေဖန်မှုမှ မပြောဘဲ ဝိုင့်ကိုသာ အရင်လို ပျော်ပျော်ပါးပါးနေဖို့ တတွတ်တွတ် အားပေးနေကြသည်။ သူတို့တွေရဲ့ မျက်နှာတွေဟာလည်း အခုမှပင် တိမ်တွေကင်းသော လပြည့်ည လှပင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပမာ ကြည်လင်လန်းဆန်းနေပါသည်။

ကိုကြီးနဲ့ ကြီးမေသည် ယခင်အလိုလိုက်တာထက်ကို ပိုပြီး အလိုလိုက်ကာ နေရာတကာ ပိုင့်သဘောအတိုင်း ဖြစ်စေခဲ့တော့ ပိုင်ကပင် ပြန်အားနာနေမိသည်။

ကိုကြီးတို့နည်းတူ ပိုင် ပြန်လာခြင်းအတွက် ဝမ်းသာနေသူမှာ မောင်မောင်နဲ့စိုးထူးပင် ဖြစ်သည်။ ဒါပေမဲ့ သူတို့နှစ်ယောက်ကတော့ ကိုကြီးတို့လို နွေးထွေးမှုနဲ့ မကြိုဘဲ ပယ်ပယ်နယ်နယ်ကို ရှုတ်ချနေတ။

"ကိုယ့်ရင်ကို စွန့်ခွာသွားတဲ့ ကောင်ကိုများ ကြီးမေနဲ့ကိုကြီး တို့မို့ လက်ခံတယ်၊ ငါသာဆို ဖနောင့်နဲ့ဆောင့်ပေါက်မှာ"

"ဘယ့်နှယ်လဲ ဆရာ၊ မင်းကို တကယ်ချစ်တာပါဆို မင်းထက် သာတဲ့သူလည်း တွေ့ရော ခြေရာပါ ပျောက်သွားပြီ မဟုတ်လား။ ဘယ်မှာ လဲ ဒီလို မိန်းမမျိုးဆီမှာ မေတ္တာစစ်၊ အချစ်စစ်ဆိုတာ"

"တော်သေးတာပေါ့ကွာ၊ ဒေါ်လှလွန်းပိုနဲ့ လက်မှတ်ထိုးလိုက် ပြီး တစ်နေ့တိတိ အတူတူ ဘာညာသာတကာဆိုတာ ကသာ့သူငယ်ချင်း တွေ သိမသွားလို့"

သိလည်း ဂရုမစိုက်ဘူးဆိုသော စကားကို ပြောဖို့ပြင်ပြီး ချက်ချင်းပင် မျိုချလိုက်ပါသည်။ အခုအချိန်မှာ သူတို့ပြောချင်တာ ပြော ကြပါစေလေ။ ပိုင် ဘာကိုမှလည်း ပြောချင်စိတ် မရှိတော့ပါဘူး။ မ





ရောဂါဆိုးကြီး ရှိနေတာသာ ဘယ်သူမှ မသိဖို့ အရေးကြီးတယ်။

"ဘယ့်နှယ်လဲ ပိုင်၊ တွေ့ချင်သေးလား"

အမှန်အတိုင်း ပြောရရင် ဒေါ်ကန်ကြဦးမှာ သိသည့်အတွက် ဖြည်းလေးစွာပဲ ခေါင်းခါပြလိုက်သည်။

"ဒီလို အမြင်မှန်ရမှပေါ့ကွ၊ ဘာလုပ်မှာလဲ၊ တွဲလျှောက်လို့မှ မသင့်၊ ချပြောလို့မှ မကောင်းတာ၊ အမှန်က စောစောထဲက ဖြစ်ကို မဖြစ်သင့်တာ"

"ဟုတ်ပါ့ကွာ ကသာလို မိန်းမမျိုးကိုမှ အချိန်မရွေး ကိုယ့်နား မှာ ရှိနေသားနဲ့ အမေကျော်ပြီး မိတွေးသွားလွမ်းနေတယ်"

ပိုင် ဘာကိုမှ ပြောချင်စိတ် မရှိတော့တာကိုဘဲ သူတို့ စိတ်ထဲ မှာ အမြင်မှန်တွေ တစ်လှေကြီး ရသွားတယ်လို့ ထင်နေပုံရသည်။ ထားတော့။ ထင်ချင်သလို ထင်ကြပါစေ။

မောင်မောင်တို့ ပြောစကားများအရ ပိုင်နဲ့မမကိစ္စကို စပြီး သိသွားသူသည် ကသာ့ သူငယ်ချင်း ပမ ဖြစ်သည်။ ပပနဲ့ ပပအစ်မ ဝမ်းကွဲက ပိုင်နဲ့မမကို မြင်တဲ့အခါ ပပ အံ့သြသွားသည်။

တကယ်တော့ ပပ အစ်မရဲ့ ယောက္ခမတွေသည် မမတို့ အောက် ခန်းက ဖြစ်ပြီး ပပ အစ်မ ယောကျ်ားနဲ့ မမက တစ်ချိန်က ပတ်သက် ဖူးထားသည့်အတွက် ပပ အစ်မက မမကို အခဲမကျေနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ ပပက မမ အကြောင်းတွေ သူမ အစ်မထံမှ အလုံးစုံ သိရှိသွားပြီး ကျန်သူငယ်ချင်းတွေအပါအဝင် မောင်မောင်နဲ့စိုးထွေးကို ပြောပြခြင်း ဖြစ်သည်။ မောင်မောင်တို့ကမှ တစ်ဆင့် ကိုကြီးနဲ့ကြီးမေကို လာတိုင်ကြရာ ထိုနေ့သည် တိုက်တိုက်ဆိုင်ဆိုင် ဝိုင်နဲ့မမ လက်မှတ်ထိုးသည့်နေ့ ဖြစ်သည်။

ဝိုင် ပြန်အလာကို စိတ်ပူပန်စွာ စောင့်နေကြတုန်းမှာ အိမ်က ဒရိုင်ဘာကို ဖုန်းခေါ်ပြီး ကားလာယူခိုင်းသည့်အခါမှာတော့ အားလုံး လန့်ဖျပ်ပြီး အချိန်မီ လာခေါ်ခြင်း ဖြစ်သည်။ ဒါပေမဲ့ ဝိုင့်အခြေအနေတွေ က လွန်ခဲ့ပြီဆိုတော့ ဝိုင့်ကိုချစ်သော ကိုကြီးသည် စိတ်မချမ်းမသာနှင့်ပင် ခေါင်းညိတ်ခဲ့ခြင်း ဖြစ်သည်။

ထိုကိစ္စတွေ အားလုံးကို ကသာ မသိခဲ့သလို မသိအောင်လည်း ဝိုင်းပြီး ဖုံးပေးထားကြသည်။ ကသာကတော့ ဝိုင့်အချစ်ကို မျှော်နေတုန်း ပဲ ဖြစ်သည်။

တို့ကို မေ့လိုက်ပါ ကသာရယ်၊ တို့နဲ့ ကသာက မတန်ပါဘူး တို့ဘဝက စွန်းထင်းညစ်ပတ်ပြီး လျှော်ဖွပ်လို့လည်း မစင်တော့တဲ့ဘဝ ကသာက သိပ်ဖြူစင်သလို ကသာ့ ဘဝလေးက အေးချမ်းသန့်စင်နေပါ တယ်။

ဒါပေမဲ့ ဝိုင်က နောင်တမရပါ။ မမ ပေးခဲ့သော အမှတ်တ





လေးကို အမြဲတမ်း သတိရနေမှာပါ။ မမ အခု ဘယ်မှာလဲ၊ အမောင့်ကို သတိမရဘူးလား မမရယ်၊ အမောင်ကတော့လေ ရူးတယ်ပဲပြောပြော မမကို သိပ်ချစ်တယ်။ မမနဲ့တစ်ဘဝတည်း တည်ဆောက်ချင်တယ်။ ခဏပဲဖြစ်ဖြစ် အတူနေပါရစေလား။ မမနဲ့နှစ်ယောက်အတူ လက်တွဲပြီး ရင်ဆိုင်လိုက်ချင်ပါတယ်။

အခုတော့ အမောင်တစ်ယောက်တည်း ဘယ်လို အင်အားမျိုး တွေနဲ့ အသက်ရှင်နိုင်မှာလဲ။ မမလည်း အမောင့်ကို တမ်းတနေမှာပါ။ မမရယ် တစ်ယောက်နဲ့တစ်ယောက် တစ်နေရာစီကနေ တမ်းတနေကြမယ့် အတူတူတော့ နှစ်ယောက်သား ဘဝဆိုတာကြီးကို ရဲရဲကြီး ရင်ဆိုင်လိုက် ချင်ပါတယ်။ မမမှာ အဲဒီလောက်တောင် သတ္တိ မရှိဘူးလား။ မမ သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ။

မမရေ လာပါတော့လို့ အော်ဟစ်ခေါ်လိုက်ချင်သော ဆန္ဒတွေ သည် ဝိုင့်တစ်ကိုယ်လုံး ကြွနေပါတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဝိုင်တို့ သူငယ်ချင်းတွေ အားလုံး ဘွဲ့တွေ အသီးသီး ယူပြီး နောက် သိပ်မကြာတော့သည့် အချိန်မှာပင် ဝိုင်နဲ့ကသာ စေ့စပ်လိုက်ကြ သည်။

ဘယ်လိုမှ ငြင်းရက်စရာ မရှိသော ကသာ့ကို ကိုယ့်အကြောင်း နဲ့ ကိုယ်မို့ ဝိုင်က လက်မခံချင်ပေမယ့် ကြီးမေ သွေးတွေ ခဏ ခဏ တက်ပြနေသည့်အပြင် ကိုကြီးကလည်း မျှော်လင့်ချက် မျက်ဝန်းတွေနဲ့ ကြည့်နေတော့ ဝိုင့်အတွက် စိတ်ဆင်းရဲခဲ့တာတွေကို ပြန်အလျှော်ပေးချင် နေသည်။

ဒီကြားထဲ မောင်မောင်၊ စိုးထူးနဲ့ ကသာ့ သူငယ်ချင်းတွေရဲ့ အလျှော်ကောင်းမှုကြောင့် ကသာကလည်း လက်ခံသည့် အရိပ်အရောင် တွေ ပြနေပြီ။





အရင်ထဲက သံယောဇဉ်ရှိသည့် ဝိုင်က မျှော်လင့်ချက်နဲ့ ကြည့် နေသော မျက်ဝန်းလေးတွေကို ထပ်ပြီး ဥပေက္ခာမပြုနိုင်တော့ပါ။

ဒါကြောင့် ကြီးမေကို ကြည့်သာလုပ်ကြတော့လို့ အဓိပ္ပါယ်သက် ရောက်စေမယ့် စကားမျိုး ပြောလိုက်သောအခါ ကြီးမေနဲ့ ကိုကြီးက ကသာ့အဒေါ်နဲ့ အစ်မဆီမှာ မိသားဖသားပိပိ သွားရောက် တောင်းရမ်း ခဲ့သည်။

ကသာ့အဒေါ်နဲ့အစ်မကလည်း ကျေကျေနပ်နပ်ပင် လက်ခံပြီး သည့်နောက်မှာ နေ့ကောင်းရက်မြတ် ရွေးပြီး စေ့စပ်လိုက်သည်။

သိပ်မကြာခင်မှာပဲ လက်ထပ်မင်္ဂလာပွဲကြီးကို အကြီးအကျယ် လုပ်ဖို့အတွက် နှစ်ဖက်လူကြီးတွေ အလုပ်ရှုပ်ပြီး ရွှေလမ်းငွေလမ်းတွေ ဖောက်နေကြသည်။

ပျော်နေသော ကသာ့မျက်နှာလေးကို ကြည့်ပြီး ဝိုင့်ရင်ထဲမှာ ချမ်းမြေ့နေတာတော့ ငြင်းမရပါဘူး။

ကသာရယ် အမြဲတမ်း ပျော်နေစေချင်ပါတယ်။ အမြဲတမ်း ပျော်နေပါစေလို့လည်း ဆုတောင်းပေးချင်ပေမယ့် ဝိုင်သည် ရင်ထဲမှာ စိုးနင့်လိုက်တက်လာပါသည်။

မမရေ အမောင် ဘယ်လိုမှ မစမ်းသာတော့သည့်အတွက် ခွင့်လွှတ်ပါနော်။ မမ ဘယ်မှာလဲ။ မမ သက်ရှိထင်ရှား ရှိနေသေးသလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အမောင် စေ့စပ်ပြီး မကြာခင် လက်ထပ်တော့မှာကို သိပြီး မမ အရမ်းခံစားသွားရမလား။ မမဟာ အမောင့် နှလုံးသားထဲ ဦးနှောက်ထဲမှာတော့ ဘယ်တော့မှ ပျောက်ပျက်သွားမှာ မဟုတ်ပါဘူး။

အမောင်လို့ မမ ကြင်ကြင်နာနာ ခေါ်သော အသံလေးကို ပြန်ကြားပြီး လွမ်းလွမ်းဆွေးဆွေးကြီးကို သတိရသွားပါသည်။ အသက်ရှိနေစဉ် အချိန်လေးမှာတော့ မမနဲ့ တွေ့ချင်ပါသေးသည်။

■ ■ ■



ပိုင်နဲ့ကသာ လက်ထပ်ဖို့ ရက်ပိုင်းပဲ လိုတော့သည့်နေ့ တစ်နေ့မှာတော့ ထူးထူးဆန်းဆန်းပင် အိမ်ကို ကသာ ရောက်လာပါသည်။ ကသာသည် ကျန်နေရှိသည့် မိန်းကလေးပီပီ စေ့စပ်ပြီး လက်ထပ်ခါနီးမှ ပိုင်တို့အိမ်ကို ပထမဦးဆုံး အကြိမ် ရောက်လာခြင်း ဖြစ်သည်။

အိမ်ထောင်ရှင်ဖြစ်တော့မယ့် ပိုင်က ကိုကြီးနဲ့အတူ ဘီစကစ်စက်ရုံသို့ အလုပ်သင်အဖြစ် လေ့လာနေတာ ကသာနဲ့စေ့စပ်ပြီးကတည်းကပဲ။ အခုလည်း ထမင်းစားပြီးတာနဲ့ သွားမှာဖြစ်သည်။

မရောက်စဖူး ရောက်လာသော ကသာ့ကို ကြီးမေ ပျာယာခတ်အောင် ဂရုစိုက်နေသလို အိမ်က အလုပ်သမားတွေအားလုံးကလည်း မင်းသမီးလေးတစ်ပါး ကြွလာသလို ကိုယ့်အလုပ်တောင် ကိုယ် မလုပ်နိုင်ကြဘဲ ကသာ့နားမှာ ဝိုင်းအုံပြီး ဟိုမေး ဒီမေး မေးနေကြတာကို ကသာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပြုံးပြုံးလေး ပြန်ဖြေနေသည်။

ကြီးမေသည် ပိုင်နဲ့ကသာ စေ့စပ်ပြီးကတည်းက သူမ ရောဂါကြီးကို မေ့နေပုံရသည်။ အခုလည်း မတော်ရသေးသော တူမလောင်းနားမှာ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေရာက ပိုင် ထွက်လာတာနဲ့

"ဟော သားလေး ဒီမှာ သမီးလေး ကသာ ရောက်နေတယ်"

"မလာစဘူး လာတော့ ဘာများထူးလို့လဲ ကသာ"

"ထူးမှ လာရမှာလား ပိုင်ရဲ့"

"ဟုတ်သားပဲ သားလေးကလည်း"

ကြီးမေက မကျေမနပ်နဲ့ မျက်စောင်းကြီးခဲကာ ပြောသည့်အပြင် ကသာ မမြင်အောင်လည်း အံ့ကြိတ်ပြသေးသည်။

"မဲဟုတ်ပါဘူး ကသာက တစ်ခါမှ မလာဘူးလို့ပါ"

"ကသာ လာချင်စိတ်ရှိတာနဲ့ လာတာ"

"အမလေး လာပါ သမီးလေးရယ်၊ အမြဲ ကြိုဆိုနေပါတယ်၊ ဒါဟာလည်း သမီးလေးရဲ့ အိမ်ပဲ"

ကသာ့ မျက်နှာပေါ်က ကျေနပ်မှုလေးတွေသည် ဖုံးဖိမရအောင် ပေါ်လွင်နေပါသည်။

"ပိုင် ထမင်းစားပြီးပြီလား"

"ပြီးပြီ ကသာရော"





"ကသာလည်း ပြီးပြီ၊ စက်ရုံ သွားမလို့ မဟုတ်လား"

"ဟုတ်တယ် ကသာ လိုက်မလား"

"ဘာလိုက်မလားလဲ သားရဲ့ ခေါ်သွားပေါ့၊ ကိုကြီးလည်း ဝမ်းသာပြီး အရမ်းအံ့သြနေမှာ"

"ဟုတ်ကဲ့ပါ ကြီးမေရဲ့၊ ခေါ်မှာပေါ့"

ကြီးမေ မျက်နှာကြီး ပြုံးသွားပြီး

"ဒါဆိုလည်း သွားကြလေ၊ ညနေမှ အိမ်ကိုဝင်ပို့လိုက်ပေါ့၊ တစ်ခုခု စားသွားဦးမလား သမီးလေး"

"မစားတော့ပါဘူး ကြီးမေ"

"နောက်လည်း မကြာ မကြာ လာနော်၊ စက်ရုံလည်း သွား"

"ဟုတ်ကဲ့ ကြီးမေ"

ပိုင်နဲ့ကသာက ကြီးမေကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

"ပိုင်"

"ပြောလေ ကသာ"

ပိုင်ရဲ့ကားလေး ခြံထဲက ထွက်တာနဲ့ ကသာ ခေါ်လိုက်တော့ ပိုင်က ဘက်မှန်ထဲက ကြည့်ပြီး ပြောခိုင်းခြင်း ဖြစ်သည်။

"ပိုင့်ကို ပြောစရာလည်း ရှိတယ်၊ မေးစရာလည်း ရှိတယ်"

"ထင်တော့ ထင်ပါတယ်၊ ကသာ လာတည်းက တစ်ခုခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ''

ကသာက တည်တည်တံ့တံ့ မျက်နှာလေးနဲ့ မပြောသေးဘဲ ရှေ့တူရူကိုပဲ ကြည့်နေသည်။

''ကသာ ပြောစရာရှိတာ ပြောလေ''

''ဟို ဝိုင် ကသာ့ကို ချစ်ရဲ့လားဟင်''

ဝိုင်က ထပ်ပြောလိုက်သည့်အခါမှာတော့ ကသာ့ပါးစပ်က ကပေါက်တိကပေါက်ချာ ထွက်သွားတာကို ဝိုင် ရယ်ချင်သွားသည်။ ကသာ့ရဲ့ ရှက်အမ်းအမ်း မျက်နှာလေးကို ကြည့်ပြီး စိတ်ထဲ တစ်မျိုးလေး ခံစားနေရသည်။

''ကသာ ပြောတာ တစ်မျိုးမထင်ပါနဲ့နော်''

''မထင်ပါဘူး၊ ကသာ ဘာလို့ အဲဒီလို မေးတာလဲ၊ ပြောပါ ကသာ တို့နဲ့ ကသာကြားမှာ ဘာမှ လျှို့ဝှက်စရာ ထိန်ချန်စရာ မလိုပါဘူး''

''ဟိုလေ ကသာ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာက ဝိုင်နဲ့ ကသာ စေ့စပ်လိုက်ပြီး လက်ထပ်ကြတော့မယ်၊ ဒါပေမဲ့ ဝိုင်က ချစ်တယ်လို့ မပြောတော့ ဝိုင်မှ စိတ်ပါရဲ့လားလို့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်''

ဝိုင်က ကသာ့ရဲ့ ခံစားချက်ကို နားလည်သွားဟန်နဲ့ အပြုံးတစ်





ခုကို ဖန်ဆင်းလိုက်ပြီးသည့် နောက်မှာ ကသာ့ဘက်ကို လှည့်ကြည့်လိုက်ကာ

''အဲဒီအတွက် ကသာ့စိတ်ထဲမှာ ပြဿနာကြီးတစ်ခုလို့ ထင်နေတာလား''

''ပြဿနာလို့တော့ မဟုတ်ပါဘူး၊ ကသာ တွေးမိလို့ပါ''

''ဘယ်လို တွေးမိတာတုန်း ကသာရဲ့''

''သြော် ကသာနဲ့ဝိုင်က လွတ်လွတ်လပ်လပ် တွေ့နေသားနဲ့ တစ်ယောက်နဲ့တစ်ယောက် ချစ်သူမဖြစ်ကြဘူးနော်၊ ဒါပေမဲ့ စေ့စပ်ပြီး အခု လက်ထပ်ကြတော့မယ်''

ကသာသည် သူ၏ ရင်တွင်းခံစားချက်များကို သံစဉ်မညီစွာ ကပေါက်တိ ကပေါက်ချာ ရင်ဖွင့်နေသည့်အဖြစ်ကို ဝိုင်က စာနာစွာဖြင့် လှည့်ကြည့်လိုက်သည်တွင် သူမ ခေါင်းကြီး ငုံ့နေ၏။

''ကသာ''

မော့ကြည့်လာသော ကသာ့အကြည့်ထဲတွင် မျက်ရည်တွေ ပြည့်လျှံနေတော့ တစ်ခါမှ မသနားစဘူး သနားသွားသည်။

ဝိုင်က ကားကို အသွားအလာရှင်းတဲ့ နေရာတစ်ခုမှာ ထိုးရပ်လိုက်သည်။

''ကသာရယ် ဘာတွေပြောပြီး ဘာတွေတွေးနေတာလဲ တို့



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘဲနဲ့ စေ့စပ်တာကို လက်ခံပြီး လက်ထပ်တဲ့အထိ ဖြစ်မလား''

ကသာ့ မျက်ဝန်းလေးတွေသည် ချက်ချင်းပင် အရောင်တောက်ပလာပြီး ဝိုင့်ကို ကြည့်လိုက်သည်။ ဝိုင်ကလည်း ကြည့်နေသည့်အတွက် ကသာ့ပါးလေးနှစ်ဖက် ချက်ချင်းကို ရဲတက်လာဝာသည် ဝိုင့်အသည်းတွေ ကလိကလိ ဖြစ်လာသည်အထိပင် ဖြစ်သည်။

ကသာသည် ဝိုင် မကြာခင် လက်ထပ်ရတော့မည့် ဇနီးလောင်းလေး ဖြစ်သည်။ ဝိုင့်အပေါ်လည်း ချစ်ရှာသည်။ ပြောရမယ်ဆို ဝိုင့်ထက်သာသော ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတာတောင် ဝိုင့်ကိုပဲ သစ္စာရှိရှိ ချစ်ခဲ့သည်။

အခုလည်း သူမ ဖြစ်ချင်သော ဆန္ဒတွေ ပြည့်ဝသွားပြီးသည့်အခါမှ ပြန်စဉ်းစားမိပြီး ရင်ဖွင့်နေခြင်းဖြစ်၏။ ကသာ ထင်သွားတာက ဝိုင်က သူမကိုမချစ်ဘဲ လူကြီးတွေ ဆန္ဒအတိုင်း လက်ထပ်မှာကို ထင်နေပုံရသည်။

''ဒါဆို ဝိုင်က ကသာ့ကို ချစ်တယ်ပေါ့နော်''

ထိုသို့ မေးတာတောင် နှုတ်ခမ်းလေးတွေတုန်ပြီး ဝိုင့်ကို မကြည့်ဘဲ မေးနေခြင်း ဖြစ်သည်။ တော်တော် ကြွေကြွေကြီးပြီး အရှက်သည်းသော ကောင်မလေးသည် ဝိုင့်ကို တော်တော့်ကို ချစ်လို့သာ ဒီလောက်ထိ သည်းခံပြီး စောင့်နေတာပေါ့။ ဝိုင်က ချစ်စရာ သနားစရာ ကသာ့





မျက်နှာလေးကိုကြည့်ပြီး တစ်ထိုင်တည်းပင် ဆုံးဖြတ်ချက် ချလိုက်ပါသည်။

''ကသာ့ကို တို့ ချစ်ပါတယ်၊ ချစ်လို့လည်း လက်ထပ်မှာပေါ့၊ တခြား အကြောင်းတွေ ဘာမှမတွေးနဲ့နော်၊ ကသာ ပျော်နေတာပဲ တို့မြင်ချင်တယ်''

ကသာ ခေါင်းညိတ်ပြီးသည့် နောက်မှာတော့ ဝိုင့်ကားလေးလည်း ထိုနေရာက ထွက်လာခဲ့သည်။ တစ်လမ်းလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ စက်ရုံရောက်လာသည်။

စက်ရုံမှာ အလုပ်ရှုပ်နေသည့် ကိုကြီးက ကသာပါလာတာကို တအံ့တဩတွေဖြစ်ပြီး ဝမ်းသာနေသည်။

ကသာသည် ယခင်ကထက် ပျော်မြူးနေတာကို ကြည့်ပြီး ဝိုင့်ရင်ထဲကိုပါ ကူးစက်လာသည်။ စက်ရုံက ဝန်ထမ်းအလုပ်သမားတွေအားလုံးသည် ကသာကို မင်းသမီးလေးတစ်ယောက်ပမာ ဝိုင်းဂရုစိုက်ပြီး ဝိုင့်ကိုလည်း ဒီလောက်ချောချောလှလှ ချစ်သူလေး ရထားတာတောင် ဒိုင်လျှိုထားလို့ အပြစ်တင်နေကြသည်။

ကသာနဲ့ဝိုင့်ကို တစ်ခုခုကျွေးဖို့အတွက် ကိုကြီး စက်ရုံမှ စောစောပဲ ပြန်လာပြီး နာမည်ကြီး ကိုရီးယားဆိုင် တစ်ခုမှာ ညစာကျွေးသည်။ ကသာက ကိုရီးယားအစားအစာတွေကို မစားတတ်တဲ့ ငိုမဲ့မဲ့လေး ဖြစ်နေတော့ ကိုကြီးနဲ့ဝိုင် ရယ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုကြီးပြန်မယ်၊ ညီမလေး ကသာ့ကို သူ ကြိုက်တဲ့ဆိုင်မှာ လိုက်ကျွေးပြီး အိမ်ကို သေသေချာချာ ပြန်ပို့ပေးလိုက်နော် ငယ်လေး"

"ကသာ မစားတော့ပါဘူး ကိုကြီး"

"အဲဒီလိုတော့ မလုပ်ပါနဲ့ ညီမလေးရယ်၊ ညီမလေးကို ကျွေးချင်လို့ တံမင် ခေါ်လာတာ"

"ကိုကြီး စေတနာကို ကသာ နားလည်ပါတယ်၊ အခုလည်း ဟိုနည်းနည်း ဒီနည်းနည်းနဲ့ ကသာ ဗိုက်ပြည့်သွားလို့ပါ"

"ဒါဆိုလည်း နောက်တစ်ခါပေါ့၊ ကဲ နောက်ကျနေမယ်၊ လိုက်ပို့လိုက်တော့ ငယ်လေး"

"ဟုတ်ကဲ့ ကိုကြီး"

"ခွင့်ပြုပါဦးနော် ကိုကြီး"

"ကောင်းပါပြီ ညီမလေး"

ကိုကြီးကားနဲ့ ဝိုင့်ကားလေး ခွဲထွက်ပြီးသည့်နောက်မှာတော့ ဝိုင်ရော ကသာရော ထူးဆန်းစွာ တိတ်ဆိတ်နေပါသည်။ ကသာသည် တိတ်ဆိတ်နေပေမယ့် သူမ မျက်နှာလေးကတော့ လန်းဆန်းတက်ကြွနေပါသည်။

"ဝိုင် ကောင်းကောင်းပြန်နော်"

ကသာတို့ ခြံထဲကို ကားလေးဝင်သည့် အခါမှာ ကသာက





စပ်ဖြဲဖြဲလေးနဲ့ ပြောခြင်းဖြစ်သည်။

"ကသာ စိတ်ပူလို့လား"

ဝိုင် ထိုသို့ ပြန်မေးမယ် မထင်သော ကသာက မျက်လုံးလေး ပြူးပြီး ကြည့်လိုက်သည်။ ကသာ့အဖေါ်နဲ့အစ်မတို့ ကားသံကြားတော့ ထွက်လာကြပြီး နှုတ်ဆက်နေသည်။ ဝိုင် နှုတ်ဆက်ပြီး ပြန်လာသော အခါ ကသာ့တူလေးကအစ လက်ပြကာ ကျန်ခဲ့သည်။

ကားမောင်းရင်း အိမ်အပြန်တစ်လျှောက်လုံး ကသာ့အကြောင်းပဲ ခေါင်းထဲရောက်နေ၏။ ကသာ့ကို ချစ်မိ မချစ်မိ မသေချာပေမယ့် ချစ်အောင်တော့ ကြိုးစားရမယ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

●

''အား''

ရေမွှေးနှင်းဆီတစ်ပွင့်ရဲ့ ဆူးလေးသည် ကျွန်မ လက်ခလယ် ထိပ်သို့ နစ်ခနဲ စူးဝင်သွားတော့ အလန့်တကြား အော်လိုက်တာကို မေသီ လှမ်းကြည့်ပြီး

''ဆူးစူးသွားပြီ မဟုတ်လား''

''အင်း''

ကျွန်မက ဒါပဲပြောပြီး လုပ်စရာရှိတာ ဆက်လုပ်နေသလို မေသီကလည်း သူလုပ်စရာရှိတာကိုသာ လုပ်နေသည်။

ကျွန်မတို့ ဒီနေရာလေးကို ရောက်နေတာ တစ်နှစ်နီးပါးရှိပြီ တိုက်တိုက်ဆိုင်ဆိုင် မေသီ စာအုပ်ငှားနေသော ဆိုင်က အခုနေသည့် အိမ်နဲ့ခြံလေးကို ရောင်းဖို့ပြောတော့ တိုးတိုးတိတ်တိတ်ပင် ရှိတဲ့ငွေထဲက





စရံသတ်ကာ ကျွန်မတို့ နေသည့်တိုက်ခန်းကိုတော့ အရင်ထဲက အရမ်း လိုချင်နေသည့် မိတ်ဆွေ လင်မယားကို အကူအညီတောင်းရသည်။

နှစ်လလောက်စောင့်နိုင်းတော့ နှစ်ရက်တောင် မစောင့်နိုင် ကြောင်း ရှိသည့်ငွေနှင့်ပင် စရံသတ်ခိုင်းကာ ချက်ချင်းပင် အခုနေသည့် ခြံလေးသို့ ပြောင်းခဲ့ခြင်း ဖြစ်သည်။

နောက်နှစ်လမှာပင် တိုက်ခန်းအတွက် ငွေအပြီးချေရသည့် ငွေချေတော့ မမထားပြောပြသော အမောင့်အကြောင်းကို နားထောင်ပြီး ကျွန်မ အသည်းခိုက်အောင် ငိုရပါသည်။

ကျွန်မ ရှိနိုးမတတ် အကူအညီတောင်းထားသည့်အတွက် ကျွန်မ ပြောခိုင်းသောအတိုင်းပင် မမထားက ပြောလိုက်သည်တဲ့။ အမောင် ကျွန်မကို စိတ်နာမသွားဘူး၊ မုန်းမသွားဘူးဆိုတာ သိပေမယ့် သူ့ကိုယ်သူတော့ စိတ်ပျက်အားငယ်သွားမှာ စိုးရိမ်သွားသည်။

ဒီလို ပြောလိုက်မှလည်း ကသာနဲ့အမောင် ချောချောမွေ့မွေ့ ဘဝခရီးတစ်ခုကို လျှောက်လှမ်းကြရမှာလေ၊ အခုတော့ ကျွန်မ ထင်ထား သည့်အတိုင်းပင် အမောင်နဲ့ညီမလေးကသာ လက်ထပ်ပြီးသွားကြပြီ။

ကျွန်မကတော့ အမောင်ပေးသော အမှတ်တရလေးကို မှတ် မှတ်ရရ တစ်သက်လုံး သိမ်းဆည်းထားပြီး ကျွန်မဘဝကို ဒီခြံလေးထဲမှာ မြှုပ်နှံသွားမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်မနဲ့မေသီနေသော နှင်းဆီခြံနဲ့အိမ်လေးသည် အရမ်း ချစ်လိုနေသူရဲ့ လက်ထဲကနေ ချိုချိုချောင်ချောင် ရလိုက်ခြင်း ဖြစ်သည်။ အရင်ခြံရှင်တွေတုန်းက လူငှားတွေနဲ့ နှင်းဆီအပြင် တခြားပန်းတွေကို လည်း စီးပွားဖြစ် စိုက်ပျိုးခဲ့သည်။

ကျွန်မကတော့ စီးပွားဖြစ်လည်း မလုပ်ချင်ပါဘူး။ ဘယ်သူနဲ့မှ လည်း မပတ်သက်ချင်သည့်အတွက် မေသီနဲ့ကျွန်မ နှစ်ယောက်တည်း လုပ်နိုင်သည့် ရေမွှေးနှင်းဆီတစ်မျိုးတည်းကိုသာ စိုက်ခဲ့ရာ တကယ်ကို စားသောက်စရိတ်အပြင် ပိုတောင်ပိုလျှံပါသည်။

ကျွန်မသည် ကိုယ်တိုင်လုပ်အားနဲ့ ပန်းစိုက်ပြီးရသော လုပ်အား ခလေးကိုကြည့်ကာ ပီတိတဝေဝေနဲ့ ရှိနေပါသည်။ ဒီငွေလေးသည် ဘာမှ မဖြစ်လောက်သည့် ငွေပေမယ့် ကျွန်မ တန်ဖိုးထားမိပါသည်။

မေသီကလည်း ပင်ပန်းပါစေ သူပျော်လည်း ပျော်တယ်။ ကျေ လည်း ကျေနပ်တယ်တဲ့၊ မေသီကအစတည်းက ကျွန်မကို မပြောရဲလို့သာ ကြည့်နေရပေမယ့် ကျွန်မ အမောင်နဲ့ချစ်ကြပြီး အမြင်မှန်ရသွားတည်းက ကျေနပ်နေသူ ဖြစ်သည်။

မေသီသည် ကျွန်မအတွက်ကတော့ တကယ့်ကို အဖော် ကောင်း ညီမကောင်း ပီသပါသည်။

အမောင့်ကို သတိရသောအချိန်တွေဆို အလုပ်ထဲမှာ စိတ်တို





နှစ်ထားခြင်းဖြင့် ဖြေဖျောက်သော်လည်း အသည်းနှလုံးတစ်ခုလုံး ရင်းပြီး ချစ်ရသည့်ချစ်သူမို့ ဘယ်လိုနည်းနဲ့မှ ဖြေဖျောက်လို့ မရပါ။ လွမ်းတာရှိရင် နာတာနဲ့ဖြေလို့ ပြောရအောင်လည်း အမောင်က ကျွန်မကို ချစ်စရာတွေ သာ ပေးခဲ့ပြီး နာစရာတွေ မပေးခဲ့ပါ။

ဒါ့အပြင် ကျွန်မနှလုံးသားတွေ ဆတ်ဆတ်ခါသည်အထိ ဖြစ် သွားတာကတော့ စာမေးပွဲ ပြီးတာနဲ့ အမောင် အိမ်ကနေ အပြီးဆင်းလာ တာတဲ့။

အမောင်ရယ်

ကျွန်မရင်ထဲ အသည်းထဲကပဲ ထပ်ခါထပ်ခါ ခေါ်နေမိပါသည်။

"မမ မေသီ ပိုက်ဆံသွားတောင်းဦးမယ်နော်"

"အေး အေး"

စက်ဘီးလေးနဲ့ ထွက်သွားသော မေသီကျောပြင်ကို ကျွန်မ ငေးကြည့်နေမိသည်။ အခုနေသာ ကျွန်မကိုတွေ့ရင် အမောင် အံ့ဩသွား မှာပဲ။ မှတ်တော့ မှတ်မိမှာပါ။ ကျွန်မသည် အရင်လို အလှသမား မဟုတ်တော့ဘဲ ဘဝသမား ဖြစ်နေပါသည်။

အရင်တုန်းက ကျွန်မနဲ့ပတ်သက်ဆက်နွယ်ဖူးသော လူတွေသာ တွေ့ရင် တအံ့တဩနဲ့ ဘယ်လိုပုံစံမျိုး ဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့် လို့တောင် မရပါ။



www.burmeseclassic.com

www.burmeseclassic.com



အမောင်ရေ မမ ပြောင်းလဲသွားတာဟာ အမောင်ပေးသော လက်ဆောင်ကြောင့်ပဲ။ အမောင်နဲ့ အဝေးဆုံးမှာ ရှိနေပေမယ့်လည်း မမထပ်ပြီး ပြောင်းလဲမသွားပါဘူး။ အဲဒါ ဘာဖြစ်လို့လဲ သိလား။ အမောင့်ကို သိပ်ချစ်လို့ပေါ့။

ကျွန်မက သက်မဲ့နှင်းဆီပန်းပွင့်လေးတွေနဲ့ စကားပြောနေမိသည်။

■ ■ ■

သူငယ်ချင်း နောင်နောင်နဲ့ သူ့မိသားစုကို နှုတ်ဆက်ပြီး ဝိုင်က နောင်နောင်တို့အိမ်က ကားလေးနဲ့ ထွက်လာခဲ့သည်။

နောင်နောင် အဆုတ်ရောင်လို့ ရန်ကုန်မှာ ဆေးလာကုတော့ ဝိုင်နဲ့ကသာက ပြင်ဦးလွင် ရောက်နေခဲ့သည်။ ဝိုင်တို့ ရန်ကုန်ပြန်ရောက်တော့ နောင်နောင်က နည်းနည်းသက်သာလို့ မော်တင်ပြန်သွားပြီဆိုတော့ နောက်နေ့မှာပဲ ဝိုင်က မော်တင်ကို လူနာသတင်းမေး ရောက်လာခဲ့သည်။

ကသာကတော့ နဂိုကတည်းက ခပ်ပျော့ပျော့အပြင် ခရီးလည်း အရမ်းပန်းလာတော့ ခေါ်မလာခဲ့တော့ပါ။

မောင်မောင်တို့ စိုးထူးတို့လောက် မတွဲပေမယ့် နောင်နောင်နဲ့ကလည်း တအားခင်ကြသည့်အပြင် နောင်နောင်တို့ မော်တင်က ခြံကိုလည်း ခဏ ခဏလိုက်လည်ဖူးတော့ နောင်နောင့်မိသားစုနဲ့လည်း ရင်းနှီး




www.burmeseclassic.com

www.burmeseclassic.com



နေသည်။

အခုလည်း ကျွဲကောသီး၊ မာလကာသီးတွေအပြင် တခြား အသီးအနှံတွေလည်း စုံနေအောင် လက်ဆောင်ပေးလိုက်သည်။

နောင်နောင်တို့ လမ်းထဲက ထွက်ဖို့အတွက် ကုန်တင်ကားတစ်စီး ကို စောင့်နေစဉ်မှာပင် မျက်နှာချင်းဆိုင်မှာ စက်ဘီးတွန်းလာသော မိန်းကလေးကို တွေ့သည့်အခါမှာတော့ ဝိုင့်ပါးစပ်က ယောင်ရမ်းထွက် သွားပါသည်။

"မေသီ"

အသားနည်းနည်း ညိုသွားတာကလွဲရင် မေသီမှ မေသီ အစစ် ပါ။ ရုပ်အင်္ကျီတစ်ပတ်နွမ်းနဲ့ ခမောက်ကြီး ဆောင်းထားသော မေသီ့ ရုပ်ရည်သည် ဘယ်လိုမှ မမှားနိုင်ပါ။

ဝိုင့်နှလုံးသွေးတွေ တဆတ်ဆတ် ခုန်သွားမှုနဲ့အတူ ကားပေါ်က ဆင်းလိုက်သည်။

"မေသီ"

စက်ဘီးနင်းဖို့ အရှိန်ယူနေသော မေသီသည် သူမ နာမည်ကို ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်တွင် တအံ့တသြပုံစံလေးနဲ့ ကြောင် ငေးငေး ကြည့်နေပါသည်။

"ဝိုင် ဝိုင်"





"ဟုတ်ပါတယ် တို့ ဝိုင်ပါ၊ မမကော မမကော ဟင်"

ဝိုင် အငမ်းမရ မေးနေပေမယ့် မေသီက ပြန်မဖြေဘဲ တိတ်ဆိတ် နေတော့ စိုးရိမ်မှုတွေ အထွဋ်အထိပ် ရောက်သွားကာ

"မေသီ ပြောပါဦး၊ မမကောလို့၊ မမ နေကောင်းရဲ့လား"

မေသီက လေးတွဲ့စွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး

"မမ ရှိပါတယ်၊ နေလည်းကောင်းတယ်"

"ဟင် ဟုတ်လား၊ ဒါဆို မမ ဘယ်မှာလဲ၊ မမကို တွေ့ချင်တယ်၊ တို့ကို ပြောပါမေသီရယ်နော်"

"ဝိုင် ဘယ်က ပြန်လာတာလဲ"

"မော်ဘီက သူငယ်ချင်းတစ်ယောက် နေမကောင်းလို့ လာမေး တာပါ"

"ကသာ မပါဘူးလား"

"ဟင့်အင်း၊ မေသီ မမကော"

"ဝိုင် အချိန်ရရင် အေးအေးဆေးဆေး စကားပြောချင်တယ်"

"ရတာပေါ့၊ ဘာလို့ မရရမှာလဲ၊ ဘယ်မှာပြောမှာလဲ"

"ဟိုဘက်ထိပ်မှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိတယ်၊ ဝိုင် သွားနှင့်လိုက်၊ မေသီ လိုက်လာခဲ့မယ်"

"အတူတူပဲ သွားကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် စိတ်မချဖြစ်နေတာကို မေသီ ရိပ်မိပုံရကာ တစ်ချက်ပြုံး လိုက်ပြီး

"ဘာဖြစ်လို့လဲ ဝိုင်၊ ထပ်ပြီး ခြေရာပျောက်သွားမှာ စိုးလို့လား။ စိတ်မပူပါနဲ့ ဝိုင်ရယ်၊ မေသီက ဝိုင့်ကို တွေ့ရလို့ ဝမ်းသာနေတာပါ။ ပြောပြချင်တာတွေလည်း ရင်နဲ့အပြည့်ပဲ"

မေသီ ပုံစံကို ကြည့်ပြီး ဝိုင်က ယုံသွားသည်။

"ငါ စောင့်နေမယ်နော် မေသီ"

"အေးပါ"

မေသီ ပြောသော လက်ဖက်ရည်ဆိုင်လေးထဲကို ဝင်ပြီး သိပ်မကြာခင်မှာပဲ မေသီ စက်ဘီးလေး ဒေါက်ထောက်ပြီး ဆိုင်ထဲ ဝင်လာသည်။

ဝိုင်က မေသီ့အတွက် လက်ဖက်ရည်ပင် ကြိုမှာထားကာ မေသီ ပြောလာမယ့် မမအကြောင်းတွေကို သိချင်နေသည်။

"နင့်ကို ပထမဦးဆုံး ပြောချင်တာက မမဟာ နှစ်ထင်သလိုမျိုး ဟိုရောဂါဆိုးကြီး ရှိမနေတာဘဲ"

"ဘာပြောတယ် မေသီ၊ နင် ဘာပြောလိုက်တယ်"

ဝိုင်က ကြားရဲ့နဲ့ပင် သေချာအောင် ထပ်မေးနေမိသည်။

"တကယ် ယုံလိုက်ပါ ဝိုင်၊ သူ့ကို မေ့နိုင်အောင် ပြောနိုင်းပြီး





မှ နင် သိပ်တုန်လှုပ်သွားမှာကိုလည်း မမက မလိုလားပြန်ဘူး"

ဝိုင်က ဝမ်းသာလွန်းလို့ ဘာပြောရမှန်းပင် မသိတော့ပါ။ မမမှာ ဘာရောဂါမှ မရှိဘူးဆိုတော့ ဝိုင့်မှာလည်း ဘာရောဂါမှ မရှိဘူးပေါ့။ ဝမ်းသာလိုက်တာ။ ထိုကိစ္စနဲ့ပတ်သက်ပြီး ဝိုင် တစ်နေ့မှ စိတ်မချမ်းသာပါ။ အဲဒါနဲ့ပတ်သက်လို့ စိတ်ညစ်တိုင်းလည်း မမကို သတိရသွားတတ်သည်။ တစ်ခါတစ်ခါ မှတ်မှတ်သည်းသည်းပင် မမနဲ့ တွေ့ချင်နေသည်၊ အခုတော့ မမ ရှိသည်တဲ့။ နေလည်းကောင်းတယ်တဲ့။

ဒီနေ့လောက်ပျော်ရသောနေ့ ရှိမှာမဟုတ်ပါဘူး။

"မမ ငါ့ကို ဘာဖြစ်လို့ ရှောင်ထွက်သွားတယ်ဆိုတာရော ပြောပြလို့ ရမလား မေသီ"

"ပြောပြချင်လွန်းလို့ နင့်ကို တွေ့ချင်နေတာပါဆို"

ဝိုင်က မေသီပြောပြမယ့်အကြောင်းတွေကို စိတ်ဝင်တစား နားစွင့်နေလိုက်ပါသည်။

"မမနဲ့ကသာက မအေညီအစ်မရင်းက မွေးတဲ့ ညီအစ်မ တစ်ဝမ်းကွဲ တော်တယ်"

"ဘယ်လို မမနဲ့ကသာ ညီအစ်မ ဝမ်းကွဲ ဟုတ်လား"

ဝိုင်က တကယ်ကို မကြားဘူးသော စကားဆန်းတစ်ခုကို ကြားရသလို အံ့ဩတုန်လှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“မမကရော ကသာကရော ညီအစ်မ ဝမ်းကွဲရှိတဲ့အကြောင်း တစ်ခါမှ မပြောကြပါဘူး”

“အ ကြောင်းကြောင်းတွေကြောင့်ပေါ့ဟာ၊ နင် နားလည်သွားအောင် ငါ ရှ ပြမယ်နော်၊ ကသာတို့ ကြီးကြီး ဒေါ်သီသီရယ်၊ ကသာတို့အမေ ဒေါ်ကြည်ကြည်ရယ်၊ မမတို့ အမေ ဒေါ်ရီရီရယ်က ညီအစ်မ အရင်း၊ သူတို့ညီအစ်မ သုံးယောက်က ငယ်ငယ်တည်းက မိဘမဲ့သွားတော့ အဒေါ်တွေနဲ့ ကပ်နေရတယ်၊ ညီအစ်မသုံးယောက်လုံးက ချောတော့ ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတယ်၊ အခု အပျိုကြီး ဒေါ်သီသီနဲ့ ကသာတို့အမေ ဒေါ်ကြည်ကြည်က အေးသလောက် မမ အမေက ရှုပ်တယ်၊ သူက ယောက်ျားတွေကို ကစားစရာလို့ သတ်မှတ်ထားတယ်၊ အစ်မတွေ ဘယ်လောက်ဆုံးမ ဆုံးမ နားမထောင်ဘူး၊ ရည်းစားတွေ အများကြီး ထည့်လဲတွဲတယ်၊ နောက်ဆုံး ခပ်တိုတို ပြောရရင်တော့ဟာ ကသာတို့အဖေက အဲဒီအချိန်တုန်းက သူဌေးသား ပညာတတ် ရုပ်ချော တော့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတယ်၊ ကသာ့အဖေက မမ အမေကို ကြိုက်တယ်၊ ဒါပေမဲ့ မမအမေ ဒေါ်ရီရီရဲ့ နောက်ကြောင်းမရှင်းတဲ့ ဇာတ်လမ်းတွေကြောင့် အစ်မကြီး ဒေါ်သီသီနဲ့ သူတို့အဒေါ်တွေက ကသာ့ အမေ ဒေါ်ကြည်ကြည်နဲ့ အတင်းပေးစားလိုက်တယ်၊ ဒီမှာတင်ပဲ ယောက်ျားတွေကို ချစ်စရာလို့ သဘာမထားတဲ့ ဒေါ်ရီရီက အသည်းကွဲ





တော့တာပေါ့၊ နဂိုကတည်းက တဖွတ်ထိုးလုပ်တတ်တဲ့ ဒေါ်ရီရီက အိမ်ပေါ်က ဆင်းသွားပြီး အဆောင်တစ်ခုမှာ သွားနေတယ်၊ အဲဒီမှာပဲ မမအဖေ ငါတို့ ဘကြီးနဲ့ ရတယ်၊ ဒါပေမဲ့ ဒေါ်ရီရီ ချစ်တာက ကသာတို့အဖေ ဆိုတော့ လင်မယားတွေ ခဏ ခဏ ရန်ဖြစ်ကြတယ်၊ မမ အဖေ အဲဒီ စိတ်နဲ့ပဲ အရင်ဆုံးသွားပြီး တော်တော်ကြာမှ မမ အမေလည်း ဆုံးသွားတယ်၊ မမအမေက သေတဲ့အထိ ကသာတို့အဖေကို မမေ့သလို သူ့အစ်မ တွေကိုလည်း စိတ်နာတုန်းပဲ၊ မမကလည်း အမေတူ သမီးပီသအောင် သူသေရင် သူ့အစ်မတွေကို အကြောင်းမကြားနဲ့ဆိုတဲ့အတိုင်း မမက အကြောင်းမကြားဘဲ ကိုယ့်ဟာကိုယ် သဂြိုဟ်လိုက်တယ်၊ ဒါကို သဂြိုဟ် ပြီးမှ သိတဲ့ မမကြီးတော် ဒေါ်သီသီနဲ့ မမက ကမ္ဘာ့ရန် ဖြစ်သွားတာပဲ၊ ပြောဖို့ တစ်ခု ကျန်ခဲ့တယ်၊ ကသာတို့ အမေက ဒေါ်သီသီတို့ ဒေါ်ရီရီ တို့လို မဟုတ်ဘူး၊ အရမ်းအေးတယ်၊ သူ့ကြောင့် သူ့ညီမ စိတ်ဆင်းရဲပြီး အိမ်ထောင်ရေး မသာယာတာလို့ စွဲပြီး အဲဒီရောဂါနဲ့ပဲ မမ အမေထက် အရင်ဆုံးသွားတာ၊ ဇာတ်လမ်းကို ချုံ့ရမယ်ဆိုရင် မမက ကြီးကြီးကို ရှုပြီး လုပ်ချင်တာလုပ်တယ်၊ မမ အတွေးထဲမှာက သူ့အမေပြောသွားတဲ့ စကားတွေပဲ စွဲနေတယ်လေ၊ မမသဒ္ဒါတို့ ကသာတို့အဖေက ချမ်းသာ တော့ သမီးတွေကိုလည်း ဖူးဖူးမှုတ်ထားတယ်၊ မမအဖေက ဆင်းရဲတဲ့ အခါ မမကိုတော့ အကောင်းမပြောဘူး၊ ဒီတော့ မမ ခေါင်းထဲမှာ စွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားတာက ဆွေမျိုးအရင်းအချာကတောင် ပိုက်ဆံရှိမှ အရေးပေးချင်တယ်ဆိုတဲ့ အစွဲနဲ့ သူလုပ်ချင်တာ လုပ်ခဲ့တာပဲ၊ မှားတဲ့အတွေးတွေပေါ့ဟာ၊ ဒေါ်သီသီက ပြောခဲ့ဖူးတယ်၊ မမအမေကလည်း ယောက်ျားတွေကို ကစားရာက တကယ်ချစ်တဲ့သူနဲ့လည်း တွေ့ရော လုံးဝ နာလန်မထူနိုင်တော့ဘူးလို့ စကားနာထိုးတော့ မမက အဲဒါကို လက်မခံဘဲ ကြီးကြီးကို ပြန်ပြီး စိန်ခေါ်ထားရာက နင်နဲ့တွေ့တော့ နောင်တတွေ အရမ်းရသွားတယ်၊ နင့်ကိုကျ သူ တကယ်ချစ်သွားတာကိုး၊ မမက ကြီးကြီးကိုသာ မုန်းတာ ကသာတို့ညီအစ်မကိုတော့ သိပ်ချစ်တာ၊ ကသာတို့ ညီအစ်မကလည်း မမနဲ့ နွေးနွေးထွေးထွေး နေချင်ပေမယ့် ကြီးကြီးက လုံးဝ ခွင့်မပြုဘူး၊ နောက်ဆုံး နင်နဲ့ကသာ့အကြောင်း သိသွားပြီး အဲဒီလို လုပ်လိုက်တာပဲ၊ တကယ်လို့ မမသာ နင့်ကို လက်ထပ်ရင် ကြီးကြီးရဲ့ အပြောတွေကြားမှာ ခေါင်းထူနိုင်မှာ မဟုတ်သလို ကသာကလည်း ရှက်ပြီး တစ်ခုခု ဖြစ်သွားနိုင်တယ်လေ၊ ကသာ့မှာ နှလုံးရောဂါရှိတာ နင်သိတယ် မဟုတ်လား"

မေသီက စကားကို အဆုံးသတ်လိုက်သလို ဝိုင်လည်း အားလုံးကို ရှင်းရှင်းလင်းလင်းကြီးကို သိသွားပါသည်။

ဝိုင်က ဘာပြောရမှန်းမသိအောင်ကို လွှမ်းလွှမ်းဆွေးဆွေးကြီး ဖြစ်သွားပါသည်။





"ငါ အဲဒီအကြောင်းတွေကို နင့်ကို ပြောပြချင်ပေမယ့် မမက လက်မခံဘူး၊ အခုတော့ ငါ့ရင်တွေ ပေါ့သွားပြီ"

"ငါ မမနဲ့ တွေ့ပါရစေ"

"ဘယ်ဖြစ်မှာလဲ ဝိုင်ရယ်၊ နင့်ဘက်က တစ်ယောက်ယောက် သိသွားရင် မကောင်းပါဘူး"

"ငါ မမနဲ့ မတွေ့ရတော့ဘူးလား၊ ဒါနဲ့ပဲ တစ်သက်လုံး မတွေ့ရတော့ဘူးလား"

"တွေ့ရမှာပေါ့ဟာ၊ နင်တို့က ဆွေမျိုးအရင်းကြီးတွေ ဖြစ်သွားပြီပဲ"

"ကသာက မမကို အသိအမှတ်ပြုတယ်ဆိုရင် ငါ့ကိုတော့ အစ်မတစ်ယောက်ရှိတဲ့အကြောင်းကို ဇိုးဇိုးတိတ်တိတ် ပြောပြရမှာပေါ့"

"ဝိုင် ကသာ့ကို အပြစ်သွားမပြောနဲ့နော်၊ ကသာ တစ်မျိုးထင်သွားလိမ့်မယ်၊ ကသာ့အကြောင်းလည်း နင် သိသားပဲ၊ ကသာက သိပ်ကြောက်တတ်တာလေ"

"ဘာပဲဖြစ်ဖြစ်ဟာ ငါကတော့ ကသာ့အစ်မ တစ်ယောက်အနေနဲ့တင် မဟုတ်ဘူး၊ မမကို ပစ်မထားနိုင်ဘူး"

"နင် မမိုက်ပါနဲ့ ဝိုင်ရယ်၊ မမဟာ နေသားကျနေပါပြီ၊ နင် အဲဒီလို ဖွတ်တရွတ်လုပ်ရင် မမပဲ ခံစားရမယ်၊ နင် မမကို တကယ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် နင် ပြန်ပါ၊ ငါလည်း မမကို နင့်ကို ဖွင့်ပြောလိုက်ပြီဆိုတဲ့ အကြောင်း ပြောပြလိုက်မယ်၊ မမ တစ်ခုခုတော့ ပြောလာမှာပါ''

''ငါ အခု မမနဲ့ ခဏလေးပဲဖြစ်ဖြစ် တွေ့ပါရစေ မေသီရယ်''

''တွေ့လို့ရတယ်၊ မမက သူ့ညီမရဲ့ယောကျ်ားဖြစ်တဲ့ နင့်ကို ကောင်းကောင်းမွန်မွန် တွေ့ပြီးရင် တစ်နေရာရာကို ထပ်မပြေးဘူးလို့ နင်ရော ငါရော ပြောလို့ ရမလား''

ဒါကိုတော့ ဗိုင် တုန်လှုပ်ချောက်ချား သွားပါသည်။

''ဒါဆို ငါ မမနဲ့ ဘယ်တော့ တွေ့ရမှာလဲဟင်''

''ဘယ်တော့မှ မတွေ့ကြဘဲ နေမြဲအတိုင်း နေလိုက်ကြတာ အကောင်းဆုံးပဲ၊ အားလုံး စိတ်ချမ်းသာမယ်လေ''

''ငါ့ကိုတော့ ထည့်မတွက်ဘူးလား မေသီ၊ အေးလေ နင် မတွက်ပေမယ့် မမကတော့ တွက်မှာပါ''

''နင် အခုပြန်တော့ ဗိုင်၊ မနက်ဖြန်ကျရင် ဖုန်းဆက်လိုက်မယ်၊ နင် လာခဲ့ပါ''

''နင် မလိမ်နဲ့နော် မေသီ''

''မလိမ်ပါဘူး၊ စိတ်ချပြီးသာပြန်၊ ကသာ့ကိုတော့ မမနဲ့ပတ်သက်ပြီး တစ်စွန်းတစ်စမှ မပြောဘူးဆိုတဲ့ ကတိတော့ ပေးဟာ''

''အေးပါ ငါ့ကို လိပ်စာပေးလေ''



BURMESE CLASSIC .com



''ဖုန်းဆက်ရင်းနဲ့ လိပ်စာပါ ပြောလိုက်မှာပေါ့''

ဗိုင့် မယုံသလိုအကြည့်ကို မေသီ သဘောပေါက်စွာ ပြုံးလိုက်

''စိတ်ချပါ ဗိုင် ကဲ ငါ ပြန်ပြီ''

မေသီ စက်ဘီးလေးနှင်းသွားရာ နောက်ကို ဗိုင် ငေးကြည့်

မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အိမ်ရောက်တာနဲ့ ကသာ့က ဆီးကြိုကာ ဝိုင့်လက်မောင်းလေးကို မှီပြီး အိမ်ထဲဝင်ခဲ့သည်။

"နောင်နောင် နေကောင်းလား"

"ကောင်းပါတယ်"

"ဝိုင့်ကို ပြောစရာရှိတယ်"

"ဘာလဲ ကသာ ပြောလေ"

"မနက်ဖြန်ကျရင် ဝိုင်နဲ့ကသာ မော်ဘီသွားရမယ်၊ ဝိုင့်ကို ဝိုင် တစ်ခါမှ မသိဘူး မမြင်ဘူးတဲ့ ကသာ့အစ်မ တစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့"

ဝိုင့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမှုနဲ့အတူ မမ တမင်လူလည်လုပ် ငိုက်ပြီဆိုတာလည်း သိလိုက်ပါသည်။ ဝိုင်က ဟန်ဆောင်၍





"ကသာ့မှာ မမသဒ္ဒါတစ်ယောက်ပဲ အစ်မရှိတာ မဟုတ်ဘူးလား"

"အစ်မ ဝမ်းကွဲ တစ်ယောက်ရှိသေးတယ်၊ ကသာ့ မေမေရဲ့ ညီမက မွေးတာလေ၊ နာမည်က လှလွန်းပိုတဲ့၊ မမလွန်းပိုက သိပ်လှတာ ဝိုင်ရဲ့၊ သူနဲ့ကသာတို့ အဆက်အသွယ် ပြတ်နေရာက စောစောကမှ သူ ဖုန်းဆက်တယ်"

"ဪ"

ဝိုင် ဪလိုက်သော အဓိပ္ပါယ်ကို ကသာကတော့ နိုးရိုးလေး ပဲတွေးပြီး ပြုံးပြုံးလေးပင် ကြည့်နေပါသည်။ ကသာ့ကို ကြည့်ရတာ ပျော်နေသလိုပဲ။

"မမလွန်းပိုက ကသာတို့ ညီအစ်မကို သိပ်ချစ်တာ၊ ကသာတို့ ညီအစ်မကလည်း သူ့ကို သိပ်ချစ်ပေမယ့် ကြီးကြီးက မကြိုက်ဘူး"

"ကြီးကြီးက မမလွန်းပိုရဲ့ အဒေါ်ပဲ မဟုတ်လား"

"ဟုတ်တယ် ဝိုင်၊ ဒါပေမဲ့ ကြီးကြီးက မမ အမေကိုရော မမကိုရော မချစ်ဘူး၊ ပြောစကား နားမထောင်လို့တဲ့"

ဝိုင့်ကို ပြောပြမယ်လို့ အစချီပြီး မေသီ ပြောတာနဲ့ တစ်ထပ်တည်းပင်။ ကသာက မမအကြောင်းနဲ့ ပတ်သတ်သော သူမတို့ မိသားစု အကြောင်းပါ ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကသာ ပြောပြသည့်အခါမှာတော့ သူ့မမလှလွန်းပို အတွက် ဝိုင် အထင်မသေးအောင် ထိန်းထိန်းသိမ်းသိမ်း ပြောရှာသည်။

ဒီလိုတော့လည်း ကသာက မမကို ချစ်သားပဲဆိုသည့် အတွေးနဲ့ ဝိုင် ကျေနပ်သွားပါသည်။

"ဒါဆို ကသာ့အစ်မကို မနက်ဖြန် သွားတွေ့မယ်ပေါ့"

"အင်းပေါ့"

"မမကိုတွေ့ရင် ဝိုင် အံ့ဩသွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"မမက သိပ်လှလို့ပေါ့"

"ဒါများ ကသာ့လောက်တော့ လှမှာမဟုတ်ပါဘူး"

ဝိုင်က ပခုံးချင်းတိုက်ပြီး ပြောလိုက်သည့်အခါမှာတော့ မိန်းမပီပီ ကသာက ကျေနပ်သွားသော မျက်နှာကြီးနဲ့

"ကသာက မမလွန်းပိုလောက် မလှဘူး ဝိုင်ရဲ့"

"တို့မျက်စိထဲမှာတော့ ကသာ့လောက် ဘယ်သူမှ မလှပါဘူး"

"သွားပါ ကိုပိုကြီး"

ကသာက ခပ်ရွဲရွဲလေး ပြောရင်း ဝိုင့်ရင်ခွင်ထဲကို အလိုက်သင့် ဝင်လိုက်ပါသည်။ ကသာ့ ကိုယ်လေးကို ထွေးပွေ့ထားသည့် ဝိုင့်စိတ်ထဲ

ဝိုး ဝို ၁၇၆ပ



...သော့ ဘယ်သူ့ကို မကျေနပ်မှန်း မသိတော့ပါ။

■ ■ ■

ဝိုး ဝို ၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

သူတို့လာရင် စားဖို့အတွက် ကျွန်မကိုယ်တိုင် ချက်ပြုတ်နေတာကို မေသီ ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နေ၏။

မေသီ ပြန်ပြောပြသည့်ပုံအရဆို မှတ်တရှုတ်နိုင်သော ဗိုင်က တားဆီးလို့ မရစွာ လာတော့မည်။ ဗိုင်က ကျွန်မ ညီမလေးရဲ့ ခင်ပွန်းဖြစ်သွားပြီလေ။ ညီမလေး ကသာ့ကို လက်ထပ်ဖို့အတွက်တော့င် စွန့်လွှတ်အနစ်နာခံခဲ့ပြီးပြီ။

အခုချိန်မှာ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပြီး အားလုံးကို ပျော်စေချင်သည်။ ကျွန်မကြောင့် လူတွေအားလုံး စိတ်ချမ်းသာရသည့်အတွက် ကျွန်မလည်း စိတ်ချမ်းသာပါသည်။ ရှေ့ဆက်ပြီးတော့လည်း ကျွန်မကြောင့် ဘယ်သူမှ စိတ်မဆင်းရဲစေချင်ပါ။

ကျွန်မ အခုလို လုပ်လိုက်တာ အားလုံးအတွက် အကောင်းဆုံးလို့ ထင်သည်။ မကြာခင်မှာပဲ ဗိုင်နဲ့ညီမလေး ကသာတို့ ရောက်လာကြ





တော့မည်။ တစ်ခါမှ မသိဘူးသောသူတွေအဖြစ် ညီမလေး ကသာက ဗိုင်နဲ့ကျွန်မကို မိတ်ဆက်ပေးမည်။

ဒီတော့မှ ကျွန်မက အခုမှ တွေ့ဖူးသည့် စတိုင်နဲ့ တွေ့ရတာ ဝမ်းပါတယ်လို့ ပြောရင် ဗိုင့်မျက်နှာ ဘယ်လိုဖြစ်သွားမလဲ။

အမောင်ရေ မမကတော့ ကျေနပ်ပါတယ်။ ညီမလေး ကသာ မဟုတ်တဲ့ တခြားမိန်းကလေး တစ်ယောက်ဆိုရင်တော့ မမ ဘယ်လောက်ပါမလဲ အမောင်ရယ်။

အမောင်ကတော့ မမကို မချင့်မရဲကြီး ကြည့်နေမှာ မမ သိနေပါတယ်လေ။ ဒါဟာ အားလုံးကောင်းဖို့အတွက်မို့ အမောင် မမကို တစ်နေ့မှာ ကောင်းကောင်းကြီး နားလည်လာမှာပါ။

အမောင့်ကိုချစ်တဲ့ အချစ်တွေကတော့ မမ ရင်ဘတ်ထဲမှာ တစ်သက်လုံး ရှိနေမှာပါ။

■ ■ ■

ဗိုင်နဲ့ကသာတို့ကလည်း မမရှိသည့်ဆီကို လာနေကြပါသည်။ ဗိုင့်စိတ်ထဲမှာ မမနဲ့တွေ့ရမှာမို့ ရင်ခုန်နေတာထက် မခင်ကို ဘယ်လိုပုံစံနဲ့ ဆက်ဆံရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတာ ဝမ်းသာပါတယ်လို့ပြောရင် မမ ဘယ်လိုခံစားရ

တတ်နိုင်လိုက်တာ မမရယ်လို့လည်း အမောင် မပြော

ဘူး။ မမ တတ်နိုင်တာ မဟုတ်ဘူး အားလုံးကောင်းဖို့အတွက်

ခဲ့တာကို အမောင် သိတာပေါ့။

မမ ဒီလိုလုပ်တော့ရော အမောင်က မမကို မေ့သွား

ထင်လို့လား။ အမောင့်ရင်ဘတ်တစ်ခုလုံး ကွဲထွက်သွားမတတ်

သော မမကို အမောင့်နှလုံးသားထဲမှာ တစ်သက်လုံး ချစ်နေမှာ

အဲဒါကို မမယုံပါ။

အားလုံးအတွက်

နှုတ်သာစီး

BURMESE CLASSIC .com

နိုး၊ ဂို၊ ၁၁၉၄

www.burmeseclassic.com